
www.burmeseclassic.com



စိတ်ကူးသစ်စာပေ

# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# အမုန်းကြွေငွေ့ရင်ကြားမှာ ဆင်သွားတဲ့ လမ်း

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ

မောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ ဇေယျမင်းသျှင်၊ ကျော်မင်းနိုင်

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဖေဖော်ဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလွှံ့ပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ ကျပ်

၈၉၅ ● ၈၃
ကလောင်စုံ
အမုန်းကြွေနွေရင်ကြားမှာဆင်သွားတဲ့လမ်း ဂန္ထဝင်ရဝတ္ထုတိုများ /
ကလောင်စုံ ။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၃၅၂-စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။
(၁) အမုန်းကြွေနွေရင်ကြားမှာဆင်သွားတဲ့လမ်းဂန္ထဝင်ရဝတ္ထုတိုများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အမုန်းကြွေ နွေရင်ကြားမှာ . . . ဆင်သွားတဲ့လမ်း<br>*တောင်ညိုမိုး(ဘန်းလျှင်)* | ၁ |
| ၂။ | ပုလဲမြိုင်အိမ်ကြီး အတွင်းရေး<br>*ကောင်ရှုံးကြီးသိန်းဆင်း* | ၈၇ |
| ၃။ | ထိုန်စာ<br>*ဇေယျမင်းဘျင်* | ၁၄၂ |
| ၄။ | တရွှေဇောက်ထိုး၊ တငဝပြောင်းပြန်<br>*ကျော်မင်းနိုင်* | ၂၃၇ |



[ ၁ ]

❑

မွေးမိဘ အရင်းခေါက်ခေါက်က ကိုယ့်ရင်နှင့် လွယ်မွေးခဲ့ရတဲ့ သားတွေကို သဒ်းလို့ အသိအမှတ်မပြုဘဲ မီးမထွက်ခင်မှာဘဲ စွန့်ပစ်မယ်လို့ ကြေညာတာ ...

ဟောဒီလောကမှာ ဒီအမေ၊ ဒီအဖေ လင်မယားမိဘနှစ်ပါးပဲရှိမယ်လို့ပြောရင် ကြားရသူတိုင်း အလွန်အံ့ဩကြလေမလား မသိ။

မယုံမရှိပါလေနှင့် ...

အမှန်တကယ် ရှိခဲ့ဖူးလေရဲ့။

မကျွေးနိုင်လို့ စွန့်ပစ်ရတာမျိုးလည်း မဟုတ်။

မမွေးနိုင် မဆင်နိုင်လို့ ရက်စက်ရတာမျိုးလည်း မဟုတ်။

ကျွေးနိုင် မွေးနိုင်ပါလျက်နှင့် ရက်စက်ရတဲ့ဘဝ။

ကျွန်တော်တို့ဗုဒ္ဓဝင်မှာ မဟာဝင်မှာ ဖတ်ခဲ့ရတာရှိပါတယ်။



ဗိမ္ဗိသာရမင်းကြီးရဲ့မိဖုရားကြီး မဟာဝေဒေဟီမိဖုရား ကိုယ်ဝန်ရှိတော့ လင်တော်မောင် ဗိမ္ဗိသာရမင်းကြီးရဲ့ ညာလက်ရုံးကိုဖောက်သွေးကိုသောက်ချင်တယ်လို့ မိဖုရားကြီးချင်ခြင်းတပ်တာနဲ့ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုပညာရှိများကို ဤကိုယ်ဝန်နှင့်စပ်လျဉ်းပြီး အနာဂတ်ကို ကြိုတင်ဟောပြော ဖတ်ရှုစေတယ်။

ပညာရှိမင်းပုဏ္ဏားတို့ကလည်း တွက်ချက်လို့ပြီးရော လျှောက်တင်ကြတယ်။

"မှန်လှပါ ... အရှင်မင်းမြတ်ကြီးဘုရား၊ မယ်တော်ဝေဒေဟီရဲ့ ဝမ်းကြာတိုက်၌ ကိန်းအောင်းရောက်ရှိနေသော သန္ဓေသားသည် အရွယ်ရောက်သည်နှင့် နန်းရပ်ထီးဖြူကို လုယူမည့်သူဖြစ်ပါသည် ... မင်းဘုရား"

"အို ... မင်းပညာရှိ ပုဏ္ဏားတော်ကြီးတို့ရယ် ... ဟုတ်ပါ့ ဟုတ်ပါ့မလား ... ကွယ်။ သေသေချာချာ တွက်ချက်ကြည့်ကြစမ်းပါဦး ဟဲ့။ မှားယွင်းနေပါဦးမယ် ... ကွယ်"

နောက်တစ်ယောက်က လျှောက်တင်ပြန်တယ်။

"မှန်ပါ ... မယ်တော်ဝေဒေဟီ၏ ဝမ်းတွင်းကြာတိုက်၌ ကိန်းအောင်းရောက်ရှိနေသော သန္ဓေသားသည် အဖကိုသတ်မည့်သား ကေန်ဖြစ်ပါလိမ့်မည်ဘုရား"

"တယ် ... ပုဏ္ဏားတော်ကြီးတို့၊ သင်တို့သည် မွေးလာမည့်သားတော်သမီးတော်ရဲ့ ကြန်အင်လက္ခဏာကိုမျှ မမြင်မဖတ်ရသေးဘဲနှင့် နန်းရပ်ထီးဖြူလုယူမည်လို့ လျှောက်သူကလျှောက်၊ အဖသတ်မည့်သားလို့ မကြားဝံ့စကားများကို ဆိုသူကဆို၊ သွား ... သင်တို့ မကြားဝံ့စကားများကို ဆိုကြပေတယ်။ ငါ့ရှေ့တော်မှောက်ကနေ အမြန်သွားကြ"

ဗိမ္ဗိသာရမင်းကြီး နားကြားမခံသာဘူး။

မဟုတ်နိုင်ဘူးလို့ ယူဆထားပြီးသား။

ဒါကြောင့် လက်မောင်းသွေးကို ဖောက်ပြီး တိုက်ခဲ့တယ်။

မိဖုရားခေါင်ကြီး ဝေဒေဟီကတော့ ပညာရှိပုဏ္ဏားကြီးများရဲ့ ဟောပြောချက်ကို ကြားရပြီး တွက်ချက်မှုကို ယုံကြည်တယ်။

'အဖကို သတ်မည့်သား ဖြစ်ပါလိမ့်မည်ဘုရား' ဆိုသည့် လျှောက်တင်ချက်ကို ကြားရပြီးနောက်ပိုင်း စားလို့လည်းမဝင်ဘူး၊ အိပ်လို့လည်း မပျော်ဘူး။

ဒါကြောင့်မို့ လင်တော်မောင် ဗိမ္ဗိသာရမင်းကြီးမသိအောင် ဝမ်းဗိုက်ထဲက ကိုယ်ဝန်ကို အမျိုးမျိုး အဖုံဖုံ နည်းမျိုးစုံနှင့် ဖျက်ချတယ်။

နောင်အနာဂတ်၌ ဒုက္ခအကြီးအကျယ်ပေးမည့် သန္ဓေသားက ဘယ်လိုပဲဖျက်ဖျက် လုံးဝကို ပျက်မကျခဲ့ဘူး။

နောက်ဆုံး လင်တော်မောင် ဗိမ္ဗိသာရမင်းကြီးသိသွားပြီး မိဖုရားကြီးကို အမျိုးမျိုး နားချတားမြစ်ဆုံးမရတယ်။

"အပြစ်ကြီးသည့်အလုပ်ကို မလုပ်နဲ့ ... မိဖုရားကြီးရယ်"

"ဒါ ... အဖကို သတ်မည့်သားပါတဲ့ ... ဘုရား ...။ ဘုရားကျွန်တော်မျိုးမ အဖသတ်မည့်သားယုတ်ကို မလွယ်နိုင်၊ မမွေးနိုင်ပါဘူး ... ဘုရား"

"မိဖုရားကြီးရယ် ... ဗေဒင်စကားနတ်စကားကို ယုံကြည်ပြီး ကိုယ့်ရင်သွေး ကိုယ်ပြန်သတ်ရမယ်ဆိုလျှင် မိဖုရားကြီးလည်း အမေကောင်း မဟုတ်တော့သလို မောင်ဘုရားလည်း ဖခင်ကောင်းမဟုတ်ဖြစ်သွားမှာပေါ့။ နောင်ရာဇဝင်မှာ ကိုယ်သားသမီးသန္ဓေလောင်းကို ဖျက်





ဆီးသုတ်သင်တဲ့ လင်မယားမှာ ဗိမ္ဗိသာရမင်းနဲ့ မိဖုရားကြီး ဝေဒေဟီတို့ ထိပ်ဆုံးက စံပြပဲပေါ့လို့ ရေးထိုးမှတ်တမ်းတင်ကြရင် နောင်လာနောင်သားများ အတုယူမှားပြီး အကျိုးမနည်းပေဘူးလား ... နှမတော်ရယ်"

"အကယ်လို့များ အချိန်တန်လျှင် သူတို့ဟောတဲ့အတိုင်း မောင်တော်ဘုရားကို သတ်မည့်သားဖြစ်လာခဲ့ရင် ဘယ်လို ... လုပ် ... ရမှာတုံး ... ဘုရား ... ဟီး ... ဟီး"

မိဖုရားကြီး စိုးရိမ်ပူပန်ကြီးစွာနှင့် ငိုတယ်။

ဗိမ္ဗိသာရမင်းကြီးက မျက်ရည်များကို သုတ်ပေးရင်းက ...

"မဖြစ်နိုင်ပါဘူး ... မိဖုရားကြီးရယ်၊ ဘယ်သားသမီးက ကိုယ့်အဖေကို ပြန်သတ်ဝံ့မှာလဲ။ မယုံကြည်စမ်းပါနဲ့။ ဟောဒီသန္ဓေသားကို ရဲရဲဝံ့ဝံ့ မြတ်မြတ်နိုးနိုး မွေးပါ နှမရယ် ... နော်"

လင်တော်မောင်ရှင်းပြသည့် စကားကို ယုံကြည်နားထောင်ပြီး မွေးခဲ့တယ်။

အချိန်တန်တော့ သားတော်တစ်ပါး ဖွားမြင်ခဲ့တယ်။

မိဖုရားကြီး သုတ်သင်ခိုင်းမှာစိုး၍ မီးဖွားစဉ်ကပင် သေဆုံးသွားပါပြီလို့ လိမ်ညာပြောခဲ့တယ်။

သူငယ်တော်အရွယ်ရောက်မှ မိဖုရားကြီးရှေ့မှောက်ကို ကောင်းမွန်စွာ ဝတ်စားဆင်ယင်စေပြီး ဝင်ရောက်လူလုံးပြ ခစားစေတယ်။

ပြေပြစ်ချောမောလှသည့် သူငယ်ကိုကြည့်ပြီး ဝေဒေဟီမိဖုရားကြီးက မေးတော်မူတယ်။

"မောင်တော်ဘုရား ... မောင်တော်ဘုရား၊ ယခုခေါ်လာသည့် သူငယ်ဟာ ဘယ်သူပါလဲဘုရား"

"မိဖုရားကြီး ..."

"ဘုရား ..."

"အဲဒါ မိဖုရားကြီးရင်နှင့် လွယ်မွေးခဲ့ရတဲ့ သင့်ရဲ့ သားတော်ပဲ"

"ဟင် ..."

ဝေဒေဟီမိဖုရားကြီး လွန်စွာ အံ့ဩသွားခဲ့ရတယ်။ ဒီမှာ မင်းကြီးက မိဖုရားကြီးကို စိုးရိမ်လို့ သားတော်လေးကိုမွေးပြီး အခြားမှာ နို့ထိန်းထား၍ ကွယ်လွန်သွားသည်ဟု ညာခဲ့ရပုံနှင့် ယခု လူလားမြောက်၍ စိတ်ချရမှ ခေါ်ထုတ်ပြရပုံအကြောင်း လုံးစေ့ပတ်စေ့ရှင်းပြတော့မှ–

"ဩော် ... သားတို့ရုပ်ရည် သီတာမည်သား။ ရေကြည်ချမ်းမြ တစ်ပေါက်ကလေးကျရုံမျှနှင့် မိဘတို့ဝမ်း ငြိမ်းစတမ်းပါကလား"

အဲဒီတော့လည်း ဝမ်းသာအံ့ဩနှင့် သားတော်လေးကို ချစ်လို့ မဝခဲ့ဘူး။ နမ်းလို့ မဝခဲ့ဘူး။ ယုယလို့ မဝခဲ့ဘူး။

အဇာတသတ်မင်းသားလို့ အမည်ပေးခဲ့တယ်။

အရွယ်ကလေးရောက်လာတော့ ဒေဝဒတ်ရဟန်းမိုက်နဲ့ ပေါင်းမိပြီး သူသွန်သင်မြှောက်ပေးတဲ့အတိုင်း ...

ပထမ–ထီးနန်းကို တောင်းတယ်။

ဖခင်ဗိမ္ဗိသာရမင်းကြီးက သားတော်ကို ထီးနန်းလွှဲပေးခဲ့တယ်။ တစ်ခါ ဒေဝဒတ်ရဟန်းမိုက်က တိုက်တွန်းပြန်တယ်။ မင်းကြီးရှိနေလျှင် နောင်ရေး စိတ်မအေးရဘူး။ မင်းကြီးက ရှင်တော်ဂေါတမနှင့် ဆရာတပည့်။ မင်းကြီးကိုပါ သတ်လို့ ခြောက်လှန့်တိုက်တွန်းပြန်တာနှင့် ..

နောက်ဆုံး အဖဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်းအကျဉ်းချ၊ နောက် အစာရေစာဖြတ်၊ နောက်ဆုံး၌ အစားအစာ ဝှက်ယူကျွေးသည့်



မယ်တော်ဝေဒေဟီပါ အကျဉ်းတိုက်ထဲ မဝင်စေနဲ့လို့ အမိန့်ပေးပြီး ဖခင်ရဲ့ ခြေဖဝါး ဓားနှင့်ခွဲ၊ ဆားနဲ့ပက်၊ မီးကျီစုမှာ ကင်လို့ မြန်မြန်သေအောင် ညှဉ်းဆဲစေခဲ့တယ်။

အဲဒီအခါမှာ မယ်တော်ဝေဒေဟီဟာ ဆံပင်ဖားလျား၊ မျက်ရည်ရွှမ်းအိုင်စို့ရွှဲနဲ့ အကျဉ်းတံခါးဝသံတိုင်ကို ကိုင်ယမ်းပြီး လက်အုပ်ချီမိုး ရှိခိုးရင်းက ...

"လူလေးမျိုးတို့၏ ကောင်းကျိုးချမ်းသာကို လွန်စွာပြုပြင်သော အရှင်ဗိမ္ဗိသာရမင်းမြတ် ... မိမိကိုသတ်လတ္တံ့သော သားကိုပင် သိပါလျက်ကယ်နှင့် မဖျက်ဆီးရချီးပမွေးမြူချင်သောကြောင့် ...မမြင်ဝံ့သော ဆင်းရဲစုကို ယခု ခံယူတော်မူရချေသည်။ အရှင့်သားမင်းယုတ်သည် အရှင့်ရှေ့တော်အနီးသို့ မိခင်ကိုမျှ ဝင်ခွင့်မပေးတော့ပါ ... ဘုရား။ ဤအခါမှ နောင်ကာလ၌ ပြည်မသခင် ကျွန့်အရှင်ကို ဖူးမြင်ရုံမျှ မရလတ္တံ့။ ယခု ဖူးမြင်ခြင်းကား အဆုံးစွန်သော နောက်ဆုံးဖူးမြင်ခြင်းပါတည်း။ ကျွန်ုပ်သည် အရှင့်အပေါ်၌ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ညွတ်ကျိုးဝန့်ချော့ ကန်တော့ပူဇော်ပါ၏။ ကျွန်ုပ်၌ အပြစ်ရှိမူ သည်းခံတော်မူပါလော့"

လို့ ပြောရင်း အကြိမ်များစွာ ရှိခိုးကန်တော့တော်မူတယ်။

နောက် မကြာခဲ့ပါဘူး။ မင်းကြီး နတ်ရွာစံ ကံတော်ကုန်တော်မူခဲ့တယ်။

အဲဒါ သွေးဆိုးတဲ့ သားအရင်းခေါက်ခေါက်ရဲ့ ရက်စက်မှု။

တစ်နည်း ရှေးဘဝဟောင်းက ပြုခဲ့သည့်ကံရဲ့ ဝဋ်ကြွေး။

အကာယ်၍သာ ...

ပုဏ္ဏားတော်ပညာရှိများ ဟောပြောသည့်အတိုင်း ဝေဒေဟီမိဖုရားကြီး ဒီသန္ဓေသားကို အချိန်မီ ဖျက်ဆီးခဲ့လိုက်လျှင် အဇာတသတ်လည်း အဖသတ်သား မဖြစ်နိုင်။

သို့သော် ဗုဒ္ဓဘာသာဝင်တို့ရဲ့ ယုံကြည်မှုအရ ဝိဘာဂကံဝဋ်ကြွေးရှိခဲ့၍ ယခုလို ခံရ၊ ဖြစ်ရ၊ ပျက်ရသည်တဲ့ ... ဆိုတယ်။

ကြည့်လေ ...

ဝဋ်ကြွေးသံသရာ ကြောက်စရာကောင်းပုံများနှယ် ...

အဇာတသတ်မင်းသားက သူ့ဖခင် ဗိမ္ဗိသာရမင်းကြီးကိုသတ်ပြီး အဇာတသတ်မင်းကို သူ့သားတော်ဥဒယဘဒ္ဒက ပြန်သတ်ပြီး ထီးနန်းကို ရယူတယ်။

တစ်ခါ ဥဒယဘဒ္ဒမင်းကို သူ့သားတော်က ပြန်သတ်ပြီး ထီးနန်းကို ရယူတယ်။

နောက်ဆုံးမျိုးဆက်ကို အဖသတ်သားတွေသံသရာရှည်မှာ စိုးလို့ မွေးမွေးချင်း ကိစ္စတုံးပစ်လိုက်တော့မှ အဖသတ်ရာဇဝင်ဇာတ် နိဂုံးချုပ်သွားခဲ့တယ်။

✿ ✿ ✿

[ ၂ ]

❑

သားတို့ရုပ်ရည်
သီတာမည်သား
ရေကြည်ချမ်းမြ
တစ်ပေါက်ကလေး ကျရုံမျှဖြင့်
မိဘတို့ဝမ်း ငြိမ်းစတမ်း ... တဲ့။

အမှန်တကယ်လည်း ဟုတ်ခဲ့တဲ့ စကားပါ။ ဝေဒေဟီမိဖုရားကြီးသူ့သားလေးရဲ့မျက်နှာကို မြင်လိုက်ရတော့ သီတာရေကြည်ရင်ဝကို စီးဝင်သွားသကဲ့သို့ အေးချမ်းသွားခဲ့ရတယ်။

သို့သော် ...

မေတ္တာချိုရဲ့ ရင်ထဲမှာတော့ သီတာရေကြည် ဖြစ်မလာခဲ့ဘူး။ ဒုက်ပွက်ဆူနေတဲ့ မီးတောင်ချော်ရည်တို့ တရကြမ်းစီးဝင်လာသလို ခံစားရတယ်။

မေတ္တာချိုက မေတ္တာချိုလေ ...

စေဒေဟီမိဖုရားကြီး မဟုတ်ဘူး။

စေဒေဟီမိဖုရားကြီးက နှောင်မှု လက်တွေ့ခံစားခဲ့ရပြီး မျက်ရည်ကျခဲ့ရတာ။

မေတ္တာချိုနှင့် မောင်ဘဖေတို့က လူ့ဘဝမှာ ကြိုတင်ပြီး လက်ငင်းခံစားရတာ။

လက်မတင်လေးသာ နောက်ကျသွားခဲ့လျှင် ...

မေတ္တာချို့ ဘဝပျက်ပြီ။

လူ့တောထဲမှာ မျက်နှာလုံးဝ ပြလို့မရတော့ဘူး။

ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရုံမှတစ်ပါး အခြားမရှိဘူး။ သို့သော် ဖြစ်ရပ်တွေ အရမ်းကို ဆန်းကြယ်နေတယ်။

အဲဒီဖြစ်ရပ်ဆန်းကြယ်က သူ့အစွဲကြောင့်လား ... ကိုယ့်အစွဲကြောင့်လား စဉ်းစားလို့ မရတော့ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုလူယုတ်မာတွေကို သားမတော်ချင်ဘူး။ တစ်အာဝမှာ ဒုက္ခပေးတာပဲ ခံစားမယ်။

နောက်ထပ် ဆက်ကာဆက်ကာ ဆင့်ကဲဆင့်ကဲ ဒုက္ခ၊ သောက၊ မောဟ ပေးမှာကို လုံးဝအလိုမရှိဘူး။ ဒါကြောင့် ရက်စက်ရတာ။

သင်းတို့ကို မုန်းတယ်။

သူတို့ကို ရွံ့တယ်၊ ကြောက်တယ်၊ လန့်တယ်။

သူတို့ကြောင့် ညတိုင်း အိမ်မက်ဆိုးတွေ မက်ခဲ့ရတယ်။ အိပ်မက်ဆိုးများက လန့်နိုးရတိုင်း တစ်ကိုယ်လုံး တုန်ယင်နေတယ်။ မောဟိုက်နေတယ်၊ ပြန်အိပ်လို့ မရဘူး။





အဲဒါ တစ်ညတည်း မဟုတ်ဘူး။ မကြာခဏ။

သူတို့အသံကို မကြားချင်ဘူး။

သူတို့မျက်နှာကို လုံးဝ မကြည့်ချင်ဘူး။

သူတို့နဲ့ ဆင်ဆင်တူတာဆို ဘာမှအလိုမရှိဘူး။ မမြင်ချင်ဘူး။ မသိချင်ဘူး။ အဲဒီလောက်ကို မုန်းတာ။

ကြည့်စမ်း ...

သူ့အကြွေးလား၊ ကိုယ့်အကြွေးလား ...

ဘယ်သံသရာ ဝဋ်ကြွေးလည်း ...

ကိုယ့်ကြောင့်ဖြစ်ရတဲ့ အကြွေးလား ...

သူတို့ကြောင့်ဖြစ်ရတဲ့ အကြွေးလား။ ဝေခွဲလို့ မရဘူး။ အခု သူတို့ ရောက်လာတယ်။ ကြွေးလာဆပ်တာပဲလား။ ဒါမှမဟုတ်။ ကြွေးလာတောင်းတာပဲလား မသိဘူး။

ဘယ်လိုပဲဖြစ်ဖြစ် မေတ္တာချိုကလည်း အလိုမရှိဘူး။

မောင်ဘဖေကလည်း အလိုမရှိဘူး။

သူတို့က ကိုယ်ရဲ့ရန်သူ၊ အမုန်းတီးဆုံးလူတွေ။ သူတို့ ကိုယ့်ကို ဒုက္ခမပေးနိုင်ခင်မှာ ဦးအောင် သုတ်သင်ရမှာပဲ။ ကိုယ်အလိုရှိတာက သူတို့မဟုတ်ဘူး။

ကောင်းမြတ်တဲ့သူ၊ သန့်စင်တဲ့သူ၊ မျိုးသန့်တဲ့သူ၊ အကဲ့ရဲ့လွတ်တဲ့သူ၊ ချီးမွမ်းခံထိုက်တဲ့သူလို အရာကို အလိုရှိတာ။

ခုတော့ ...

မေတ္တာချိုကို ရက်စက်တဲ့ အမေတဲ့။

မိခင်စိတ်မရှိတဲ့ အမေတဲ့။

www.burmeseclassic.com



မောင်ဘဖေကို သူသတ်သမားတဲ့။ ဗိမ္ဗိသာရမင်းကြီးတောင် သူ့ကိုသတ်မည့်သားမှန်း သိပါလျက်နဲ့ အဇာတသတ်ကို ရှင်သန်ကြီးထွား လူလားမြောက်အောင် မွေးခဲ့တာတဲ့။

ဝေဒေဟီကရော မမြင်ရသေးတော့ အဖသတ်မဲ့သားကို မုန်းတာပဲ။ မြင်လည်းမြင်ရရော 'ငါ့သားလေး . . . ငါ့သားလေး' နဲ့ ပါးစပ်ဖျားက ချလို့လားတဲ့။

အဲဒါကို အတုမယူဘဲ စံပြရက်စက်ပြတာ။ ရင်ထဲမှာ လူ့အသည်း နှလုံးမပါလို့ပေါ့တဲ့။

လူမစစ်လို့ပေါ့တဲ့။

ဟောဒီလူ့လောကကြီးက လူအမျိုးမျိုး စိတ်အထွေထွေနဲ့ ကမ္ဘာကြီးပါ။

လူမျိုးပေါင်း စုံလင်တယ်။

ဘာသာမတူ မျိုးကွဲတွေများတယ်။

ကိုယ်ယုံကြည်ရာ ကိုယ်ကိုးကွယ်ကြတယ်။

အချို့က ဘုရား။ ဝိညာဉ်တော်၊ တမာန်တော်၊ နတ်၊ ဗြဟ္မာ ကိုယ့်အယူအဆနဲ့ကိုယ် ကိုယ်ယုံကြည်ချက်နဲ့ ကိုယ်။

အချို့က ဘုရားလူ . . . ဘုရားစိတ်နှင့်။

အချို့က ဗြဟ္မာလူ . . . ဗြဟ္မာစိတ်နှင့်။

အချို့က နတ်လူ . . . နတ်စိတ်နှင့်။

လူချင်းတူလည်း စိတ်ခံစားမှုမတူညီကြဘူး။ စိတ်ခံစားမှု မတူညီလို့ အပြုအမူလုပ်ကိုင်ပုံလည်း မတူ၊ ကွဲပြားကြတယ်။

တစ်ခါတလေ . . . သမ္မာဒိဋ္ဌိ ဖြစ်သွားတယ်။





တစ်ခါတလေ . . . မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတယ်။

တစ်ခါတစ်ရံ . . . မိစ္ဆာဒိဋ္ဌိတစ်ဝက်၊ သမ္မာဒိဋ္ဌိတစ်ဝက် ဖြစ်သွားတာ ဖြစ်နေတာ ရှိကြတယ်။

အကောင်းနဲ့အဆိုး ဒွန်တွဲနေတယ်။

ရှင်သောင်တန်းနေတယ်။ အားပြိုင်နေတယ်။

အမှန်တရားဆိုတာကို အမှားတရားဘက်မြင်တာက တကယ့်အမှားတရားပဲ။

တစ်ခါ အမှားတရားဆိုတာကိုလည်း အမှန်တရားဘက် မြင်တာက အမှန်တရားဖြစ်ချင် ဖြစ်နေတာ။

တစ်ခါတစ်ရံ . . .

အမှန်တရားနဲ့ အမှားတရားကို ဒီမိုကရေစီနည်းကျ မဲမခွဲဘဲ ယုတ္တိဗေဒပညာနှင့် တိုင်းတာခွဲခြမ်းစိတ်ဖြာဆုံးဖြတ်ဖို့ လိုအပ်တာပဲ။

ဘာဖြစ်လို့လဲဆိုတော့ . . .

လူညီလျှင် 'ဤ'ကို 'ကျွဲ'လို့ ဖတ်လို့ရလို့ပါပဲ။

အခုဝတ္ထုက လူအကြောင်းဝတ္ထုပါ။

ကျွန်တော် စံပြလူတော်တွေအကြောင်း ရေးပြတာ မဟုတ်ပါဘူး။ လူထဲက လူအကြောင်း ရေးပြတာပါ။

သည်တော့ . . .

သူက ဘုရား(လူ)မဟုတ်ဘူး။

ရဟန္တာ (လူ) မဟုတ်ဘူး။

သကဒါဂါမိ၊ အနာဂါမိ၊ သောတာပန်(လူ)မဟုတ်ဘူး။ သာမန်လူအကြောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကို မရောက်ဖူးဘူး။

ရန်ကုန်ကို မရောက်ဖူးဘူး။

ရွှေတိဂုံကို မမြင်ဖူးဘူး။

မြန်မာနိုင်ငံ မိုင်ဘယ်လောက်ကျယ်တယ် မသိဘူး။

မြန်မာနိုင်ငံထဲက ကျွန်းပင်တွေကို ခုတ်ရောင်းပြီး အစိုးရ ဘာလုပ်ပေးတယ် သူတို့မသိဘူး။

အင်္ဂလိပ်ရုပ်ရှင် မမြင်ဖူးဘူး။

မြန်မာအသံတိတ်ရုပ်ရှင် မမြင်ဖူးဘူး။

မြင်ဖူးတာ ရွာဦးကျောင်းဘုန်းကြီး။

ပြီး . . . သူတို့ဒေသကို အုပ်ချုပ်နေတဲ့ ဗမာပြည် ကွန်မြူနစ် ပါတီ (ဗ. က. ပ)။

သည့်နောက် လူဆိုး၊ လူမိုက်၊ လူကြမ်းများ။

ရေးတယ်၊ ဖတ်တယ်ရုံပဲ စာသင်ခဲ့ရတယ်။

ကွန်မြူနစ်အုပ်ချုပ်နေတဲ့ အရပ်မှာ စာသင်ကျောင်းကို ရဲရဲ မဖွင့်ရဲဘူး။ ဖွင့်တော့ရော ကျောင်းဆရာကို ဘယ်သူက လစာပေးမှာ လဲ။

ဗ. က. ပ ကတော့ လစာအစား ကျည်ဆန်ပဲ ပေးတယ်။

စာတတ်ချင်ရင်၊ ရေးတတ်ဖတ်တတ်ချင်ရင် ဘုန်းကြီးကျောင်း ကိုသွား။ ဘုန်းကြီးတောင် ရဲရဲဝံ့ဝံ့ စာမသင်ရဲဘူး။

ရေလိုက်ငါးလိုက် နေရတယ်။

တစ်ခုတော်သေးတာက ဗ. က. ပ စခန်းနဲ့ အလှမ်းနည်း နည်းဝေးလို့။ နို့မို့ . . . ဘုန်းကြီး ဆွမ်းခံရမှာ မဟုတ်ဘူး။



ဒါကြောင့် ကျွန်တော် လူထဲကလူအကြောင်းကို ရေးပြရတာ ပါ။ သူတို့လုပ်တာ မှားနေတယ်၊ မှန်နေတယ်ကို ကျွန်တော်ဆုံးဖြတ်ပေး မှာ မဟုတ်ပါဘူး။

ကျွန်တော်က သူတို့ရဲ့ ပကတိဖြစ်ပျက်ခဲ့ဘဝကို သရုပ်ဖော်ရေး ပြသွားမှာပါ။

ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ကို စာဖတ်သူများက စဉ်း စားဝေဖန်သုံးသပ်ပြီး အဲဒီအတိုင်း ငါတို့လုပ်လျှင် မှန်မှာလား၊ မှားမှာ လားကို စဉ်းစားဆုံးဖြတ်ပေးဖို့ပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

❑

တစ်နေ့ စိတ်ကူးသစ်စာပေမှာ ကျွန်တော်ရယ်၊ စာရေးဆရာ မောင်စိန့်လှိုင်(ဥဿာ)ရယ်၊ ထုတ်ဝေသူ ကိုတင်ထွန်းရယ်၊ စာအုပ်ကြောင်း ပေအကြောင်း ပြောကြရာကနေ ...

ဖြစ်ရပ်ဆန်းကြယ် လူ့လောကဘဝအကြောင်းကို ရွေ့သွားကြတယ်။

အဲဒီမှာ ဘဝအတွေ့ကြုံယ်ဝတဲ့ စာရေးဆရာကြီး မောင်စိန့်လှိုင် (ဥဿာ)က လူဝင်စားဇာတ်လမ်းတစ်ခုနဲ့ ကြောင်ဝင်စားဇာတ်လမ်းတစ်ခု ကို စိတ်ဝင်စားစွာ ပြောပြနေတယ်။

သူပြောတဲ့ ဇာတ်လမ်းတွေက သူတို့ အညာဒေသနှင့် မြစ်ဝ ကျွန်းပေါ်မှာ ဖြစ်ပျက်ခဲ့ဖူးတဲ့ ဖြစ်ရပ်မှန်တွေတဲ့။

သူငယ်စဉ်ကျောင်းသားဘဝကတည်းက ကြားဖူးတဲ့ မိဘဘိုး ဘွားများပြောတဲ့ အကြောင်းအရာတွေတဲ့။





စိတ်ဝင်စားလွန်းလို့ ကြောင်ဝင်စားအကြောင်းကို ဇာတ်ကွက် လေးညှိစွက်ပြီး ဝတ္ထုတိုတစ်ပုဒ်၊ မဂ္ဂဇင်းကြီးတစ်စောင် ရေးပို့ထားပါ တယ်။

လူဝင်စားဘဝ ဖြစ်ရပ်ဆန်းကိုတော့ ခုမှပဲ ကျွန်တော် ဇာတ်အိမ် နဲ့ အဆာသွပ်ပြီး မူရင်းဇာတ်ကြောလည်း မပျောက်ရအောင် ကြိုးစား ရေးဖွဲ့ကြည့်တာပါ။

အဖြစ်အပျက်တွေက ဟိုးလွန်ခဲ့သည့် အနှစ် (၆၀) ဝန်းကျင် တုန်းက ဖြစ်ရပ်တွေပါတဲ့။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာ ( .... ) ခရိုင်ကို မြန်မာပြည် ကွန်မြူနစ်ပါတီ (ဗ. က. ပ)တို့က အုပ်ချုပ်ထိန်း သိမ်းထားတယ်။

မယ်မင်းကြီးကုန်းဆိုတဲ့ ရွာကြီးကလည်း ဗ. က. ပ တို့ရဲ့ အအုပ်ချုပ်ခံရွာစာရင်းမှာ ပါတယ်။

မယ်မင်းကြီးကုန်းရွာဝန်းကျင်မှာ ကုန်းဇောင်း၊ ကျောက်တော် မြင်ရွက်လှေတော၊ ဝဲကြီး၊ လောင်းတော်သား စသည့် ရွာငယ်ရွာကြီး တွေလည်း ရှိတယ်။

မယ်မင်းကြီးကုန်းရွာဘက်ကိုတော့ ဗ. က. ပ တွေက ကင်း လှည့်ရင်း ရွာအခြေအနေစစ်ဆေးရင်း ရောက်ရောက်လာတယ်။

လူသစ်စည်းရုံးတဲ့အခါ နိုင်ငံရေးတရားဟောချင်တဲ့အခါ လက် နက်ကိုင်အဖွဲ့ဝင်များနဲ့ ဗ. က. ပ နယ်မြေတာဝန်ခံ၊ စစ်ရေးတာဝန်ခံ၊ နိုင်ငံရေးတာဝန်ခံဆိုသူတွေလည်း ပါလာလေ့ရှိတယ်။

ရွာသူရွာသားများကတော့ နီးရာဓားကို ကြောက်ရတာပဲ။

အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်ပြီးတော့ လွတ်လပ်ရေးခေတ် ရောက်ပြီလို့ ကြားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးရလာတော့ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်က အပြီး တိုင် လွတ်မြောက်ခဲ့ရပေမဲ့ …

ဘာအစိုးရမှန်းမသိ၊ ညာအစိုးရမှန်း မသိသူများလက်အောက် ကို ရောက်ခဲ့ရတယ်။

ဗ.က.ပ က (….)ခရိုင်ကို အုပ်ချုပ်နေပြီတဲ့။ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာ၊ စစ်ရေးအာဏာအားလုံး သူတို့ စီရင် မှုအောက်မှာ ရောက်သွားပြီတဲ့။

ဒါဆို သူတို့က ဒီဒေသရဲ့အစိုးရပေါ့။

ပညာတတ်နည်းပါးပြီး တောင်ယာသမား၊ လက်လုပ်လက်စား များသာဖြစ်တဲ့ ရွာသူရွာသားများက သူတို့ကို ရှိသေပါတယ်၊ လေးစား ပါတယ်။

ဆန် ဘယ်လောက်ပေးရမယ်လို့ ဆင့်ရင် ပေးကြတာပဲ။

အရေးပေါ် ထမင်းထုပ်ဆင့်ရင်လည်း ကိုယ့်အိမ်မှာ ဟင်းမ ကောင်းရင် နေမယ်။ သူတို့အတွက် ထမင်းထုပ်ကို ဘဲဥပြုတ်လေး၊ အမဲခြောက်မီးဖုတ်လေး၊ စပ်သီးထောင်းငါးပိလေးနဲ့ ဖွယ်ဖွယ်ရာရာ လုပ်ပြီး ပို့ပေးကြတယ်။

ကုသိုလ်လိုချင်ကြသူတွေကိုး။

ဘုန်းကြီးရဟန်းလှူလည်း ကုသိုလ်ရတာပဲ။

ဒုက္ခိတတွေကို ပေးလှူလည်း ကုသိုလ်ရတာပဲ။

သီလရှင်တွေ လှူလည်း ကုသိုလ်ရတာပဲ။

သူတောင်းစားတွေကို ပေးလှူလည်း ကုသိုလ်ရတာပဲ။ ဗ.က. ပ ဆိုတာ ခွက်ဆွဲတောင်းစားတဲ့ သူတောင်းစားတော့ မဟုတ်ဘူး။ သေနတ်ပြပြီး တောင်းစားတဲ့ လူတန်းစား။



ကိုယ့်ရပ်ကိုယ့်ရွာ ကာကွယ်ပေးနေတာ။

ဘယ်လိုပဲတောင်းတောင်း သဒ္ဒါကြည်ဖြူစွာ ပေးလှူလိုက်ရင် ကုသိုလ်ရတာပဲ မဟုတ်ဘူးလား။

တစ်ခါတစ်ခါ ရွာကလူတွေကို လုပ်အားပေး လာခေါ်တယ်။ မောင်ဘဖေတို့၊ ကိုကြီးကျော်တို့၊ ထေန်းကြီးတို့၊ ငမိုးကြီးတို့ ပါသွားရ သေးလေရဲ့။ ပ.မ.က ဂိုဒေါင်ဆိုလား၊ သမဝါယမ ဂိုဒေါင်ဆိုလား၊ အစိုးရဆန်စက်လား၊ ပုဂ္ဂလိကဆန်စက်လား မသိပါဘူး။

ဂိုဒေါင်ထဲကို ခေါ်လာတဲ့ ရွာသားတွေဝင်၊

ဆန်အိတ်၊ ပဲအိတ်တွေ အကုန်ထမ်းပြီး ကျွဲလှည်း၊ နွားလှည်း ပေါ် တင်ပေးရတယ်။

နို့ဆီ၊ သကြား၊ ဆီပါတဲ့အခါ ပါတယ်။ တစ်ခါတလေ လှည်း ဆယ်စီးမက တိုက်ရတယ်။ အနီးဝန်းကျင်မှာ ဗ.က.ပ.တွေက သေနတ် တွေနဲ့ စောင့်နေကြတာ။

ယူစရာပစ္စည်း ကုန်ပြီလား။

ကုန်ပြီဆိုလျှင် အစောင့်နှင့် လှည်းတွေ ထွက်ရတယ်။ ဦးတည် တဲ့နေရာက ဗ.က.ပ တို့ရဲ့ စခန်းရှိရာကို ဦးတည်ရတာ။

တော်တော်ဝေးဝေး ရောက်ပြီဆိုရင်

စောစောက ဂိုဒေါင်တို့၊ အရောင်းဆိုင်တို့ကို မီးတင်ရှို့ပစ် လိုက် ရော။

စခန်းကိုရောက်ရင် လှည်းသမားတွေက တိုက်ရာပါ၊ လုရာ ပါ၊ (သိမ်းရာပါ) ပစ္စည်းအားလုံးကို ဝါးတဲကြီးများထဲကို သေသေသပ် သပ် ပို့ပေးရတယ်။ စီပေး၊ ထပ်ပေးရတယ်။

နည်းနည်းပါးပါး ခိုးယူဝှက်ယူသွားမည် မကြံနဲ့

www.burmeseclassic.com



ဟိုးအရင်တစ်ခါတုန်းက ဗ. က. ပ ဆန်တွေသိမ်းတုန်းက ခုလိုပဲ ကျွဲလှည်း၊ နွားလှည်းတွေ လုပ်အားပေးလိုက်ရတယ်။

ပ. ပ. က ဂိုဒေါင်က ရသမျှသိမ်းလာတော့ နို့ဆီဘူး၊ သကြား၊ ဆပ်ပြာ၊ စာအုပ်၊ ခဲတံ၊ မှင်တံ၊ မှင်ဘူးတွေပါ အကုန်သယ်ပါလာရတယ်။

ဌာနချုပ်စခန်းက ဂိုဒေါင်ထဲကို ထမ်းထမ်းသယ်သယ်ပို့ရတယ်။ အဲဒီမှာ ခင်ညိုကြီးဆိုတဲ့ လှည်းသမားရှယ် အလစ်မှာ ဆပ်ပြာတစ်တောင့်ကို ခါးကြားမှာ ထိုးဝှက်၊ အင်္ကျီနဲ့ ဖုံးအုပ်ပြီး အထွက်။

အစောင့်က မသင်္ကာလို့ စစ်ရော။

သူ့ခါးကြားက ဆပ်ပြာတစ်တောင့် မိပါလေရော။

ဗ. က. ပ ပိုင်ပစ္စည်းကို ခိုးယူရပါ့မလားဆိုပြီး သူ့ညာလက်ကို ဓားနဲ့ခုတ်ဖြတ် အပြစ်ပေးလိုက်တယ်။

ခင်ညိုကြီး ဒူးထောက်ငိုယိုတောင်းပန်တာ မရဘူး။ အဲဒါ လက်ပြတ်ကြီးကို ပုဆိုးနဲ့ထုပ်စည်းပြီး ရွာကိုပြန်ခဲ့တာ။ ညနေလည်း ရောက်ရော သွေးလွန်၊ ပိုးဝင်ပြီး ညှော်မိပြီး သေပါရော။

မနှစ်တုန်းကလည်း ...

ကျွဲကြီးနဲ့ နွားသိုးဆိုတဲ့ လူနှစ်ယောက်ရယ်။

ရွာတစ်ရွာက နွားတစ်ကောင်ကို လွှတ်ကျောင်းတဲ့ကွင်းထဲက နေ ခိုးမောင်းသွားတယ်။ သူတို့မောင်းသွားတာကို လမ်းသွားလမ်းလာ နှစ်ဦးက မြင်လိုက်တယ်။

ခိုးလာတဲ့နွားကို သုံးရွာကျော်မှာ ပေါ်သတ်ပြီး အမဲသားရောင်းစားလို့ အရက်သောက်၊ ဖဲရိုက် ပျော်ကောင်းနေတုန်း ...

"ကျွဲနဲ့ နွားသိုးဆိုတာ ဘယ်သူလဲကွ"



အရက်ဝိုင်းရှိရာကို လူနှစ်ယောက်ဝင်လာပြီး မေးတာ မျက်နှာကို ခေါင်းပေါင်းပေါင်းထားလို့ ...

"ကျွဲနဲ့ နွားသိုးဆိုတာ ဘယ်သူလဲလို့ မေးနေတယ်"

"မင်းက ဘာကောင်မို့ မေးနေတာလဲကွ"

ကျွဲက မူးမူးနဲ့ အော်မေးလိုက်ရော ခေါင်းပေါင်းနဲ့လူက ..

"ကိုယ့်လူက ကျွဲလား၊ နွားသိုးလား"

"ကျွဲကွာ ... ဘာလုပ်မလို့လဲ ... မင်းက ဘာကောင်မို့လို့ မေးတာလဲ"

ကျွဲက အရက်ကလေးဝင်နေတော့ သတ္တိက ကောင်းနေတာ။ အရက်ပုလင်းခေါင်းကို ကိုင်ပြီး မေးလိုက်တုန်းမှာပဲ ...

လူစိမ်းက လွယ်အိတ်ထဲကို သူ့လက်ထိုးနှိုက်လိုက်တယ်။ လက်ကို ဆွဲထုတ်လိုက်တော့ ခြောက်လုံးပြူးတစ်လက်ပါလာတယ်။ ပြောင်းဝက ကျွဲရဲ့မျက်နှာကို ချိန်လို့ ...

"ငါတို့က ဒီဒေသရဲ့ အုပ်ချုပ်ရေးအဖွဲ့ကပဲ၊ မင်းက ကျွဲဆိုတော့ နွားသိုးဆိုတဲ့ကောင်က ဘယ်သူတုံး၊ မြန်မြန်ပြော"

"ကျ ... ကျ ... နော်ပါ ... ပါ ... ခင်ဗျာ"

နွားသိုးက အထစ်ထစ်အငေါ့ငေါ့နဲ့ ထရပ် ကိုယ်ကိုကြုံ့ပြီး နှိမ့်သေသေ ပြောရတော့တယ်။

အခု သူတို့ရှေ့မှာ ရောက်နေတဲ့ မေးနေတဲ့ လူနှစ်ယောက်ဟာ ဗ. က. ပ က လူနှစ်ယောက်။ ကျွဲနဲ့ နွားသိုး လန့်နေရပြီ။

ကျန်အရက်သောက်သူများလည်း မျက်နှာမဖော်ရဲကြဘူး။

"မင်းတို့နှစ်ယောက် အခုလိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ရော ... ကျွန် ... ကျွန် ... တော်တို့ ... ဘာ ... ဘာလုပ်လို့လဲ ... လဲ ... ဟင်"

"မင်းတို့နှစ်ယောက် သပြေကုန်းရွာက နွားကို ခိုးပေါ်ရောင်းစားလို့ပဲ။ လိုက်ခဲ့"

သူတို့နှစ်ယောက် ရွာထဲကို ရောက်လာခဲ့ရတယ်။

ရွာထဲမှ နယ်မြေအုပ်ချုပ်ရေး ဗ. က. ပ အကြီးအကဲနှင့် လက်နက်ကိုင်အချို့က စောင့်နေတယ်။ ကျွဲနှင့် နွားသိုးကိုကြည့်ပြီး အခြားသူနှစ်ဦးကို ခေါင်းဆောင်လုပ်သူက မေးတယ်။

"သပြေကုန်းက နွားကိုဆွဲသွားတာ သူတို့ဟုတ်သလား ... ကြည့်"

"ဟုတ်ပါတယ်"

"ဘာကြောင့် ဟုတ်တယ်လို့ ပြောနိုင်ရတာလဲ"

"ဟိုအသားမည်းမည်းလူ၊ ဒီဘက် ခြေထောက်နင်းထောက်နင်းကို သတိထားမိလို့ပါ"

ကျွဲကြီးက အသားမည်းတယ်။ နွားသိုးက ညာခြေနည်းနည်းနိမ့်တယ်။ ဒါကု မျက်မြင်သက်သေက အတိအကျပြောနေတာ။

"နွားက ဘယ်လိုအရောင်ကို ခိုးသွားတာလဲ"

"နွားက နွားနက်ကျားပါ။ ချိုခေါင်းတုံးပါ"

"ဗြို။ အမဲသားလည်ရောင်းတဲ့ ဒေါ်ထွား"

"ဟုတ် ... ဟုတ်ကဲ့ရှင့် ... ကျွန်မပါရှင့်"

"မနေ့တုန်းက ဝါးမကုန်းရွာနဲ့ ရွှေဖျဉ်းရွာမှာ ခင်ဗျား အမဲသားလည်ရောင်းတယ် ... နော်"





"ဟုတ် ... ဟုတ်ကဲ့"

"ဘယ့်သူ့ဆီကရတဲ့ အမဲသားတုံး"

"ဟို ... ဟို ... နှစ်ယောက်ဆီက ... ရ ... ရလို့ပါရှင်"

"ဗြို ... သွားထိုင်နေ ... ထေိန်း"

"ခင်ဗျာ ... ဆရာကြီး"

"ဟိုအထုပ်ကို ကျွဲတို့ရှေ့မှာ သွန်ချပြလိုက်"

ထေိန်ဆိုသူက ဂုန်နီအိတ်အထုပ်ကြီးကို ကျွဲနဲ့ နွားသိုး ရှေ့မှာ သွန်ချပြလိုက်ရာ ...

"ဟာ ..."

"ဟင် ..."

"ဟ ... ဒါ ... ဒါ ... ထွန်းမောင်ပျောက်သွားတဲ့ နွားကျားကြီးခေါင်းပါလား"

"ဟုတ်တယ် ... ဒါ ထွန်းမောင် နွားကျားခေါင်း"

"ပိုင်ရှင်ထွန်းမောင်"

"ဟုတ်ကဲ့ ... ဆရာကြီး"

"ဒီနွားခေါင်းက မင်းနွားခေါင်း ... ဟုတ်ရဲ့လား"

"ဟုတ် ... ဟုတ်ပါတယ် ... ဆရာကြီး ... နွားရဲ့ထိပ်မှာ ချိုင့်ဝင်နေတယ်။ ကျွံဝင်နေတယ်ဆိုရင် ပိုမှန်တယ်"

"နွားသိုးနဲ့ ကျွဲကြီး ..."

"ခင် ... ဗျာ ..."

"မင်းတို့ ထွန်းမောင်ရဲ့ နွားကျားကို ခိုးယူသွားပြီး 'ဘောက်ချင်းမ' တောထဲမှာ သတ်ရောင်းစားတယ်။ ငြင်းချင်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ပါ ... ပါ ... တယ် ... ခင်ဗျာ"

"မင်းတို့နွားကို ဘယ်လိုသတ်တုံး ... ပြော"

"အဲ ... အဲ ...."

"ပြောလေ ... တယ် ... ငါ ..."

"ဟို ... ဟို ... ခြေလက်လေးဘက်ကို ကြိုးနဲ့ချည်ပြီး ငယ်ထိပ်ကို ပေါင်တူနဲ့ ထုရိုက်သတ်ပါတယ် ခင်ဗျာ"

"ဟုတ်ပြီ ... ဒါမှပေါ့။ လုပ်ရဲရင် ခံရဲရတယ် ... ဟုတ်ရဲ့လား"

" ......"

"မင်းတို့ ငါတို့အုပ်ချုပ်နေတဲ့ နယ်မြေမှာ ပြစ်မှုကျူးလွန်တယ်။ ဒါ ... လူညွန့်ခွံးစားတာပဲ။ ခိုးတယ်၊ ဝှက်တယ်ဆိုတာ အလုပ်လုပ်မစားချင်တဲ့ အချောင်သမားတွေရဲ့ အချောင်သမားစိတ်ဓာတ်ပဲ။ ငါတို့ပါတီက အဲဒီလိုစိတ်ဓာတ်ရှိတဲ့ လူစားမျိုးကို အမြစ်ဖြုတ် သုတ်သင်နေတာ။ စီရင်ချက်ချမယ် ... နားထောင်"

"နွားသိုးနဲ့ ကျွဲကြီးပြစ်မှု နွားခိုးသတ်ပေါ် ရောင်းစားမှုပြစ်ဒဏ် သေဒဏ်"

"ဗျာ ... ဗျာ ..."

"ဆ ... ဆရာကြီး ... ကျွန်တော်တို့ ... မှား ... မှားပါတယ် ... ခင်ဗျာ"

"ခေါ်သွားတော့"

"ဆ ... ရာ ... ကြီး ..."





"ကိုထွန်းမောင် ... ကျုပ်တို့ ... တောင်း ... တောင်း ... ပန် ... ပန် ..."

ဘယ်လိုမှ တောင်းပန်လို့ မရပါဘူး။ သူတို့နှစ်ဦးကို လက်ပြန်တုပ်ပြီး ကွင်းထဲကို ခေါ်သွားတယ်"

"ဒိုင်း ..."

"ဒိုင်း ..."

သေနတ်သံနှစ်ချက် ကြားလိုက်ရတယ်။ ကျီးကန်းအုပ်က ဝါးရုံတုက္ကိုပင်ပေါ်ကနေ လန့်ပျံအော်ဟစ်ဝဲနေကြတယ်။ သူတို့ လက်မရှိအမူစော်အဖွဲ့ ပြန်သွားတော့ ...

ကွင်းစပ်မှာ ဦးခေါင်းပွင့်ပြီး သေနေတဲ့ နွားသိုးနဲ့ ကျွဲကြီးတို့ရဲ့ အလောင်းနှစ်လောင်းကို ရွာသူရွာသားတွေ ချောက်ချားဖွယ် မြင်တွေ့ရတယ်။

သူတို့က နွားဦးခေါင်းကို တူနဲ့ထုသတ်တယ်။

အခုသူတို့ ဦးခေါင်းကို ဗ.က.ပ အဖွဲ့က သေနတ်ပစ်သတ် အဆုံးစီရင်ပေးလိုက်တယ်ဓလေ။

အဲဒီလို ပညာပေးလိုက်လို့ နည်းနည်းငြိမ်သွားပြီး နောက်ပိုင်းမှာ မကြာပါဘူး ...

ဗ.က.ပ ကျောရိုးဆိုတဲ့လူတွေ ဗ.က.ပ အုပ်စိုးရာ နေရာဒေသမှာ ဩဇာရှိလာတယ်။

သူတို့အလုပ်က အစိုးရကို သတင်းပေးတဲ့လူရှိရင် စုံစမ်းအရေးယူခံရတယ်။ ရွာတွေ ဆက်ကြေးရရှိရေးကို ကြိုတင်လိုက်ပြောရတယ်။

www.burmeseclassic.com



ရုပ်ထဲရွာထဲ ဗ. က. ပ မကောင်းကြောင်း ဘယ်သူပြောဆို ဝေဖန်သလဲ။ စုံစမ်းနှားစွင့် အစီရင်ခံရတယ်။ မြို့ပေါ်သွားရင် အစိုးရ စစ်တပ်၊ ရဲအဖွဲ့၊ စုံထောက်အဖွဲ့၊ ထောက်လှမ်းရေးအဖွဲ့ရဲ့ သတင်း ပလင်းများကို လေ့လာစုံစမ်းပြီး ...

နယ်မြေတာဝန်ခံများထံ သတင်းပေးပို့ရတယ်။

သည်တော့ အမာခံကျောရိုးဆိုတာ အရေးပါအရာရောက်လာ တယ်။ သူ့ပါးစပ်က ဒီလူဟာဖြင့် မြန်မာပြည်ကွန်မြူနစ်ပါတီကို ဝေဖန် ကဲ့ရဲ့ရှုံ့ချစကား ပြောနေပါတယ်လို့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သွားတိုင် လိုက်တာနဲ့ ...

လက်မရွံ့အဖွဲ့က ချက်ချင်းလာဖမ်းတယ်။

ပြီးရင် စစ်ကြောင်းရေးစခန်းမှာ လူရုပ်မပေါ်အောင်ကို ညှဉ်းဆဲ ကြမယ်။ ပြီးရင် သေဒဏ်ပေးလိုက်ရော။

ဝေဖန်ရင် သေဒဏ်တဲ့။

အခု ဆိတ်ဖလူးကျေးရွာမှာ ဩဇာရှိနေတဲ့ ဗ. က. ပ အမာခံ ကျောရိုးက အောင်မောင်းထိန်တဲ့။ *

ပြောရရင် အလုပ်မရှိ၊ အကိုင်မရှိ၊ အရက်သမားသာသာ အကောင်ပါ။ သို့သော် သူက လူရည်နပ်တယ်၊ လည်တယ်၊ အကင်းပါး တယ်၊ လာဘ်မြင်တယ်။

ဘယ်သူ့ကို ကပ်ထားလျှင် ကိုယ့်အကျိုးရှိမယ်၊ ဘယ်သူ့ကို ဆရာတင်လျှင် အနေအထား ချောင်မယ်ဆိုတာကို သိတယ်။

သည်တော့ ...

ဗ. က. ပ တွေလှည်းဆင့်ရင် အထမ်းသမားဆင့်ရင် သူက ရှေ့ဆုံးကပဲ။ ရွာထဲဝင်လာတာမြင်ရင် အရင်ခရီးဦးကြိုပြုတယ်။





အရက်ကြိုက်သူ အရက် ...

ဟင်းထမင်းစားချင်သူ ဟင်းထမင်း ...

ထန်းရည်ကြိုက်သူထန်းရည် လုပ်ပေးတယ်။ အလိုက်သိ၊ ဖင် ပေါ့၊ သွက်သွက်လက်လက်၊ ချက်ချက်ချာချာရှိမှန်းမြင်တော့ ဗ. က. ပ နယ်မြေတာဝန်ခံတိုက်မောင်းကြီးက အောင်မောင်းထိန်ကို အမာခံကျော ရိုး ခန့်ပေးထားလိုက်တယ်။

အဲဒီအချိန်ကစပြီး လူမလေး ခွေးမခန့် ကလေကဝဘဝ၊ အရက် သမား၊ ဖဲသမား၊ ကြက်သမားအောင်မောင်းထိန် ... ဒီရွာနီးချုပ်စပ် မှာ လူရာဝင်သွားတယ်။

ပြောရေးဆိုခွင့် ရှိသွားတယ်။

စေတစ်လုံးပိုင်စ ပြုလာတယ်။

ဆက်ကြေးကောက်ဖို့ ခေါ်အောရင် အောင်မောင်းထိန်။

လုပ်အားပေးဆင့်ရင် အောင်မောင်းထိန်။

လူတစ်ယောက်ကို အမြင်ကပ်ရင် အစိုးရဒေါက်တိုင်လို့ တံဆိပ် ကပ်ပြီး ဗ. က. ပ ဌာနချုပ်ကို သွားသံတော်ဦးတင်တယ်။

အောင်မောင်းထိန် သွားရောက်သံတော်ဦးတင်လိုက်ရင် အတင် ခံရတဲ့လူ ဘဝပျက်ရော။

ဂျပန်ကင်ပေတိုင် လက်သံပြောင်တာထက် သာတယ်။ လမ်း လျှောက်လို့မရတဲ့ဘဝ၊ မျက်စိမမြင်တော့တဲ့ဘဝ၊ နားရွက်ပြတ်၊ လက်ပြတ် ခြေပြတ်သွားရတဲ့ ဘဝ။

နောက်ဆုံး ဝါးကြောနှင့် လည်လှီးသတ်တဲ့ဘဝကိုရောက်ပြီး ရွာမပြန်လမ်းကို ရောက်ရရော ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ဒါကြောင့် တစ်ရွာလုံး၊ တစ်ရပ်လုံး၊ ရွာနီးရွာချုပ်စပ်ပါမကျန် ဗ.တ.ပ ကျောရိုးအောင်မောင်းထိန်ကို နယ်မြေတာဝန်ခံ တိုက်မောင်းကြီးထက် ကြောက်ရတယ်။

ဟိုတုန်းက အောင်မောင်း၊ ဒါမှမဟုတ် ထိန်လို့ ခေါ်ကြသူများ။

အခု … ကိုအောင်မောင်း … ကိုကြီးအောင်မောင်း … ကိုထိန် … အစ်ကိုထိန် … ဦးထိန် … မောင်လေးမောင်ထိန် … လူလေးမောင်ထိန် … စသည်ဖြင့် ချိုချိုသာသာ လေးလေးစားစား ခေါ်ကြရတယ်။

အချို့မင်္ဂလာဆောင်ဆို အိမ်ဦးခန်းမှာ နေရာပေးရတယ်။

အောင်မောင်းထိန် ခါးကြားမှာ ခြောက်လုံးပြူးသေနတ် မရှိပါဘူး။ ကျောမှာ ရိုင်ဖယ်လွယ်မထားပါဘူး။ ခါးပုံကြားမှာ လက်ပစ်ဗုံး မပါ ပါဘူး။

သို့သော် သူ့ပါးစပ်ကို ကြောက်ရတယ်။

သူ့ပါးစပ်က ဒီကောင် ရဲသတင်းပေးလို့ တံဆိပ်ကပ်လိုက်ရင်၊ ဒီကောင် ထောက်လှမ်းရေးလို့ နဖူးထုံးတို့ မှတ်လိုက်၊ ပြောလိုက်ရင်..

ဂျပန်ကင်ပေတိုင် ဗ.က.ပ လက်မရွံ့အဖွဲ့က လာခေါ်သွားရော။

ပြန်လမ်းရှိချင်မှ ရှိမယ်။

ဒါကြောင့် အောင်မောင်းထိန်ကို မျက်နှာချိုသွေးရတယ်။ မျက်နှာသာပေးရတယ်။ ရွာထဲ ဝက်ပေါ်ရင် မိုးခိုသား၊ ပေါင်သား ပိဿာတွဲ ပို့ပေးရတယ်။ အမဲသားပေါ်ရင်၊ ကျွဲသားပေါ်ရင် အသားကောင်းကောင်း ပို့ပေးရတယ်။ -





ထန်းရည်ဆိုင်၊ အရက်ဆိုင်များ သူရောက်လာရင် အမြည်းနဲ့ အရက်၊ ထန်းရည်ခပ်မြန်မြန် လုပ်ပေးရတယ်။

အောင်မောင်းထိန်က ပြောမယ်။

"မင်းတို့ အရက်သောက်၊ ထန်းရည်သောက် ရောင်းတာ ငါ ဘာမှ မပြောလိုဘူး။ အထက်ကိုလည်း ပြောထားပြီးသား။ သို့သော် ရန်မဖြစ်နဲ့၊ စကားများနဲ့၊ ဗ.က.ပ မကောင်းကြောင်း မပြောနဲ့။ ပြောရင် ဖြစ်ရင် မင်းတို့ဘဝကို မင်းတို့တွေးထား … ကြားလား"

"ဟုတ် …"

တိုတိုပြောရရင် အောင်မောင်းထိန် ရွာမှာ ရပ်မှာ ဩဇာရှိလာတော့ တပည့်ခံချင်သူတွေ ရှိလာခဲ့တယ်။

အဲဒီမှာ ကျားကြီးနဲ့ ကျားလေးတို့ ညီအစ်ကိုပါတယ်။ နှစ်ယောက်စလုံး ဗလကောင်းကောင်း၊ တုတ်တုတ်ခိုင်ခိုင်ကြီးတွေ၊ နှုတ်ခမ်းမွှေးစစ၊ ဆံပင်ရှည်ရှည် ကုပ်ဝဲကြီးတွေနဲ့။

လူသွမ်းညီအစ်ကိုရယ်။

အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်၊ လုယက်၊ ရန်ဖြစ်၊ ဓားကြိမ်းကြိမ်း၊ လုံကြိမ်းကြိမ်းနေသူ လူစွာညီအစ်ကိုရယ်လေ …

ဟိုအိမ်က ကြက်ခိုး၊ ဒီအိမ်က ဘဲခိုး …

သူတို့ ညီအစ်ကိုဗလကို ကြောက်လို့ သူတို့ခိုးတယ် မပြောရဲဘူး။ ပြီး သူတို့ညီအစ်ကိုက ကျောရိုးအောင်မောင်းထိန်ရဲ့ လက်ရင်းတပည့်တွေ …

ဒါကြောင့် ကျားကြီးနဲ့ ကျားလေးတို့ ဒီရွာထဲမှာရော၊ ဒီရွာနီးချုပ်ကျင်မှာရော ဆိုးသွမ်းတယ်။ သူ့မီးပျိုချောချောတွေ့ရင် သားရေ ရွှမ်းစကားပြောတယ်။

www.burmeseclassic.com



ညစ်ညစ်ညမ်းညမ်းပြောတယ်။

မိဘညီအစ်ကိုမောင်နှမများနှင့် မားတစ်ပြက် တုတ်တစ်ပြက် ဖြစ်ရင် အောင်မောင်းထိန်က ဝင်ရှင်းပေးရတယ်။

နယ်မြေတာဝန်ခံကို သွားတိုင်ရင် ဖာတ်လမ်းက ရှုပ်ကုန်မယ် လေ။ တိုင်လည်း မတိုင်ရဲကြပါဘူး။ တိုင်တဲ့လူကို အောင်မောင်းထိန် က ဗ.က.ပ အကြောင်း မကောင်းဟောပြောနေတယ်၊ သွားပြော လိုက်ရင် ...

မိသားစုနဲ့ သေကွဲကွဲရောကိုး။

ဒါကြောင့် သူတို့သုံးယောက်ကို အားလုံး ရွံကြကြောက်ကြ မုန်းကြတယ်။ သို့သော် မခံမပြောရဲကြဘူး။

✿ ✿ ✿

| ၄ |

၁

တစ်နေ့လည်းကျရော ပြဿနာပေါ်ပါလေရော။

မေတ္တာချိုဆိုတဲ့ အပျိုမလေး ရွာကို ပြန်ရောက်ပြီးစမှာပေါ့။ ညာရွာမှာ အဒေါ်နေမကောင်းလို့ သွားနေပေးနေတာ နှစ်နဲ့ ချီကြာခဲ့ တယ်။

အခု အမေနေမကောင်းလို့ ပြုစုရအောင် ဒီရွာကို ပြန်ရောက် လာတာ။ မေတ္တာချိုက အရမ်းလှတယ်။

ရေပြောင်း၊ မြေပြောင်းလေးမှာ အတန်ကြာသွားနေလို့လား မသိဘူး၊ မေတ္တာချို နဂိုထက် ပိုပြီးလှလာတယ်။

ခါးသေးရင်ချီ၊ ဖွံ့ဖွံ့ထွားထွားကြီး။

အုပ်လုံးသိမ်းထားတော့ ပါးဖောင်းဖောင်းလေးက ရယ်လိုက် ချစ်စရာလေး။

ပေါင်တံတုတ်တုတ်ခိုင်ခိုင်ပေါ်က တင်ပါး တင်းတင်းကားကား ဖြင့်ရသူ ဗိုသတ္တဝါတွေရဲ့ရင်ကို တလှပ်လှပ်ဖြစ်စေတာကိုး။

www.burmeseclassic.com



**အဲဒီအလှတို့** ကျားကြီးတို့ညီအစ်ကိုက အရမ်းသဘောကျ**နေတာ။ အောင်မောင်း**ထိန်ကလည်း ရှယ်ယာပါချင်နေတယ်။

**တစ်နေ့** ...

ကျားကြီးက ကောင်မလေး ဘုန်းကြီးကျောင်းက ဆွမ်းပို့အပြန် ဘုန်းကြီးကျောင်းက တစ်ကျောင်းပဲရှိတယ်။ သက်တော်ရှည် ဘုန်းတော်ကြီးတစ်ပါးနဲ့ ကပ္ပိယအဘိုးအိုတစ်ဦး ပေါင်းနှစ်ဦးပဲ ရှိတယ်။ နာရေးကိစ္စရှိရင် တရားနာဖို့ပါ။ ဒါကောင့် သူတို့ခွင့်ပြုလို့ နေရတာ။ သူတို့က ဘုန်းကြီးကျောင်းတို့၊ စာသင်ကျောင်းတို့ အလိုမရှိဘူးလေ။

မေတ္တာချိုကို ကျားကြီးက ရည်းစားစကားပြောတယ်။

ကျားလေးက ခပ်လှမ်းလှမ်းက သက်တော်စောင့်ပေါ့။

"မေတ္တာချို ... အေ့ ... ဟေ့ ..."

"မေ ... တ္တာ ... ချို ... လေး ... အေး ..."

"ကိုယ်ခေါ်တာ မကြားဘူးလား ... လို့ ... အဟဲ့ ... ဟဲ"

"မကြားဘူး"

"အလို ... မကြားဘူးသာဆိုတယ် ပြန်ပြောတတ်သားပဲ ... အဟဲ့ ..."

"ရှင် ကျွန်မကို မနှောင့်ယှက်နဲ့နော်"

"မနှောင့်ယှက်ပါဘူးဗျာ ... ကျုပ်ရင်ထဲက ပြောချင်တာလေး တစ်ခွန်းနှစ်ခွန်း ပြောပြီးရင် ကျုပ်ပြန်မှာပါဗျာ။ အဟမ်း ... အဟမ်း"

"ရှင်နဲ့ကျွန်မ ဘာမှပြောစရာမရှိဘူး"

"မင်းမှာမရှိပေမဲ့ ကျုပ်မှာရှိနေတာ ရင်နဲ့အပြည့်ဆိုတော့ ဒီနေ့ရင်ဖွင့်ပြရမှာပဲ"





"စကားလုံးတွေ မိုက်လှချည်လား ... ကျားကြီးရာ ... ဟင်"

ကျားလေးက သူ့အစ်ကိုကို ပင့်ပေးတယ်။

"ဖယ်နော် ..."

"မဖယ်နိုင်ဘူး"

ကျားကြီးက ရှေ့ကနေကာပြီး ရပ်လိုက်ရင်း ...

"မေတ္တာချို ... မင်းကို ကျုပ်ချစ်တယ်"

"ဘာ ... ဘာ ..."

"မင်းကို ကျုပ်ချစ်တယ်၊ လက်ထပ်ချင်တယ်"

"တွီး ... အရက်သမား၊ ကြက်သမား၊ အခြေမဲ့ အနေမဲ့ ကောင်ကများတော် ... ဖယ်နော်"

"အဖြေပေးဦးလေကွာ ... ဟင်း ... ဟင်း ... ဟင်း ... ကျုပ်ရင်ထဲမှာ မင်းလေးရဲ့မျက်နှာဟာ လတစ်စင်း ..."

"ဖြောင်း ..."

"အား ... လား ... လား ..."

"လက်သံပြင်းသားဟ ... ကျားကြီးရ ... ဟား ... ဟား"

မေတ္တာချိုက ကျားကြီးရဲ့ပါးကို လက်ဝါးနဲ့ တစ်ချက်ရိုက်ပြီး ရှေ့ကကာထားတဲ့ လက်ကိုပုတ်ဖယ်လို့ လှမ်းမယ်လုပ်ရော ကျားကြီးက မေတ္တာချိုရဲ့လက်ကို ဆောင့်ဆွဲလိုက်တယ်။

မေတ္တာချိုကလည်း မကြောက်ဘူး။

သန်မာသန်စွမ်းသူပီပီ သူ့ရဲ့လက်ကို လိမ်ဖယ်ဖြေလိုက်ရင်း ကျားကြီးရဲ့ ရင်ဘတ်ကို တွန်းပစ်လိုက်တာ ကျားကြီး မှူးမှူးနဲ့ မြေပြင်ပေါ် လဲကျသွားပါရော ...



www.burmeseclassic.com

www.burmeseclassic.com



"တား ... ဟား ... ဟား ... ဟား ... အဲဒါ အချစ်ပဲကွ ကျားကြီးရ ..."

"အချစ်ကြမ်းတော့ နမ်းလို့ မရဘူးပေါ့ကွာ။ ဟား ... ဟား တား ... ဟား ... မင်္ဂလာဆောင်တော့ ရက်ရွှေ့မှရမယ် ... ကျားကြီးရေ ... ဖိတ်စာ သိပ်အလျှင်မရိုက်နဲ့ဦးဟ။ အချုပ်ထဲ ရောက်နေဦးမယ်။ ဟား ... ဟား ... ဟား ... ဟား ..."

ကျားကြီးရဲ့အဖြစ်ကို ညီလုပ်သူကျားလေးက သဘောကျပြီး အားရပါးရ အော်ဟာစ်ရယ်ပစ်လိုက်တယ်။ ဒီအချိန်မှာ မေတ္တာချိုက ရွာထဲရောက်အောင် အပြေးနှင်လေရဲ့။

✿ ✿ ✿

| ၅ |

❑

ကောင်းကင်မှာ တစ်ခြမ်းပဲ့လက တိမ်ကြားမှာ မစို့မပို့ ပြုံးတစ်ပြုံးတစ် လုပ်နေတယ်။

အလင်းရောင်က မလင်းတလှည့် လင်းတလှည့်။ ရွာနောက်က ကောက်ရိုးပုံနံဘေးမှာတော့ ချစ်သူနှစ်ဦးက အကြင်နာလှိုင်းထနေတယ်။

"ကိုသုခ ..."

"ချို ...."

"ကျွန်မကို မြန်မြန်တောင်းရင်တောင်း။ မတောင်းရင် ခိုးတော့"

"ချို ..."

"ဘာလဲ"

"ချို့အမေ နေမကောင်းသေးဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ချို့အမေ နေမကောင်းတာထက် ကျားကြီးနဲ့ကျားလေးတို့ ညီအစ်ကိုရဲ့အန္တရာယ်က အရေးကြီးတယ် ... ကိုသုခ။ သူတို့ ချို့ကို လိုက်နှောင့်ယှက်တဲ့အကြိမ် မနည်းတော့ဘူး"

"ကိုယ် သူတို့နဲ့ ရင်ဆိုင်လိုက်ရမလား ဟင်"

"မလုပ်နဲ့။ သူတို့က လူဆိုးလူသွမ်း၊ သေမထူး နေမထူး တန်ဖိုးမရှိတဲ့လူတွေ။ ပြီး ကျောရိုးအောင်မောင်းထိန်ရဲ့ တပည့်တွေ။ ယှဉ်ဖြစ်ရင် ကိုသုခရော၊ ကျွန်မရော နာရမှာ"

"ဟူး ..."

"ဘယ်လိုလုပ်မှာတုံး ... ပြောလေ"

"ကိုယ် လာတောင်းရမ်းပါ့မယ် ... ချို့။ ချမ်းသာလို့ လာတောင်းတာမဟုတ်ဘူး။ ချို့ကိုချစ်လွန်းလို့၊ ကန်တော့ပွဲနဲ့ပဲ လာတောင်းရမှာပဲနော်"

"ရတယ်"

သည့်နောက် သူတို့ချစ်သူနှစ်ဦး ဝမ်းသာအားရ ဖက်ထားလိုက်ကြတယ်။

မေတ္တာချိုက ကောက်ရိုးပြင်ပေါ်ကို အသာလဲကျသွားတယ်။

ကိုသုခကလည်း မလွှတ်တော့ဘူး။

ခန္ဓာကိုယ်နှစ်ခု ပူးကပ်သွားပြီး ရင်ခုန်သံတွေ မြန်နေတာကို သိနေ ကြားနေရတယ်။

သည်မှာ ခွေးတစ်ကောင် ထိုးဟောင်သံကြားရလို့ နှစ်ဦးသား လူးလဲထလိုက်ကြတယ်။

သည့်နောက် ညင်သာတဲ့အနမ်းကို တုံ့ပြန်ပြီး မှောင်ရိပ်လေးအားပြုလို့ ရွာထဲကို ပြန်ခဲ့ကြတယ်။





သူတို့ချစ်သူနှစ်ဦး ပြန်သွားတာကို မှောင်ရိပ်ခိုနေတဲ့ လူသုံး၊ ယောက်က တိတ်တိတ်လေး ချောင်းမြောင်းကြည့်ရင်းက ...

"တွေ့လား ... ကျားကြီး"

"မြင်တယ်။ အဲဒီကောင် သုခမဟုတ်လား"

"သိပ်ဟုတ်တာပေါ့။ လက်စသတ်တော့ သုခက မင်းမေတ္တာချိုရဲ့ ရည်းစားကိုးကွ။ ဘယ်လိုလုပ်ကြမတုံး ... ပြော"

"မစားရတဲ့အမဲဆို သဲနဲ့ပက်ရုံပေါ့ကွာ"

"ဒါဆို တို့သုံးယောက်ဝေစုပေါ့။ ဟုတ်လားဟေ့"

"သုံးယောက်ဆိုတော့ မြန်မြန်ဆိုင်ဆိုင် လတန်ဆောင်တိုင်ပေါ့ကွာ"

"ကိုထိန် ..."

"ဘာတုံး ... ကျားကြီး"

"ပြဿနာမပေါ်အောင် နောက်ဆုံး ဘယ်လိုလုပ်မှာတုံး"

"လွယ်ပါတယ်ကွ ... ကျားကြီးရ၊ သမင်သား ကျားသုံးကောင်စားပြီးရင် အရိုးကို ရေတွင်းပျက်ထဲ ပစ်ချလိုက်ရုံပေါ့ကွ။ ဟား ဟား ... ဟား ..."

"စိတ်ချရတယ်နော်"

"ငထိန်ပါကွ ... ကောင်မလေးကို အောင်သေအောင်သားစားပြီးရင် ဟိုကောင်သုခကို ငါ တံဆိပ်ရိုက်ပြီး ကင်ပေတိုင်ရုံးပို့လိုက်ရင် သုခဆိုတဲ့ကောင် မြေသြဇာဖြစ်သွားမှာပါကွာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

"ကိုသုခ ... ကိုသုခ ..."

"ဗျို့ ... ကိုသုခ ..."

"ဘယ်သူတုံးဟေ့ ... ဒီမှာ နွားစာစဉ်းနေတယ်"

"ကျုပ်ပါဗျ ... ငပွေးပါ။ မြန်မြန်လာပါ ... ကိုသုခ"

သုခ ပြောင်းစာစဉ်းရာကနေ အိမ်ရှေ့ကို ထွက်လာလိုက်တော့ နွားကျောင်းသားငပွေးရယ် ချွေးသံရွဲရွဲနှင့် ရေကြီးသုတ်ပျာ ...

"ငပွေး ... ဘာဖြစ်လို့တုံး၊ ဘာအရေးကြီးလို့တုံး ... ပြောလေ"

"ကို ... ကို ... သု ... ခ ... ဟို ... ဟို ... ခင် ... ခင်ဗျားရဲ့ ... မ ... မချိုကို ... ကျားကြီးတို့ ... လှည်းတင်ပြေးတယ်"





"ဘာ ... ဘာ ... ဘယ်တုံးကလဲဟင် ... ငပွေး ... ဘယ်တုံးက ..."

"စောစောလေးကပဲဗျ။ ဘုန်းကြီးကျောင်းက ဆွမ်းအုပ်မှိုပြီး အပြန်မှာ လှည်းယာဉ်နဲ့ ပွေ့တင်မောင်းပြေးတာ"

"ဘယ်ကိုမောင်းသွားတာ မြင်ရတုံး ... ငပွေး"

"ဟို အရှေ့စူးစူး ဝါးနက်တောဘက်ကိုဗျ"

သုခ ငှက်ကြီးတောင်ဓားကို ကောက်ယူလိုက်ပြီး ကျောရိုးအောင်မောင်းထိန်ရဲ့အိမ်ရှေ့မှာ ရပ်လိုက်တယ်။

ဒီရွာမှာ ငထိန်က အရေးပါတဲ့လူ။

သူက သူကြီးထက် သြဇာညောင်းတယ်။ သူ့ကို အရင်ပြောပြီး အကူအညီတောင်းရမယ်။ ခုဟာက သူ့နောက်လိုက် တပည့်နှစ်ဦးက လုပ်သွားတာ။

"ကိုထိန် ... ကိုထိန် ..."

"ဗျို့ ... ကိုထိန် ..."

"ကိုထိန်မရှိဘူးဟေ့"

"ဘယ်ကိုသွားလဲ အဘွား"

"မသိဘူး ... သူက မိုးလင်းရင် ထွက်တာ"

ဒါနဲ့ သူကြီးဦးသက်ရှည်အိမ်ကိုဝင်ပြီး အကျိုးအကြောင်းကို ပြောပြတော့ ...

"သုခ ..."

"ဗျာ ... သူကြီး"

"ဒီရွာမှာ ငါသူကြီးဖြစ်ပေမယ့် သြဇာမရှိဘူး။ သွား ...



www.burmeseclassic.com

www.burmeseclassic.com



မင်း နယ်မြေတာဝန်ခံ တိုက်မောင်းကြီးကို သွားတိုင်။ တိုက်မောင်းကြီး က ဒီနေ့ လက်ခံမှာမဟုတ်ဘူး။ မြန်မြန်သွားပြော"

"ဝေးတယ် ... သူကြီးရ"

"ဝေးဝေးကွာ ... ငါ့မြင်းကိုယူပြီး အမြန်သာ သွားပြောတော့"

သုခ သူကြီးရဲ့မြင်းညိုကြီးကို ကုန်းမပါဘဲ ကောက်စီးလိုက်တယ်။ မြင်းကြီးက လိမ္မာတယ်။ လူကြီး၊ ကလေး စီးလို့ရတဲ့ မြင်းကြီး။

သုခ ဗ.က.ပ နယ်မြေတာဝန်ခံ တိုက်မောင်းကြီးတို့ရှိရာ စခန်းကို မြင်းအပြေးနှင်ခဲ့လိုက်တယ်။

ဒီနယ်မြေက အစိုးရအုပ်ချုပ်တဲ့နယ်မြေ မဟုတ်ဘူး။

ဗ.က.ပ ကြီးစိုးအုပ်ချုပ်တဲ့ နယ်မြေ၊ တရားစီရင်ရေး အာဏာက သူတို့လက်ထဲမှာ။ ဒီနေရာကို လှည်းကူ လုပ်အားပေးလိုက်ဖူးလို့ သုခသိနေတယ်။

ဒီအချိန်မှာပဲ သူရှေးရှုနေတဲ့ မျက်နှာချင်းဆိုင်ကနေ ဖုန်တထောင်းထောင်းနဲ့ မြင်းစီးလူအုပ်တစ်အုပ်လာနေတာကို မြင်လိုက်ရပြီး ...

သူတို့ လမ်းလယ်မှာ မျက်နှာချင်းဆိုင်မိသွားကြတယ်။

"ဟိုကောင်လေး ... ဘယ်တုံး"

ရှေ့ဆုံးမြင်းပေါ်က နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးနဲ့ ဦးထုပ်ဆောင်းထားတဲ့လူက မေးလိုက်တယ်။ သူတို့ခါးပေါ်နဲ့ ပခုံးပေါ်မှာ သေနတ်တွေ ကိုယ်စီနဲ့။

"ဆရာကြီးတိုက်မောင်းနဲ့ တွေ့ချင်လို့ပါ"





"တိုက်မောင်းက ငါပဲ။ ဘာကိစ္စနဲ့ မင်းက တွေ့ချင်တာတုံး"

"ကျွန်တော့်ချစ်သူ မေတ္တာချိုဆိုတဲ့ မိန်းကလေးကို ကျောက်ဖွဲ့တုန်းရွာသား ကျားကြီးနဲ့ကျားလေးက အလိုမတူဘဲ လှည်းတင်ပြေးလို့ လာတိုင်တာပါ ... ဆရာကြီး။ အမြန်ကယ်တင်ပေးပါ ... ဆရာကြီးရယ်"

"မင်းနာမည်က ..."

"မောင်သုခပါခင်ဗျာ"

"ငထိန်ကို သွားမပြောဘူးလား"

"သူလည်း ရွာထဲမှာမရှိပါဘူး ... ဆရာကြီးခင်ဗျာ"

"မျက်မြင်သက်သေရှိလား"

"ရှိပါတယ် ခင်ဗျ"

"ဘယ်အရပ်ကို လှည်းတင်မောင်းပြေးသတဲ့တုံး"

"ဟိုးအရှေ့ ဝါးနက်တောတဲ့ ... ဆရာကြီး"

"အချိန်ဘယ်လောက်ကြာသွားပတုံး ... သုခ"

"ကွားတစ်ယာဝါးခန့်ရှိပါပြီ ... ဆရာကြီး"

"သွားစို့ဟေ့ ... မင်းပါလိုက်ခဲ့ သုခ"

နယ်မြေတာဝန်ခံ တိုက်မောင်းကြီးဦးဆောင်တဲ့ ဗ.က.ပ ငါးဦးနဲ့အတူ သုခပါ ဟိုးအရှေ့ရှူးရှူး ဝါးနက်တောရှိရာကို မြင်းစိုင်းနှင်လိုက်ကြတယ်။

ကွင်းလှည်းလမ်းကို မြင်နေရတယ်။

ကွင်းလမ်းတစ်နေရာမှာ စံပယ်ကုံးပြတ်တစ်ကုံးကို သုခတို့ ကောက်ရခဲ့တယ်။ ရှေ့ဆက်သွားတော့ မိန်းမစီး သားရေဖိနပ်တစ်ဖက်ကို ထပ်တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ ... သားတို့ ပြေးစမ်းဟ"

"တဲ့ ... ဟဲ့ ..."

မြင်းခြောက်ကောင် လယ်ကွင်းလှည်းလမ်းမှာ ဖုန်ထအောင် ပြေးလိုက်ကြတာ တစ်ယောက်ကိုတစ်ယောက် ဝါးဝါးပဲ မြင်ရတော့တယ်။

သိပ်မကြာလိုက်ဘူး ... ရှေ့တစ်မြင်မှာ နွားနှစ်ကောင်တပ် လှည်းတစ်စီး မြင်လိုက်ရလို့ ခေါင်းဆောင်လုပ်သူ တိုက်မောင်းကြီးက အားလုံးကို လက်ပြရပ်ခိုင်းလိုက်တယ်။

"ရပ်ကြ ..."

"လှည်းတစ်စီးပဲ ... ဆရာကြီး၊ လူမမြင်ရဘူး"

"ဒီနားဝန်းကျင်မှာ သူတို့ ရှိနိုင်တယ်။ ငါတို့မြင်းတွေကို ဒီနားမှာ လူစောင့်နဲ့ထားခဲ့ပြီး လေးဘက်လေးတန် ဝိုင်းမယ်။ ထွက်ပြေးလို့ မသက်ာရင် ပစ်ဖမ်းရမယ်။ အားလုံး မြင်းပေါ်က ဆင်းကြ"

မြင်းခြောက်ကောင်ပေါ်က အားလုံးခုန်ဆင်းပြီး မြင်းစောင့် တစ်ယောက်ချန်လို့ သေနတ်တွေကို မောင်းတင်ပြီး မြင်ရတဲ့ လှည်း ပတ်ဝန်းကျင်ကို တရွေ့ရွေ့ ချဉ်းကပ်ဝိုင်းလိုက်ကြတယ်။

"ဆရာကြီး ..."

"ဘာတုံး ... သုခ"

"ဟိုး ... ဝါးရုံအောက်မှာ တဲတစ်လုံးခင်ဗျ"

"အေး ... ဟုတ်တယ်။ ရဲဘော်တို့ ... ရှူး ..."

"အမိန့်ရှိပါ ... ဆရာကြီး"

"အဲဒီတဲကို ဝိုင်းမယ်။ မလွတ်စေနဲ့"

"ဟုတ် ..."





နယ်မြေတာဝန်ခံ တိုက်မောင်းကြီးတို့ငါးဦး တဲကို ချဉ်းကပ် မိချိန်မှာပဲ အသံတွေ ကြားရတော့တာပဲ။

"လွှတ်နော် ... လွှတ် ... လွှတ် ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ချစ်လိုပါ ... ညီမလေးရဲ့ ... ဟား ... ဟား ... ဟား ..."

"လွှတ် ... ခွေးတိရစ္ဆာန်တွေ၊ နမချင်းမစာနာတဲ့ လူယုတ်မာတွေ"

"ကိုကြီးတို့မှာ နမမရှိတော့ မစာနာတတ်ပါဘူး ... ညီမလေးရယ်။ ကဲ ... ကဲ ..."

"အို ... အား ... ခွေး ... ခွေးတွေ"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီးဟီးဟီးဟီး"

"အဟစ် ... အဟစ် ... အဟစ် ... အဟတ် ... အဟတ်"

"မှည့်လှချည်လား ... ကျားကြီးရာ ... ဟင် ... အေ့ ... အေ့ ..."

"အကုန်ချွတ်လိုက်ဟေ့"

"အမေ ... အဖေ ... အား ... လွှတ် ... ခွေးတွေ ... လွှတ် ..."

လူသုံးယောက် ... ဗလကောင်းကောင်းကြီးတွေ။ ကောင်မလေးတစ်ယောက်ကို တွန်းလှဲဝိုင်းချုပ်ပြီး ခန္ဓာကိုယ်ပေါ်က အဝတ်အစားတွေကို အဓမ္မ ဆွဲချွတ်၊ ဆွဲဖြဲ လုပ်နေကြတယ်။

မီးကလေးက အော်ဟစ် ရုန်းကန်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အကျီတွေ စုတ်ပြဲလွင့်စင်သွားတယ်။ ဘော်လီအကျီမရှိတဲ့ ရင်အပေါ်ပိုင်းကို ကြည့်ပြီး တဏှာရူးသုံးကောင် အာသာဆန္ဒတွေ ပြင်း ထန်နေတယ်။

ဒီမှာ တစ်ယောက်က မိန်းကလေးရဲ့ ပေါင်နှစ်ချောင်းကို ပြီး ထဘီကို အဓမ္မဆွဲချွတ်နေတယ်။ မိန်းကလေးကလည်း သူမ အရှက်အတွက် ခြေနှစ်ချောင်းကို ရုန်းကန်ပြီး မိသမျှကို ပါးစပ်နဲ့ကိုက် ခြေထောက်နဲ့ဆောင့်ကန် လူးရုန်းနေရှာတယ်။

ကိုသုခ ချစ်သူရဲ့အသံကို သိတယ်။ ဒါ သူ့ချစ်သူ မေတ္တာ ချိုဆိုတာ သိတယ်။ သူ့ချစ်သူ ခံစားနေရတဲ့၊ ကြုံတွေ့နေရတဲ့ဘဝကို မမြင်ရက်တဲ့အဆုံး ...

အနီးရှိ ဝါးတုတ်တစ်ချောင်းကို ကောက်ကိုင်ပြီး တဲထဲကို ဝင်မလို့လုပ်ရော ...

"သုခ ... အသာနေ"

"သူ ... သူတို့ ကျွန်တော့်ချစ်သူကို ..."

"ရှူး ... အသံမထွက်စေနဲ့"

"ဟိတ် ... အားလုံး ရပ်လိုက်"

"ဝုန်း ... ဂလုံး ..."

"ဝုန်း ... ဖြုန်း ..."

"ဟော့ ... ဘယ်သူလဲကွ"

ကျားကြီးက အဓမ္မကျင့်ဖို့ကြံရာကနေ အသံကြားလို့ ရပ် လိုက်ပြီး ငှက်ကြီးတောင်ဓားရှည်ကို ကောက်ကိုင်လိုက်တယ်။

ကျားလေးကလည်း ဝါးရစားရခါနီးမှ အနှောင့်အယှက်ပေး ခံရလို့ ဒေါသတွေပေါက်ကွဲပြီး ဓားမြှောင်ကို ကောက်ကိုင်လိုက်တယ်။





ကျောရိုးအောင်မောင်းထိန်က လန့်ပြီး အသံလာရာအရပ်ကို ဝေးကြည့်နေချိန်မှာပဲ ဗ . က . ပ နယ်မြေတာဝန်ခံ တိုက်မောင်းကြီး တို့က ရိုင်ဖယ်၊ စတင်းဂန်း စသည့် သေနတ်များကို ချိန်ပြီး တဲရှေ့မှာ ပေါ်လာရော။

"ဟာ ... ဆရာကြီး"

"လက်စသတ်တော့ မင်းတို့ကိုး ... ငထိန်"

"ဟို ... ဟို ... ကျွန်တော် ..."

"ဟိတ် ... ဟိုနှစ်ကောင် ဓားတွေချလိုက်စမ်း"

ကျားကြီးတို့ညီအစ်ကို ကြောက်ကြောက်လန့်လန့်နဲ့ ဓားတွေ ပစ်ချလိုက်တယ်။ ကိုသုခက အဝတ်အစားစုတ်ပြဲ မလုံမခြုံဖြစ်နေတဲ့ ချစ်သူ မေတ္တာချိုကို ဆွဲထူပြီး ...

သူ့အကျီကိုချွတ်လို့ ချစ်သူအပေါ်ပိုင်းကို ဝတ်ပေးလိုက်တယ်။ မေတ္တာချို ကြောက်လန့်လွန်းလို့၊ ရှက်လွန်းလို့ ချစ်သူကိုသုခရဲ့လည်ပင်း ကိုဖက်ပြီး အားရပါးရ ရှိုက်ငိုတယ်။

"မောင်ချစ်နဲ့ ဖိုးကျော် ..."

"ဗျာ ... ဆရာကြီး"

"သူတို့သုံးယောက်ကို ကြိုးနဲ့တုပ်လိုက်"

"ဆ ... ဆရာ ... ကြီး ... ခင် ... ခင်ဗျ ..."

"ဖြောင်း ..."

"အား ..."

လျှာရှည်ချင်တဲ့ အမာခံကျောရိုးအောင်မောင်းထိန်ရဲ့ ပါးကို ဆရာကြီးတိုက်မောင်းကြီးက ဖြတ်ရိုက်လိုက်တာ ကျောရိုးအောင်မောင်း ထိန့် မျက်နှာချာလည်ပြီး စိုက်ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းကွာ ..."

"ဖောင်း ... ဖောင်း ..."

"အား ... မလေးဗျ ..."

"မင်း သစ္စာဖောက်၊ သစ္စာမရှိတဲ့ကောင် ... အကုန်ခေါ်ခဲ့"

သူတို့သုံးယောက်ကို လက်ပြန်ကြိုးတုပ်ပြီး ရွာထဲကို ခေါ်ဆော ခဲ့ကြတယ်။ ရွာထဲကလည်း သတင်းကြားကတည်းက တမျှော်မျှော်ဖြစ် နေကြတာ။

တရားခံတွေကို နယ်မြေတာဝန်ခံဆရာကြီး တိုက်မောင်းကြီး ကိုယ်တိုင် ဖမ်းလာပြီကြားကြတော့ တစ်ရွာလုံးထွက်ကြည့်ကြတာ။ ရွာ အဝင်မှာ ဖွေးဖွေးကို လှုပ်လို့။

လှည်းတင်ပြေးတဲ့ မုဒိမ်းသုံးယောက်ကို မြင်ကြတော့ ပိုအံ့ဩ သွားကြတယ်။

"ဟောတော့ ... ကျားကြီးနဲ့ ကျားလေးတို့ပါလားဟေ့"

"ဟို ... ကျောရိုးငထိန်လည်း ပါတယ်ဟေ့"

"မသာတွေ ... မြန်မြန်သေပါစေတော်"

မေတ္တာချို့ရဲ့ မိဘများကလည်း သမီးလေးကိုဖက်ပြီး ငိုကြ သင်းတို့ လူယုတ်မာသုံးယောက်ကို ကြည့်ပြီး မေတ္တာပို့ကြ၊ ဆဲရေးကြ တံတွေးနဲ့ ထွေးဟန်ပြုကြ။

"အရှက်မရှိတဲ့ ဓာဏ္ဍာရှူးတွေတော်"

"ဟိုမသာက ကိုယ့်ရွာသူကို မစောင့်ရှောက်ဘဲ ဝင်ပါတယ် တို့ ..."

"အားလုံး နားထောင်ကြ။ သူတို့သုံးယောက်ကို အများပြည် သူရှေ့မှာ စစ်မေးပြီး စီရင်ချက်ချမယ်"



"ငထိန် ..."

"ဗျာ ... ဗျာ ..."

"မင်းက ဒီရွာမှာ ဘာတုံး ... ပြော"

"ဟို ... ဟို ..."

"ဟိုတွေ၊ ဒီတွေလုပ်မနေနဲ့။ ယောက်ျားပဲ ရဲရဲပြော"

"ဟို ... ဗ . က . ပ ကျောရိုးပါ ... ဆ ... ဆရာကြီး"

"မင်းကို ငါတို့က ယုံကြည်အားကိုးလို့ သီးသီးသန့်သန့် တာဝန် ကြီးတစ်ရပ်ပေး၊ လူယုံထားထား။ မင်းတာဝန်က သူတစ်ပါးက ဒီရွာသူ ရွာသားကို လာရောက်စော်ကားရင် ကာကွယ်တားဆီးရမှာ။ အခုတော့ မင်းကိုယ်တိုင်က ခေါင်းဆောင်ပြီး ဗလက္ကာရ အဓမ္မမှုကို ကျူးလွန်ဖို့ ကြိုးစားခဲ့တယ်။ ငါတို့သာ အချိန်မီမရောက်ခဲ့ရင် ဟိုမိန်းကလေး ရေ ထိခံနစ်ပြီ။ မင်းကြောင့် ငါ့အဖွဲ့အစည်းပါ နာမည်ပျက်ရတော့မယ်။ ငါ တို့ မင်းတို့က ဒီရွာတွေကကျွေးတဲ့ ထမင်းကိုစားပြီး အသက်ရှင်နေ တာ။ ခုတော့ မင်းက ထမင်းရှင်ကို စော်ကားတယ်။ ငထိန် ..."

"ခင်ဗျာ ..."

"မင်းမှာ အပြစ်ရှိသလား၊ မရှိဘူးလား"

"ရှိ ... ရှိပါတယ် ... ခင်ဗျာ"

"ဟုတ်ပြီ ...။ ဟိုကောင် ... ကျားကြီး၊ ကျားလေး .."

"ခင်ဗျာ ..."

"ဒီမိန်းကလေးက မင်းတို့ကို အလိုတူလို့ လိုက်ခဲ့သလား"

"မ ... မတူ ... ပါဘူး ... ဆ ... ဆ ..."

"မင်းတို့လှည်းတင်ပြေးတယ် ... ဟုတ်သလား"

"ဟုတ် ... ဟုတ် ..."

www.burmeseclassic.com

www.burmeseclassic.com



"တောထဲမှာ အလိုမတူဘဲ အဓမ္မကျင့်ဖို့ ကြိုးစားတယ်။ ဟုတ်ရဲ့လား"

" ......."

"ပြောလေ ... နာချင်လို့လား"

"ဟုတ် ... ဟုတ်ပါတယ်"

"ငါတို့အားလုံး မျက်မြင်ကိုယ်တွေ့ပဲ။ ငြင်းချင်သေးလား"

"မငြင်းချင် ... ပါ ... ဘူး ... ခင် ... ခင်ဗျ"

"ဝန်ခံသလား"

"ဝန် ... ခံ ... ပါတယ် ... ခင်ဗျ ..."

"စီရင်ချက်ချမယ် ... နားထောင်။ တရားခံ အောင်မောင်းထိန်ခေါ် ငထိန်နှင့် ကျားကြီး၊ ကျားလေး ပေါင်း သုံးဦးတို့သည် ဒီနေ့ မနက် ( ... ) မှာ ( ..... ) ရွာသူ၊ မမေတ္တာချိုကို အလိုမတူပါဘဲ လှည်းတင်ပြေးပြီး ဝါးနက်ချောင်းတောမှာ သုံးယောက်ပေါင်း အဓမ္မပြုကျင့်ရန် ကြံစည်သည်ကို အချိန်မီသိရှိ၍ ကျွန်ုပ်တို့နယ်မြေတာဝန်ခံများ လိုက်လံကယ်တင်ခဲ့ပါတယ်။ တရားခံသုံးယောက်ကျူးလွန်သည့်ပြစ်မှုကို ကျွန်ုပ်တို့ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ခဲ့ရသည့်အပြင် တရားခံသုံးဦးကလည်း ၎င်းပြစ်မှုကျူးလွန်ကြောင်းကို အမှန်အတိုင်းဝန်ခံပါသဖြင့် အများပြည်သူရှေ့မှောက်မှာ စစ်ဆေးပြီး သုံးယောက်စလုံးကို သေဒဏ်ချမှတ်လိုက်သည်။

ပုံ ... တိုက်မောင်းကြီး

နယ်မြေအုပ်ချုပ်ရေး တာဝန်ခံ



"ဆ ... ဆရာကြီး ..."

"ကျွန်တော်တို့ ... မှား ... မှား ..."

"ခေါ်သွား ... စီရင်လိုက်ကြ။ အားလုံး ကြည့်ကြ"

တစ်ရွာလုံး ဝမ်းသာလို့မဆုံးဘူး။ သူတို့သုံးယောက်ပေါင်းပြီး တစ်ရွာလုံးကို အနိုင်ကျင့် နှိပ်စက်နေတာ။ လက်မရွံ့တွေက သူတို့သုံးယောက်ကို ကွင်းထဲခေါ်သွားတယ်။

ရွာသူရွာသားများကလည်း လိုက်ကြည့်ကြရတယ်။

သည့်နောက် ဗာန်းစီပြီး ရပ်ခိုင်းလိုက်တယ်။

သူတို့သုံးယောက် သေရတော့မှာသိလို့ သွေးရူးသွေးတန်းဖြစ်နေကြတယ်။ သူတို့ မုဒိမ်းသမားသုံးယောက်ဟာ ကိုသုခနဲ့မေတ္တာချိုရဲ့မျက်နှာကို နာကျည်းဒေါသမျက်ရှုံ့များနဲ့ စိုက်ကြည့်နေတာ ကြောက်နေကြ။ မျက်လုံးပွင့်ထွက်မတတ်ပဲ။

"မင်းတို့သုံးယောက် ... ဘာပြောချင်၊ မှာချင်သလဲ ... ကွ"

ဒီမှာ တရားခံကျားကြီးက မေတ္တာချိုရဲ့မျက်နှာကို ကြည့်ပြီး–

"မိချို ... နင်တို့နဲ့ငါတို့ နောက်ဘဝ တွေ့ကြသေးတာပေါ့ ... ဟား ... တွေ့ကြသေးတာပေါ့ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"နင့်ကြောင့် ငါတို့သေရတာ။ နင့်ကို ကမ္ဘာမကျေဘူးဟ"

"နောက်ဘဝ ပြန်ဆုံမယ် ... မိချိုနဲ့ သုခရေ ... မကြောက်ကြနဲ့ မလန့်ကြေးဟေ့။ ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

www.burmeseclassic.com

www.burmeseclassic.com



"အား ...အ ...အ ..."

"အင့် ...အ ...အ ..."

"အမယ်လေးဗျာ ..."

ကျားကြီး၊ ကျားလေး၊ အောင်မောင်းထိန်တို့သုံးဦးက ကြောက် လန့်တုန်ယင်ပြီး မကြည့်ရဲ မဖွံ့ရဲဖြစ်နေတဲ့ မေတ္တာချိုနဲ့ ကိုသုခတို့ မျက်နှာကို စူးစူးဝါးဝါးကြည့်ပြီး ဟစ်အော်ပြောလို့ ကြိမ်းဝါးရယ်မော သွေးရူးသွေးတန်း ဖြစ်နေချိန်မှာပဲ လက်မရှဲ့အဖွဲ့ထံက ရိုင်ဖယ်သေ နတ်သံ သုံးချက်ထွက်ပေါ်လာတယ်။

သေနတ်သံကြောင့် ကြည့်နေသူတွေ လန့်ပြီး ကိုယ့်နားကို လက်ဝါးနှင့်အုပ်ပြီး မရဲတရဲကြည့်လိုက်ရော အဓမ္မသားသုံးယောက်ရဲ ရင်ဝအောက်နားဆီမှာ ကျည်ဆန်ဝင်သွားတဲ့အရာ ကိုယ်စီမြင်လိုက်ရ ပြီး နောက်ကျောပွင့်လို့ လဲကျသေဆုံးသွားတာကို မြင်လိုက်ကြရတယ်။

ဗ ● က ● ပ အုပ်ချုပ်မှုနယ်မြေမှာ တရားစီရင်ရေးက လက်သ လည်း ပြောင်တယ်၊ ရှင်းလည်း ရှင်းတယ်၊ ပြတ်လည်း ပြတ်တယ်။

နောင်တော့ ဘယ်သူမှ သူတစ်ပါး သားမျို၊ သမီးပျိုကို စော် ကားမော်ကား မပြုရဲကြတော့ဘူး။ မရိုး၊ မဂုဏ်ရဲတော့ဘူး။

အဲဒီပြစ်မှုတွေကျူးလွန်လျှင် ...

သေဒဏ်။

✿ ✿ ✿

| ၇ |

❑

မေတ္တာချိုတစ်ယောက်လည်း ညညကျရင် အိပ်မက်ဆိုးတွေ မက်ပြီး လန့်လန့်အော်နေရတယ်။

အခု သူတို့ အကြင်လင်မယားဘဝကို ရောက်သွားကြပါပြီ။

မေတ္တာချိုရဲ့မိဘနှစ်ပါးလည်း လူကြီးရောဂါနဲ့ ကွယ်လွန်သွား ကြတော့ မေတ္တာချိုတို့အိမ်ကြီးမှာပဲ ကိုသုခ လာရောက်အတူနေတယ်။

အကြင်လင်မယား အားကိုးအားထားရနေသည့်တိုင် မေတ္တာ ချို အိပ်မက်ဆိုးတွေကို မကြာခဏ မြင်မက်ပြီး လန့်အော်နေရတုန်း ပဲ။

အိပ်မက်ထဲမှာ ...

ကျားကြီး၊ ကျားလေး၊ ထိန်တို့သုံးယောက်က သူမကို အဓမ္မ ပြုကျင့်ဖို့ ကြိုးစားနေတဲ့ ကြောက်လန့်ချောက်ချားဖွယ် အိပ်မက်ဆိုး တို့ မြင်မက်ပြီး အိပ်လို့မပျော်နိုင်ဘူး။

www.burmeseclassic.com



တစ်ခါ သူတို့သုံးယောက်ကို လက်မရွံ့အဖွဲ့က သုတ်သင်ခါနီး သူတို့ချစ်သူနှစ်ဦးရဲ့မျက်နှာကို နာကျည်းစူးရဲ စိုက်ကြည့်ပြီး အော်ဟစ်ကြိမ်းဝါး ကြုံးဝါးသွားတဲ့ စကားလုံးတွေကိုလည်းကောင်း။

သူတို့သုံးဦးရဲ့ရင်ဝကို ကျည်ဆန်တွေဖောက်ဝင်ပြီး ရင်ဝက သွေးတွေ ပန်းထွက်လာလို့ အော်ဟစ်လူးလိမ့်နေတဲ့ မြင်ကွင်းများက မကြာခဏ အိပ်မပျော်အောင်၊ လန့်နိုးအောင် ခြောက်လှန့်နေခဲ့တယ်။

အိပ်မပျော်တိုင်း ဘုရားစာတွေရွတ်ရင်း စိတ်ပုတီးလေးမှာ အာရုံထည့်ရင်း နေ့ညရဲ့ အိပ်မက်များကို ကြိုးစားမေ့ပျောက် ဖြတ်ကျော်သမှု ပြုခဲ့ရတယ်။

မကြာပါဘူး ... မေတ္တာချိုမှာ ကိုယ်လေးလက်ဝန် ရှိလာခဲ့တယ်။ ထူးခြားတာက ကိုယ်ဝန်က တစ်နေ့တခြား ကြီးထွားလာတာပဲ။ သူများအပျိုဗိုက် ကိုယ်ဝန်ကြီးပုံနဲ့ မတူဘူး။

လက်သည် ဒေါ်မျိုးချစ်ကြီးကို မကြာခဏခေါ်ပြီး ဗိုက်ပြင်စစ်ဆေးကြည့်တော့ ...

"အမြွှာပူးအော့ ... မိချိုရေ ..."

"ဟုတ်ရဲ့လား ... အမေချစ်ရယ်"

"ဒီတစ်ရွာလုံး၊ တစ်ရပ်လုံး ငါမွေးပေးခဲ့တာပါအေ"

"ငါ့လက်နဲ့ စမ်းလိုက်၊ လှည့်လိုက်တာနဲ့ တန်းသိပါတယ်အေ့"

"ဘယ်နှပူးလဲဟင် ... အမေချစ်"

"ကြည့်ရတာ အနည်းဆုံး နှစ်မြွှာပူးပဲ"

"ဘုရားရေ ... အနည်းဆုံး နှစ်မြွှာပူးဆိုတော့ အများဆုံးရော မွေးဦးမှာမို့လား ဟင်"





နံ့ဘေးက ရွာသူတွေက ရွှံ့ပြီး ဝင်မေးကြတယ်။

"မွေးချင် မွေးနိုင်တာပဲဟဲ့"

"အမေချစ် ... အမြွှာပူးမွေးရင် ရရဲ့လား"

"ငါ အမြွှာပူးတွေ အများကြီး မွေးဖူးပါတယ်အေ။ တစ်ကြိမ်တည်း များများမွေးတော့ များများအားကိုးရမယ်လို့ ... မှတ်ဟဲ့"

"ဟွန်း .. အိပ်ချိန်တောင်ရှိမှာမဟုတ်ဘူး ... အွန့်"

ဒီလိုနဲ့ ဆယ်လထဲလည်းရောက်ရော မချို စနေနေ့မွန်းတည့်ချိန်း ဗိုက်နာပါရော။ အဲဒါ လက်သည်အမေချစ်ကို ပြေးခေါ်ရတယ်။

ရွာသူအိမ်နီးနားချင်းတွေလည်း လိုအပ်တာ ဝိုင်းကူကြပေါ့။

လိုရမည်ရ နွားလှည်းလည်း ပြင်ထားကြတယ်။ အခက်အခဲတွေ့ရင် နယ်ဆေးရုံကို အမြန်သွားနိုင်ဖို့ပေါ့။

"စနေနေ့ ရေတက် နေတက်ချိန်ကြီးအေ ..."

အမေချစ်က ပါးစပ်က မြည်တွန်ရင်း နာကျင်စွာအော်ဟစ်နေတဲ့ ကိုယ်ဝန်ဆောင်ကို လိုအပ်သမျှ လုပ်ပေးနေတယ်။

အပြင်မှာလည်း ကိုသုခက အဂုံလိမာလသုတ် ရွတ်ရင်း အန္တရာယ်ကင်း ဘေးရှင်းစွာ မွေးပါစေလို့ ဆုတောင်းနေလေရဲ့။

သိပ်မကြာလိုက်ဘူး မွေးပါရော။

"အလိုလေး ... မွေးသမှ သုံးမြွှာပူးတော်"

"ဘုရားရေ ... ယောကျ်ားလေးချည်းပဲဟဲ့"

သုံးယောက်ပြိုင်တူငိုတဲ့အသံက ကျွက်ကျွက်ညံနေတယ်။ အသံတိုး အံ့ဩဖွယ်ဝမ်းသာပေါ့။

စနေသား ရေတက် နေတက်ဖွား။



www.burmeseclassic.com

www.burmeseclassic.com



အလို ... ကလေးပေါက်စလေးသုံးယောက်ကို ချက်ကြိုးဖြတ်ပြီး ရေချိုးပေးလိုက်ရော ထူးဆန်းတာကို သွားတွေ့ပါလေရော။

ကလေးသုံးယောက်စလုံးရဲ့ ရင်ဝအောက်နားမှာ ချိုင့်ဝင်နေတဲ့ ဒဏ်ရာအမာရွတ် ကိုယ်စီပါနေလို့ပဲ။ ဒဏ်ရာဟောင်း အမာရွတ်က ကွမ်းသီးလုံးခန့် ချိုင့်ဝင်နေကြတာ။

လက်သည်ဒေါ်ချစ်ရော၊ မီးနေကူတွေရော မြင်ရချက်ကြောင့် အံ့ဩနေတုန်းမှာပဲ ဒေါ်ချစ်ကြီးက ကလေးပေါက်စနလေးရဲ့ ကျောကုန်းကို မှောက်လို့ကြည့်လိုက်ရော ...

"မြတ်စွာဘုရား ..."

ကျောကုန်းမှာ ပွင့်ထွက်သွားတဲ့ဒဏ်ရာလို အမာရွတ်ကြီးတွေက ရေနွေးကြမ်းပန်းကန်လုံးလောက် ရှိနေတာကို သုံးယောက်စလုံးရဲ့ ကျောကုန်းမှာ အထင်းသား မြင်နေရတယ်။

"အမေချစ် ..."

"ဘာတုံး ..."

"ရှူး ... တိုးတိုး ... မီးနေသည် ကြားသွားမယ်"

"ပြော ... ပြော ..."

"ဒါ ... ဒါ ... လူဝင်စားကလေးတွေ ... အမေချစ်ရဲ့"

"ကျိန်းသေတာပေါ့အေ ... ဘုရား ... ဘုရား ..."

"ဘယ်သူတွေဝင်စားတာလဲ ... အမေချစ်၊ ရိပ်မိလားဟင်"

"ရှူး ... မီးနေသည် ကြားသွားမယ်။ အဲဒါ ဟိုသုံးယောက်ဟို ... လူယုတ်မာသုံးယောက် ပြန်ဝင်စားတာပဲ နေမှာအေ့"

"သိပ်မှန်တာပေါ့ ... အမေချစ်ရယ်။ ဒီမှာကြည့်စမ်း ... သုံးယောက်စလုံး ရင်ဝမှာ ကျည်ဆန်ဝင်သွားတဲ့ဒဏ်ရာ၊ နောက်ကျော



မှာ ကြည့်စမ်း ... ကျည်ဆန်ပွင့်ထွက်သွားလို့ ကျောပွင့်သွားတဲ့ဒဏ်ရာအမာရွတ်။ သုံးယောက်စလုံးမှာ ကိုယ်စီကိုယ်င ပါနေတာ"

"ဟုတ်တယ် ... ဒါ ကျားကြီး၊ ကျားလေးနဲ့ ထေိန်တို့ ပြန်ဝင်စားတာ မြေကြီးလက်ခတ် မလွဲပဲ"

"ခုကွတော့ ရောက်ကုန်မလား မသိဘူးနော်"

"ရှူး ... တိုးတိုး၊ နောင်ခါလာ နောင်ရေးပဲအေ။ ဘာတတ်နိုင်မှာတုံး"

ယောက်ျားလေးသုံးယောက်မွေးတယ်ဆိုလို့ သူခလည်း အရမ်းကို ပျော်နေတယ်။ ခက်တာက ကလေးသုံးယောက်ပဲ။

မအေ့နို့ကို တိုက်ထားတယ်။ လုံးဝမစို့ဘဲ သံပြိုင်နီးပါး ငိုနေတယ်။ ထုံးကို နို့မစို့တာ။ နို့သီးခေါင်းကို ပါးစပ်ထဲထည့်ပေးတယ်။ မစို့ဘူး။ အသံကုန်ဟစ်ပြီး ငိုနေကြတာ။

မအေ (မချို) ခေါင်းကိုက်လာတယ်။

နောက်ဆုံး အခြားသားသည်အမေကို မေတ္တာရပ်ခံပြီး နို့ခေါ် အငှားတိုက်တော့ အားရပါးရ စို့လေရဲ့။

စို့လို့ဝရင် အိပ်တယ်။

ညဥ့်သန်းခေါင်ရောက်ရင် ကျွက်ကျွက်ညံအောင် ငိုပါရော။ အဲဒါ ချိန်နဲ့ ကိုသုခ သေးစိုချေးစိုလဲပေးရော ...

"ဟင် ..."

"ဘုရားရေ ... ကိုသုခ ... ဒီ ... ဒီ ... မှာ ... ကြည့်စမ်း ..."

"ဟာ ..."

www.burmeseclassic.com



တွေ့သွားကြပြီ။ ကလေးသေးနီးလဲပေးရော သူတို့ရင်ဝမှာ ဒဏ်ရာအမာရွတ်ကိုယ်စီ မသိကာလို့ ကျောကုန်းကို လှန်ကြည့်တော့ ရေစွေးကြွမ်းပန်းကန်းလုံးခန့် ပွင့်နေတဲ့ အမာရွတ်ကြီးတွေ။

သုံးယောက်စလုံးမှာ ရှေ့နောက်ကိုယ်စီပါနေတာ။

"ကို ... သု ... ခ ..."

"မ ... ချို ..."

"ဒါ ... ဒါ ... ဟို ... လူ ... ယုတ်မာ ... သုံးကောင် လာ ... ဝင်စားတာ ... ဝင်စားတာ ...။ သင်းတို့ ကျွန်မကို ဒုက္ခ ထပ်ပေးဖို့ လာဝင်စားကြတာ"

ကိုသုခ ဘာပြောရမှန်းမသိဘူး။ ဟုတ်လည်း ဟုတ်နေတာ ပဲလေ။

ရင်ဝက အမာရွတ်ကိုယ်စီက သူတို့ကို သေဒဏ်ပေးတုန်းက လက်မရွံ့အဖွဲ့ပစ်လိုက်လို့ ဝင်သွားတဲ့ ကျည်ဝင်ရာ။

နောက်ကျောကုန်းက အမာရွတ်ကြီးတွေက ရှေ့ကျည်ဝင်ပြီး နောက်ကျောကနေ ဖောက်ထွက်လို့ ပွင့်သွားတဲ့ဒဏ်ရာ။

"တောက် ... ဒါ ... ဒါ ... ငါတို့ကို '... ဒုက္ခဆက်ပေး ဖို့ ...."

"ကိုသုခ ... ဒီအယုတ်အမာ လူဝင်စားသုံးယောက်ကို ကျွန်မ သားမတော်နိုင်ဘူး။ သားလို့ မခေါ်နိုင်ဘူး။ သူတို့ ဟိုတစ်ဘဝ အသက် ရှင် ဆိုးသွမ်းရိုင်းစိုင်းတုန်းက ကျွန်မဘဝကို ရက်ရက်စက်စက် ယုတ် ယုတ်မာမာပြုခဲ့တဲ့ လူယုတ်မာတွေ။ သူတို့သေခါနီး ကြုံးဝါးကြိမ်းဝါး သွားတဲ့အတိုင်း ကျွန်မထံ ဝင်စားပြီး သူတို့ ကလဲ့စားချေ ဒုက္ခပေးကြ





ဦးမှာ။ သူတို့သုံးဦးလုံးကို ကျွန်မ အလိုမရှိဘူး။ မွေးချင်တဲ့လူကို သွား ပေးလိုက်တော့။ ကျွန် ... မ ... သူ ... တို့ ... ကို မကြည့်ချင် ဘူး ... ဟီး ... ဟီး ..."

မချိုက ချုံးပွဲချပစ်လိုက်တယ်။

ကိုသုခကလည်း လူဝင်စား (ကျားကြီး၊ ကျားလေး၊ ငထိန်) လို့ ကောန်ပြောလို့ရမည့် ကလေးပေါက်စလေးသုံးယောက်ကို ကြည့်ပြီး ရင်ထဲမှာ စူးရှနာကျင်နေတယ်။

သူတို့အမုန်းဆုံး လူသုံးဦး။

သူတို့ အရွံရှာဆုံး လူသုံးဦး။

ဘဝဆက်တိုင်း လုံးဝပြန်မဆုံချင်တဲ့ လူသုံးဦး။

အခု ကံကြမ္မာတစ်ပတ်ကြော့၊ သံသရာတစ်ပတ်မော့လို့ ပြန် ဆုံနေပြီ။ သူတို့ကို သားလို့ခေါ်ရမှာ ရှက်နေကြတယ်။ ရင်နာနေကြ တယ်။

"ငါလည်း အလိုမရှိဘူး။ သူတို့ကို စွန့်ပစ်ရမယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၈ |

❐

သည်ကလေးသုံးယောက်ကို အလိုမရှိလို့ မည်သူမှဆို မွေးစား
မည်ဆိုပါက ပေးမည်လို့ ကြေငြာလိုက်ရတော့ ...

မည်သူမှ လိုချင်သူ မရှိကြဘူး။

အားလုံးကလည်း သိကုန်ကြပြီလေ။ ဒါ ကျားကြီး၊ ကျား
လေးနဲ့ ကျောရိုးထိန် လူဆိုးလူသွမ်း လူယုတ်မာသုံးဦး ပြန်ဝင်စား
တာဆိုတာ သိနေကြတော့ လက်ခံနိုင်ဖွယ် ဒဏ်ရာတွေပါနေတော့ ..

ဘယ်သူမှ မမွေးစားရဲကြဘူး။

ကလေးသုံးယောက်ကလည်း လူ့လောကထဲ ဝင်လာတာ တ
ရက် နှစ်ရက်ပဲ ရှိသေးတယ်။ မိခင်နို့ လုံးဝမစို့ဘူး။ သူများနို့ကို
တယ်။

ညဘက် အိပ်ချိန်ရောက်ရင် လုံးဝမအိပ်ဘူး။ သုံးယောက်
တစ်လှည့်စီ ငိုတယ်။ သံပြိုင်ငိုတယ်။ အဲဒါကိုကြည့်ပြီး အိပ်လို့မပျော်





တိုက်၊ မူးဝေနောက်ကျို့ စိုးရိမ်ချောက်ချား၊ လင်ရော၊ မယားရော
လန့်ပြီး ရူးချင်လာတယ်။ အဲဒီကိစ္စက တစ်နယ်လုံးကို ပျံ့နေတယ်။

ကျားကြီးနဲ့ကျားလေး မိဘများကလည်း သူတို့သားနှစ်ယောက်
ပြန်ဝင်စားတာ ကြားရသိရပေမင့် စီးပွားရေးကမကောင်းတော့ မမွေး
စားရဲဘူး။

သင်းတို့နှစ်ယောက်ပေးခဲ့တဲ့ ဒုက္ခကို တစ်ဘဝပဲ ခံစားချင်
တယ်။ နောက်တစ်ဘဝ မခံစားချင်ကြဘူး။ ကျောရိုးထိန်လည်း ဒီ
အတိုင်းပဲ။ ဒီလို လူဆိုးလူမိုက်လူဝင်စားကို ဘယ်အမျိုးကမှ မမွေးစား
ချင်ကြဘူး။

နောက်ဆုံး ...

ရွာတစ်ရွာက ဘုန်းတော်ကြီးတစ်ပါးက ကြားသိသနားပြီး မွေး
စားခဲ့တယ်။ ဘုန်းကြီးရဲ့နှမထံ အပ်နှံပြီး နို့ဘူးတိုက်လို့ မွေးစားခဲ့လိုက်
တယ်။

ကလေးသုံးယောက် ကျောင်းနေရမည့်အရွယ် ရောက်လာတော့
ဆရာကောင်းလိုက်တာ။

လူဝင်စားပီပီ သူတို့ဘဝကို သူတို့ ပြန်ပြောနိုင်ကြတယ်။

ဘုန်းကြီးက သူတို့သုံးယောက်ကို နာမည်ပေးထားတာရှိတယ်။
သားသုံးယောက်မို့ အနာဂတ်ကောင်းရအောင် ...

တောက်ထွန်း၊ တက်နေ၊ တင်ရွှေလို့ နာမည်ပေးခဲ့တယ်။

ဒါပေမင့် သူတို့အချင်းချင်း ...

ကျားကြီး၊ ကျားလေး၊ ထိန်လို့ ပြန်ခေါ်ကြတာကို မွေးစား
ကြီး ခေါ်စိုးတွန်နဲ့ ဘုန်းတော်ကြီး ဦးကေသရတို့ အံ့ဖွယ်ဖြစ်ရပါ
တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကလေးတွေ … နင်တို့ … ကျားကြီး၊ ကျားလေး၊ ထေ
ဆိုတဲ့နာမည်ကို မခေါ်ရဘူးလို့ ပြောထားမဟုတ်လားဟဲ့ … ဟင်"

"အမေ … ကျွန်တော်တို့က ကျားကြီး၊ ကျားလေး၊ ထေ
အစစ်လေဗျာ"

"ဟဲ့ … နင်တို့ အဲဒီအကြောင်းတွေကို လုံးဝမပြောရ
လို့ နင်တို့ဘဘုန်း ပြောထားမဟုတ်လား ဟင်"

"ဘဘုန်းမရှိတုံး ပြောတာပါ … အမေစိုးရာ"

မွေးစားအမေကို အမေစိုးလို့ခေါ်တယ်။ သူတို့ ဘယ်လိုဒေ
ရတယ်၊ သူတို့ ဘယ်သူ့ကြောင့် သေရတယ်ဆိုတာကို လုံးစေ့ပတ်စေ
ပြန်ပြောနိုင်တယ်။

သူတို့ပြောနေတဲ့ စကားထဲမှာ …

"မချိုတို့အိမ်ကို သွားကိုသွားရမယ်"တဲ့။

"သုခကိုလည်း သိပ်တွေ့ချင်တယ်"တဲ့။

"နင်တို့ ဘာလုပ်ဖို့ သွားတွေ့ကြမှာလဲ"

"အကြွေးဆပ်ရဦးမှာဗျ … အမေစိုးရ၊ အကြွေးဆပ်ရဦးမှ
လေ။ ဟုတ်ရဲ့လားဟေ့ … ထေိန်"

"သိပ်ဟုတ်တာပေါ့ … ကျားကြီးရာ"

ဘုရား … ဘုရား … ဘယ်လို လူဝင်စားတွေတုံးဟဲ့။
တို့ အကုန်လုံးကို မှတ်မိနေတယ်။

တောက်ထွန်း၊ တက်နေ၊ တင်ရွှေဆိုတဲ့နာမည်ကို မခေါ်
ဘူး။

ဘဝဟောင်းတုန်းကနာမည်ကိုပဲ ခေါ်နေကြတယ်။



သို့သော် သူတို့လက်ရှိအရွယ်လေးမှာ ကြောက်တဲ့လူ နှစ်မျိုး
ရှိတယ်။ ပထမက သူတို့မွေးစားဘုန်းကြီး ဘဘုန်းဦးကေသရပဲ။ နောက်
တစ်ယောက်က ဒီနယ်မြေမှာအုပ်ချုပ်နေတဲ့ ဗ . က . ပ ပဲ။

ဗ . က . ပ ဆိုတဲ့ အသံကိုကြားရင် သူတို့တွေ အိမ်ခန်းထဲမှာ
ဝင်ပုန်းနေကြရော။ အထူးသဖြင့် နယ်မြေတာဝန်ခံ တိုက်မောင်းကြီး
ကို မြင်ရရင် ချေးရော၊ သေးရော ထွက်ကုန်ကြရော။

(မှတ်ချက် ။ ထိုအချိန် ၁၉၅၀ ဝန်းကျင်တုန်းက ၎င်းနယ်
မြေများမှာ ဗ . က . ပ များ ကြီးစိုးအုပ်ချုပ်နေဆဲ ဖြစ်ပါသည်။ တော်
လှန်ရေးအစိုးရ တက်လာသည့် ၁၉၆၂ ခု နောက်ပိုင်းကျမှ အစိုးရက
ထိုးစစ်ဆင်လိုက်သဖြင့် ဗ . က . ပ များ အကျအဆုံးများစွာဖြင့်
တောနယ်ဘက်သို့ တရွေ့ရွေ့ ပြောင်းရွှေ့ထွက်ခွာသွားကြပါသည်။)

နောက်တစ်ချက် …

သေနတ်သံကြားရင် သုံးယောက်စလုံး နေစရာမရှိအောင် တုန်
လှုပ်ကြောက်လန့်ပြီး လုံခြုံရာမှာ ပုန်းနေကြပါရော။

မွေးစားအမေကြီးက မေးတယ်။

"တောက်ထွန်းတို့၊ လူလေးတို့ … ဘာလို့ မင်းတို့ သေနတ်
သံကြားရင် ကြောက်လန့်နေရတာလဲ ဟင်"

"ကြောက်တယ်"

"ဘယ်သူ့ကိုကြောက်တာတုံး"

"ဟို … ဟို … လူကြီးတွေကို အမေစိုး"

"ဟဲ့ … ဘယ်ဟိုလူကြီးတုံး။ လာစမ်း … သုံးယောက်စလုံး
အေးအေးသေချာချာ ပြောကြစမ်း။ လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



အမေစိုးက ချော့မော့မေးတော့မှ ...

"ဟို ... ဟို ... နွတ်ခမ်းမွေး မုတ်ဆိတ်မွေးနဲ့လူကြီးကို"

"ပြီးတော့ရော ..."

"သူ့နောက်က လူတွေကိုပါ ကြောက်တယ်"

နွတ်ခမ်းမွေး မုတ်ဆိတ်မွေးနဲ့ လူဆိုတာက ဗ . က . ◦ နယ်မြေတာဝန်ခံ ဆရာကြီးကို ပြောနေတာ။

"မင်းတို့ကို ဆရာကြီးတိုက်မောင်းက ဘာလုပ်နေလို့တုံး။ သူ လမ်းသူသွား၊ သူ့အလုပ် သူလုပ်နေတာဥစ္စာ"

မရမက သူတို့ ဘယ်လိုလူဝင်စားတွေလဲ ဗိုသေချာအောင် လှည့်ပတ်မေးတော့မှ ...

"အဲဒီနွတ်ခမ်းမွေးကြီးက ကျွန်တော်တို့ကို ......ရွာကွင်း ထဲမှာ သေမိန့်ပေးခဲ့တာ။ နောက်ကလူတွေက သေနတ်နဲ့ ပစ်ခဲ့တာ ဟောဒီမှာ ဒဏ်ရာတွေ။ အမေစိုး ... မယုံရင် ကြည့်"

သူတို့ညီအစ်ကိုသုံးယောက် (ဟိုတစ်ဘဝက သူငယ်ချင်းသုံး ယောက်ပေါ့) က အင်္ကျီအသီးသီး လှန်ပြကြတယ်။ ရင်ဝနဲ့ ကျောနောက် မှာ မွေးရာပါ ဒဏ်ရာအမာရွတ်ကိုယ်စီနဲ့။

"သားတို့ ... မင်းတို့ ဒီအကြောင်းတွေကို မေ့ပစ်လိုက်ကြ တော့"

"ဗျာ ... ဘယ်လို ... အမေစိုး"

"မင်းတို့ ဒီအကြောင်း ဘယ်သူ့မှမပြောနဲ့။ မေ့ပစ်လိုက်ကြ"

"မေ့လို့မရဘူး"

"ဘယ်သူ့ကို မေ့လို့မရတာတုံးဟဲ့"



သူတို့ တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်ပြီး အချင်း ချင်း မင်းပြော၊ သူပြောနဲ့ မေးတိုးကြတယ်။

"ပြောလေ ... ဘယ်သူ့ကို မေ့လို့မရတာတုံး"

"မေ ... တ္တာ ... ချို ...."

"ဘုရားရေ ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၉ |

❑

ဒီအကြောင်းတွေကို ဘုန်းကြီးနမှ အမေစိုးက အစ်ကိုဘုန်းကြီးကို လုံးစေ့ပတ်စေ့မကျန် လျှောက်တော့ ဘုန်းကြီး တွေသွားတယ်။

သည့်နောက် သူတို့သုံးယောက်စလုံးကို ဘုန်းကြီးကျောင်းခေါ်သွားပြီး ကိုရင်ဝတ်ပေးလိုက်တယ်။ စာလည်း သင်ပေးလိုက်တယ်။

ကိုရင်ဘဝရောက်တော့ ကျားကြီး၊ ကျားလေး၊ ထိန်လို့ ဘုန်းကြီးရှေ့မှာ မခေါ်ရဲကြတော့ဘူး။

အခု ကိုရင်တိက္ခ၊ ကိုရင်တာတေ၊ ကိုရင်တောက်တဲ့ ဖြစ်ကုန်ပြီ။ သို့သော် သူတို့လူဝင်စား ကိုရင်လေးတွေဆိုတာကိုရော၊ သူတို့ဟာ လွန်ခဲ့သည့် ဆယ်နှစ်ဝန်းကျင်က ဗ ၊ က ၊ ပ တွေ သေဒဏ်ပေးလို့ သေသွားတဲ့ ....... ရှာသား ကျားကြီး၊ ကျားလေးနဲ့ ကျောက်ရိုးထိန်တို့ ပြန်ဝင်စားတယ်ဆိုတာကို သိနေကြတယ်။





ကလေးဘဝတုန်းက ချော့မေးလို့လည်း သူတို့က ပြောပြဖူးတယ်။ ဒါနှင့်အတူ သူတို့ဟာ သူတို့ ဟိုတစ်ဘဝတုန်းက နာကျည်းခဲ့ရတဲ့ မေတ္တာချိုဆိုသူဟာလည်း သူတို့အမေအရင်းဆိုတာ လူပြောများလို့ သိခဲ့ရတယ်။

ဒီကိစ္စ မွေးစားအမေ ဒေါ်စိုးကိုမေးကြည့်တော့ ...

"ကိုရင်တို့ကို မွေးလိုက်ပါတော့လို့ ပြောထားတယ်မဟုတ်လား။ ကိုရင်တို့အမေဟာ ကျုပ်ပဲ။ ဒီလိုပဲ တစ်သက်လုံး မှတ်ထားလိုက်"

သို့သော် ကိုရင်သုံးပါးစလုံးကလည်း သူတို့ကိုယ်သူတို့ အလွန့်ကို အံ့ဩနေကြတယ်။ သူတို့သုံးယောက်စလုံးဟာ သူတို့ နာကြည်းခဲ့ရတဲ့ မေတ္တာချိုနဲ့ ကိုသုခတို့ထံမှာ၊ အထူးသဖြင့် မေတ္တာချိုရဲ့ သန္ဓေအိမ်မှာ ဝင်စားပြီး မွေးဖွားခဲ့တာတဲ့။

အလို ... ဒါဆို မေတ္တာချိုက သူတို့ရဲ့အမေပေါ့။

ကိုသုခက သူတို့ရဲ့အဖေပေါ့။ မိဘအရင်းခေါက်ခေါက်ပေါ့။

အံ့ဩစရာပါလား။

သူတို့သုံးယောက် အသေဆိုးနဲ့ သေဆုံးရခြင်းမှာ ဒီနှစ်ဦးက အဓိက။ ဘာကြောင့် သူတို့ထံမှာ လူဝင်စားဖြစ်ရတာလဲ။

ကိုရင်လေးတွေဆိုတော့ မစဉ်းစားတတ်။

လူဝင်စား ဘာကြောင့်ဖြစ်ရတာလဲ။ အဲဒါ သူတို့နားမလည်။ ဘာကြောင့် ကျွန်တော်တို့ အမေအရင်း၊ အဖေအရင်းက ကျွန်တော်တို့ကို စွန့်ပစ်ရတာလဲလို့ တိုးတိုးတိတ်တိတ် မေးကြည့်တော့ ...

"မင်းတို့ကို ကြောက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို မုန်းလို့"

"မင်းတို့သုံးယောက်ကို နာကြည်းလို့၊ စိတ်နာလို့"

"ဘာကြောင့် စိတ်နာရတာတုံး၊ဗျ"

"အဲဒါ မင်းတို့အသိဆုံးပဲလေ"

ဒါတော့ ဟုတ်တယ်။ သူတို့ ငယ်ငယ်ရွယ်ရွယ်နှင့် ပြီးခဲ့သည့် ဘဝတစ်ခုကို သုံးယောက်စလုံး ပြန်သတိရကြတယ်။ ပြန်သတိရ တိုင်း ...

မေတ္တာချိုနဲ့ ကိုသုခကို ကလဲ့စားချေချင်ကြတယ်။

ဗ . က . ပ ဦးတိုက်မောင်းကြီးကို ကြောက်တယ်။

သေနတ်သံကို မကြားချင်ဘူး။

သူတို့အသက်ခံရသည့်နေရာကို သူတို့ မှတ်မိတယ်။ ဒါပေမင့် မွေးစားအမေနဲ့ ဘဘုန်းကြီးက အဲဒီနေရာကို သွားခွင့်မပေးဘူး။ ဘဘုန်းကြီးကတော့ ပြောတယ်။

"ကိုရင်တို့ ... စာတတ်အောင်သင်ကြ၊ ကြိုးစားကြ။ ကိုရင်တို့ အရွယ်ရောက်ရင် ကိုရင်တို့ဘဝကို အကောင်းဆုံးဖြစ်အောင် ဘုန်းကြီးလုပ်ပေးမယ်။ ခုချိန်မှာ မကောင်းတဲ့စကားတွေကို ဖယ်ရှားပစ်၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တောအနန္တငါးပါးကို ရှိသေလေးစားကြ။

တစ်ခါတုန်းက ...

ကပ္ပိယကြီးဦးစိန်အောင်က ဆွမ်းခံကြွနေတုန်း၊ သူတို့ကို တိုးတိုးလေး လာပြောတယ်။

"ကိုရင် ..."





"ဘာတုံး ... ကပ္ပိယကြီး"

"ရှူး ... တိုးတိုး"

"ဘာတွေဖြစ်လို့တုံး ... ကပ္ပိယကြီးရ"

"ဟိုမှာ ... ရွာလမ်းမပေါ်မှာ ခေါင်းပေါ် မျက်နှာသုတ်ပဝါ ခုပ်ပြီးလာနေတဲ့ မိန်းမကြီးကို မြင်လား"

"မြင်တာပေါ့ ... ကပ္ပိယကြီးရ"

"ကိုရင်တာတေရော"

"မြင်တယ် ... ဒကာကြီး"

"ကိုရင်တောက်တဲ့ရော မြင်လား"

"မြင်တယ်။ ထဘီအပြာနုနဲ့ မဟုတ်လား"

"ဟုတ်တယ် ...။ သေသေချာချာ ကြည့်ထား"

ကပ္ပိယဦးစိန်အောင်က ကိုရင်တွေကို အလွယ်နာမည်ပေးထားတယ်။ ကိုရင်တိက္ခ(ထိပ်ပွ)၊ ကိုရင်တောက်တဲ့၊ ကိုရင်တာတေတဲ့လေ။ စနေသားတွေကိုး။

"ဒကာကြီး ... အဲဒီဒကာမကြီးက ဘယ်သူတုံး"

"ရှူး ... ဘယ်သူမှမကြားစေနဲ့။ အဲဒါ ကိုရင်တို့ မွေးအမေ ဒေါ်မေတ္တာချိုပဲ"

"ဟင် ..."

"တကယ် ..."

"ဟုတ်ရဲ့လား ... ကပ္ပိယကြီးရာ ... ဟင်"

"ဟုတ်ပါတယ်ဆို ... ကျုပ်အသိဆုံးပေါ့။ မယုံရင်ကြည့်နေ ကျုပ်အနားရောက်ရင် နာမည်ခေါ်ပြပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သုံးပါးစလုံးက မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းကလာနေတဲ့ ခေါင်းပေါ် မျက်နှာသုတ်ပဝါအုပ်ဆောင်းထားတဲ့ အမျိုးသမီးကို သွားရင်းကနေ ကြည့်နေကြတယ်။

ဒီလိုနဲ့ မျက်နှာချင်းဆိုင်ရောက်လုနီးရော ကပ္ပိယကြီးက လှမ်းနှုတ်ဆက်တယ်။

"ဟဲ့ ... မေတ္တာချို၊ ဘယ်တုံးဟ"

"ဟော့ ... အစ်ကိုစိန်အောင်၊ ရွှေ့ရွာ ကြွေးသွားတောင်းမလို့တော်။ နေကောင်းတယ်နော်"

"အေး ... ကောင်းတယ်။ နင်ရော ..."

"ကောင်းတယ် ... အစ်ကိုစိန်အောင်"

"သုခရော ဘာလုပ်နေတုံးဟ ... မိချိုရ"

"ကိုသုခကတော့ လယ်အလုပ်ပဲပေါ့ ... အစ်ကိုစိန်အောင်ရယ်။ အားရင် အိမ်လာဦးလေ"

"အေး ... အေး ... ကိုရင်တွေ နေပူနေပြီဟ။ ဟဲ့ ... ကိုရင်တွေ နေပူနေပလား"

"....."

"....."

"....."

ကိုရင်တွေက တစ်လုံးမှပြန်မပြောဘဲ ဒေါ်မေတ္တာချိုရဲ့ မျက်နှာကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြတယ်။ ဒီမှာ ဒေါ်မေတ္တာချိုက ကိုရင်တွေထံက စကားသံမကြားရလို့ လှမ်းကြည့်လိုက်ရော ...

ကိုရင်သုံးပါးရဲ့ မျက်တောင်မခတ်ဘဲ သူမကို စိုက်ကြည့်နေတဲ့ မျက်နှာတွေကို မြင်ပြီး ရင်ထဲမှာ ဖိုခနဲ သိမ့်ခနဲ ဖြစ်သွားတယ်။





သည့်နောက် ကပ္ပိယကြီးဦးစိန်အောင်ကိုမျှ နှုတ်မဆက်တော့ဘဲ ရှာခနဲလှည့်ထွက်သွားတာကို အားလုံး သိမြင်ခံစားလိုက်ရတယ်။

"ကိုရင်တို့ ... မှတ်မိလား"

"မှတ်မိတယ်"

"မမေ့ပါဘူး ... ကပ္ပိယကြီးရာ"

"သူက ကျုပ်တို့ မွေးအမေတဲ့လား"

✿ ✿ ✿

www.burmeseclassic.com

| ၁၀ |

တိုတိုပြောရရင်တော့ ဒေါ်မေတ္တာချိုနဲ့ ကိုသုခတို့ကလည်း ••••••••••••ရွာက ဘုန်းကြီးကျောင်းမှာ သူတို့စွန့်ပစ်ပေးခဲ့လိုက်တဲ့ ကလေးသုံးယောက် ကိုရင်ဝတ်ဘဝ ရောက်နေတယ်ဆိုတာကို ကြားသိကြတယ်။

တစ်ခါတစ်ရံ သွားရင်းလာရင်း သူတို့ လမ်းမှာဆုံမိကြတယ်။ ကိုသုခကလည်း မခေါ်ဘူး။ မေတ္တာချိုကလည်း မခေါ်ဘူး။

အရပ်က အလွန်ရက်စက်တဲ့လင်မယားလို့ ဝေဖန်ကြတယ်။

ကိုယ့်ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ ကလေးတွေအပေါ် ရက်စက်စိမ်းကားရက်ပါပေ့တဲ့။

ဗိမ္ဗိသာရမင်းကြီးရဲ့ မိဖုရားဝေဒေဟီတောင် အဖသတ်မည့်သားမှန်း သိပါလျက်နဲ့ မွေးဖြစ်အောင် မွေးသေးတာတော်။ သူတို့ကျမှ များ သားအရင်းခေါက်ခေါက်တွေကို သူများပေးပစ်ရက်ပါတော်တဲ့။





"မုန်းလို့၊ နာကြည်းလို့၊ သားမတော်ချင် နေပါအေ။ ကိုရင်လေးတွေ ဖြစ်နေမှာပဲစွာ။ ဟိုးဘဝကလို လူဆိုးလူသွမ်းတွေလည်း မဟုတ်ပါဘူး။ သွမ်းလေးတစ်ခွက်လောင်းရင် ကုသိုလ်မရပေဘူးလား"

"အစွဲကြီးလွန်းတာကိုကွယ်"

"အစွဲကြီးရင် အဝိဇ္ဇာပဲ ကွယ်ရို့။ အမုန်းတွေနဲ့စွဲပြီး ကွယ်လွန်ရင် မသန့်ရှင်းတဲ့ဘဝကို ရောက်တတ်တယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘဝကို ရောက်ချင် ရောက်သွားနိုင်တာပဲ။ အမုန်းတို့၊ အညှိုးတို့၊ နာကြည်းမှုတို့၊ သံသယတို့ဆိုတာ လောဘ၊ ဒေါသ၊ မောဟ အဝိဇ္ဇာအမှောင်တရားတွေ။ လူကန်းတွေရဲ့ မိစ္ဆာဒိဋ္ဌိ မှားတဲ့အယူအဆတွေ။ ဘုရားသာသနာ၊ တရားသာသနာ၊ သံဃာသာသနာ၊ သိကြားသာသနာနဲ့ ကြုံကြိုက်တုန်း လောဘ၊ ဒေါသ၊ မောဟ အကုသိုလ် အဝိဇ္ဇာ အမိုက်တရားတွေ ပယ်ချပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးနဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ပေါ် လျှောက်လှမ်းပြီး သံသရာဆုံးအောင် တုံးအောင် ကျင့်ကြံပွားများ လုပ်ကိုင်ဆောင်ရွက်ကြပေရော့"

လူကြီးသူမများကတော့ တရားစကားနဲ့ ဆုံးမကြတယ်။

ဒီလိုနဲ့ တစ်နေ့ ကိုသုခတစ်ယောက် လယ်တောအပြန် ပိုးထိ(မြွေကိုက်) လို့ သေဆုံးသွားခဲ့တယ်။

သူ့ရဲ့အသုဘကို သက်တော်ရှည်ဆရာတော်ကြီး အရှင်ဦးကေသရ ကြွရောက် အသုဘရှု တရားဟောခဲ့တယ်။

ဆရာတော်ကြီးကလည်း ကိုသုခတို့၊ မေတ္တာချိုတို့ရဲ့ ထူးခြား ဆန်းကြယ်ဘဝကို သိပြီးသားပါ။

www.burmeseclassic.com



သူ့ကလေးသုံးယောက်ကို ဘုန်းကြီးက မွေးစားပြီး ကိုရင်ဝတ် ပေးခဲ့တာကိုး။

ဒါကြောင့် ဘုန်းကြီးက လူ့ဘဝတန်ဖိုးအကြောင်းကို ဟော ကြားခဲ့တယ်။ လူဖြစ်လာရင် အိမ်ထောင်သားမွေး ပြုကြမယ်။ မွေးလာ တဲ့ သားသမီးကို ပြုစုစောင့်ရှောက် ကျွေးမွေးတာသည် မင်္ဂလာတရား ပဲ။ မိဘကို သားသမီးက လုပ်ကိုင်ကျွေးမွေး ပြုစုစောင့်ရှောက်ရတာ လည်း မင်္ဂလာတရားပဲ။ သားသမီးကို နားသရင်ပြု လုပ်ပေးတာလည်း မင်္ဂလာတရားပဲ။ ရဟန်းသံဃာကို လှူရတာလည်း မင်္ဂလာတရားပဲ။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရတာလည်း မင်္ဂလာတရားပဲ။

ကွယ်လွန်သူကို ရည်စူးပြီး ဘုရားအမျှရှိတဲ့ ရဟန်းသံဃာ များကိုလည်းကောင်း၊ လူပရိသတ်ကိုလည်းကောင်း လှူဒါန်းကျွေးမွေးရ တာလည်း မင်္ဂလာပါပဲ။ မင်္ဂလာဆိုတာ မကောင်းတာကို ကောင်းအောင် လုပ်တာ မင်္ဂလာ။ ကောင်းတာကို ပိုပြီး ကောင်းသထက်ကောင်းအောင် လုပ်တာ ကျက်သရေအပေါင်းနဲ့ ပြည့်စုံသော မင်္ဂလာလို့ ခေါ်ပါတယ်။

ဒါကြောင့် နေ့တိုင်း မင်္ဂလာရှိနေဖို့အတွက် မင်္ဂလာရှိသော စကားကို ပြောကြပါ။ တွေးကြပါ။ မင်္ဂလာရှိသောကောင်းမှုကို ပြုကြ ပါ။ ကိုယ်ပြုသည့် မင်္ဂလာမှန်သမျှ တစ်နေ့ ကိုယ့်ထံပြန်ရောက်မည်၊ ကိုယ့်ထံပြန်ရောက်မည့် မင်္ဂလာပဲဆိုတာကို မမှိတ်မသုန် ယုံကြည်ကြပါ ဒကာ၊ ဒကာမတို့''

✿ ✿ ✿

❋

| ၁၁ |

❑

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးလာတယ်။ နွေကနေ မိုး။ မိုး ကနေ ဆောင်း၊ ဆောင်းကနေ မိုး သုံးရာသီ တစ်ယောက်တစ်လှည့် ရာသီကကြိုးနဲ့ ကကြတယ်။

လွတ်လပ်ရေးခေတ်ဦးကနေ ပါလီမန်ခေတ်ကို ရောက်ခဲ့တယ်။

ပါလီမန်ခေတ်ကနေ ခေတ်ပြောင်းတော်လှန်ရေးကို ရောက် ခဲ့တယ်။

အရင်းရှင်ပါလီမန်ကနေ ဆိုရှယ်လစ်စနစ်ကို ပြောင်းခဲ့တယ်။

မကျေနပ်တဲ့ တော်လှန်ရေးတွေ ပွင့်ကန်လာတယ်။ ရောင်စုံ သောင်းကျန်းသူများနှင့် တော်လှန်ရေးအစိုးရတပ်တွေ နေရာတိုင်းမှာ ဆိုတ်ပွဲပြင်းထန်လာခဲ့တယ်။

ရွာတွေကြေတယ်၊ လူတွေသေတယ်။ တိရစ္ဆာန်တွေ ပျက်စီး တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွေ၊ ကျောင်းတွေ မီးလောင်ကုန်တယ်။

သေနတ်သံတွေ နေ့ရောညပါ မြည်ဟိန်းနေတယ်။

အလောင်းတွေ နေရာအနှံ့မှာ မြင်ရတယ်။ မြှုပ်လို့မနိုင်ဘူး။ ရွှံ့လိုက် နိုင်လိုက်၊ နိုင်လိုက် ရွှံ့လိုက်။ သူကပြေး ကိုယ်ကလိုက်၊ ကိုယ်ကပြေး သူကလိုက်။

ငြိမ်းချမ်းရေးအတွက် တိုက်ပွဲလား၊

တရားဥပဒေစိုးမိုးရေးအတွက် တိုက်ပွဲလား၊

အမှန်တရားအတွက် တိုက်ပွဲလား၊

စနစ်တစ်ခု တည်မြဲရေးအတွက် တိုက်ပွဲတွေဖြစ်နေတာလား စဉ်းစားလို့မရဘူး။ သေချာတာတစ်ချက်ကတော့ မေတ္တာချို့တဲ့ဒေသမှာ ဗမာပြည် ကွန်မြူနစ်ပါတီအုပ်ချုပ်ရေး မရှိတော့ဘူး။

ဗ • က • ပ လက်နက်ကိုင်တွေ သေသူသေ၊ လက်နက်ချသူ ချ၊ လွတ်ရာကျွတ်ရာ တောတောင်များရှိရာကို ပြေးသူကပြေး ဖြစ်ကုန်ပြီ။

အခု ကျေးရွာတွေမှာ မသင်မနေရ မူလတန်းကျောင်းတွေ ပေါ်လာတယ်။ ခေါင်းလောင်းသံနဲ့ သားချော့တေးဆိုသံတွေ ရွာတိုင်းမှာ စီစီလျှံနေတယ်။

ဘုန်းတော်ကြီးကျောင်းတွေ ရွာတိုင်းမှာ ရှိလာတယ်။

ကြေးစည်သံနဲ့ ဓမ္မတေးကို ရွာတိုင်းကြားရတယ်။

နေ့နေ့ညည ပုန်းလျှိုးကွယ်လျှိုး သွားစရာမလိုတော့ဘူး။ အ... လာ ဘုရားထူးစရာ မလိုဘူး။ အဖြူလာ မှန်ပါ့ဘုရား ခေါင်းညိတ်စရာ မလိုဘူး။ ဆက်ကြေးပေးစရာ မလိုတော့ဘူး။ လှည်းဆင့်လိုက်စရာ...



...လိုက်စရာ မလိုတော့ဘူး။ ရွာတိုင်းမှာ ဗ• က• ပ ကျောရိုးတို့ အောခံတို့ မရှိတော့ ရပ်ရွာတိုင်း အေးချမ်းနေတယ်။

တော်လှန်ရေးအစိုးရ (ခေါ်) ဆိုရှယ်လစ်အစိုးရရဲ့ အုပ်ချုပ်မှု အောက်မှာ အဖျက်သမား ချေမှုန်းရေးအားကောင်းပြီး မြို့ရွာတွေ ငြိမ်သက်ပြီး စည်ကားလာခဲ့တယ်။

ရွာထဲမှာ ပ• ပ• က တို့၊ သမဝါယမတို့ ပြန်ပေါ်လာတယ်။ ...တွေ ရှိလာတယ်။ ရွာနဲ့မြို့နဲ့ လမ်းပန်းဆက်သွယ်ရေး ရှိလာတယ်။

အရင်တုန်းက ရေဒီယိုနားထောင်ခွင့် မရှိဘူး။ ရေဒီယိုနားထောင်လျှင် အပြစ်ပေးခံရတယ်။ အခု ရေဒီယိုရော၊ အသံချဲ့စက်ရော ...ကြီး ဖွင့်လို့ရပြီ။

ခေတ်ပြောင်းသွားတာနှင့်အမျှ လူတွေရဲ့ စရိုက်လက္ခဏာ ... ပြောင်းလဲလို့လာတယ်။

ကိုရင်တိက္ခတို့လည်း ဦးဇင်းတိက္ခဖြစ်လာတယ်။

တောက်ထွန်း၊ တက်နေ၊ တင်ရွှေတို့ဘဝကနေ အခု ဦးပဉ္စင်း ... ဖြစ်ကုန်ကြပြီ။ သက်တော်ရှည်ဆရာတော်ဘုရားကြီးရဲ့ ဆုံးမသွန် သင်မှုအောက်မှာ တရားဓမ္မအသိ၊ ပညာအသိနဲ့ နှလုံးလှနေကြပြီ။

သက်တော်ရှည်ဆရာတော်ကြီးက သူတို့သုံးဦးကို အရိပ်တကြည့် ...နဲ့ စောင့်မြှုခဲ့ရတာ။ သူတို့ လူဝင်စားတွေဆိုတာ ဘုန်းကြီးသိတယ်။

ဘယ်လိုလူစားမျိုးတွေ ပြန်ဝင်စားတယ်ဆိုတာကိုလည်း ... ...ဘဝ ပြန်ပြောပြလို့ သိနေရတယ်။

သံသရာကြီးက ကြောက်စရာကြီးပါကလား။

www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာကြီးပါကလား။

မယုံနိုင်စရာကြီးပါကလား။

ဟိုတစ်ဘဝတုန်းက သူတို့အမေ ဒီဘဝဖြစ်လာမည့် မိ[...]
ကလေးကို သူတို့သုံးဦး အမွေကျင့်ဖို့ ကြိုးစားခဲ့တယ်။

သို့သော် ယခုဘဝ သူတို့အဖေဖြစ်လာမည့်သူက ဗ . က .[...]
ကို သွားအကြောင်းကြားလို့ အချိန်မီရောက်လာပြီး သူတို့ လူသူ[...]
မှောက်မှာ သေဒဏ်စီရင်ခံရတယ်။

သေကာနီး မေတ္တာချိုနဲ့ ကိုသုခရဲ့မျက်နှာကို စူးစူးဝါးဝါးကြ[...]
ပြီး ကြိမ်းဝါးခဲ့တယ်။

'ပြန်ဆုံကြသေးတာပေါ့' တဲ့။

'နင်နဲ့ ငါတို့ နောင်ဘဝ ပြန်ဆုံကြသေးတာပေါ့'

အစွဲကြီးကြီး၊ အညိုးကြီးကြီးနဲ့ ပြောပြီးနောက် သေနတ်နဲ့[...]
အဆုံးစီရင်ခံလိုက်ရတယ်။

ဒီမြင်ကွင်းကို မေတ္တာချိုလည်း အမိန့်အရ ကြည့်မြင်ခဲ့ရတယ်[...]
ဆိုးဝါးလှတဲ့ အနိဋ္ဌာရုံမြင်ကွင်းက မျက်လုံးနဲ့ ရင်ထဲ၊ ဦးနှောက်ထဲ[...]
စွဲထင်သွားတယ်။

ဟိုဘက်အစွဲနှင့် ဒီဘက်အစွဲ အစွဲအလမ်းနှစ်ခု စိတ်သ[...]
တည်ရာကနေ နောက်ဆုံး လူသန္ဓေတည်ပြီး လူဝင်စားဖြစ်လာခဲ့[...]
တယ်။

ကလဲ့စားချေဖို့ ဝင်စားကြတာ။

သေချင်လောက်အောင် မုန်းသူတွေ ဝင်စားမှန်းသိတော့ သ[...]
အရင်းခေါက်ခေါက်သုံးယောက်ကို မိဘနှစ်ပါးက စွန့်ပစ်ခဲ့တယ်။



လူမှမဖြစ်သေးဘူး သင်းတို့သုံးကောင်က မွေးအမေကို စပြီး
[...]ပေးတယ်။ မိခင်နို့ကို လုံးဝမစို့ဘူး။ သူစိမ်းနို့ကိုစို့တယ်။ ညဘက်
[...]အိပ်လို့မရအောင် သုံးယောက်ပြိုင်ငိုသတဲ့။

အမုန်း၊ ချောက်ချားခြင်းနဲ့ စိုးရိမ်ထိတ်လန့်ခြင်းတို့ ပေါင်း
[...]ပြီး နောက်ပိုင်း သူတို့ကို ဘုန်းကြီးက မွေးစားခဲ့ရတယ်။

သူတို့စရိုက်ကိုသိလို့ လူဝတ်နဲ့မနေစေဘဲ ကိုရင်ဝတ်ပေးခဲ့
တယ်။ လူဝတ်ကြောင်ဘဝနဲ့ ကြီးလာရင် သူတို့ဘဝဟောင်းက နာကြည်း
[...]တွေးကို ဆပ်ကြမှာ။

အဲဒီကျရင် ... သူတို့ အဖသတ်သား၊ အမိသတ်သားဘဝနဲ့
[...]ဥာနန္တရိယကံကြီးထိုက်ကြမှာ။

နေ့တိုင်း တရားပြဆုံးမစကားကို ပြောပြရတယ်။ မှဆိုးနားနီး
မှဆိုး၊ တံငါနားနီး တံငါဆိုသလိုပါပဲ။ ထိတွေ့ပါများ၊ ကြားနာရပါများ၊
သင်ကြားရပါများလာတော့ ...

ဟိုးတစ်ဘဝ အခံကပါလာတဲ့ လူဆိုးလူမိုက် လူရမ်းကားဗီဇ၊
အမုန်းအတေး အညိုးကလဲ့စား အာဃာတတွေဟာ အရှယ်ရလာတာ
နှင့်အမျှ လျော့ပါးလာတယ်။

စောစောတုန်းကတော့ အတိတ်ဘဝကို သတိတရရှိနေပြီး ဒီ
မိန်းမကို ပြန်ကလဲ့စားချေရမယ်ဆိုတဲ့ အစွဲက သူတို့သုံးယောက်စလုံး
မှာ သတိတရရှိနေကြတာ။

သုံးယောက်ဆုံရင် ပြန်ပြန်ပြောနေကြတာ။

အခု သူမက သူတို့ရဲ့ မွေးအမေဖြစ်နေတယ်။

ဘဘုန်းက မကြိစည်နဲ့တဲ့။ မပြစ်မှားနဲ့တဲ့။ ပဉ္စာနန္တရိယကံထိုက်
ပြီး အဝီစိငရဲကို ကျမယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမေ မကောင်းပေမင့် သားသမီးကောင်းနေဖို့ လိုတယ်။ အဇာတသတ်မင်းသားကို ကြည့်တဲ့။ သူ့အဖေကို သတ်စေလို့ အမိန့်ပေးခဲ့တာ နောက်ဆုံး အဝီစိငရဲကို ကျကာနီးမှာ ဘုရားရှင်နဲ့တွေ့ပြီး ရတနာမြတ်သုံးပါးကို ဆည်းကပ်ပူဇော်ခွင့်ရလို့၊ သာသနာတော်အကျိုးကို ထမ်းရွက်ခွင့်ရလို့၊ အဝီစိငရဲကို မကျရတော့ဘဲ လောဟကုမ္ဘီငရဲမှာပဲ ကျရောက်ခဲ့ရသတဲ့။ အခု အဇာတသတ် မြေကြီးအောက်ငရဲမှာ ခံနေရတုန်း။ အရိမေတ္တေယျဘုရားရှင်ပွင့်မှ ကျွတ်လွတ်ပြီး ဘုရားငယ်ဖြစ်မည်တဲ့။

အဲဒါ အဖသတ်သားဖြစ်လို့ ဝဋ်ကြွေးက မပြေဘူးဆိုပဲ။ ရာဇဝင်မှာ အဖကိုပြန်သတ်တဲ့သား ငါးဆက်ရှိခဲ့တယ်။

အဇာတသတ်ကို သူ့သားဥဒယဘဒ္ဒပြန်သတ်လို့ အဇာတသတ်သေရတယ်။ တစ်ခါ ဥဒယဘဒ္ဒကို သားဖြစ်သူအလိနသတ္တုက သတ်ပြန်တယ်။ အလိနသတ္တုကို သား နာဂသေနက ပြန်သတ်ပြန်တယ်။ နာဂသေနကျတော့မှ နောက်ဆုံးမြောက်သားကို အဖသတ်သား ရာဇဝင်ရှည်မှာစိုးလို့ နန်းတွင်းသူများက မွေးမွေးချင်း အစဖျောက်လိုက်မှ အဖသတ်သားသံသရာ ရပ်တော့သတဲ့။

"ဒါကြောင့် မောင်ပဥ္စင်းတို့ကို လူဆိုးလူမိုက် အဖသတ်သား အမိသတ်သား မဖြစ်ရအောင် ဘဘုန်းပြုစုပျိုးထောင်ခဲ့ရတာ။ အမေလုပ်သူက သူ့ဘဝနာကြည်းချက်ကြောင့် သားမတော် သားလို့မခေါ်ခဲ့ပေမင့် ကိုယ်သိထားရမှာက သူမသည် ငါတို့ကို ကိုးလလွယ် ဆယ်လဖွား ဝမ်းနဲ့လွယ်မွေးထားခဲ့တဲ့ အမေ။

အခု ငါတို့ ဘုရားသားတော် လူယဉ်ကျေးဘဝ ပြန်ရောက်ခဲ့ရတာ ဒီမွေးအမေအရင်းရဲ့ ကျေးဇူးကြောင့်လို့ မှတ်ယူပြီး မွေးအမေ

ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းပါစေလို့ နေ့နေ့ညည မေတ္တာပို့သနေရင် မောင်ပဥ္စင်းတို့အလိုကို ကုသိုလ်ရနေမှာပဲ။ အမေ့ကျေးဇူးဆပ်ရာ ရောက်နေမှာပဲ။ တစ်နေ့နေ့တော့ သူမလည်း နောင်တအသိတရား ရချင်ရလာမှာပေါ့လေ"

ဘဘုန်း ဆုံးမဟောပြောသလိုပါပဲ။

မေ့တရားမြတ်က သူတို့သုံးဦးကို လွှမ်းမိုးပဲ့ပြင် ထိန်းကျောင်းခဲ့တာကြောင့် သူတို့မွေးအမေကို မမုန်းတော့ပါဘူး။

ဖြစ်ခဲ့သမျှက ကံကြွေးဆပ်ခဲ့ရတာပဲလို့ မှတ်ယူတယ်။

အမေလည်း ကံကြွေးဆပ်ခဲ့ရတာပဲ။

သူတို့ညီအစ်ကိုသုံးယောက် (သူငယ်ချင်းသုံးယောက်)လည်း အတိတ်ဘဝများစွာက ကံကြွေးကို ဆပ်ခဲ့ရတာပဲ။

ဟိုး ... တစ်ဘဝတုန်းက ရပ်ရွာက အော့နှလုံးနာရတဲ့ လူဆိုးလူမိုက် လူပေလူတေတွေ။

အခု ရပ်သူရွာသားတို့က ကြည်ဖြူသဒ္ဓါကြီးစွာနဲ့ ဆွမ်းခဲဘွယ် ဆောင်လောင်းလှူခြင်း၊ ကြည်ညိုလေးစားခြင်း ခံရတဲ့ ရဟန်းငယ်တွေ ဖြစ်နေကြပြီ။ ဘဝမတူတော့။

အင်္ဂုလိမာလလူဆိုးနှင့် အင်္ဂုလိမာလရဟန်း မတူတော့။

ဒါကြောင့် ညတိုင်း အိပ်ရာဝင်တိုင်း သူတို့ညီအစ်ကိုသုံးယောက် မေတ္တာပို့ပါ၏။

"မွေးကျေးဇူးရှိခဲ့ဖူးသည့် မိခင်ကြီး ဒေါ်မေတ္တာချို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ၊ ဘေးရန်ခပ်သိမ်း၊ ရောဂါခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းပါစေ ... သတည်း"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

| ၁၂ |

❑

တစ်နေ့ ဆွမ်းစားပြီးချိန်မှာ ဒကာအံချို ဘဘုန်းရဲ့ကျောင်း ပေါ် ရောက်လာတယ်။

"ဘာကိစ္စများတုံး ... ဒကာကြီးတို့"

"ရွာထဲမှာ နာရေးကိစ္စပေါ်လာလို့ နက်ဖြန် သက်ပျောက် ဆွမ်းခံကြွပေးဖို့ လာလျှောက်ရကြောင်းပါဘုရား"

"ဘယ်ရွာကတုံးဟဲ့"

" ...... ရွာကပါ ဘုရား"

"ကွယ်လွန်သူက မိန်းမလား၊ ယောက်ျားလား"

"မိန်းမသားပါ ဘုရား"

"နာမည်က ဘယ်လိုခေါ်တုံး"

"ဒေါ်မေတ္တာချို အသက် (၅၀) နှစ်ပါဘုရား"

"ဟေ ... မေတ္တာချို ... ဟုတ်လား"





ဒေါ်မေတ္တာချိုဆိုတဲ့ စကားအသံကိုကြားတော့ ဘဘုန်းအနီး ရှိနေကြတဲ့ ဦးဇင်းတိက္ခတို့ ညီအစ်ကို ရဟန်းသုံးပါး လွန်စွာအံ့သြ သွားရတယ်။

"ဟဲ့ ... ဒကာတို့ရဲ့ အဲဒီရွာအနီးမှာ ဘုန်းကြီးကျောင်း နီး နီးနားနားရှိရဲ့သားနဲ့ ဘာလို့ အဝေးက ငါ့ကို ပင့်ရသတုံးဟဲ့"

ဒီမှာ အသက်ကြီးကြီး လူကြီးတစ်ဦးက ...

"မှန်ပါ ... ကွယ်လွန်သူ ဒေါ်မေတ္တာချိုက မသေခင်မှာ မှာ သွားပါတယ်ဘုရား။ သူသေရင် သက်တော်ရှည်ဆရာတော်ကြီး ဘဘုန်း ဦးကေသရကို အလောင်းမြေကျ ရက်လည်အထိ ကူညီဆောင်ရွက်ပေး ဖို့ ကြိုပြောသွားပါတယ်ဘုရား"

"ဟေ ..."

"နောက်ပြီး အရှင်ဘုရားကို ပေးပါဆိုပြီး စာတစ်စောင်လည်း ပေးခဲ့ပါတယ် ဘုရား။ ဟောဒီစာပါပဲ ဘုရား"

ဘဘုန်းဦးကေသရက စိတ်ဝင်စားတာနဲ့ ကွယ်လွန်သူ ဒကာ မကြီး ဒေါ်မေတ္တာချိုပေးခဲ့တဲ့ စာအိတ်ကို အမြန်ဖွင့်ဖတ်လိုက်တယ်။

...တော်ရှင် ဘဘုန်းဘုရား

//

ဘုရားကျွန်တော်မျိုး အမိုက်မ ရှိခိုးဦးခိုက်ကန်တော့၍ အပြစ် ... တောင်းပန်လျှောက်ထားအပ်ပါသည် ဘုရား။

ဘုရားတပည့်တော်မတို့ ဖေါ်မောင်နှံသည် ကိုယ်ဝန်သံဓွေးသား ... လွယ်ထားစဉ်က လွန်စွာ ဝမ်းသာကြည်နူး ပျော်ရွှင်ခဲ့ရပါသည် ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မွေးလာသောကလေးသုံးယောက်သည် ဘုရားတပည့်တော်မရဲ့ အရှက်နဲ့အသက်ကို ဒုက္ခပေးခဲ့ဘူးသည့် ကျားကြီး၊ ကျား လေး၊ ထေိန်တို့သုံးဦး ပြန်ဝင်စားနေတာကို ထင်ရှားသည့်အမှတ်အသား များနှင့် တွေ့ရှိခဲ့ပြီး ...

လွန်စွာ မုန်းတီး၊ နာကြည်း၊ ကြောက်လန့်၊ စိုးရိမ်လွန်း သောကြောင့် သားသုံးယောက်ကို စွန့်ရန်ပြုခိုက် ဘဘုန်း ကောက် မွေးစား၍ လူတစ်လုံးသူတစ်လုံး ဖြစ်ခဲ့သည်ကို ကြားရ သိရပါသည် ဘုရား။

အရွယ်ရောက် လူလားမြောက်ရင် ကျွန်မကြောင့် အသေ နဲ့သေခဲ့ရသည့် သူတို့သုံးဦးဟာ အခု လူဝင်စားဘဝမှာ ကျွန်မတို့ ပြန်လည်ကလဲ့စားချေမှာပဲလို့ စိုးရွံ့ပြီး ရင်တဖိုဖိုနဲ့ နေခဲ့ရပါတယ်ဘုရား

သူတို့ကို သားလို့လည်း မခေါ်ခဲ့ပါဘူး။

ကိုရင်၊ ရဟန်းဘဝ ရောက်တော့လည်း ဆွမ်းတစ်ပန်းကာ မလောင်းလှူခဲ့ပါဘူး ဘုရား။ သို့သော် ဘုရားတပည့်တော်ရဲ့ အထ နဲ့အမြင် တက်တက်စင် လွဲမှားခဲ့ပါပြီဘုရား။

ဘုရားတပည့်မ ထင်မြင်သလို ကလေးသုံးယောက်ဟာ အရွ ရောက်တော့ ကျွန်မကို ဘဝဟောင်းတုန်းက ကြုံးဝါးခဲ့သလို က မချေ ရန်မပြုခဲ့ဘဲ ...

ကိုရင်ဘဝ၊ ရဟန်းဘဝနဲ့ အရှင်ဘုရားရဲ့ ဆုံးမပဲ့ပြင်မှုအော မှာ လူကောင်းသူကောင်း ကိုရင်ရဟန်းကောင်းအဖြစ် ရှိနေတာကို လိုက်ရတော့ ဘုရားတပည့်တော်မ မှားပြီဆိုတာကို လွန်မှု၊ အိုမှု၊ မကျန်းမှ သိရပါတော့တယ် ဘုရား။





ရင်နဲ့လွယ်မွေးခဲ့ရတဲ့ ဘဝဟောင်းလူဝင်စား သားလူမိုက်သုံး ယောက်က လူလိမ္မာစစ်စစ် ဖြစ်သွားခဲ့ပြီး ...

- ကိုယ့်ကိုယ်ကိုယ် လိမ္မာယဉ်ကျေးတယ်လို့ မှတ်ယူခဲ့တဲ့ ပေါဒီ အမေ အလိမ္မာတုံးကြီးက အခုတော့ အမေအမိုက်မကြီး ဖြစ်ခဲ့ရပါပြီ ဘုရား။

သားတွေကို သားလို့ ပါးစပ်က အားရပါးရ မခေါ်ရဘဲ ယခု သေရပါတော့မည် ဘုရား။ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့ကို ရည် ၍ပြီး ဘုရားတပည့်တော်မပိုင် အိမ်နှင့်ခြံ၊ ရွှေငွေတို့ကို သံဃာတော် များအကျိုး ရှေးရှု၍ အကုန်လှူခဲ့ပါသည်ဘုရား။ နောင် ဖြစ်လေရာ ဘဝမှာ ဒီအမေ၊ ဒီအဖေနဲ့ ဒီသားတွေ ကံဆုံလို့ ပြန်ကြုံကြရင် သား လို့ အားရပါးရ ခေါ်ခွင့်ရပါရစေ။ သူတို့လည်း အမေလို့ ခေါ်ခွင့်ရရပါ စေ။ သားလိမ္မာ၊ မိလိမ္မာ၊ ဖလိမ္မာဘဝနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါ လို၏ဘုရား။

ဘုရားတပည့်တော်မသည် သားရဟန်းများကို သားလို့ ပါးစပ် က အားရဝမ်းသာ ခေါ်ခွင့်ရပါလျက် မခေါ်ရဲတော့ဘဲ သေရပါတော့ မည်ဘုရား။ ဒါပေမင့် အမေအမိုက်မကြီး မိစိမ်းကားကြီးသည် အရှင် ဘုရားကိုလည်းကောင်း၊ သားရဟန်းသုံးပါးကိုလည်းကောင်း နောက် ဆုံး လက်အုပ်ချီမိုး ရှိခိုးကန်တော့၍ ဟိုးတမလွန်ခရီးကို သွားပါတော့ မည်။ အမေ့ကိုခွင့်လွှတ်ပါ သားရဟန်းကြီးတို့။

အမေ မေတ္တာချို

www.burmeseclassic.com



ဆရာတော်ဟာ ဒေါ်မေတ္တာချိုရေးခဲ့တဲ့စာကိုဖတ်ပြီး အံ့လည်း အံ့ဩခဲ့တယ်။ ဝမ်းလည်း ဝမ်းသာခဲ့ရတယ်။ သည့်နောက် ၎င်းစာကို သားရဟန်းသုံးပါးထံ ကမ်းပေးလိုက်တယ်။

ရဟန်းငယ်သုံးပါးက စာကို ခေါင်းချင်းဆိုင်ဖတ်ပြီး ဦးခေါင်းကို ဖြည်းဖြည်းချင်း မော့လိုက်ကြတယ်။

ရဟန်းပျိုသုံးပါးရဲ့ မျက်ဝန်းအိမ်မှာ မျက်ရည်စတွေ ယီးလေး ခိုနေတယ်။ စာရွက်ကိုင်ထားတဲ့ အစ်ကိုကြီးရဟန်းရဲ့လက်ဟာ တုန်ယင်နေတယ်။

တိုတိုပြောကြပါစို့။

ဒေါ်မေတ္တာချိုကို ကျွဲဒည်းသင်္ချိုင်းမှာ မြေမြှုပ်သဂြိုဟ်မည့် နေ့ပေါ့ ...ဆရာတော် ဦးကေသရနှင့်တကွ ဒေါ်မေတ္တာချိုမွေးခဲ့တဲ့ (တစ်နည်း) စွန့်ပစ်ခဲ့တဲ့ သားရဟန်းသုံးပါး၊ နောက်ရဟန်းတစ်ပါး စုစု ပေါင်း (၅)ပါး သင်္ချိုင်းမှာ အသုဘရှု တရားဟောမယ်၊ ရေစက်ချမယ် လို့ သိကြ၊ ကြားကြတော့ ကြားကြားသမျှတို့ ...

အထူးအဆန်းအဖြစ် လာရောက်ပို့ဆောင် တရားနာကြတယ်။

ဘုန်းတော်ကြီး ဦးကေသရက အသုဘရှုတရားကို အဓိပ္ပာယ် လေးလေးနက်နက် ဟောတော်မူတယ်။

“ကံ,ကံ၏အကျိုးပေးက ဆန်းကြယ်တယ်။ ကုသိုလ်ကံအကျိုး ပေးရော၊ အကုသိုလ်ကံ အကျိုးပေးရော အားကောင်းရင် အားကောင်း သလို အကျိုးပေးပြန်တယ်။ ဟောဒီ မောင်ရဟန်းသုံးပါးဟာ အခု ကွယ်လွန်အနိစ္စရောက်သွားတဲ့ ဒကာမကြီး ဒေါ်မေတ္တာချိုရဲ့ သားအရင်း ခေါက်ခေါက်တွေပဲ။ အစွဲအလမ်းတွေနဲ့ သေကြတော့ အစွဲရှိရာ ဝင်စား ရောက်ရှိတာကိုး။ အမေက သားလူဝင်စားတွေကို ကြောက်ရွံ့တယ်





[illegible]တယ်။ သားတွေကလည်း ဘဝဟောင်းကို ပြန်သတိရပြီး အငြိုး [illegible]နေတယ်။ လူမိုက်ဖြစ်လာမည့် ကလေးတွေကို လူတော်ဖြစ်အောင် [illegible] မွေးစားပြီး မနည်းထိန်းကျောင်းခဲ့ရတယ်။ လူဝင်စား ကလေးသုံး [illegible]။ အမေစွန့် ကလေးသုံးယောက်၊ ဘုရားရတနာ၊ တရားရတနာ၊ [illegible]ရတနာကို သိပြီး ရဟန်းဘဝနဲ့ တရားကျင့်နေကြတယ်။

အခု မိဘနဲ့ ဆရာသမားရဲ့ ကျေးဇူးဂုဏ်ကိုလည်း သူတို့ သိ [illegible]ပြီး ရဟန်းဝတ်ခြင်းရဲ့ အကျိုးကျေးဇူးက အမုန်း၊ အလန့်အား [illegible]နေတဲ့ မိခင်ကြီးဒေါ်မေတ္တာချိုကို နောင်တအသိတရား အမြင်မှန် [illegible] ရစေခဲ့တယ်။ ဟောဒီစာက ဒကာမကြီး ဒေါ်မေတ္တာချို နောင်တအသိ [illegible]သားရဟန်းသုံးပါးကို ကန်တော့ဝန်ချ တောင်းပန်ရှိခိုးခဲ့တဲ့ စာပဲ။ [illegible] အမေလည်း အသေမြတ်သလို ရှိခဲ့ပါပြီ။

သူတို့အမုန်းတွေ ကြေပွဲပြီး ကြည်လင်သန့်ရှင်းတဲ့လမ်းကို [illegible]ခဲ့ကြပါပြီ။ ဆင်သွားရင် လမ်းဖြစ်သလိုပါပဲ။ အသိတရားကြီးသူ [illegible]ရင် လမ်းဖြစ်တယ်။ သံဝေဂနဲ့ မေတ္တာတရားတွဲပြီး သည်လမ်း [illegible] ဆက်လျှောက်ကြ။

သားတွေလည်း ကွယ်လွန်သူ အမေ့ကျေးဇူးကို အခုသုသာန် [illegible] တရားနဲ့ ရေစက်ချပါပြီ။ ကိုင်း ...ရေစက်ချကြစို့”

ရေစက်တရားအဆုံးမှာ ...

သားအကြီးဆုံးဖြစ်တဲ့ ရဟန်းပျို အရှင်တိက္ခက, အမျှပေးဝေ

[illegible]

“ဒကာမကြီး ...ဒေါ်မေတ္တာချိုနှင့်တကွ သုံးဆယ့်တစ်ဘုံ [illegible]ဘုံ ကြားကြသမျှ ...အမျှ ...အမျှ ...အမျှ ...”



www.burmeseclassic.com

www.burmeseclassic.com



"သာဓု ...သာဓု ...သာဓု ..."

သားရဟန်းသုံးပါးက တစ်လှည့်စီ အမျှဝေတယ်။ ပြီးလည်
ပြီးရော ဒေါ်မေတ္တာချို့ရဲ့အခေါင်းကို မြေကျင်းထဲချပြီး မြေဖို့လိုက်ကြ
တယ်။

"အမေ ...ဒကာမကြီး။ ကောင်းရာ သုဂတိဘုံကို ရောက်
ပါစေ"

"အမေ ...ဒကာမကြီး။ ကောင်းရာ သုဂတိဘုံကို ရောက်
ပါစေ"

"အမေ ...ဒကာမကြီး၊ ကောင်းရာ သုဂတိဘုံကို ရောက်
ပါစေ"

(မှတ်ချက် ။ ။ ဤဇာတ်ကျောရိုးကို ပြောပြသည့် စာရေးဆရာကြီး
မောင်စိန်လှိုင်(ဥဿာ)ကို ကျေးဇူးတင်ပါသည်။ ၎င်း
ဝတ္ထုရဲ့ အသေးစိတ်အဖြစ်အပျက်ကို တစ်နေ့ ဝတ္ထု
ရှည်လုံးချင်း ပြန်လည်ရေးသားပါမည်။)

မောင်ညိုမိုး(သန်လျင်)


www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❏

ရန်ကုန်မြို့စွန်၊ သမိုင်းဟူသော ရပ်ကွက်အတွင်း၌ 'ပုလဲမြိုင်
ဟူသော ခြံကြီးနှင့် အိမ်ကြီးကို လူအတော်များများ သိကြသည်။ ယ
ကတော့ မြို့အစွန်၊ အလွန်ချောင်ကျသော ရပ်ကွက်အတွင်း၌ တည်
သည်။ လူနေနည်းပြီး မြေလွတ်မြေရိုင်း အလွန်ပေါသဖြင့် နှစ်ရှည်သီး
ကြီးများ၊ စိုက်ပျိုးပြီး ခြံကြီး၊ ဝင်းကြီးများဖြင့် နေထိုင်ကြခြင်း ဖြစ်သည်

မီးနဲ့၊ သရက်၊ ဒညှင်းအလွန်ပေါသည်။ ခြံစည်းရိုးအဖြစ်
သန့်ကာရံခြင်းမရှိ။ ကြခတ်ဝါး၊ ထီးရိုးဝါး၊ ဝါးနက်ဝါးနှင့် ဝါးပိုးဝါးများ
စိုက်ပျိုးပြီး အေးချမ်းစိတ်ငြိမ်စွာ နေထိုင်ကြခြင်းဖြစ်သည်။ မြန်မာလူ
များထက် ကရင်လူမျိုးနှင့် နွားမွေးမြူသော ကုလားများ၊ စိုက်ပျိုး
မြူရေးလုပ်ကြသော ကရင်လူမျိုးများ ကုန်စုံဆိုင်ဖွင့်သည့် တရုတ်
က အများစု နေထိုင်ကြသည်။

အိမ်အများစုမှာ သစ်အိမ်များဖြစ်ကြပြီး သမိုင်းဘူတာရုံ
သော၌ ဘုန်းတော်ကြီးကျောင်းနှင့် တိုက်ပုကလေးများ ရှိကြသည်။



အထဲ၌ (GOLDEN PEARLS HOUSE)ခေါ် မြန်မာအမည် 'ပုလဲမြိုင်'
ဆိုသည့် အိမ်ကြီးက နှစ်ထပ်၊ ဆင်ဝင်ဖြင့် ကြီးကျယ်ခန့်ညားစွာ နေရာ
ယူထားသည်။ အနောက်တိုင်းပုံစံဖြစ်သည်။ နံရံများအား အုတ်စီ၍
အနီရောင်ဆေးသုတ်ပြီး (IVY) ခေါ် သစ်ကပ်နွယ်ပင်များအား စိုက်ပျိုး
ထားသဖြင့် အနောက်တိုင်းသားများ နေထိုင်ကြသည့်အိမ်ကြီးမှန်း မြင်ရုံ
ဖြင့် သိသာပါသည်။

အိမ်ခြံကြီးအတွင်း၌ ယူကာလစ်၊ ထင်းရှူး၊ အယ်လ်ပိုင်း၊ မိုးမခ
သော အပင်များအပြင် အလှအပ၊ ပန်းမျိုးစုံလည်း စိုက်ပျိုးထားသေး
သည်။ အိမ်ခြံကြီးမှာ တစ်ဧကခန့် ကျယ်ဝန်းသဖြင့် အိမ်အနောက်ဘက်
အခြမ်း၌ ရာသီအလိုက် သီးနှံပင်များအပြင် နှစ်ရှည်သီးပင်ကြီးများက
လည်း ဝေဝေဆာဆာ သီးပွင့်နေကြသည်။ ခြံစည်းရိုးကို ဝါးပင်ကြီးများဖြင့်
ကာရံထားသော်လည်း အတွင်း၌ ပုဏ္ဏားရိပ်ခြံစည်းရိုးတန်းတစ်တန်းက
နေအောင် စနစ်တကျ စိုက်ပျိုးထားသဖြင့် ခွေးပင်တိုးမဝင်နိုင်ပါ။

ကျွန်တော့ ဖခင်အမည်က ဦးကြိုင်၊ လယ်သမားမျိုးရိုးဖြစ်
သည်။ သို့သော် အတွေ့အကြုံဗဟုသုတ ကြွယ်ဝသဖြင့် ထိုခေတ်အချိန်
က ခေတ်မီသူတစ်ဦးဟု ဆိုရပေမည်။ အမြင်ကျယ်သည်။ အပေါင်း
အသင်း ဆန့်သည်။ လုပ်ငန်းအတွေ့အကြုံ စုံလင်သည်။

ထောက်ကြန့်ဘက်မှ သဃ်နက်ကျွန်းကြီးဟု ခေါ်ဆိုအပ်သော
ရွာပေါက် သူကြီးသားတစ်ယောက်ဖြစ်သည်။ လယ်သမားသားသမီး
ဖြစ်သော်လည်း ခေတ်ပညာ အသင့်အတင့်တတ်သည်။ ပေါင်းသင်း
ဆံရေး ကောင်းသည်။ ဝါသနာအရ လေ့လာဆန်းစစ်တတ်သဖြင့်
သာစိုက်ပျိုးတတ်သည့်အပြင် သေနတ်ပစ်၊ အမဲလိုက်ခြင်း၊ ရောင်း

www.burmeseclassic.com



ကုန်ဝယ်ကုန်ပစ္စည်းများအား ကူးသန်းရောင်းဝယ်ခြင်း၊ စိုက်ပျိုးမွေးမြူခြင်းတို့ကိုလည်း ကျွမ်းကျင်နှံ့စပ်ပါသည်။

အဖေတို့ငယ်စဉ်က ကန်တွင်းတောခေါ် ယခု သာယာကန်တောနှင့် နီးသဖြင့် ရာသီတောတွင်း သီးနှံများအပြင် ထင်းခုတ်ခြင်း၊ သစ်ခုတ်ခြင်း၊ အမဲလည်ခြင်းများကို ပြုတတ်သည်။ အဖေက သူကြီးသားဖြစ်သဖြင့် ထိုခေတ် ထိုအချိန်က သူကြီးများကို ပေးထားသည့် သူကြီးသေနတ်ခေါ် စိုင်ပေါင်နှစ်လုံးပြူးသေနတ်ကြီးဖြင့် မုဆိုးလုပ်သည်။ ထိုစဉ်က ချေ၊ စိုင်၊ ဆတ်၊ တောဝက်၊ မျောက်အပြင် ဆင်နှင့် ကျားများပင်ရှိသည်ဟု ဆိုသည်။

ထိုစဉ်က သယ်န်းကျွန်း၊ ထားဝယ်ချောင်၊ စစ်ပင်၊ မဒ၊ ဆင်ဖုန်ဟူသော ရွာများမှာ ငမိုးရိပ်ချောင်းစပ်တွင် တန်းစီပြီးရှိနေသည်။ အဖေတို့ငယ်စဉ်က အတွေ့အကြုံများကို ကျွန်တော်တို့အား အိပ်ရာဝင်ပုံပြင်သဖွယ်ပြောပြသည်မှာ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသည်။

ထို့ကြောင့်လည်း ကျွန်တော် တောသဘာဝနှင့် တောတွင်းတိရစ္ဆာန်များအပြင် တောတွင်းသဘာဝပေါက်ပင်များကို ငယ်စဉ်ကပင် စိတ်ဝင်စားခဲ့ခြင်း ဖြစ်ပါသည်။ ဘမျိုးဘိုးတူဟူသော စကားမှာ ဤနေရာတွင် အကျုံးဝင်ပါလိမ့်မည်။

ကျွန်တော့်ဖခင် အိမ်ထောင်ကျတော့ ဆင်ဖုန်ရွာသူ၊ ကျွန်တော့်မိခင် ဒေါ်ခင်မိနှင့် အိမ်ထောင်ပြုသည်။ (၂)နှစ်ခန့် တောရွာ၌ လယ်ယာလုပ်ကိုင်နေထိုင်ပြီး မကြီးပွားသဖြင့် မိဘ၊ ဖခင်တို့ထံမှ အမွေတောင်းကာ ယခု မရမ်းကုန်းမြို့၊ သမိုင်းလမ်းဆုံသို့ ပြောင်းလာကြခြင်းဖြစ်သည်။

ထိုစဉ်က သမိုင်းလမ်းဆုံဆိုသည်မှာ နယ်ဘက်သွားရန်နှင့် အင်းစိန်၊ ရှစ်မိုင်လမ်းဆုံဘက်သွားရန် လမ်းဆုံလမ်းခွဖြစ်သည်။ ယခု

---



[illegible] တိုက်တာကြီးများတော့ မရှိသေး။ ဈေးရောင်းဈေးဝယ် ဆိုင်ကလေး [illegible] ပုံကျဲရှေးသည်များ နေထိုင်ကြသည်။

အင်းစိန်ဆိုသည်က တောမြို့ကလေး၊ ဒညင်းကုန်းလမ်းဆုံတွင် [illegible]တော်ကြီးကျောင်းများနှင့် တောရွာထွက်ပစ္စည်းများ၊ စပေါင်းရောင်း[illegible] တောဈေးကလေးသာရှိသည်။ ညနေစောင်းသည်နှင့် လူအလွန်[illegible] ခြောက်ပြတိုက်၊ လူယက်တတ်သည်ဟုပင် နာမည်ကြီးသည်။

ဒုတိယကမ္ဘာစစ်လက်ကျန် FORD ကား၊ ခေါင်းတို၊ ခေါင်းရှည်[illegible]ကြီးများအား အိမ်အမိုးလုပ်၍ ပြေးဆွဲနိုင်ခြင်းဖြစ်ပြီး ဒညင်းကုန်း[illegible]သို့ သွားလိုလျှင် မြေနီလမ်း၌ မြင်းလှည်းစီးရသည်။ ကိုယ်ပိုင်ကား[illegible]လည်း FORD နှင့် AUSTIN ဟူသော ကားစုတ်ဆလွန်းကားလေး[illegible]ယောက်သာ ရှိသည်။ ကိုယ်ပိုင်ကားစီးသူ အရေအတွက်မှာ လွန်စွာ[illegible]လှသည်။

လမ်းဆုံကျပြီး အရောင်းအဝယ်ကောင်းသော နေရာကောင်း[illegible]ဖြင့် အခြေကျသည်နှင့် အဖေက ထိုခေတ်က ဝင်ငွေကောင်းသော [illegible]ရေည်ဆိုင်ကြီး ဖွင့်သည်။ တစ်နှစ်ခန့်ကြာတော့ အရောင်းအဝယ်[illegible]သဖြင့် လက်ဖက်ရည်ဆိုင်ကြီးနှင့် ဆက်စပ်လျက်ရှိသော မြေ[illegible]အား ဈေးချောင်ချောင်ဖြင့်ဝယ်ပြီး အိမ်ဆောက်ပစ္စည်း အမျိုးမျိုး[illegible]ဝယ်သော ကုန်မာပစ္စည်းအရောင်းဆိုင် ဖွင့်ပြန်သည်။

သို့သော် ထိုကာလက အိမ်ကြီးအိမ်ကောင်း ဆောက်လုပ်သူ[illegible]ဖြင့် ၀ါး၊ ဆောက်၊ တူ၊ သံအမျိုးမျိုးနှင့် ပတ္တာ၊ မင်းတုန်းလောက်[illegible] အရောင်းအဝယ်ကောင်းသည်။ တိုက်ဆောက်သောပစ္စည်းများက[illegible]ဝယ်ပါးသည်။ အသင့်အတင့်တော့ ရောင်းရပါသည်။

✿ ✿ ✿

www.burmeseclassic.com

[ ၂ ]

၁

ကျွန်တော်၏ မိဘများက အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်ကို
သည်။ အဖေကိုယ်တိုင်လည်း အတွေ့အကြုံ ဗဟုသုတရစေရန် ဂျပ
ခေတ်က ချွေးတပ်ဆွဲသည်ကို လိုက်သွားဖူးသည်။ အမှန်က သူကြီးသာ
ဖြစ်၍ ချွေးတပ်သားစုဆောင်းပေးရုံသာ၊ သံဖြူဇရပ် မီးရထားလမ်း
(သေမင်းတမန်လမ်း) ဖောက်လုပ်ရေးအထိ လိုက်သွားဖူးသည်။

သူကြီးသာ၏ အလုပ်သမားခေါင်းဖြစ်၍ သေကံမရောက် သ
မပျောက်ဘဲ ပြန်လွတ်လာသူဖြစ်သည်။ အဖေက ပေါင်းသင်းဆက်
ရေးကောင်းသောကြောင့် ဂျပန်စစ်ဗိုလ်များက ချစ်ခင်ကြသဖြင့် အ
ချောင်ပြီး အစားအသောက်ကောင်းကာ ကားမောင်းခြင်းနှင့် တံတား
ဆောက်ခြင်း၊ ဂျပန်စကားပြောခြင်းများကိုပါ တတ်ကျွမ်းလာခဲ့သည်
ချွေးတပ်စခန်းကအပြန် သယ်နီးကျွန်းကြီးရွာ ပြန်အရောက်
ပြီးမှ ကျွန်တော်တို့မိခင်နှင့် အိမ်ထောင်ကျပြီး သမိုင်းလမ်းဆုံသို့ ပြော



ခြင်း ဖြစ်သည်။ ထိုအချိန်က ကျွန်တော့်ကို မမွေးသေးပါ။ အကြီး
ကျွန်တော်တို့ အစ်ကိုကြီးနှင့် အစ်မကြီး၊ အစ်မလတ်တို့သာ မွေးဖွား
သည်ဟု သိရသည်။ ထိုလမ်းဆုံတွင်နေကြစဉ် မိဘများစီးပွားတက်
ကြသည်။

ဂျပန်အပြေး၊ အင်္ဂလိပ်ပြန်အဝင်တွင် ကျောက်ကြီးရောဂါ ဝမ်း
နှင့် ပုလိပ်ရောဂါများ မြို့ရွာအနှံ့ ဖြစ်ပွားကြသည်။ ဆေးဝါးလည်း
ရှားသည်။ မြန်မာဗိန္ဒော၊ ပယောဂဆရာများဖြင့်သာ ကုသကြရ
သေသအပျောက် အလွန်များသည်။ မသေ၍ကျန်ခဲ့သော် မျက်နှာပြင်
အရုပ်ဆိုးစွာ တွင်းချိုင့်ကြီးများ ကျန်နေခဲ့သည်။

ကျောက်ကြီးရောဂါမှာ တစ်ခါဖြစ်ပြီးလျှင်တော့ နောက်တစ်ခါ
တော့ပါ။ ထို့ကြောင့် နောက်ပိုင်းတွင် ကျောက်ကြီးရောဂါကာကွယ်
ဆေးကို နွားကျောက်ရောဂါမှထုတ်ယူပြီး (SMALL POX VACCINE)
လူတို့အား ထိုးနှံကာကွယ်ပေးခြင်းဖြစ်သည်။

ကျွန်တော်တို့ သမိုင်းလမ်းဆုံအိမ်၌လည်း လက်ဖက်ရည်ဆိုင်
ဖွင့်ထားသဖြင့် လူပေါင်းစုံရကား ကျောက်ကြီးရောဂါဝင်လာ၍
ကြီးနှင့် အစ်မလတ်တို့ ကျောက်ကြီးရောဂါဖြစ်ကြသည်။ အစ်မလတ်
ကြီးရောဂါဖြင့် ထိုအိမ်၌ ဆုံးပါးပြီး အစ်မကြီးက မသေမပျောက်
ခဲ့သော်လည်း မျက်နှာပေါ်၌ ကျောက်ပေါက်မာခေါ် အနာရွတ်
ကျန်ခဲ့ရှာပါသည်။

❁

မိသားစုတစ်စုလုံး အကူးအစက်မခံရသည်ကပင် ကံကောင်း
သည်ဟုဆိုရပေမည်။ အဖေက တစ်ခါတစ်ရံ သေရွာပြန်အဖြစ်
ပြောပြတတ်သည်ကတော့ သူတို့ချွေးတပ်သားများအား ဂျပန်
သားများက ဗဒိုအတွင်းသို့ ကာကွယ်ဆေးထိုးပေးကြောင်း၊

www.burmeseclassic.com



ဝင်ရောဂါနှင့် ဝဲလိပ်ရောဂါအတွက်ကတော့ ကာကွယ်ဆေးမရှိကြောင်း အသီးအရွက် အစိမ်းမစားဘဲ ရေကို ကျိုချက်သောက်ပါက မဖြစ်နိုင်ကြောင်း ရှင်းပြတတ်သည်။

အဓိကက လက်နှင့် ပါးစပ်ကို အသန့်ရှင်းဆုံးထားရန်လည်း ပညာပေးသည်။ ထိုမီးရထားလမ်း၌ ဆပ်ပြာမလုံလောက်၍ ထုံးဖြ လက်ဆေးရကြောင်း၊ ထုံးမှုန့်အား အင်္ဂတေဖျော်ရာမှ ရရှိနိုင်သဖြ ကောင်းကြောင်း၊ ရေနွေးဖြင့်ဆေးပါက ပြောင်စင်ကြောင်း၊ ထုံးမှု မှာ ရောဂါကာကွယ်ရန် ဆေးကြောရာ၌ အလွန်ကောင်းသည့် ကာကွ ဆေးဖြစ်ကြောင်း သိရပါသည်။

အစ်မလတ်ဆုံးပြီးစ ထိုအချိန်ကာလသည်းက အမေ စိတ်မချ သာတော့၊ နေ့စဉ် ပူဆွေးသောက ရောက်နေရှာသည်။ အဖေအားလည် အိမ်ပြောင်းရွှေ့ရန် နေ့စဉ် ပူဆာနေတော့သည်။ ထို့ကြောင့် အဖေ လည်း အလုပ်တစ်ဖက်ဖြင့် အိမ်နေရာကောင်းကောင်းအား ထောက်လှ ရှာဖွေရတော့သည်။ ထိုစဉ်က မြေဈေး၊ အိမ်ဈေးမှာ အလွန်ပေါသည်

ပျဉ်ထောင်အိမ်ပါ မြေကွက်ကျယ်ကျယ်က ရာဂဏန်း။ တို အိမ်ပါမှ ထောင်ဂဏန်း၊ မြေလွတ်မြေရိုင်းက ဆယ်ဂဏန်းမျှသာ။ စဉ်က ရန်ကုန်–အင်းစိန် လမ်းမကြီးမှာ အသွားအပြန် တစ်လမ်းတည် သာ။ ဆယ်ပေခန့်သာ ကျယ်ဝန်းသော ကတ္တရာလမ်းဖြစ်သည်။

သမိုင်းလမ်းဆုံမှ အနောက်ဘက် အတွင်းဝင်သည့် သမို ဘူတာရုံလမ်းဘေး အတွင်းကျကျ၌ ဤဖတ်လမ်းအစတွင် ဖော်ပြ သော ပုလဲမြိုင်အိမ်ကြီးကို အဖေရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထို က ကြီးမားကျယ်ပြန့်သော အနောက်တိုင်းပုံစံအိမ်ကြီးအား ဒါဇွေ သော ခြံစောင့်ကြီး ဦးမင်းမောင်ထံမှ ငွေကျပ်ထောင်ဂဏန်းဖြင့် ဈေး



ချောင်ရခဲ့ခြင်းဖြစ်သည်။ ထိုခေတ်ထိုအခါက ငွေကျပ်တန်ဖိုးမှာ လွန်စွာ ကြီးမားပေသည်။ တိုက်အိမ်ဖြင့် နေထိုင်နိုင်သူလည်း လွန်စွာရှားပါးလှ သည်။

အဖေ ရှာဖွေတွေ့ရှိခဲ့သမျှ နှစ်မြို့ကိုသောအိမ်များကို အမေ့ အား ခေါ်ယူပြသခဲ့သော်လည်း အမေက သဘောမကျသဖြင့် ငြင်းပယ်ခဲ့ သောအိမ်များမှာ များလှပေပြီ။ သို့သော် ယခု 'ပုလဲမြိုင်' အိမ်ကြီးကို တော့ ပဋ္ဌာန်းဆက်ကြောင့် ထင်ပါရဲ့၊ အမေက မြင်သည်နှင့် သဘောကျ သည်။ ထို့ကြောင့် အဖေက စုဆောင်းငွေကြေးဖြင့် ဝယ်လိုက်ပါသည်။ အမေက ချက်ချင်း ပြောင်းရွှေ့နေလိုသော်လည်း အဖေက ပုလဲမြိုင်အိမ် ကြီးနှင့် ခြံကြီးအား ပြင်ဆင်ရှင်းလင်းဆေးသုတ်ခြင်း လုပ်နေရသဖြင့် အချိန်ဆွဲထားပြန်သည်။

ထိုအချိန်က လွတ်လပ်ရေးရခါနီးဖြစ်၍ တောကြောင်များနှင့် သည်။ သူခိုးများ အလွန်သောင်းကျန်းလွန်းသဖြင့် တောသူဌေးများဖြစ် ကြသော အဖေတို့ အတွင်းပိုင်းရပ်ကွက်အတွင်း၌ မနေရဲကြပြန်။ ဗိုလ် ချုပ်အောင်ဆန်းလုပ်ကြံခံရပြီး လွတ်လပ်ရေးရတော့လည်း ရောင်စုံသူပုန် များ သောင်းကျန်းသော ခေတ်ရောက်တော့လည်း မရွှေ့ပြောင်းရဲသေး။ ထိုအခါ ၁၉၄၉ ခုနှစ်၌ သမိုင်းလမ်းဆုံအနီး ခဝဲခြံတွင် ကရင်–မြန်မာ တိုက်ပွဲဖြစ်ပြန်တော့ စစ်ပွဲအတွေ့အကြုံရှိသည့် အဖေက စစ်သွေးစစ်မာန် များ ပါဝင်တိုက်ခိုက်ပြန်ပါသည်။

၁၉၄၉ ခုနှစ်ကုန်ခါနီးမှ အေးချမ်းသွားသဖြင့် ပုလဲမြိုင်အိမ် ကြီးသို့ ပြောင်းရွှေ့လာကြရတော့သည်။ အိမ်ကြီးကိုဝယ်ယူပြီး (၃)နှစ်ခန့် ထားရာမှ ပြောင်းရွှေ့ရန် စီစဉ်ရခြင်းဖြစ်သည်။ အဖေ့ခမျာ လူငှား



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ဈေးဆိုင်တစ်ဖက်နှင့် ပုလဲမြိုင်အိမ်ကြီးကို ပြန်လည်မွမ်း
မြံရှင်းရသည့်တ တစ်ဖက်ဖြင့် အလွန် အလုပ်များလှပေသည်။

ပုလဲမြိုင်ခြံကြီးမှာ တစ်ဧကကျယ်ဝန်းသည်။ သီးပင်စားပင်
များလည်း စုံလင်စွာ ပါရှိသည်။ အိမ်ကြီးမှာ အင်္ဂလိပ်ပုံစံ နှစ်ထပ်တို
အိမ်ကြီးဖြစ်ပြီး ဆင်ဝင်၊ လသာဆောင်၊ မီးခိုးခေါင်းတိုင်နှင့် အိမ်မ
အပေါ်အောက် တံခါးမကြီးများအား အတွင်းက ကျွန်းတံခါးကြီး၊ အ
က ဘီလပ်သံတံခါးဖြင့်လည်းကောင်း၊ ပြတင်းပေါက်များမှာ မှန်တံခါး
ဖြစ်သော်လည်း အတွင်းက ကျပ်လုံးဘီလပ်သံတိုင်များ စိုက်ထူ
သည်။ ထို့ကြောင့် လွန်စွာ ခိုင်ခန့်လုံခြုံလှသည်။ အိမ်တွင်းအခန်း
ဖွဲ့စည်းပုံမှာ အောက်ထပ်အပေါ်ထပ် အတူတူပင်ဖြစ်သည်။

ဧည့်ခန်းကျယ်ကြီးနှင့် အိပ်ခန်း(၄)ခန်း၊ စကြံလမ်း၊ ထ
စားခန်း၊ မီးဖိုခန်း၊ အိမ်သာ၊ ရေချိုးခန်း၊ စတိုခန်းနှင့် အဝတ်လှန်း
များ ကိုယ်စီပါသည်။ အရှေ့ဘက်၌ လသာဆောင်ရှိသလို အနော
ဘက်၌ ဝရံတာရှိသည်။ ထိုသို့ ခိုင်ခန့်အောင် တည်ဆောက်ထားသ
(၃)နှစ်ခန့် ပယ်ပြီး ပစ်ထားသော်လည်း ပျက်စီးယိုယွင်းခြင်း မရှိ
ခြံအတွင်း ပန်းပင်များ၊ စားပင်များ၊ ရာသီပေါ် သီးနှံစိုက်ခင်းနေရာ
တွင်တော့ တောချုံ၊ ပေါင်းမြက်နှင့် အရိုင်းပင်များကဖုံးအုပ်ပြီး တော
နေတော့သည်။

| ၃ |

ပုလဲမြိုင်ခြံကြီးအား ပြင်ဆင်ရှင်းလင်းပြီးနောက် ပြောင်းရွှေ့ရန်
စီစဉ်နေစဉ် အဖေ့အား အမေက တစ်မျိုးတောင်းဆိုပြန်သည်။ သမိုင်း
လမ်းဆုံရှိ လက်ဖက်ရည်ဆိုင်ကြီးနှင့် ကုန်မာဆိုင်အား ရသည့်ဈေးနှင့်
ရောင်းပစ်ရန်ဖြစ်သည်။ စီးပွားရေးအခြေအနေအရ ဤဆိုင် (၂)ဆိုင်
တသာ ဝင်ငွေရှာပေးနေသဖြင့် အဖေက မရောင်းလိုပါ။

ပုလဲမြိုင်အိမ်ကြီးနှင့် အလှမ်းမဝေးသောကြောင့် စက်ဘီးဖြင့်
သာရောက်လုပ်ကိုင်နိုင်ကြောင်း အဖေက ရှင်းပြသော်လည်း အမေက
လက်မခံပါ။ သမီးလတ်ဆုံးပါးသွားကတည်းက ဤအိမ်၊ ဤဆိုင်များကို
လှည့်၍ပင် မကြည့်လိုတော့ဟု တွင်တွင်ဆိုနေသဖြင့် အဖေက အမေ့အလို
လိုက်ပြီး အလျှော့ပေးကာ ဒေါ်စောတင်ဟူသော အမေ့မိတ်ဆွေ ဆိုင်နီး
ချင်းမိန်းမကြီးအား ရသည့်ဈေးဖြင့် ရောင်းချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၁ ခုနှစ်ဆန်းပိုင်းကျမှ ပုလဲမြိုင်အိမ်ကြီးသို့ အပြီးအပိုင် ပြောင်းရွှေ့ဖြစ်တော့သည်။ ပုလဲမြိုင်အိမ်ကြီးတွင် အခြေကျတော့လည်း အဖေ့တွင် အလုပ်အကိုင်မရှိသဖြင့် ဝင်ငွေမရှိ။ စုဆောင်းထားသော ငွေကြေးကလေးဖြင့် ထိုင်စားနေကြရသည်။ ခြံတွင်း ရာသီပင်စိုက်ခင်း တွင်တော့ ရာသီပေါ်သီးနှံများကို အဖေစိုက်သည်။ မိသားစုချက်ပြုတ် စားရန်အတွက်တော့ ရပါသည်။ ရောင်းစားရန်တော့ ပိုလျှံခြင်းမရှိ။ ရောင်းစားရသည့်တိုင် အိမ်စရိတ်လုံလောက်သော ဝင်ငွေကို ရမည် မဟုတ်ပါ။

ထိုစဉ် စစ်တပ်က အဖေ့အား ခဝဲခြံတိုက်ပွဲတွင် ရှုပ်ရှုပ်ချုံ ပါဝင်တိုက်ခိုက်ပေးခဲ့သည့်အတွက် နှစ်လုံးပြူးသေနတ်ကြီးတစ်လက်အား ဆုချ၍ ရပ်ရွာလုံခြုံရေးအတွက် သူကြီးခန့်ပြီး လိုင်စင်ဖြင့် ကိုင်ဆောင် စေသည်။ ကျွန်တော့်အား ပုလဲမြိုင်အိမ်ကြီးသို့ ရောက်ရှိပြီး (၁၀) လခန့် အကြာ ၁၉၅၀ နှစ်ကုန်ပိုင်းတွင် မွေးဖွားသည်။

ကျွန်တော်မွေးဖွားစဉ်မှပင် အဖေနှင့် မိတ်ဆွေအပေါင်းအသင်း များ စုစည်း၍ သွင်းကုန်ကုမ္ပဏီထောင်သည်။ ဆောက်လုပ်ရေးလုပ်ငန်း များလည်း တစ်ဖက်က လုပ်သေးသည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို တော့ သမိုင်းလမ်းဆုံ၌ ကုန်မာပစ္စည်းဆိုင်ဖွင့်စဉ်က ရင်းနှီးခင်မင်ခဲ့သော ကောဘကြီးခေါ် ကုလားသူဌေးဖြင့်ပေါင်းပြီး အဖေက ကန်ထရိုက်လုပ် ခြင်းဖြစ်သည်။

အဖေ့တွင် အဆက်အသွယ်၊ အပေါင်းအသင်း စုံသည်။ ကုလား သူဌေး၊ ပန်းရန်ဆရာတို့များစွာ အဆက်အသွယ်ရှိသည်။ အလုပ်အကိုင် အဆက်အသွယ်ကောင်း၍ မကြာမီ အဖေ AUSTIN ဟူသော ကား





အနက်ကလေး ဝယ်စီးသည်။ အစပိုင်း ကိုယ်တိုင်မောင်းသည်။ အဖေ့ လုပ်ငန်းမှာ ကျယ်ပြန့်လာသဖြင့် ရန်ကုန်တစ်မြို့လုံးအနှံ့ ပတ်နေရရာ သားမရှိ၍ မဖြစ်တော့ပါ။

နောက်ပိုင်း ဒရိုင်ဘာနှင့် ခြံစောင့်မာလီကုလားကြီးတစ်ယောက်၊ အိမ်ဖော်(၂)ဦးကိုပါ ငှားရတော့သည်။ အစ်ကိုကြီးနှင့် အစ်မတို့က အိမ် နှင့်နီးသည့် သမိုင်းမြို့မကျောင်းတွင် ကျောင်းတက်နေကြပြီဖြစ်သည်။ ကျွန်တော်(၂)နှစ်သားရောက်တော့ အငယ်ဆုံးညီငယ်ကို အမေက မွေး ဖွားသည်။

အငယ်ဆုံးဖြစ်၍ အဖေ၊ အမေက ချစ်သော်လည်း ကျွန်တော် က ကြည့်မရ။ ဒီကောင်က မွေးကတည်းက အငိုအရယ်သန်သည်။ အသံကိုညှစ်၍ ရှူးဝါးကျယ်လောင်စွာ ငိုတတ်သည်။ ကလေးပေါက်စ အဝမှာပင် ကျွန်တော်နှင့် မတည့်။ အစားကလည်း အလွန်ပုပ်သည်။ နို့ဘူးတစ်လုံးကို (၁၀)မိနစ်ခန့်ဖြင့် ကုန်အောင်စို့သည်။ အမေ့နို့ဆွဲလျှင် လည်း မထတော့။ ဒီကောင်မွေးမှ အမေ အတော်ပိန်သွားသည်။

ကျွန်တော် (၅)နှစ်သားရောက်တော့ အငယ်ကောင်သုံးနှစ်သား၊ အရွယ်နှင့်မလိုက်အောင် နေရာတကာ ပါတတ်သည်။ စကားတတ်စ ဖြစ်သဖြင့် စကားလည်း အလွန်များသည်။ ကျွန်တော်ငယ်စဉ်က ကစား စရာများအား သူအကုန်သိမ်းထားသည်။ ပြန်တောင်း၍ မရ။ ကျွန်တော့် ပစ္စည်းဆိုလျှင် သူက အကုန်လိုချင်သည်။ ထို့ကြောင့် ကျွန်တော် တစ်စုံ တစ်ရာကို ပြန်ပြန်သတိရသည်။

အငယ်ကောင်နှင့် ပတ်သက်ဆက်နွယ်မှု မှတ်ဉာဏ်မှာ ကျွန် တော့်အသိအာရုံတွင် ပေါ်လိုက်၊ ပျောက်လိုက်ဖြင့် ဝေဝေဝါးဝါး ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။ ကျွန်တော် (၆) နှစ်ထဲဝင်တော့ ကျောင်းစတက်ရသည်။ အစ်ကိုကြီး၊ အစ်မကြီးတို့နှင့် အတန်းမတူတော့ ကျောင်းတက်ချိန်မတူ။ ကျွန်တော်က မနက်ပိုင်း၊ အစ်ကိုကြီးနှင့် အစ်မကြီးက နေ့လယ်ပိုင်း။ ကျွန်တော်နှင့် အစ်ကိုကြီးက အသက် (၁၀)နှစ်ကွာပြီး အစ်မကြီးနှင့်က (၅)နှစ်ကွာသည်။

မနက်စောစော ကျောင်းတက်ရတော့ အစ်ကိုကြီးက အမြဲတမ်း ကျောင်းလိုက်ပို့ရသည်။ နေ့လယ် ကျောင်းကပြန်တော့ အိမ်ဖော်မလေး တစ်ယောက်က လာကြိုပေးသည်။ ကျောင်းက ပြန်ရောက်ပြီးသည်နှင့် ရေချိုး၊ အဝတ်အစားလဲ နေ့လယ်စာစားသည်။ ကျွန်တော်က ငါးပိရည် မကြိုက်။ ဟင်းကို အချိုချက်ပေးမှ သဘောကျသည်။ ထမင်းအစား ပေါင်မုန့်နှင့် ဟင်းကို တို့စားတတ်သည်။ အမေက အငယ်ကောင်ကို ချီပိုးလျက် ကျွန်တော်ထမင်းစားရာသို့ ရောက်လာတတ်ပြီး …

"ငါ့သား … ဘိုကလေး … ထမင်းစားရတာ ကောင်းရဲ့လား"

"အမေ … ကျွန်တော့်ကို ကြက်သား၊ ဝက်သား၊ အချိုချက်ပဲ ပဲဟင်းပျစ်ပျစ်၊ အသီးအရွက်ကြော်ပဲ လုပ်ပေးပါ။ ကျွန်တော်တွေ မစားချင်ဘူး။ နောက်ပြီး ဖွန်းနဲ့ခရင်း လုပ်ပေးပါ။ ဆရာမက မှာလိုက်တယ်။ လက်ကို အမြဲတမ်းသန့်အောင် ထားရမယ်။ ထမင်းစားရင် ဖွန်း၊ ခရင်းနဲ့ စားရမယ်တဲ့"

"အေးပါကွယ် …။ မင်းအဖေဆီ ဖုန်းဆက်ပြီး အမေမှာပေး ပါ့မယ်။ ညနေကျတော့ မင်းအဖေ ရုံးလိုက်ကားက ဝယ်လာပေးပါလိမ့် မယ်"





"ဟုတ်ကဲ့ … အမေ"

ကျွန်တော်က မွေးဖွားစကတည်းက အသားရောင်က နီစပ်စပ်၊ ဆံပင်ပါ နီသည်။ မျက်လုံးက ပြာသည်။ ထို့ကြောင့် မိဘများက ကျွန်တော့်အား ချစ်စနိုးဖြင့် ဘိုလေးဟုခေါ်ကြသည်။

"အမေ … ဒီအိမ်ကြီးနဲ့ ဒီခြံကြီးက ကျွန်တော်ပိုင်တာနော်"

"ဟုတ်ပါတယ် … သားရယ်၊ ဒီအိမ်ကြီးရော ဒီခြံကြီးရော အတွင်းပစ္စည်းတွေပါ သားနဲ့ အမေတို့မိသားစု အကုန်တာပေါ့"

"မဟုတ်ဘူး … အမေ၊ သားတစ်ဦးတည်း ပိုင်တာ"

ထိုစဉ် အဖေ အပြင်ကပြန်လာပြီး ကျွန်တော်ပြောသည်ကို ကြားသွားဟန်ဖြင့် ကျွန်တော့်ခေါင်းကို ပွတ်ပြီး …

"ကဲ … ငါလည်း ငါ့သားနဲ့အတူ နေ့လယ်စာ စားမယ်ဟေ့။ ငါ့သားက ငယ်ငယ်ကလေးရှိသေး အမွေခွဲတော့မှာလား။ လောဘကြီး လှချည်လား … ငါ့သားရဲ့။ ဟဲ … ဟဲ … ဟဲ …"

အမေက အငယ်ကောင်ကို ရင်ခွင်ထဲတွင် ပွေ့ချီထားပြီး ကျွန်တော့်အား ပြုံးပြုံးကြီး ကြည့်နေသည်။

"ကိုကြိုင်လှိုင် … ရှင့်သားက မလွယ်ဘူး။ တစ်ခါတလေ တစ်ယောက်တည်းရှိနေရင် အင်္ဂလိပ်သီချင်းတွေ ဆိုတတ်တယ်။ ကျောင်း ပြင်ထားတာ မကြာသေးဘူး။ အခုလည်း ဖွန်းနဲ့ခက်ရင်းနဲ့ စားမယ်။ သူ့အတွက် ဟင်းအချိုပဲ ချက်ပေးရမယ်တဲ့။ အဲဒါ ရှင့်ဆီတောင် လှမ်း မှာတော့မလို့။ အငယ်ကောင်နဲ့လည်း မတည့်ဘူး။ အငယ်ကောင်က လည်း အလွန်ဆိုးတယ်။ သူ့အစ်ကိုကို ကိုက်ဆွဲတတ်တယ်။ စကား မပီတပီနဲ့ ဆဲတတ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ငါ့သားနှစ်ကောင်က လူဝင်စားတွေ ဖြစ်မယ်။ နှစ်ကောင်စလုံး အသားနီစပ်စပ်နဲ့။ ဒီအိမ်ကြီးရောက်မှ မွေးကြတာ။ အလတ်ကောင် ကျော်နီကတော့ မထူးခြားသေးဘူး။ အစား အသောက်ကလည်း ကြီးပဲ။ သူ့အစ်ကို ပစ္စည်းမှန်သမျှ သူ အကုန်လိုချင်တယ်။ သားကျော်နီ ... ညီလေးကို ညှာနော်။ ညီလေးက မသိတတ်သေးဘူး"

"နောက်ပြီး ... မိန်းမရေ၊ ငါအလုပ်နားရက် ခြံထဲဆင်းကြည့်လို့ အငယ်ကောင်ပါလာရင် ကျွန်းမာသန်စွမ်းအောင် နေရောင်ခြည်ခံပြီး မြေခတ်ပေးတဲ့အနေနဲ့ မြေပေါ်ချလွှတ်ပေးလိုက်ရင် ခြံအနောက်ဘက်က နှစ်ရှည် စိုင်သရက်ပင်ကြီးအောက် ပြေးတော့တာပဲ။ သရက်ပင် စည်ကြီးအောက်ရောက်တာနဲ့ လှည့်ပတ်ပြေးပြီး ငိုတော့တာပဲ။ ဘာ သဘောလဲ မသိဘူး"

"အဲဒါဟာ ..."

ကျွန်တော် စကားမဆက်တော့ပါ။

"ဘာပြောမလို့လဲ ... သား၊ ဆက်ပြောလေ"

"မပြောတော့ဘူး ... အဖေ၊ နောက်မှပြောတော့မယ်။ အဖေ ပင်ပန်းလာတာကို ကျွန်တော် မကြည့်ရက်လို့"

"အလို ... ငါ့သားက စကားကြီးစကားကျယ်ပြောလို့ အရွယ်နဲ့မလိုက်ဘူး။ အဖေ မပင်ပန်းပါဘူး ... သားရယ်။ သားကို မွေးပြီးကတည်းက အဖေ့လုပ်ငန်းတွေ အောင်မြင်လာတာပါ။ ငါ့သားက အကျိုးပေးကောင်းတဲ့ သားပါ"

"သားကြီးလာရင် အဖေ့ကို အလုပ်မလုပ်နိုင်းတော့ပါဘူး။ သား ရှာကျွေးပါ့မယ်။ အခုလည်း ..."





"ဟော့ ... လုပ်ပြန်ပြီ ... ကိုကြိုင်ရေ၊ ရှင့်သားကတော့ ငယ်ဘူးနော်။ စကားပြောရင် ချန်ချန်ထားတတ်တယ်။ တစ်ခုခုကို သိနေသလိုပဲ။ လူဝင်စားဆိုတာ အမှန်ပဲ"

"နေပါဦး ... ခင်မိရယ်၊ သား ဆက်ပြောပါစေဦး။ ငါ့သားက မိဘတွေကို ဘယ်လိုရှာကျွေးမှာလဲကွ ... ဟင်"

"အဖေ ... လောလောဆယ် အောက်ထပ်ဧည့်ခန်းက မီးဖိုဆောင်းကြီးကို ဖျက်လိုက်တော့။ ဒါက ဗမာပြည် ဆောင်းတွင်းပဲ၊ ခဏချမ်းတာ။ အခု မလိုတော့ဘူး"

"ဟ ... သားရဲ့ မူလအိမ်ပိုင်ရှင်က အနောက်တိုင်းသားကြီးတဲ့။ သူဆောက်ခဲ့တဲ့ အိမ်ကလည်း အလွန်စနစ်ကျပြီး ခိုင်ခန့်တယ်။ သူ့လက်ရာ နဂိုပုံစံမပျက်အောင် အဖေက ထိမ်းထားတာပါ။ အဲဒီမီးဖိုကြီးဖျက်လိုက်ရင် ဧည့်ခန်းတောင် ပိုကျယ်သွားဦးမှာ အဖေသိပါတယ်"

"သားက မိဘတွေကို ဘယ်လိုရှာကျွေးမှာလဲ၊ ဖြေဦးလေကွယ်"

အမေက ကျွန်တော့်စကားဆက် မပျောက်စေရန် မေးမြန်းခြင်းပါသည်။

"အဖေ ... မီးဖိုကြီးသာ ဖျက်လိုက်စမ်းပါဗျာ"

"အေးပါ ... သားရယ်၊ အလုပ်ပိတ်ရက်ကျမှ အလုပ်သမားတွေငှားပြီး ဖျက်ပစ်ပါ့မယ် ... သားရယ်"

ထိုစဉ် အမေ့ရင်ခွင်ထဲမှ အငယ်ကောင်က တဝါးဝါး ထငိုတော့သည်။

"ဟော့ကောင် ... ယောက်ဖ၊ တိတ်စမ်း ... ဘလာယ်လ် ... ရှာမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ငါ့သား၊ မင်းညီလေးကို ဘယ်လိုခေါ်လိုက်တယ်"

"ထားပါ . . . အဖေရား မီးဖိုကြီးဖျက်ပြီးမှ ကျွန်တော် ရှင်းပြပါ့မယ်။ အဲဒီအငယ်ကောင်က အရူး။ သူ့အစ်မလည်း အရူးပဲ"

"သား . . . မမကြီးကို အရူးလို့ မပြောရဘူးလေ၊ ငရဲကြီးတတ်တယ်"

အမေက ကျွန်တော့်အား ဆူပြောကလေးနှင့် ဆုံးမသည်။

"ဝုတ်သသဟဲလ်"

"ဘာပြောပြန်တာလဲ . . . သား။ ငါ့သားကတော့ ကျောင်းနေတာမှ မကြာသေးဘူး။ မျိုးစုံတတ်နေတော့တာပဲ။ လူဝင်စားဆိုတာ သေချာပါပြီ"

အဖေက ❝ . .

"မိန်းမရေ . . . မင်းက ငရဲကြီးမယ်ဆိုတော့ ဘာငရဲလဲလို့ ဘိုလိုပြောတာ။ ဒီကောင်က လူမှန်းသိတတ်စကတည်းက သင်ပေးပေမဲ့ ဘုရားလည်း မရှိခိုးဘူး။ ဒါပေမဲ့ ရိုင်းတော့ မရိုင်းဘူးကွ။ အကြောင်းတော့ ရှိလိမ့်မယ်"

"အဖေ . . . မီးဖိုကြီးဖျက်ပြီးရင်တော့ ကျွန်တော့်ကို ဘီအက်စ်အေ လေသေနတ်တစ်လက် ဝယ်ပေးရမယ်နော်"

"သားက မီးဖိုကြီးဖျက်ပြီးတော့ ဘာပေးမှာမို့လဲ သားရဲ့"

ကျွန်တော် မဖြေပါ။

"အဖေ . . . မီးဖိုကြီးကို ဖျက်မှာသာ ဖျက်စမ်းပါဗျာ။ မီးဖိုကြီးဖျက်ရင်လည်း အပြင်အလုပ်သမားတွေ မခေါ်ပါနဲ့။ အဖေရယ်၊ ကျွန်တော်ရယ်၊ အစ်ကိုကြီးရယ်ပဲ ဖျက်ကြမယ်။ သန်ဘက်ခါ တနင်္ဂနွေနေ့ မနက်(၉)နာရီ ဖျက်ကြမယ်နော် . . ."



"အေးပါ . . . သားရယ်၊ အဖေ ဖျက်ပေးပါ့မယ်"

အဖေ ကတိပေးတော့ အငယ်ကောင်က ရူးရူးဝါးဝါး ငိုပြန်သည်။

"ဒီကောင် လုပ်ပြန်ပြီ။ သေချင်လို့လား"

ကျွန်တော်က ကြိမ်းတော့ ချက်ချင်း အငိုတိတ်သွားသည်။

"အင်း . . . ဒီသားနှစ်ကောင်ကတော့ ဟိုဘဝက ရန်ဖက်တွေ ထင်ပါရဲ့။ နှစ်ကောင်စလုံး ဒီ 'ပုလဲမြိုင်အိမ်ကြီး' ရောက်ခါမှ ရှေ့ဆင့်နောက်ဆင့် မွေးကြတာ။ အဆက်အသွယ်၊ အကျိုးဆက်တော့ ရှိလိမ့်မယ်"

အဖေက မှတ်ချက်ပေးတော့ အမေက . . .

"ဟုတ်ပါ့တော် . . . ကျွန်မတို့မျိုးရိုးနဲ့ မတူ၊ အသားက နီစပ်စပ်နဲ့ အင်္ဂလိပ်ရုပ်တွေ၊ ဖော်တွေချည်းပဲ။ ကြီးလာရင်တော့ ဘာတွေဖြစ်ကြမလဲ မသိဘူး"

"အဖေ . . . ကတိပေးဦးလေဗျာ"

"ဟေ . . . ဘာကိုလဲ သားရဲ့"

"မီးဖိုကြီးဖျက်ပြီးရင် ဘီအက်စ်အေလေသေနတ် ဝယ်ပေးမယ်ဆိုတာကိုလေ"

"အေးပါ . . . သားရယ်၊ အဖေ ကတိပေးပါတယ်။ ဒီကောင် ဘယ်လိုကောင်မှန်းမသိဘူး။ ငယ်ငယ်ကတည်းက သေနတ်ကို စိတ်ဝင်စားတာ။ ငါ့နှစ်လုံးပြူးသေနတ်ကြီးကိုတောင် အိပ်ခန်းထဲထားတာ စိတ်မချလို့ သူမသိတဲ့နေရာ အမြင့်ကြီးမှာ ပြောင်းချိတ်ထားရတယ်။ သားကြီးတော့နဲ့နော် အန္တရာယ်ရှိတယ်"

"အဖေ . . . နောက် နှစ်နေရာ သုံးနေရာရှိသေးသဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ ... သားရဲ့၊ ရတနာတွေ မြှုပ်ထားတာလား"

"အချိန်တန်တော့ သိမှာပေါ့ ... အဖေရာ၊ ကျွန်တော် ကောင်း ကောင်းမမှတ်မိတော့ဘူး။ ပြန်စဉ်းစားရဦးမယ်။ ဒါပေမဲ့ အမှတ်အသား တွေရှိပါတယ်။ ရှာတွေ့မှာပါ။ အဖေ ... လာပါဗျာ ... ခြံထဲဆင် လမ်းလျှောက်ရအောင်"

"လုပ်ပြန်ပြီ ... သားရယ်၊ ဒီနေ့ကုမ္ပဏီက စောစောအလုပ် သိမ်းပြီး ပြန်လာတာ နားရမလားမှတ်ပါတယ် ... အခုတော့ကွာ"

"အဖေကလည်း တစ်နေ့တလေပဲ။ ကုမ္ပဏီမှာ နားရင်လည်း ရတဲ့ဟာကို၊ သားသိပါတယ်"

"အေးပါ ... သားရယ်၊ အရင်က ငါ့သားဘာသာ လွတ်လွတ် လပ်လပ် ဆော့နေကျ။ ဒီနေ့ကျမှ ဘာစိတ်ကူးပေါက်ပြီး အဖေ့ကို ခေါ် တာလဲ"

ကျွန်တော်နှင့် အဖေတို့ လက်တွဲပြီး အိမ်အောက်ဆင်း၍ အိမ် အနောက်ဘက်သို့ လမ်းလျှောက်လာခဲ့ကြသည်။

"အဖေ ... ဟိုအငယ်ကောင် အိပ်နေပြီထင်တယ်"

"အေးပါ ... သားရဲ့၊ မင်းအမေပေါင်ပေါ်မှာ အိပ်ပျော်နေ ပြီ"

"ဒီကောင်မပါမှဖြစ်မှာ ... အဖေ။ ဒီကောင်က ဉစ္စာရှာသူ လူဝင်စား။ လာပါ ... အဖေရယ်၊ ခြံအနောက်ဘက်စွန်းက စိုင်သရက် ပင်ကြီးအောက်မှာ အငယ်ကောင် အကြာကြီးရပ်နေတတ်တဲ့ နေရာ သိတယ်မဟုတ်လား"

"အမှတ်တမဲ့ပဲကွ။ သရက်ပင်ကြီးအနောက်ဘက်မှာတော့ ဆေ ချာတယ်။ နေရာကတော့ အသေအချာမသိဘူး"



"ကျွန်တော် ချောင်းကြည့်လို့ သိထားပါတယ် ... အဖေရာ"

"အဲဒီနေရာမှာ ဘာရှိသလဲသားရဲ့"

"တစ်ခုခုရှိလိမ့်မယ်။ နေဦး ... အဖေ၊ ကျွန်တော် မီးဖိုဆောင် ဘက်မှာ သံတူးရွင်း သွားယူလိုက်ဦးမယ်"

ကျွန်တော် သံတူးရွင်းသွားယူပြီး ပြန်လာတော့ အဖေက စိုင် သရက်ပင်ကြီးအောက်၌ စောင့်နေပါသည်။ ကျွန်တော်က နေရာရွေးပြီး–

"အဖေ ... ဒီနေရာမှာ တူးရမှာ။ မြက်ဖုတ်ကို အရင်လှန်။ အောက်ကို (၂) ပေလောက် တူး၊ ခြေရာလက်ရာ မပျက်အောင် ရမှာ။ အငယ်ကောင် မရိပ်မိစေနဲ့"

"မင်းတို့ဟာ ဘာတွေမှန်းလည်း မသိပါဘူး ... သာရယ်"

အဖေက ကျွန်တော်ညွှန်ပြသော နေရာ၊ တစ်ပေပတ်လည် ရှိသော မြက်ဖုတ်ကို အသာအယာလှန်ပြီး မြက်ဖုတ်အား မပျက်စီး စေဘဲ အသာအယာ လွတ်ကင်းရာ၌ ချသည်။ ပြီးမှ ဆက်တူးရာ နှစ် ပေအနက်၌ ယိုထည့်သော ဖန်ပုလင်းတစ်လုံးကို တွေ့ရသည်။ အထဲ၌ ကော်ထုတ်ပဝါဖြင့်ထုပ်ထားသော အထုပ်တစ်ခုကို တွေ့ရသည်။ အဖေ ဖြည်ကြည့်တော့ စိန်ထည်၊ ရွှေထည်၊ လက်ဝတ်လက်စားများ ဖြစ်ကြ သည်။

"ကဲ ... ကျွန်တော် မပြောဘူးလား။ ကျွန်တော့်ပစ္စည်းတွေ ရှိပြီး ဝှက်ထားတဲ့သူခိုး။ အဖေ ... ပစ္စည်းတွေကိုယူပြီး ဖန်ပုလင်း ကြီးခဲနဲ့ထုပ်ပြီး ပြန်ထည့်ထား။ လက်ရာမပျက်အောင် မြေဖို့ပြီး တော့ မြက်ဖုတ်ကို ပြန်ဖုံးရမယ်။ ပြီးရင် အပေါ်မှာ သစ်ရွက်ခြောက် ပြန့်ကျဲထားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းတို့ညီအစ်ကိုနှစ်ယောက်က တိုက်တိုက်ဆို
ဆိုင် ငါတို့မိသားစုမှာ လူဝင်စားလာဖြစ်ရတယ်လို့ အကျိုးအကြော
လည်း မှတ်မိသမျှ ပြောပြပါဦး ... ငါ့သားရဲ့"

"ပြောချိန် မတန်သေးဘူး ... အဖေ။ နောက်တော့ ပြော
မှာပါ။ အဖေ အံ့ဩသွားစေရမယ်"

ကျွန်တော် ပစ္စည်းဝှက်သည့်နေရာအား အသေအချာ လှ
ပတ်စစ်ဆေးပြီး စိတ်ကျေနပ်မှ သားအဖနှစ်ဦး ဟန်မပျက်ပြန်ခဲ့
သည်။ အိမ်ထဲပြန်ရောက်တော့ အငယ်ကောင်မှာ အမေချော့သိပ်ထ
သဖြင့် စောင်ပန်းပုခက်ကြီးထဲအတွင်း၌ အိပ်ပျော်နေသည်။ ရတနာပစ္စ
များကိုတော့ အဖေနှင့် အမေ တိုးတိုးတိုင်ပင်ပြီး သိမ်းဆည်းလိုက်
သည်။

ကျွန်တော်လည်း အိမ်အပေါ်ထပ်တက်၍ တစ်ရေးအိပ်ပြီး လ
ခဲ့သော ဘဝဟောင်းက အကြောင်းများကို မှတ်မိသမျှ ပြန်လည်
စားရင်း အိပ်ပျော်သွားတော့သည်။ ကျွန်တော်တို့ လူဝင်စားများ၏ ထူ
ချက်က အတိတ်ဘဝဟောင်းနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်မိစေရန်အတွ
အိမ်မက်ကတစ်ဆင့် ဘဝဟောင်းကို ပုံဖော်ပေးတတ်ပါသည်။ ကျွန်တေ
လည်း လူမှန်းသိတတ်စကတည်းက အိပ်မက်မက်ရာမှ ဝေ့ဝေ့ဝါး
ပုံရိပ်များ ဆက်စပ်မိလာခြင်းဖြစ်ပါသည်။

စိတ်စွဲလမ်း၍လားမသိ။ အိပ်ပျော်သည်နှင့် အိပ်မက်မက်
ကျွန်တော်က စပိန်လူမျိုး၊ ပင်လယ်ဓားပြကြီး။ နာမည်က ဆိုင်းမွန်နီဗ
တို့။ ခေါင်းဆောင်ဗိုလ်က ကျွန်တော်ပင်။ လက်အောက်၌ ဓားပြငယ်သ
အယောက်(၂၀) ရှိသည်။





သင်္ဘောကြီးအမည်မှာ SPIDER။ အခြားဓားပြ သင်္ဘောတွေ
သို့ အလံနက်ကြီးပေါ်၌ အရိုးခေါင်းကြက်ခြေခတ်တံဆိပ် အလံကြီးကို
ဆင်မထား။ အခြားကုန်သည်သင်္ဘောတွေလိုပင် နိုင်ငံ့အလံအမျိုးမျိုး
ကို လွှဲပြောင်းတင်ထားသဖြင့် သင်္ဘောများက အနားကပ်ခံကြသည်။

SPIDER သင်္ဘောကြီးပေါ်၌ လက်နက်မျိုးစုံပါသည်။ အမြောက်
ကြီးတစ်လက်ပင် ပါသေး၍ အဝတ်နှင့်ဖုံးပြီး ပုန်းလျှိုးတပ်ဆင်ထားရ
သည်။ ကျွန်တော်တို့အဖွဲ့မှာ ကမ္ဘာပတ်၍ ဓားပြတိုက်နေကြခြင်းဖြစ်
သည်။ ကုန်သည်သင်္ဘောဟန်ဆောင်ထား၍ ကင်းလှည့်စစ်သင်္ဘောများ
သည်း ဒုက္ခမပေးပါ။ ပိုင်မှ တိုက်ခြင်းဖြစ်သည်။ ရွှေငွေပစ္စည်းဥစ္စာ
သည်း အတော်အတန် စုဆောင်းမိနေပါပြီ။ ကျွန်တော်တို့အဖွဲ့မှာ လူ
စွမ်းများဖြင့် ရွေးချယ်ဖွဲ့စည်းထားသောကြောင့် သံယောဇဉ်အနှောင်
အဖွဲ့တင်းသည်။ ထို့ကြောင့် နောက်ဆံမတင်းရပါ။

ထိုအချိန်က ပထမကမ္ဘာစစ်ပြီးကာစ အချိန်။ ချမ်းသာသူများ
ချမ်းရာသို့ ရှောင်တိမ်းကြရင်း မိမိနိုင်ငံများသို့အပြန် ကျွန်တော်တို့
သင်္ဘောဖြင့်တွေ့သည်။ ရိုးရိုးကုန်သည် သင်္ဘောထင်သဖြင့် အကာပ်ခံသော
ကြောင့် ကျွန်ရွှေ့ဘ်ဖို့ အပိုင်စီးနင်းကြခြင်းဖြစ်သည်။ ကျွန်တော့်အကျင့်
က ဓားပြတိုက်သော်လည်း မုဒိမ်းမကျင့်၊ လူသတ်ရန် အလွန် ဝန်လေး
သည်။ ပြန်လည်ခုခံသူများကိုသာ သတ်သင့်လျှင်သတ်သည်။

ကျွန်တော်တို့အဖွဲ့ ပစ္စည်းဥစ္စာအတော်အတန် စုဆောင်းမိတော့
ဒုတိယကမ္ဘာစစ်၊ စစ်ရိပ်စစ်ငွေ့က သမ်းလာပြန်သည်။ ဂျာမနီက ခေါင်း
ဆောင်လာသည်။ စက်မှုနိုင်ငံဖြစ်၍ စစ်လေယာဉ်၊ စစ်သင်္ဘော၊ ရေငုပ်
သင်္ဘောများက အလွန်ခေတ်မီသည်။

www.burmeseclassic.com



စစ်သွေးကြွနေသဖြင့် မကြာမီ ကျွန်တော်တို့နိုင်ငံ စပိန်နှ... ပြင်သစ်ကို ကျူးကျော်ရန်စ၊ သိမ်းပိုက်တော့မည်ဖြစ်ပေသည်။ အင်္ဂ... အကဲနားလည်သော ကျွန်တော်က ကျွန်တော်တို့ ပင်လယ်ဓားပြလုပ်ငန်... ကို ရပ်ဆိုင်းပြီး အခြေချနေထိုင်ရန် နိုင်ငံကို ရှာရတော့သည်။

အရှေ့တိုင်းမှ အင်္ဂလိပ်တို့သိမ်းပိုက်ထားသော မြန်မာပြည်... တွေ့သည်။ တောတောင်ပေါ်၌ သဘာဝသယံဇာတမျိုးစုံ ထွက်သဖြ... ငွေရှိပါက လုပ်ကိုင်စားသောက်ရန် အလွန်အဆင်ပြေသည်။ ထို့ကြော... အင်္ဂလိပ်အုပ်ချုပ်ရေးနှင့် အလှမ်းဝေးသော မြိတ်ကျွန်းစု၊ ပုလဲကျွန်းကြ... ၌ ဝင်နိုသည်။ တပည့်များအား အသီးသီး ရသင့်ရထိုက်သော ဝေစုမျ... အား ခွဲပေးပြီး SPIDER ဟူသော သင်္ဘောဓားပြသင်္ဘောကြီးကိုပါ အ... နှံ၍ အနောက်တိုင်းသို့ ပြန်စေပြီး ကျွန်တော် ခြေရာဖျောက်လိုက်သည်...

လက်နက်ငယ်များနှင့် စားနပ်ရိက္ခာအချို့ အသုံးအဆော... အချို့သာ ယူဆောင်ထားပြီး လူယုံတပည့်တစ်ဦးနှင့်အတူ ပုလဲကျွ... ပေါ်၌ လေကွယ်ရာနေရာကောင်းရွေးပြီး ခေတ္တအခြေချခဲ့ပါသည်။

ပုလဲကျွန်းမှာ ကျွန်းကြီးဖြစ်သည်။ ကျွန်းပေါ်၌ ပုလဲကျွန်းရွ... ကြီးရှိသည်။ ရေလုပ်ငန်း၊ ပုလဲငုပ်ခြင်း၊ ဖိုက်သိုက်မျှားသူများ နေထိုင်ကြ... သည်။ ပင်လယ်ထွက်အဖိုးတန် ပစ္စည်းများရရှိကြသဖြင့် ချမ်းသာကြ... သည်။ ကျွန်တော်တို့က ရွာနှင့်လှမ်းပြီး ရေချိုရသည့် လေကွယ်ရာတော... အုပ်အစပ် တောင်ခြေတွင် စတည်းချကြခြင်းဖြစ်သည်။ ရရှိထားသည့... ရတနာပစ္စည်းများအား လုံခြုံရာ၌ မြေမြှုပ်သိမ်းဆည်းထားပြီး သင်္ဘေ... တဲတစ်တဲဆောက်၍ ပါလာသော ရေငုပ်ကရိယာများဖြင့် ပုလဲငုပ်လု... ငန်းလုပ်ကိုင်ရန် ရည်ရွယ်ထားသည်။





ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး ပုလဲငုပ်သည်။ ငါးရှာသည်။ ...တ်သိုက်ရှာသည်။ တစ်ခါတစ်ရံ တောကောင်သားစားလို၍ အမဲလိုက် ...ကြသည်။ ကျွန်းကြီးမှာ အလျား (၂) မိုင်ခန့်၊ အကျယ်တစ်မိုင်ခန့်ရှိပြီး ...တောအလွန်ထူထပ်သဖြင့် သားကောင်မျိုးစုံနှင့် တောထက်များ အလွန် ...ပေါသည်။ အစားအစာလွန်စွာပေါသော ကျွန်းကြီးဖြစ်သည်။ တောဝက်၊ ...ချေ၊ စိုင်၊ ဆတ်နှင့် မျောက်များ၊ ကျားသစ်များလည်း ရှိသဖြင့် သတိ ...ထား ထားရသည်။ သို့သော် ကျွန်တော်တို့၌ လက်နက်ငယ်မျိုးစုံရှိသဖြင့် ...ကြောက်လန့်စိုးရိမ်စရာတော့ မရှိပါ။

တစ်နေ့တွင် ကျွန်တော်တို့ဆရာတပည့်နှစ်ဦး တောင်ပေါ်တက် ...၍ အမဲလိုက်ကြသည်။ တောဝက်တစ်ကောင်ရသဖြင့် ထမ်းပြန်လာကြစဉ် ...ကျားသစ်သံကြားလိုက်ရသဖြင့် ပုန်းအောင်းနေကြစဉ် ချေတစ်ကောင်အား ...ကျားသစ်တစ်ကောင်က ခုန်အုပ်ပြီး ချီသွားသည်။ လန့်၍ပြေးလာသော ...ချေကြီးအား ကျွန်တော်က ပစ်လိုက်နိုင်သဖြင့် ရမြန်သည်။ ဆရာ ...တပည့်နှစ်ဦးတည်းရှိရာ စားမကုန် သောက်မကုန်ပင်။ ထို့ကြောင့် အရေး ...ပေါ်ရိက္ခာအဖြစ် အခြောက်လှမ်းထားရသည်။

ပင်လယ်ငါးမျိုးစုံနှင့် ခရု၊ ကဏန်းများကလည်း ပေါလှသည်။ ...ပုလဲငုပ်သဖြင့် ရရှိသော ကမာကောင်အသားကလည်း အလွန်စားကောင်း ...သည်။ ပင်လယ်ကဏန်းကို မီးဖုတ်စားရသည်ကလည်း ရိုးနေလေပြီ။ ...ပင်လယ်လိပ်ကြီးများနှင့် လိပ်ဥများကိုတော့ ကျွန်တော်တို့ သနားကြ ...သဖြင့် မစားကြပါ။ ပင်လယ်ထက်ကြီးများက ငါးစား၍ အလွန်ညှီလွန်း ...သဖြင့် ကျွန်တော်တို့ မစားကြပါ။

ထိုအချိန်ကာလက အတော်ပျော်စရာကောင်း၍ လွတ်လပ် ...သည်။ သို့သော် ရေရှည်နေထိုင်ရန် မသင့်တော်မှန်းသိသဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြည်မကြီးသို့ကူးရန် အမြဲတမ်း ကြံဆနေသည်။ တစ်ခါတစ်ရံ ဈေးဝယ်ရင်း ပုလဲကျွန်းရွာကြီးဘက်သို့ သွား၍ စနည်းနာသည်။

အနောက်တိုင်းတွင် စစ်စဖြစ်ပြီဖြစ်သဖြင့် ပုလဲကျွန်းရွာသားများမှာ လုံခြုံရာကျွန်းများသို့ ပြောင်းရွှေ့ရန် စီစဉ်နေကြပြီဖြစ်သည့်အချိန်ကောင်းဖြစ်သည်။ ဤသို့ ရှုပ်ထွေးနေသောအချိန်တွင် ကျွန်တော်တို့ ပြည်မကြီးသို့ကူးရန် လွယ်ကူလေသည်။ အင်္ဂလိပ်ခေတ်ကာလဖြစ်သဖြင့် စပိန်၊ ပြင်သစ်၊ အင်္ဂလိပ်စကားပြောတတ်သော ကျွန်တော့်အတွက် အန္တရာယ်မရှိနိုင်ပါ။

သို့သော်လမ်းခရီး၌ သုံးရန် မြန်မာငွေနှင့် အိန္ဒိယရူပီး လိုသည်။ ကျွန်တော်တို့တွင် ရွှေဒင်္ဂါးနှင့် ရတနာပစ္စည်းများ အနောက်တိုင်းငွေကြေးများသာ ရှိသည်။ ထို့ကြောင့် ထက်သိုက်နှင့် တောကောင်များရှာပြီး တပည့်အား ပုလဲကျွန်းရွာသို့သွား၍ ရောင်းခိုင်းရသည်။ ထို့ကြောင့် ကျွန်တော်တို့ ပြောင်းရွှေ့ရန် အစီအစဉ်ဆွဲရတော့သည်။

"ကဲ ... တပည့်ရေ၊ အခြေအနေအရ ငါတို့ ပြည်မကူးပြီးခြေရာဖျောက်နေကြရတော့မဲ့ အချိန်တန်ပြီ။ ရတနာပစ္စည်းတွေရှိပေမဲ့ လုပ်ကိုင်စားနိုင်တဲ့ အခြေတကျ အလုပ်အကိုင်ကောင်းတစ်ခုတော့ လိုတယ်"

"ဆရာ ... ကျွန်တော်တို့ ရတနာဆိုင်ဖွင့်ပြီး ရောင်းမယ်။ ပန်းတိမ်ဆရာ ငှားမယ်။ ကျွန်တော်တို့ရထားတဲ့ ပစ္စည်းတွေကို အရည်ကျိုပြီး ပုံစံပြောင်းပစ်မယ်။ အနောက်တိုင်းပုံစံပြောင်းပြီး အရှေ့တိုင်းပုံစံလက်ဝတ်လက်စားတွေလုပ်ပြီး ရောင်းတာပေါ့။ ရတနာဆိုင်ကို မြို့ထဲမှာဖွင့်ပြီး နောက်ကွယ်က ကြိုးကိုင်မယ်။ စိတ်ချရတဲ့လူ ငှားရှာရမယ်။





ရာကတော့ မြို့ဆင်ခြေဖုံးရပ်ကွက်မှာ နေကြတာပေါ့၊ မကောင်းဘူးလား ... ဆရာ"

"မင်းအကြံ ကောင်းပါတယ်။ ဒါပေမဲ့ ရတနာဆိုင်ဖွင့်တာဟာ အတွင်းဖြစ်နေတော့ သိပ်ဟန်မကျဘူး။ တစ်ခုတော့ရှိတာပေါ့၊ စစ်ဖြစ်လို့ စစ်ပြေးကြရင်း ရတနာပစ္စည်း စုဆောင်းလေ့ရှိကြတော့ စစ်မီးကြီးအပြည်ကို မကူးမီတော့ အရောင်းအဝယ်ကောင်းမှာပါ။ မင်းပြောသလို လုပ်ကြတာပေါ့။

အဲ ... တစ်ခုတော့ မင်းကိုပြောချင်တယ်။ ငါက မင်းကိုမင်းလို့စိတ်ချပြီး လွှယ်ပုံတပည့်အနေနဲ့ ခေါ်လာတာ။ ဒါပေမဲ့ မင်းကလူတစ်ယောက်ဖြစ်လို့ လူ့အခွင့်အရေးဆိုတာ ရှိတယ်။ ငါ့သွားလေရာခြိုလိုက်ပြီး တပည့်ခံစရာ မလိုဘူး။ မင်းဆန္ဒမရှိရင် ဒီကျွန်းမှာနေနေ၊ အနောက်တိုင်းကိုပဲပြန်ပြန်၊ မင်းသဘောနဲ့မင်း ဆုံးဖြတ်ပိုင်ခွင့်၊ လွတ်လပ်ခွင့်ပေးမယ်။ မင်းစဉ်းစားပါဦး ... တပည့်ရယ်"

"ဟာ ... ဆရာကလည်း ကျွန်တော်က တစ်ကောင်ကြွက်ပါ။ အမောင်နှမသားချင်း၊ အရင်းအချာတွေ မရှိတော့ဘူး။ ဆရာ့ကိုသာခင်လို့၊ အစ်ကိုလို သေတဲ့အထိ အတူနေသွားဖို့ ကျွန်တော် ဆုံးဖြတ်ပြီးသားပါ။ ကတိသစ္စာလည်း ပြုပါတယ်။ ခရစ်တော်အရှင် သိပါတယ်။ ကျွန်တော်တို့ဆရာတပည့်ကို ကောင်းချီးပေးပါစေ ... အာမေ ... အာမေ ... အာမေပေါ့ ဆရာ"

"အေး ... ကောင်းပြီ။ ငါလည်း သစ္စာပြုတယ်။ အာမေပါ ဘုရားသခင်တော်အရှင်၊ ငါတို့နှစ်ဦးကို အစဉ်စောင့်ရှောက်နိုင်ပါစေ"

တစ်နေ့ ကျွန်တော်တို့နှစ်ဦး လိုအပ်သည်ကလေးများ ဝယ်ရန်နှင့် သတင်းစုံစမ်းရန် ပုလဲကျွန်းရွာကြီးဘက်ဆင်းတော့ အရှေ့ဖျားက



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ကလည်းခေါင်းထောင်နေပြီး ဂျာမနီအာဏာရှင်ဟစ်တလာ၊ အီတလီ အာဏာရှင် မူဆိုလိုနီတို့ဖြင့် ကမ်းရိုးတန်းနိုင်ငံများအဖြစ် မဟာမိတ်ဖွဲ့ ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာပြီဖြစ်ကြောင်း သတင်း ကြားရသဖြင့် ကျွန်တော်တို့အတွက် အချိန်က အလွန်နီးကပ်နေပြီဖြစ် သည်။

အနောက်တိုင်းတွင်တော့ အင်္ဂလိပ်နှင့်မဟာမိတ်များက ဂျာမနီ အီတလီတို့ဖြင့် စစ်ဖြစ်နေရာ အမေရိကန်က စစ်အတွင်း မပါဝင်သေး ကြောင်း၊ ဂျာမနီက ရေငုပ်သင်္ဘောများ၊ ဖျက်သင်္ဘောနှင့် မောင်းသူမဲ့ ယူဇုန်းခေါ် ထောက်လှမ်းရေးလေယာဉ်များ အလွန်အစွမ်းထက်သည့် မစ်ဆာရှမစ်ခေါ် တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များကိုပင် အသုံးပြု နေသဖြင့် ပြင်သစ်နှင့် စပိန်အပြင် ဥရောပတစ်လွှား တန်ခိုးထွားပြီး နယ်ချဲ့နေကြောင်း ကြားသိရသည်။ အင်္ဂလိပ်က သိမ်းပိုက်ထားသော နေမဝင်အင်ပိုင်ယာ ကိုလိုနီနယ်များကိုပင် လက်လွှတ်ဆုံးရှုံးနေရပြီဖြစ် ကြောင်း၊ အင်္ဂလိပ်သုံး စပစ်ဖိုင်းယားလေယာဉ်များနှင့် တိုက်သင်္ဘော များမှာ ဂျာမနီကိုမယှဉ်နိုင်သဖြင့် အင်္ဂလန်ကျွန်းကိုပင် ဂျာမနီက ဗုံးကြဲ တိုက်ခိုက်တော့သည်။

တစ်ခါ အရှေ့ဖျားတွင် ဂျပန်တို့က အမေရိကန်ပိုင် ပုလဲဆိပ် ကမ်းကို ရုတ်တရက်ဝင် ဗုံးကြဲပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာ သောကြောင့် အမေရိကန်လည်း စစ်ထဲပါဝင်လာသည်။ ဂျပန်တို့၏ ZERO FIGHTER ခေါ် လေယာဉ်ကလေးများမှာ ပေါ့ပါးပြီး အလွန် လျင်မြန်သည်။ အတောင်ပံများအား သတ္တုမသုံးဘဲ ပတ္တူစဖြင့် လုပ်ထား သဖြင့် ပေါ့ပါးပြီး အစားထိုးပြင်ဆင်ရန် အလွန်လွယ်ကူသည်။





အင်အားအရေအတွက် အလွန်များပြီး ဂျပန်တို့၏ မျိုးချစ်စိတ် ဓာတ်အရ 'ကာမိကာဇေ'ဟူသော လေသူရဲများမှာ အသေခံ၍ စွန့်စား တိုက်ခိုက်ကြသည်။ ထို့ကြောင့် ဂျပန်များသည် ပုလဲဆိပ်ကမ်းအား ချေမှုန်းပြီးသည်နှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်အထိပင် တိုက်ခိုက်သိမ်း ပိုက်လာကြကြောင်း သိရသည်။ ကျွန်တော်တို့တွင် အချိန်အလွန်နည်း နေပြီဖြစ်သည်။ ပြည်မကူးသည့်လှေကြီးများက အချိန်ပြည့်မထွက်တော့။ ခင်းလုံးငှားမှ ရပေတော့မည်။

ထို့ကြောင့် ကျွန်တော်တို့တွင် ခရီးစရိတ်ငွေ လိုပြန်သည်။ စု ဆောင်းရှာဖွေငုပ်ယူထားသော ပုလဲများကို ရွှာ၍ပင် လျှော့ပေါ့သောဈေး ဖြင့် ရောင်းချပေတော့မည်ဖြစ်သည်။

"ဆရာ ... ဒီအတိုင်းဆို ကျွန်တော်တို့ ပြည်မ မသွားခင် တစ်ရက်နှစ်ရက်လောက် ပုလဲငုပ်ဦးမှဖြစ်မယ်။ ပုလဲရောင်းရတာက လွယ် တယ်။ ရှာနာတွေ့ ထုခွဲရတာက မလွယ်ဘူး။ ပုလဲကျွန်းမှာရောင်းတာ အဆာဝကျတယ်"

"အေးကွာ ... ကြိုးစားကြသေးတာပေါ့"

နောက်တစ်နေ့တွင် ကျွန်တော်တို့ဆရာတပည့် ငုပ်နေကျနေရာ တွင် မငုပ်တော့ဘဲ အနည်းငယ်အလှမ်းဝေးသော ကျောက်ဆောင်ပြင်ကြီး များရှိရာ ကမ်းစပ်နှင့် အတန်ငယ်လှမ်းသော ရေလယ်ကျောက်ဆောင် ကြီးဆီသို့ ရေငုပ်ကရိယာများသယ်ဆောင်၍ ကူးခဲ့ကြသည်။

ကမာကောင်တို့၏ သဘောမှာ ရေအောက်မျက်နှာပြင်ကျောက် ဆောင်နှင့်ကို တွယ်ကပ်နေလေ့ရှိကြသည်။ ရေလယ်ကျောက်တန်းကြီးရောက် သော့ ကျွန်တော်တို့ ခေတ္တနားကြသည်။ လူအရောက်အပေါက် နည်း



www.burmeseclassic.com

ဟန်တူပါသည်။ ကျောက်ဆောင်အပေါ် သဲပြင်ပေါ်၌ ပင်လယ်လိပ်များနှင့် ပင်လယ်ကဏန်းကောင်ကြီးများအား အများအပြားတွေ့ရသည်။

ကျောက်ဆောင်အကြိုအကြား၌လည်း မြွေများကို တွေ့ရသည်။ ကျောက်ဆောင်ကျွန်းမှာ မကျယ်ဝန်းလှသော်လည်း ပေ (၂၀၀) ပတ်လည်ခန့်တော့ ရှိသည်။ သစ်ပင်ကြီးများ လုံးဝမပေါက်။ ကျောက်ဆောင်လွတ်ကင်းရာ၌ သဲပြင်ဖွေးဖွေးက အပြည့်။ ခရုခွံရောင်စုံက သဲပြင်တစ်ခုလုံးပြန့်ကြဲနေသည်။ မြေပေါ်၌ အန္တရာယ်ရှိသဖြင့် ဒေသခံ ပုလဲငုပ်သမားများ ရှောင်ကွင်းကြဟန်တူပါသည်။

ကျွန်တော်တို့ နေရာရွေးပြီး ကျွန်းကြီး၏ အနောက်ဘက်ခြမ်းသို့ ရေငုပ်ဝတ်စုံကိုယ်စီဖြင့် အတူဆင်းခဲ့ကြသည်။ ပင်လယ်ရေမှာ စိမ်းပြာရောင်ကြည်လင်နေသည်။ ရေနက်ခြင်း အထိမ်းအမှတ်ပင်။ ကင်းမွန်ငါးကလေးများက မှိုပွင့်များသဖွယ် ရေအောက်မြုပ်လိုက်၊ ရေပေါ်တဖွားဖွားပေါ်လိုက်ဖြင့် ဆော့ကစား မြူးတူးနေကြသည်။ ကျွန်းပေါင်း (၈၀၀) ကျော်ရှိသည့် မြိတ်ကျွန်းစုမှာ တကယ်တော့ တစ်ကျွန်းနှင့်တစ်ကျွန်း နီးသည်မဟုတ်ပါ။ ပျပျသာ မြင်နေရသည်။

ရေမှာ ကြည်လင်သလို ကျောက်ဆောင်ရိပ်ကွယ်နေသဖြင့် စိမ်းပြီး အေးနေသည်။ ကျောက်ဆောင်အခြေ၌ ကမာကောင်ကြီးကပ်နေသဖြင့် ဆောက်ကလေးများဖြင့် ခွာပြီး ပလတ်စတစ် ခြင်းကြားအိတ်ပြည့်တော့ ကမ်းပေါ်တက်ကြသည်။ နားနားနေနေခွာကြည့်တော့ ငွေရောင်ပုလဲလုံး အရွယ်အစားကြီးများကိုရသည်။ နှစ်အိတ်ပေါင်း ပုလဲလုံး (၅၀) ခန့်ရသည်။ ကမာကောင်ကြီးတိုင်းလည်း ပုလဲဥနေသည် မဟုတ်ပါ။ ပုလဲငုပ်သမားများ မလာသဖြင့် ကမာကောင်များ ပေါများနေခြင်းဖြစ်သည်။





ကျွန်တော်တို့ ဒုတိယအကြိမ် ဆင်းကြပြန်သည်။ ကျောက်ဆောင်ချွန်းကြီးအောက်တည့်တည့် အနက်(၁၀)ပေခန့်၌ လွတ်လပ်စွာ သွင်းနိုင်သော အပေါက်ကြီးတစ်ပေါက်ကိုတွေ့ရသည်။ တပည့်က ဝင်ကြည့်ရန် အချက်ပြသည်။

ကျွန်တော်က လက်ကာပြပြီး အသင့်ဆောင်ယူလာသော ရေအောက်သုံး ရေလုံဘက်ထရီမီးကိုဖွင့်ပြီး ဓားမြှောင်ထုတ်၍ ရှေ့က ဦးဆောင်သည်။ ဤသို့ ရေအောက်ဂလိုင်များအတွင်း၌ အသားစားငါးကြီးများတာ ခိုအောင်းပြီး ရန်ပြုတတ်သောကြောင့် ဖြစ်သည်။ ရေအောက်အဆင့်မှာ ပေ(၅၀)ခန့် အနက်သို့ တဖြည်းဖြည်းထိုးတက်သွားသည်။ ကျွန်တော်မှတ်သားမိသမျှ အဆင့်(၂)ဆင့်ကို ကျော်လွန်တော့ အလင်းရောင်ရှာသည်။

ဒုတိယအဆင့်ကိုကျော်တော့ အလင်းရောင်ပိုများလာပြီး ရေပြတ်သည့် လေဟာနယ်သို့ ရောက်လာသည်။ လင်းနို့ချေးနံ့က ထောင်းခနဲထသွားသည်။ ကျွန်တော်တို့ရေထဲမှ ကုန်းပေါ်သို့ တက်လိုက်ကြသည်။ ရေလွတ်သည့် ကျောက်ဆောင်အတွင်းပိုင်း ကျောက်ဂူကြီးဖြစ်သည်။

အလွန်ကျယ်၍ မြင့်မားသောအမိုး၌ နေရောင်ခြည်ဝင်ပေါက်အချို့ အသက်ရှူရန် လေရနေသည်။ ထိုအပေါက်များမှ လင်းနို့နှင့် ငှက်ကလေးများ ဝင်ရောက်ခြင်းဖြစ်ပေလိမ့်မည်။ ဂူခေါင်မိုး မျက်နှာကြက်၌ လင်းနို့ကလေးများ တွဲရရွဲခွဲချိတ်နေကြသလို ဂူနံရံအပြည့်၊ ငှက်ကလေးများ၏ ငှက်သိုက်များက တန်းစီနေသည်။ အမိုးပေါက်များရှာဖို့ ကြီး ဖြစ်ပါလိမ့်မည်။ ဂူနံယံများကလည်း နေရောင်ခြည်ထောင်၌ ကျောက်ကလေးများဖြင့် တလက်လက် တောက်ပနေပါသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အနီးရှိနံရံကို ကမာကောင်ခွာသော ဆောက်ကလေးနှင့် တူကလေးသုံး၍ ခွာကြည့်တော့ ပုံပါလာသော လက်တစ်ဝါးခန့် ကျောက်တုံးကလေးတွင် ရွှေမှုန်များအပြင် ရွှေခဲကလေးများပါ ကပ်နေကြောင်း ဝမ်းမြောက်စွာယ် တွေ့ရသည်။

"ကဲ ... တပည့်ရေ။ ဒီလိုဏ်ဂူအတွင်းက ရေအောက်နံရံမှာ ရွှေမှုန်တွေ တလက်လက်တောက်နေပြီး ကမာကောင်ကြီးတွေ ပွတ်သိပ်နေကြတယ်။ ရေငုပ်ပြီး ဆင်းခွာစမ်းကွာ"

"ဟုတ်ကဲ့ ... ဆရာ"

တပည့်ဖြစ်သူ ဆင်းခွာပြီး ပြန်တက်လာတော့ ကမာကောင်ကြီး အလုံး(၅၀)ခန့် ပါလာသည်။ ထူးဆန်းသည်ကတော့ ကမာကောင်ကြီးများမှာ ရွှေအိုရောင်အခွံနှင့် ရေညှိများ ဖုံးလွှမ်းနေခြင်းဖြစ်သည်။ နှစ်အတန်ကြာ ကပ်နေဟန်တူသည်။

"ဆရာ ... ကမာကောင်ကြီးတွေက ကျောက်သားလိုဖြစ်နေတော့ အတော်ခွာယူရတယ်။ နောက်ပြီး ရွှေရောင်အခွံနဲ့နော်။ ထူးဆန်းတယ်"

ကျွန်တော် ကမာကောင်အား ခွဲကြည့်တော့ အလွန်နူးညံ့သည့် ကမာကောင် အတွင်းသားဖွေးဖွေးအလယ်၌ ရွှေရောင်ဝင်းနေသော ရွှေရောင်ပုလဲလုံးကို ရတော့သည်။

"တပည့် ... လာစမ်းဟေ့ ... ရွှေရောင်ပုလဲဥတဲ့ ရွှေကမာကောင်ကွ ... လာစမ်း။ ဗိုင်းခွာစမ်း။ ငါတို့တော့ ရေအောက်ရတနာသိုက်နဲ့ တိုးနေပြီ။ ထက်သိုက်တွေလည်း အများကြီး။ ချမ်းသာပြီဟေ့"

"ဟုတ်ပါ့ ... ဆရာရယ်။ ဒီနေ့ နေရာပြောင်းတာ ဟန်ကျတာပဲ ... နော်"



ကမာကောင် (၅၀) ခန့်ခွဲရာ အကောင်တိုင်း ရွှေရောင်ပုလဲပါ[illegible] ရွှေရောင်ပုလဲလုံး (၅၀)ခန့်ရသည်။

"ဆရာ ... ကျွန်တော် ဆင်းငုပ်ဦးမယ်"

"အေး ... အေး ..."

ကျွန်တော် တပည့်အားစောင့်ရင်း ရွှေရောင်ကမာကောင်သားကို စားကြည့်တော့ ဖွန်းခြစ်အုန်းသီးနုအသားကို စားရသလို အလွန် [illegible]သည်။

ထိုနေ့က တပည့်ဖြစ်သူက လေးငါးကြိမ်ငုပ်ပြီး ကျွန်တော်က [illegible]သည်။ တစ်နေ့တည်း ရွှေရောင်ပုလဲလုံးကြီး (၂၅၀)ခန့် ရသည်။

"ကဲ ... တပည့်ရေ ... ပြန်ကြစို့။ နောက်တစ်ရက်နှစ်ရက် [illegible]ငုပ်ပြီး ပြည်မဘက် ကူးကြတာပေါ့"

"ဟုတ်ကဲ့ ... ဆရာ"

"ထိုနေ့က ကျွန်တော်တို့ဆရာတပည့် ပုလဲလုံးများနှင့် ထက်[illegible]များ။ ရွှေခဲများကို နိုင်သလောက်ဖွဲ့ယူ၍ နေထိုင်ရာတဲနန်းသို့ တပျော်[illegible] ပြန်ခဲ့ကြသည်။ ကျွန်တော်တို့ စမ်းတွင်းမှ ရေချိုဖြင့် ရေချိုးပြီး [illegible]သည့်လဲကာ အချမ်းပြေမီးလှုံ၍ သောက်နေကြစဉ် တပည့်ဖြစ်[illegible] ချမ်းတုန်တက်လာပြီး ...

"ဆရာ ... ကျွန်တော်တော့ ပင်လယ်ငှက်ဖျား ဝင်ပြီထင်[illegible]"

"အေး ... အဲဒါမှ ခုကျတာပဲ။ ငါတို့သင်္ဘောပေါ်က ဆင်း[illegible]တုန်းက တခြားပစ္စည်းတွေ ဂရုစိုက်နေရလို့ ဆေးဝါးသေတ္တာကျန်[illegible] အခုမှ သတိရတော့တယ်။ မင်း ခဏ မီးလှုံရင်း မှိန်းနေလိုက်။ [illegible] ရတနာပစ္စည်းတွေ မြေမြှုပ်သိမ်းဆည်းပြီးတာနဲ့ ပုလဲကျွန်းရွာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘက်သွားပြီး ဆေးရှာမယ်။ ဘာမှမပူနဲ့။ ပင်လယ်ပျော်လုပ်သားနဲ့ ပင်လယ် ထက် မိတ်ဆွေတွေပါကွာ။ ဘာမှမထူးဆန်းပါဘူး”

“ဟုတ်ကဲ့ပါ . . . ဆရာ”

တပည့်ဖြစ်သူမှာ မီးလှုံပြီး စောင်အထပ်ထပ်ခြုံ၍ အရက် သောက်ထားပါလျက် တဟင်းဟင်းညည်း၍ တဆတ်ဆတ် တုန်နေရှာ သဖြင့် ကျွန်တော်၏စောင်နှင့် ဂွမ်းကပ်ကြီးကိုပါ ခြုံပေးလိုက်သည်။ မီးဖိုကိုလည်း ထင်းများ ထပ်ထည့်ပေးခဲ့သည်။ ကျွန်တော်လည်း အနွေး ထည်ဝတ်၍ ခါးတွင် ခြောက်လုံးပြူးချိတ်ပြီး လက်နှိပ်ဓာတ်မီးတစ်လက် နှင့် တုတ်တစ်ချောင်းဆောင်ကာ ပုလဲကျွန်းရွာကြီးဘက်သို့ ထွက်ခဲ့ သည်။

နေလုံးကြီးမှာ ပင်လယ်အတွင်း ငုပ်လျှိုးသွားပြီဖြစ်သော်လည်း ပင်လယ်ရောင်ပြန်အလင်းရောင်က ကျန်နေပါသေးသည်။ ပင်လယ်လှိုင်း ပုတ်သံ တဝုန်းဝုန်းအား အဖော်လုပ်၍ ကျွန်တော် ကမ်းစပ်သဲသောင် ပြင်ပေါ်မှာ ပတ်၍ မီးတစ်လက်လက်ရွာကြီးဘက်သို့ လှမ်းလျှောက်လာ ခဲ့ပါသည်။

ရွာကြီးမှာ ကျွန်တော်တို့စခန်းချရာနှင့် တစ်မိုင်ကျော်ခန့် ဝေး ပါသည်။ ရွာလယ်ကုန်စုံဆိုင်က ငှက်ဖျားဆေးရပါသည်။ အင်္ဂလိပ်ဆေး တော့မဟုတ်။ ပင်လယ်ပျော်လုပ်သားများ သုံးစွဲကြသည့် မြန်မာတိုင်း ရင်းဆေးဖြစ်သည်။ ကျွန်တော် ဆေးဝယ်ပြီး အနီးရှိစားသောက်ဆိုင်သို့ ဝင်၍ အနည်းငယ်စားသောက်သည်။ ပြီးမှ ကာကွယ်ဆေးအဖြစ် လိုက် မည့်ရ အရက်ပြင်း ရောသောက်လိုက်ပါသည်။

တပည့်အတွက် ခေါက်ဆွဲပြုတ်မှာနေစဉ် ယခင်က ငှက်သိုက် ရောင်းဝယ်နေကျ ရွာသားတစ်ဦးနှင့်တွေ့၍ ထပ်မံအရက်သောက်ကြပြီး





စ်ရေးခွေးခွေးကြရာ စင်ကာပူခံတပ်ကြီးပင် ဂျပန်လက်သို့ ကျရောက် သွားပြီဖြစ်ပြီး အမေရိကန်ကပါ စစ်ကြီးထဲ ပါဝင်လာဖြစ်သဖြင့် ဂျပန် များ စစ်တန့်သွားကြောင်း၊ သို့သော် ဂျပန်များ မြန်မာလွတ်လပ်ရေးသမား များဖြင့် ပေါင်းကာ မြန်မာပြည်ကိုတော့ အရောက်လာကြမည်မှာ ကေန် ဖြစ်ကြောင်း၊ အင်္ဂလိပ်များလည်း ကော့သောင်းနှင့် မြိတ်မြို့များဘက် တွင် ခြေကုပ်ယူထားရာမှဆုတ်ခွာရန် တပ်လှန့်ထားကြောင်း သိရတော့ သည်။

ကျွန်တော်တို့အတွက် အချိန်မရတော့၊ ခေါက်ဆွဲပြုတ်ရသည် နှင့် မိတ်ဆွေအားနှုတ်ဆက်ပြီး ကျွန်တော် ကတိုက်ကရိုက်ပြန်ခဲ့ပါသည်။ နေဝင်၍ မှောင်ချေပြီ။ သို့သော် ပင်လယ်ရေရောင်ပြန်ကာ ကြယ်ကလေး များ၏ အလင်းရောင်ဖြင့် အဖြူရောင်အလင်းတန်းက ရှိနေသည်။

ပင်လယ်ကမ်းစပ်သဲပြင်ပေါ်က လျှောက်လှမ်းရသဖြင့် လမ်းသာ သည်။ အပူအပင်သာ မရှိလျှင် ပင်လယ်ကမ်းခြေ သဲသောင်ဖြူလွလွ ပေါ်၌ ဖိနပ်ချွတ်ပင် လမ်းလျှောက်နိုင်ပေလိမ့်မည်။ ကျွန်တော်တို့ မနက်ဖြန် သန်ဘက်၊ ဤကျွန်းမှာ ခွာရပေတော့မည်။ မခွာလျှင်လည်း ပုန်းအောင်း ရာ ရေအောက်ကျောက်ဆောင်ဂူကို တွေ့ထားသဖြင့် အသက်အန္တရာယ် အတွက်တော့ စိုးရိမ်ဖွယ် မရှိပါ။

ကျွန်တော် တောင်ခြေတဲစခန်းနားရောက်တော့ လွန်စွာငြိမ် သက်တိတ်ဆိတ်နေသည်။ လှိုင်းပုတ်သံသာ ကြားရပြီး မီးဖိုကြီးကလည်း တောက်မရှိတော့။ မီးကျိုးခဲ နီနီရဲရဲသာ ရှိတော့သည်။ တစ်ခါတစ်ရံ ဆောင်ပေါ်တောမှ ကျားဟိန်းသံနှင့် ချေတောက်သံ၊ တောခွေးများ၏ သံကို သဲ့သဲ့ကြားရသည်။ တပည့်ကျော် အဖျားကျပြီး အိပ်ပျော်နေရှာပြီ ထင်ပါသည်။



www.burmeseclassic.com

ကျွန်တော် တဲအိမ်အနီးရောက်တော့ ...

"တပည့်ရေ ... တပည့်ရေ ..."

ပြန်ထူးသံ မကြားရပါ။ ကျွန်တော် တဲအိမ်အတွင်းရောက်မှ မလှုပ်မယှက် နာခေါင်းနှင့်ပါးစပ်များတွင် သွေးစိုနေသော သစ္စာရှိတပည့် ကျော်ကို တွေ့ရသည်။ စမ်းသပ်ကြည့်တော့ အသက်မရှိတော့ပါ။ တပည့် မရှိတော့၍ ရတနာပစ္စည်းများအား ကျွန်တော်တစ်ဦးတည်း ပိုင်ဆိုင် သဖြင့် ဝမ်းသာစရာကောင်းသော်လည်း ကျွန်တော် ဝမ်းမသာနိုင်ပါ။

လွန်စွာအားကိုးရသော သစ္စာရှိလူယုံတပည့်ကျော် သေဆုံး သဖြင့် ကျွန်တော့်လက်မောင်းတစ်ဖက် ပြုတ်ရချေပြီ။ ပြည်မကြီးသို့ ရန် ကျွန်တော်တစ်ဦးတည်း အဖိုးတန်ရတနာပစ္စည်းများဖြင့် ဒုက္ခရောက် ချေတော့မည်။ ထိုညက တပည့်ကျော်အလောင်းကြီးကို ဖက်၍ ကျွန်တော် ဖွတ်နှစ်အိပ်သော်လည်း အိပ်မပျော်ပါ။

နောက်တစ်နေ့ မနက်မိုးလင်းသည်နှင့် ကျွန်တော်ကမ်းစပ် သွားသည်။ ရတနာကျောက်ဂူကြီးမြေပုံအား ခန့်မှန်းဆွဲသည်။ ဒုတိယ အကြိမ် သွားရောက်ရန်ဖြစ်သော်လည်း ရရှိထားသည့် ရတနာပစ္စည်း များကို မနည်းသယ်ဆောင်ရမည်ဖြစ်သဖြင့် ကျွန်တော် မသွားတော့ တဲစခန်းပြန်သည်နှင့် တပည့်အလောင်းအား ကောင်းမွန်စွာ မြှုပ် သင်္ဂြိုဟ်ပြီး ရတနာပစ္စည်းများကို လက်ဆွဲသားရေအိတ်ကြီးထဲ ထည့် သည်။ ရွှေတုံးများကိုတော့ တပည့်ကျော်၏အိတ်ကြီးထဲ ထည့်သည်။

ငုက်သိုက်များကို အဝတ်လွယ်အိတ်တစ်လုံးထဲ ထည့်သည်။ ငွေနှင့် အဝတ်အစား(၂)စုံ၊ ခြောက်လုံးပြူးနှင့် ဓားမြှောင်ကိုတော့ စလွယ် သိုင်းလွယ်အိတ်အတွင်း ထည့်ပြီး ကျွန်တော် မနိုင်မနင်းဖြင့် ပုလဲကျွန်း ရှာ သဘော်ဆိပ်ဘက်သို့ ထွက်ခဲ့ပါသည်။





စားနေကျ စားသောက်ဆိုင်တွင် ဝင်ထိုင်၍ Break Fast စား ရာ ထက်သိုက်ဝယ်နေကျ ပုဂ္ဂိုလ်ကြီးဖြင့် တွေ့ပြန်သည်။ ထိုပုဂ္ဂိုလ်က အင်္ဂလိပ်စကားပြော အနည်းငယ်တတ်သည်။ ကျွန်တော်လည်း မြန်မာ လိုပြောလာထားရာ ထမင်းစားရေသောက်၊ ဘယ်သွားမည်၊ ဘယ်လာ ည်လောက်တော့ တတ်နေပါပြီ။

"မိတ်ဆွေကြီး ... ဘယ်သွားမလို့လဲ"

သူက စနွတ်ဆက်သည်။

"ရန်ကုန်ကို သွားချင်တယ်"

"ဒီကျွန်းက တိုက်ရိုက်တော့ စက်လှေမရှိဘူး။ မြိတ်မြို့ဘက် သွားမှ စက်လှေရှိတယ်။ အဲဒါနဲ့ လိုက်သွား ... ကျွန်တော် စက်လှေ ပေါ်အထိ လိုက်ပို့မယ်။ စလင်က ကျွန်တော့်မိတ်ဆွေ၊ မြိတ်ရောက်မှ ဘူဆာစက်လှေနဲ့ ရန်ကုန်သွား၊ ဟိုမှာ ဂျပန်တွေ ဝင်လာတော့မယ်ဆို တော့ စစ်ပြေးတွေ အများကြီးပဲ။ ဟိုဘက်စက်လှေရဖို့လည်း ကျွန်တော့် မိတ်ဆွေစလင်က အကူအညီပေးပါလိမ့်မယ်။ လာ ... သွားကြစို့"

ကံကောင်းထောက်မစွာ မိတ်ဆွေကြီးက ကူညီပြီး သေတ္တာ အိတ်ဆုံအား ပိုင်းထမ်းပေးသည်။ စက်လှေစလင်ကိုလည်း အပ်ပေး သည်။ မြိတ်ရောက်တော့လည်း ကျွန်းကူးစက်လှေစလင်က ရန်ကုန်သွား သည့် စက်လှေစလင်အား အပ်ပေးသဖြင့် ကျွန်တော်စက်လှေကြီး ပွဲခန်း ထဲတွင် အခန်းတစ်ခန်းရသဖြင့် ပစ္စည်းများအတွက် လုံခြုံစိတ်ချရပါ သည်။

ထို့ကြောင့် ပစ္စည်းများအား လုံခြုံစွာ ထားသိုသိမ်းဆည်းပြီး ပစ်စိပ်ကမ်းတွင် ပေါင်မုန့်၊ အချိုရည်နှင့် အသားကြော်များ ဝယ်ခဲ့ပါ သည်။ ညနေစောင်းတွင် စက်လှေကြီး စထွက်သည်။ ဂျပန်းလေယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ရန် ကြောက်ရသဖြင့် အမှောင်ကို အကာအကွယ်ယူ၍ ထွက်ရကြော စက်လှေကြီးစလင်က ရှင်းပြသည်။

စက်လှေကြီးမှာ တရွေ့ရွေ့ခုတ်မောင်းသည်။ မိုးချုပ်လာသေ လည်း စက်လှေပေါ်တွင် မီးမထွန်းရဲ။ ရှေ့ခန်းသဘော်ဦး ဆလိုက် ကြီးကိုလည်း လိုအပ်မှသာ ထွန်းသည်။ လရောင်ကြယ်ရောင်ဖြင့် မောင်းသည်။ ရေလမ်းခရီးကျွမ်း၍ တော်ပါသေးသည်။

နောက်တစ်နေ့ နေ့လယ်ဘက်၌ မော်လမြိုင်သို့ ရောက်သည် ရန်ကုန်ကို ဂျပန်ကဗုံးကြဲသည်ဟု သတင်းရသဖြင့် စက်လှေကြီး ရန်ကု သို့ ဆက်မသွားတော့။ မော်လမြိုင်တွင်လည်း စစ်ပြေးခရီးသည်များ ပြည့်နေသည်။

မီးရထားကတော့ ပုံမှန်ဆွဲတုန်းဟုသိရသဖြင့် တည်းခိုခ ပစ္စည်းများအား အပ်နှံထားပြီး တည်းခို၍ ရထားလက်မှတ်ကိစ္စ ကြ စားရပြန်သည်။ ထိုအချိန်က ဘူတာရုံပိုင်မှာ အင်္ဂလိပ်လူမျိုးဖြစ်ပြီး ရထားမောင်းသမားနှင့် လက်မှတ်စစ်များက အိန္ဒိယသားကုလားများဖြ ကြသည်။

ကျွန်တော် အပြောကောင်းသည်နှင့် ရထားလက်မှတ်အ အထူးတန်းအိပ်ခန်းပင် ရပါသေးသည်။ ကျွန်တော်ကလည်း သတ္တု ဖွေရေး အင်ဂျင်နီယာဖြစ်ကြောင်း ဟန်ဆောင်ထားပါသည်။ အိပ်ခန်း တစ်ဦးတည်းအိပ်ခန်းတော့ မဟုတ်။ လေးဦးတွဲ အိပ်စင်(၄)ခုပါ အိပ် ဖြစ်သည်။ ထိုစဉ်က မီးရထားများမှာ စစ်အတွင်းဖြစ်၍ ကြပ်ကြပ်တည တည်းပင်။ ကျွန်တော် ပစ္စည်းများအား နေရာချထားပြီး အောက်ထ အိပ်စင်ဆိုဖာပေါ်၌ အကျအန အနားယူနေစဉ် တံခါးခေါက်သံကြ သည်။





"ခေါက် ... ခေါက် ... ခေါက် ..."

ကျွန်တော်တံခါးကို Lock ချထားရာမှ ဖွင့်ပေးလိုက်တော့ ခရီး သွားအခန်းဖော်များ ဖြစ်ပါလိမ့်မည်။ အမျိုးသမီး (၂) ဦးနှင့် အမျိုးသား ဦးတို့ ဖြစ်သည်။

"ဟဲလို ..."

"ခရီးသွားအခန်းဖော်တွေ ထင်ပါရဲ့"

"ဟုတ်ပါတယ်ရှင် ..."

ကျွန်တော့်လိုပင် အနောက်တိုင်းသား အမျိုးသားနှင့် အမျိုး သမီး (၁)ဦး။ ကျွန်တစ်ဦးက မြန်မာမလေး။ အဖော်ဖြစ်ဟန်တူသည်။ ...ဦးနှင့်တစ်ဦး မိတ်ဆက်ကြပြီး နေရာချတော့ အနောက်တိုင်းသားများ ...အတိုင်း Lady First ဖြစ်၍ အမျိုးသမီး(၂)ဦးက အောက်ထပ်အိပ်စင်၊ ...တော်နှင့် အမျိုးသားက အပေါ်ထပ်အိပ်စင်တွင် နေရာယူကြသည်။

ကျွန်တော်၏ ပစ္စည်းအိတ်များအနက် ရွှေတုံးများနှင့် ထက်သိုက် ...ကြီးနှစ်လုံးကို အောက်ထပ်အိပ်စင်အောက်၌ ထားပြီး အပေါ်ထပ် ...စင်ပေါ်၌ ရွှေငွေရတနာများနှင့် ခြောက်လုံးပြူးထည့်ထားသော ...တ်ကို ကျွန်တော့်ကိုယ်နှင့်မကွာထားပြီး ရွှေပုလဲနှင့် ငွေပုလဲများကို ...သော ကျွန်တော့်၏ Field Jacket အကျီအိတ်များအထဲ၌ အနှံ့ဖြန့်ထား ...ည်။

အမျိုးသမီးများက ဖော်ရွေသော်လည်း အမျိုးသားမျက်လုံး ...သော ကျိုးကန်းတောင်မှောက်။ ထို့ကြောင့် ကျွန်တော်က ဓာတ်သတ္တု ...အင်ဂျင်နီယာဖြစ်ကြောင်း မိတ်ဆက်ထားပြီး ခြောက်လုံးပြူးသေနတ်ကို ...ည်း သူတို့မြင်အောင် ပြထားရသည်။ အိပ်ခန်းနေရာ ကျွန်တော့်အိပ်စင် ...၌ပင် နားရင်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးစထင်ထွက်ခွာလာပြီး သထုံဘူတာရောက်တော့ နေ့လယ် စားချိန်ဖြစ်သည်။ အောက်ထပ်က အမျိုးသမီးက စားစရာများအား ပြင်ဆင်ပြီး နေ့လယ်စာအတူစားရန် ဖိတ်ခေါ်၍ အောက်ထပ်ဆင် သည်။ ကျွန်တော်ကလည်း ကျွန်တော်ဆောင်ယူလာသော ပေါင်မုန့် အသားခြောက်ကြော်များအား ထုတ်ပေးလိုက်ပြီး အတူစားကြတော့ ရင်းသောက်ရင်း မိတ်ဆွေဖြစ်ကြသည်။

အမျိုးသမီးနာမည်က မာဂရက်၊ အမျိုးသားနာမည်က မွန် ယာတဲ့၊ ရန်ကုန်မြို့၊ မဂိုလမ်း (ယခုရွှေဘုံသာလမ်း) အောက်ဘလော ဗလီကြီးအနီးတွင် ရတနာဆိုင်ဖွင့်ထားကြောင်း မွန်စီယာမှာ မောင်ထေ ပြီး အတူပါလာသည့်အမျိုးသမီးလေးမှာ အိမ်ဖော်ဖြစ်ကြောင်း သိရသည် သူတို့နှစ်ဦး မောင်နှမ မဖြစ်နိုင်ကြောင်းတော့ ကျွန်တော်ရိပ်မိပါသည်

စားသောက်ပြီးတော့ အချိုရည်သောက်ကြရင်း ကျွန်တော် အိပ်စင်ပေါ် ပြန်မတက်တော့ဘဲ ထိုင်၍ စကားပြောကြသဖြင့် တ ယောက်အကြောင်းတစ်ယောက် သိကြပြီး ရင်းနှီးခင်မင်သွားပါသည် ခရီးသွားခြင်းဖြစ်၍ ခင်မင်ရင်းနှီးမှု လွယ်ကူမြန်ဆန်သည်။ မုပ္ပလင်ကျေ ပြီး စစ်တောင်းမြစ်တံတားကြီးအနီးရောက်တော့ ရထားအား ရပ်တန့် အတော်ကြာ စစ်ဆေးပါသည်။ ကျွန်တော်တို့မှာ အနောက်တိုင်းသား ဖြစ်ကြ၍ မေးမြန်းရုံလောက်သာ စစ်ဆေးပါသည်။

ရန်ကုန်ဘူတာကြီးရောက်တော့ ည (၆)နာရီခန့်ရှိပါပြီ။ ဘူတ ကြီး၌လည်း လေယာဉ်ပေါ်မှ ကြဲချသည့် ဗုံးဒဏ်ရာအချို့ ရှိနေသေ လည်း ကြီးကြီးမားမား ပျက်စီးခြင်း မရှိပါ။ ကျွန်တော်တွင် ဦးတည်သွ လာရန် နေရာမရှိသေးပါ။ ဟိုတယ်ခန်းတစ်ခုတွင် တစ်ပတ်ခန့်ငှား၍ အတည်တကျ အခြေချမည့်နေရာကို ရှာဖွေရန်သာဖြစ်ပေသည်။

---

[illegible]



ကျွန်တော် TAXI ကားငှားရန် စီစဉ်နေစဉ် မာဂရက်က ..

"မစ္စတာဆိုင်မွန် ... ဘယ်မှာတည်းမှာလဲ"

"ကျွန်တော်က ဓာတ်သတ္တုရုံး ပြန်ရမှာပေါ့။ နယ်မှာ အနေ ကြာတော့ အိမ်မရှိဘူးလေ"

"မိုးချုပ်တော့မယ်။ ကျွန်မတို့အိမ်မှာပဲ တည်းပါ။ နောက်နေ့ ကျမှ ဓာတ်သတ္တုရုံးနဲ့ ဆက်သွယ်ပါ။ ဓာတ်သတ္တုရုံးက ဒီနဲ့ဝေး ယ်။ ကံဘဲ့၊ ကမ္ဘာအေးဘုရားလမ်းဘက်မှာ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

ကျွန်တော် သဘောတူလိုက်ပြီး မာဂရက်တို့နှင့် လိုက်လာခဲ့ သည်။ သူတို့အိမ်က မြို့လယ်ခေါင်၊ ကမ်းနားလမ်းဖြင့်နီးသည့် မဂိုလမ်း အောက်ဘလောက်၊ ဗလီကြီးအနီး အောက်ထပ်ရတနာဆိုင်၊ အပေါ်ထပ် ၌ သူတို့နေကြသည်။ အိမ်ခန်းမှာ အင်္ဂလိပ်ပုံစံဖွဲ့စည်းထားသဖြင့် ကျယ် ပြီး စနစ်ကျပါသည်။

ထိုညစာကို မာဂရက်ကိုယ်တိုင် စီစဉ်ပေးသဖြင့် လွန်စွာစား ကောင်းသည်။ ကျွန်တော့်အားလည်း လုံခြုံသောအိပ်ခန်း ပေးထားသဖြင့် ထိုညက ကောင်းမွန်စွာ အိပ်စက်ခဲ့ရသည်။ ကျွန်တော်လို သူစိမ်းတစ် ယောက်ကို ယုံကြည်စိတ်ချခြင်းအတွက်တော့ သူတို့မောင်နှမနှစ်ဦးအား ကျေးဇူးတင်ရပါသည်။ ရှေ့ဆက်လုပ်ရမည့် အစီအစဉ်များကို အကွက်ချ စဉ်ရင်း ခရီးပန်းလာသောကြောင့် ကျွန်တော် နှစ်ခြိုက်စွာ အိပ်ပျော်သွား ပါသည်။ အနှောင့်အယှက် တစ်စုံတစ်ရာမှ မရှိပါ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ၄

❑

ရန်ကုန်မြို့မှာ ဗုံးကြဲခံရသည်ဆိုသော်လည်း မြို့လယ်ခေါ် တွင် မဟုတ်ပါ။ တာမွေနှင့် ကြည့်မြင်တိုင်ဘက်တွင် ဖြစ်သည်။ နေ လာကြသည်လည်းမဟုတ်ပါ။ အင်္ဂလိပ်ကလည်း လေယာဉ်ပစ်အမြောက် များ၊ တစ်မြို့လုံးအနှံ့ ချထားပါသည်။

ရန်ကုန်မြို့ကြီး ဂျပန်လက် ကျရောက်သွားပါက အင်္ဂလိပ်များ အိန္ဒိယသို့ ဆုတ်ခွာရမည်ဖြစ်ကြောင်းလည်း သဘောပေါက်ပုံရပါသည်။ ဥရောပတွင် ဂျာမနီစစ်ရေး အလေးသာနေသဖြင့် အင်္ဂလိပ်များ အ မီးဝိုင်းဖြစ်နေသည်။ မြန်မာပြည်ကို ဂျပန်လက်မှ ခုခံရန် အင်အားအ အနေက တောင့်တင်းခိုင်မာမှု မရှိပေ။

ကျွန်တော် မာဂရက်ကျွေးသော Break Fast ကို စားပြီး တ သတ္တုရုံးသို့သွား၍ သတင်းပို့ရန်ဟု အကြောင်းပြကာ TAXI တစ်စီးငှား၍





စိန်ဘက်သို့ ထွက်ခဲ့သည်။ အင်းစိန်ဘက်မှာ အထူးအေးချမ်းနေ ည်။ လှည်းတန်း၊ ကမာရွတ်၊ သံလမ်းတို့အား အတွင်းဝင်၍ ကြည့် ည်။

ကျွန်တော့်တွင် ရန်ကုန်နှင့် ဆင်ခြေဖုံးရပ်ကွက်မြေပုံအား မာ ချိဆီက တောင်းထားသဖြင့်ရှိသည်။ TAXI သမားကလည်း လူငယ် ဖြစ်၍ အတော်အားကိုးရသည်။ ကြိုကြိုကြားကြား နှံ့စပ်ကျင်လည် ည်။ ကျွန်တော် စစ်ဆုတ်လမ်း၊ တက်လမ်းကို သတိထား၍ အိမ်ခြံမြေ အား ကြည့်လာရာ သဘောမကျ။ ထိုအချိန်တွင်မှ ကားဆရာကလေး သဘောပေါက်လာဟန်ဖြင့် ...

"မစ္စတာ ... အိမ်ဝယ်ဖို့ ရှာတာလား"

"အိမ်ဝယ်ဖို့ မဟုတ်ဘူး။ ခြံမြေကျယ်ကျယ်ဝယ်ဖို့ ရှာတာ"

"အဲဒါ စောစောကပြောရင် ကျွန်တော် ကူညီနိုင်တာပေါ့။ ခြံ ကျယ်တယ်၊ တိုက်အိမ်ကလေး ပါတယ်။ အတွင်းတော့ နည်းနည်းကျ ယ်"

"ဘယ်နားလောက်မှာလဲ ... အတွင်းကျတာ ကိစ္စမရှိဘူး"

"ကျွန်တော်လိုက်ပြပါ့မယ်"

ကျွန်ုပ်တို့ သမိုင်းရပ်ကွက်ဘက်သို့ ရန်ကုန်–အင်းစိန်လမ်း ကြောင်း မောင်းခဲ့ကြသည်။ သမိုင်းလမ်းဆုံရောက်တော့ ဘယ်ချိုးဝင် ည်။

သမိုင်းဘူတာရဲ့ လမ်းအလယ်လောက်ရောက်တော့ လမ်းဘေး ကျယ်ဝန်းသော ခြံမြေပေါ်၌ ဆောက်လုပ်ထားသော တစ်ထပ်တိုက က ကို ပြသည်။ ကျွန်တော်က သဘောကျသည်ဆိုတော့ ပိုင်ရှင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပေးသည်။ ပိုင်ရှင်မှာ ရှုးလူမျိုးကပြား အဘိုးကြီး။ အင်္ဂလိပ်စကား ထတ်၍ အဆင်ပြေသည်။

အိမ်မှာ ကျွန်တော်စိတ်ကြိုက် မတွေ့သော်လည်း ခြံကြီး သဘောကျသည်။ ခြံအကျယ်မှာ တစ်ဧကရှိသည်။ ခြံစည်းရိုးတွင် ထိ ဝါးရုံများအား အပြည့်အကျပ်စိုက်ထားသဖြင့် လုံခြုံလှသည်။ ခြံအတွင်း နှစ်ရှည်သီးပင်၊ စားပင်များနှင့် ဝါးပိုး ဝါးနက်ရုံများက နေရာယူထား သည်။

ဈေးကလည်း ကျွန်တော်ခန့်မှန်းသည်ထက် တစ်ဝက်လော သာရှိသဖြင့် ထိုနေ့က ကျွန်တော် စရန်ငွေပေးပြီး ပြန်ခဲ့သည်။ TAXI ဆရာအားလည်း ဆုချသည့်အနေဖြင့် TAXI ခနစ်ဆပေးလိုက်ပြီး နောက်တစ်နေ့မနက် (၈)နာရီခန့် ပြန်ချိန်းလိုက်ပါသည်။

ကျွန်တော့်တွင် ငွေလိုနေပြီ ဖြစ်သည်။ ထို့ကြောင့် မာဂရက် အား ကျွန်တော် ရွှေတုံးတစ်တုံးကို ပြကြည့်ရာ သူက တတ်ကျွမ်းနား လည်သူများဖြင့် စစ်ဆေးကြည့်တော့ (၁၅)ပဲရည်ခန့်ရှိ ရွှေရိုင်းတုံး ဖြစ် နေသည်။ တန်ဖိုးဖြတ်ကြပြီး ရွှေရိုင်းတုံးအား တစ်သိန်းငါးသောင်းဖြင့် မာဂရက်ဝယ်လိုက်သည်။ ခြံဖိုးမှာ ငါးသောင်းကျပ်သာဖြစ်၍ ကျွန်တော့် တွင် ငွေတစ်သိန်းခန့် ပိုနေပါသေးသည်။

နောက်တစ်နေ့တွင် ငွေအကြေရှင်းပြီး ကျွန်တော် သမိုင်းခြံကြီး အား ဝယ်လိုက်သည်။ ပြီးနောက် တိုက်ပုကလေးအား ဂိုဒေါင်သဖွယ် သုံးပြီး အလယ်ခေါင်၌ အနောက်တိုင်းပုံစံ နှစ်ထပ်ဆင်ဝင်အိမ်ကြီးကို ဆောက်သည်။ စိတ်ကျလက်သမား၊ ပန်းရန်ဆရာများ ငှားရသဖြင့် ကျွန်တော်ကိုယ်တိုင် စိတ်တိုင်းကျပုံဆွဲပြီး ဆောက်စေခြင်းဖြစ်သည်။





လူယုံခြံစောင့်လိုလာရာ ယခင်အိမ်ဟောင်းကတည်းက ခြံ စောင့်မာလီဖြစ်သော ဦးမြိုင်အား ဆက်လက်ငှားရမ်းပြီး ကျွန်တော့် ကိုယ်စား ကြီးကြပ်စေပါသည်။ ဦးမြိုင်မှာ ယခင်က လက်သမား၊ ပန်းရန် ဆရာကြီးဖြစ်ပြီး အသက် (၅၀) ကျော်ပြီဖြစ်၍ အနားယူကာ ခြံစောင့် အလုပ် လုပ်ခြင်းဖြစ်သည်။

ယခု ဆောက်လုပ်ရေးအဖွဲ့ကလည်း ယခင်က သူအုပ်ချုပ်ခဲ့ သော အဖွဲ့ပင်ဖြစ်၍ ဦးမြိုင်က ဩဇာညောင်းပြီး စိတ်ချရသည်။ ကျွန် တော်ကလည်း အဘကို လိုအပ်သလို ပြောပြပြီး ခြံစောင့်လုပ်ခအပြင် ကြီးကြပ်ခကိုလည်း ပေးထားပါသည်။ လိုအပ်သော ပစ္စည်းဝယ်တော့ လည်း သူပင် ကျွန်တော့်မန်နေဂျာ။ ကျွန်တော့်လူယုံ ငွေကိုင်ဖြစ်သည်။ သူကလည်း ကျွန်တော့်လိုပင် တစ်ကောင်ကြွက်။ ပထမကမ္ဘာစစ်တုန်း က ဂျာမနီ၊ ဘဲလ်ဂျီယမ်စစ်မြေပြင်မှ ပြန်လာသော စစ်သားဟောင်းကြီး တစ်ဦးပင်။

ကျွန်တော်က တက္ကသိုလ်ရှုံး အလုပ်ဆင်းသလိုဖြင့် နေ့စဉ် သမိုင်းအိမ်ကြီးဆောက်လုပ်ရေးသို့ သွားရသည်။ နေ့လယ်စာကို ဦးမြိုင် အား အခပေးပြီး စားချင်ရာရာကို ချက်ခိုင်းရာ အင်္ဂလိပ်စစ်ဗိုလ်များဖြင့် နေခဲ့လာသည့် ဦးမြိုင်က ကျွန်တော့်စိတ်တိုင်းကျ အနောက်တိုင်းလက်ရာ ကို ချက်ပြုတ်ပေးနိုင်ပါသည်။

ထိုစဉ်အတွင်း မာဂရက်တို့ရွှေဆိုင်ကို ကျွန်တော် ရှယ်ယာ ထက်ဝက်ပါဝင်ပြီး လုပ်ကိုင်ရာမှ မာဂရက်နှင့် ငြိပြီး လက်ထပ်ဖြစ်သည်။ စစ်အတွင်းဖြစ်၍ မင်္ဂလာပွဲက အကျဉ်းချုံးသာ။ သူတို့ဘက်က မိတ်ဆွေ သင်္ဂဟ အပေါင်းအသင်းများ တက်ရောက်ကြသော်လည်း ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က အကြီးအမှူးအဖြစ် ဦးမြိုင်နှင့် ဆောက်လုပ်ရေးအဖွဲ့ဝင်များသာ ဖြစ်ကြသည်။

လင်ပစ္စည်း မယားပိုင်တော့မည်ဖြစ်သဖြင့် ကျွန်တော့်တွင်ရှိသော ရွှေတုံးများနှင့် ငွေရောင်ပုလဲများအား မာဂရက်ကို အပ်နှံလိုက်သော်လည်း ကျွန်တော်တို့တိုက်ရာပါ ရတနာပစ္စည်းများနှင့် ရွှေရောင်ပုလဲလုံးများကိုတော့ အဝတ်အိတ်ဖြင့်ထုပ်ပြီး လက်သမားပန်းရန် ဆရာကြီးဦးမြိုင် အကူအညီဖြင့် အလုပ်သမားများပြန်ချိန်တွင် လေးငါးနေရာခွဲပြီး အိမ်ကြီးအတွင်း အမှတ်အသားထား၍ မြှုပ်နှံခဲ့သည်။

အိမ်ကြီးအား (GOLD PEARLS HOUSE ) ဟု အမည်ပေးမည်ဟု စဉ်းစားထားသဖြင့် ရတနာပစ္စည်း မြှုပ်နှံရာနေရာတိုင်းတွင် G.P.H ဟု အတိုကောက်နာမည် အမှတ်အသားထား၍ မှတ်သားခဲ့သည်။ ပစ္စည်းမြှုပ်နှံသည်ကို သိသော်လည်း ဦးမြိုင်အား ဘာပစ္စည်းမှာ အသိမပေးခဲ့ပါ။

(၄) လခန့်ကြာတော့ အိမ်ကြီးပြီးသည်။ ကျွန်တော်လည်း နေ့စဉ် အိမ်ဆောက်လုပ်ရေး၌ အလုပ်ဆင်းနေရသဖြင့် အငှားကားမသုံးတော့ဘဲ FORD ဆလွန်းကားအနက်ကလေးကို ကိုယ်တိုင်မောင်း၍ [illegible] လာရာမှ ကားမောင်းတတ်သော လက်သမားအဖွဲ့ထဲမှ မင်းမောင်ဆိုသူကို တွေ့ပြီး သဘောကျသဖြင့် ယာဉ်မောင်းခန့်လိုက်သည်။

မင်းမောင်မှာ အသက်(၃၀)ခန့်သာ ရှိသေးသည်။ မန္တလေးဘက်မှ အလုပ်လာလုပ်သူ အညာသား။ အင်မတန် ရိုးဖြောင့်သည်။ စက်ဆရာမျိုးရိုးဖြစ်သဖြင့် စက်ပြင်လည်း ကျွမ်းသည်။ မိဘများ မရှိတော့။ ဦးလေးတစ်ယောက်က မွေးစားထားခြင်းဖြစ်သဖြင့် ကျွန်တော်လို တစ်ကောင်ကြွက်ပင်ဖြစ်သည်။





ထိုအချိန် ကမ္ဘာစစ်မီးကြီးက မြန်မာပြည်ကို ကူးလာပြီဖြစ်သဖြင့် [illegible]ကုန်မြို့နေရာအနှံ့ ဗုံးကြဲခံနေရပြီ။ မြို့တွင်းနေသူများ လွတ်ရာသို့ [illegible]ှောင်တိမ်းကြရန် နှိုးဆော်ကြေငြာထားပြီးလည်း ဖြစ်သည်။ ရန်ကုန်မြို့ [illegible]အား ညဘက်အမှောင်ချထားသည်။ ထို့ကြောင့် ကျွန်တော်နှင့် မာ[illegible]ဂရက်တို့ ရတနာရွှေဆိုင်အား ပိတ်သိမ်းပြီး အဖိုးတန်ရတနာများကိုသာ [illegible]ဆောင်၍ မြို့အစွန်သမိုင်းအိမ်ကြီးသို့ ပြောင်းရွှေ့ကြရတော့သည်။

မာဂရက်က ကျွန်တော်၏ သမိုင်းရှိ (GOLD PEARLS [illegible]OUSE) အိမ်ကြီးအား အလွန်သဘောကျသည်။ မြို့အစွန်ဖြစ်၍ စစ်[illegible]တွင်း ပုန်းအောင်းခိုလှုံစရာ အိမ်ကြီးအဖြစ် သဘောကျခြင်းဖြစ်သည်။ [illegible]အောက်ခန်းပါရှိသဖြင့် အဖိုးတန်ပစ္စည်းများ သိုဝှက်ရန်နှင့် ဗုံးဒဏ် [illegible]ရန် ထုနှင့်ထည်နှင့် အခိုင်အခန့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

မာဂရက်မောင် မွန်စီယာကတော့ သဘောကျဟန်မတူ။ တော[illegible]သည်ဟု တဖျစ်တောက်တောက် ပြောနေတတ်သည်။ မာဂရက်က [illegible]ခိုလှုံခြင်းဖြစ်ကြောင်း။ စစ်ပြီးလျှင် မြို့အတွင်း ပြန်ပြောင်းမည့်[illegible]ကြောင်း နှစ်သိမ့်သည်။ ဤမျှ သပ်ရပ်ကောင်းမွန်သော အိမ်သစ်ကြီး[illegible]ရသည်ကို သဘောမကျဆိုသဖြင့် ကြိုးပမ်းထားရသူ ကျွန်တော်[illegible] မွန်စီယာတို့မှာ အဆင်မပြေတော့။ မျက်နှာချင်းမဆိုင်မိအောင် [illegible]နေရသည်။

ကျွန်တော်တို့အိမ်သစ်ကြီးအား ပတ်ဝန်းကျင်လူများက အင်္ဂလိပ်[illegible]တတ်ကြသဖြင့် မြို့စောင့်မာလီကြီး ဦးမြိုင်ပေးသော 'ပုလဲမြိုင်' [illegible]ကြီးဟုသာ ခေါ်ဆိုကြသဖြင့် ကျွန်တော်နာမည်ပေးထားသော (GOLD [illegible]EARLS HOUSE )အမည်မှာ ခြံရှေ့အုတ်တံတိုင်း၌ အင်္ဂလိပ် ဖြင့်[illegible]အမှာ ထွင်းထုထားသော်လည်း ပျောက်ကွယ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၂–၄၃ တွင် မြန်မာမျိုးချစ်များနှင့်အတူ ဂျပန်များ ဝင်လာကြသည်။ တကယ်တော့ ဂျပန်များက မြန်မာမျိုးချစ်များအား ကူညီသယောင်နှင့် လွတ်လပ်ရေးအတုအယောင်ပေးပြီး မြန်မာပြည်အား ကျွန်ကုပ်ယူ၍ ကျွန်ပြုခြင်းဖြစ်သည်။ စစ်ရေးအရ ယိုးဒယား–မြန်မာ မီးရထားလမ်း (သေမင်းတမန်လမ်း) ဖောက်၍ အင်္ဂလိပ်တို့အား အိန္ဒိယပြည်က မောင်းထုတ်ရန် ဆင်ကြံကြပြန်သည်။ ထိုအခါမှ မြန်မာများက အင်္ဂလိပ်အစိုးရကို တကြပြန်သည်။ ချေးတပ်ဆွဲခြင်းမှာ ရန်ကုန်မှာထက် နယ်ဘက်တွင် အဖြစ်များသည်။ ပြန်လွတ်လာသူ အလွန်ရှားပါးသည်။

ကျွန်တော်မှာ ဥရောပသားဖြစ်၍ အသွားအလာ အနေအထိုင် အလွန်ဆင်ခြင်ရသည်။ ရပ်ရွာနှင့် တည့်အောင်ပေါင်းရသည်။ ကျွန်တော်တို့နေရာမှာ ချောင်ကျပြီး ရပ်ကွက်ကညီသဖြင့် ကျွန်တော်တို့ ဒုက္ခမတွေ့ပါ။ တစ်ခါ ၁၉၄၅ ခုနှစ်၊ မတ်လတော်လှန်ရေးကျပြန်တော့ စစ်ရှုံး၍ ဆုတ်တာန်ကန်သော ဂျပန်များရန်ကြောင့် ကားလေးကိုပင် တောချုံအတွင်းဖုံးအုပ်၍ ဝှက်ပြီး မပြင်မဆင်ထားသော တောချုံဖုံးသည့် အိမ်ကြီး၏ မြေတိုက်ခန်းအတွင်း ဆင်းပုန်းနေရပြန်သည်။

ထိုအချိန်က ဦးမြိုင်နှင့် ကားဒရိုင်ဘာ မင်းမောင်တို့နှစ်ဦးမှာ လွန်စွာအားကိုးရသည်။ ကျွန်တော်တို့မိသားစု အင်္ဂလိပ်အပြေးတွင် လိုက်ပါသွားကြောင်း သတင်းလွှင့်ထားပြီး လူရိပ်သူရိပ် မပြရ။ သူတို့နှစ်ဦးကပင် လျှို့ဝှက်စွာ ဝယ်ခြမ်းချက်ပြုတ်ကျွေးသည်။ မြေတိုက်ခန်းအတွင်း ပုန်းအောင်းနေထိုင်ရသဖြင့် အသားနီစပ်စပ် ကျွန်တော်တို့မှာ အရှေ့တိုင်းသားများပမာ အသားများ ဖါတာတာ ဖြစ်လာသည်။

၁၉၄၆ ခုနှစ် အင်္ဂလိပ်များပြန်ဝင်တော့ ကျွန်တော်တို့ လွတ်လပ်ခွင့် ရလာပြန်သည်။ ရန်ကုန်မြို့ကြီးလည်း ပြန်စည်ကားလာသည်။





အဆိုင်ကိုလည်း မဂိုလမ်း၌ ပြန်ဖွင့်ရန် စီစဉ်တော့ အဖိုးတန်ရွှေထည်ပစ္စည်းအတော်များများ ပျောက်နေသဖြင့် ကျွန်တော်နှင့်မာဂရက် စကားများကြရသည်။

ကျွန်တော်က မွန်စီယာအား စွပ်စွဲတော့ မာဂရက်က သည်းသည်းလှုပ် ငြင်းဆန်သည်။ ကျွန်တော်တို့ စစ်အတွင်း မြေတိုက်ခန်း၌ ပုန်းအောင်းနေကြစဉ်ကတည်းက သူတို့နှစ်ဦး၏ မှုမမှန်သော ကိစ္စများကို ကျွန်တော် ရိပ်မိ သိရှိခဲ့သော်လည်း မသိကျိုးကျွန် ပြုခဲ့ပါသည်။

တကယ်တော့ သူတို့က လင်မယား။ ကျွန်တော် ပစ္စည်းရှိမှန်းသိ၍ ပေါင်းကြံကြခြင်းဖြစ်သည်။ နဂိုကတည်းက မယုံကြည်ခဲ့၍ အဖိုးတန်ပစ္စည်းများအား အိမ်ကြီးဆောက်လုပ်စဉ်၌ စနစ်တကျ သိုဝှက်သိမ်းဆည်းခဲ့သော ကျွန်တော့်အတွေး မှန်သွားပါသည်။

တစ်နေ့ ကျွန်တော်အအေးမိပြီး အခံရှိ၍ ပုန်းလျှိုးကွယ်ပျောက်နေသောငှက်ဖျားက ပြန်ခေါင်းထောင်ထလာသည်။ သူတို့လင်မယားက ရှုညီပင် မကြည့်ပါ။ ကျွန်တော့်အား မင်းမောင်နှင့် အဘဦးမြိုင်တို့က ဆိုးယ်ဖိရင်ဖိ ပြုစုပါသည်။

နေ့လယ်နေ့ခင်း အဖျားကျ၍ မှိန်းနေခိုက် ကျွန်တော့်အခန်းထဲ၌ လူရိပ်များကို တွေ့ရသည်။ ကျွန်တော်တို့မှာ အနောက်တိုင်းသားများပီပီ ကြည့်၍ တစ်ခန်းစီအိပ်ကြရာ ဟိုလင်မယားက ကျွန်တော့်အခန်းထဲဝင်၍ ရတနာပစ္စည်းများအား ရှာဖွေယူငင်နေကြခြင်းဖြစ်သည်။

“ဟော့ … တိရစ္ဆာန်လင်မယား၊ ဘာလုပ်နေကြတာလဲ၊ ငါ မသေသေးဘူး”

“အေး … အခုပဲ သေရစေမယ်”

www.burmeseclassic.com



မှန်စီယာက ကျွန်တော် ထပိုင်၍ အော်သည်နှင့် ဓားနှင့်မြှော
အထိုး ကျွန်တော်က ခေါင်းအုံးအောက်တွင် အသင့်ဆောင်ထားသော
ခြောက်လုံးပြူးသေနတ်နှင့် ပစ်ထည့်လိုက်တော့သည်။

"ဒိုင်း ..."

မှန်စီယာ၏ ဘယ်ရင်အုံကို သေနတ်မှန်၍ လဲကျအသွား
သေနတ်သံကြောင့် အဘဦးမြိုင် ပြေးဝင်လာသည်။ ထိုစဉ် မာဂရက်
မှန်စီယာ၏လက်မှ ဓားမြှောင်ကို ကောက်ယူပြီး ကျွန်တော့်အား ပြေးထိုး
ရန်အလုပ် အဘဦးမြိုင်က ကာလိုက်သဖြင့် အဘဦးမြိုင် ရင်အုံအား
ထိုးမိသွားသည်။

"တိရစ္ဆာန်မ ... ဒီလောက်ရိုင်းစိုင်းပြီး သရဲစီးနေတာ ဆေး
ဟာ"

ကျွန်တော် ဒုတိယအချက် သေနတ်ခလုတ်အား ဆွဲလိုက်ပြ
သည်။

"ဒိုင်း ..."

ကားသမားမင်းမောင် ပြေးဝင်လာပြန်သည်။

"ဆရာ ... ဘာတွေဖြစ်ကုန်တာလဲ။ ဒုက္ခတော့ ဖြစ်ကုန်
ပြီ"

"မင်းမောင် ... အဘမြိုင်ကို စမ်းကြည့်စမ်း။ ဆေးရုံ အမြ
ပို့ရအောင်"

ကျွန်တော်လည်း စိတ်ဆောင်ပြီး ခုတင်ပေါ်က ခုန်အဆင်
ဇက်ဖျားကြောင့် အားမရှိသဖြင့် မှောက်လျက်လဲသည်။

"ဆရာ ... အဘမြိုင် အသက်မရှိတော့ဘူး။ အားလုံးလည်း
သေကုန်ပြီ။ ရပ်ရွာကလည်း သေနတ်သံကြားလို့ လာကြတော့မယ်





ကျွန်တော့်ကို သေနတ်ပေးစမ်းပါ ... ဆရာရယ်။ ကျွန်တော်က တစ်
ယောက်ကြွက်ပါ။ ဆရာ့အစား ကျွန်တော်ခံပါ့မယ်"

"နေ ... နေ ... မောင်မင်းမောင်။ ငါ့အပြစ် ငါခံမယ်။
မင်းက ငယ်ပါသေးတယ်။ ဒီအိမ်ကြီးနဲ့ အတွင်းပစ္စည်းတွေ မဂိုလမ်းက
မြေပိုင်ပါ မင်းကို အမွေပေးမယ်။ ကားလည်း မင်းယူသွားပဲ။ ကြားလား။
... ငါသွားတော့မယ်"

ကျွန်တော် သေနတ်အား မောင်းတင်၍ ကိုယ့်ကိုယ်ကိုယ် အဆုံး
စီရင်ရန် သေနတ်ပြောင်းအား နားထင်သို့ ထောက်လိုက်စဉ် သန်မာ
ထွားကြိုင်းသော မင်းမောင်က ခုန်အုပ်၍ သေနတ်အား ပုတ်ချလိုက်
သည်။

"မလုပ်ပါနဲ့ ... ဆရာ။ အဖန်ငါးရာ ငါးကမ္ဘာတဲ့။ မိမိကိုယ်
ကိုသတ်သေတာဟာ ကျွန်တော်တို့ ဗုဒ္ဓအယူဝါဒအရ အလွန်ကြောက်
စရာကောင်းအောင် သံသရာမှာ အဖန်တလဲလဲ ခံရတတ်ပါတယ်။ အခု
ဟာ ဆရာက ဖျားနေတာ။ သူတို့ကလုပ်ကြလို့ ဆရာက ကာကွယ်
တာ အပြစ်မရှိပါဘူး။ ဥပဒေအရ ရှင်းလို့ရပါတယ်။ မလုပ်ကောင်း
တာ မလုပ်ပါနဲ့ ... ဆရာရယ်"

"အေးကွာ ... ကျေးဇူးတင်တယ် ... မင်းမောင်။ ငါ မနေ့
ကတည်းက ဖျားနေတာ ဘာအစာမှမဝင်ဘူး။ အခု အဖျားကျသွား
တော့ ဆာလာတယ်။ ထမင်းစားခန်းကို တွဲပို့စမ်းကွာ။ ငါစားနေတုန်း
မင်း ရပ်ရွာလူကြီးတွေကို သွားခေါ်ပေးစမ်းကွာ"

"ဆရာ့ကို ကျွန်တော် စိတ်မချဘူး။ သေနတ်သံကြောင့် လူကြီး
တွေ လာကြပါလိမ့်မယ်။ ဆရာ တစ်ခုခုစားပြီးတော့ ဆေးသောက်
။ ပြဿနာအားလုံး ကျွန်တော်ရှင်းပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... မင်းကောင်းသလိုသာ လုပ်တော့"
ကျွန်တော့်အတွက် ပြုလုပ်ထားဟန်တူသော ဆန်ပြုတ်ကို ကျွ
တော် ဆာလောင်လွန်းသဖြင့် စားလိုက်မိစဉ် အဆိပ်ခပ်ထားမှန်း သိ
လိုက်ရသည်။ မင်းမောင်ခေါ်လာသော ရပ်ရွာလူကြီးများလည်း အပေါ်
ထပ်သို့ တက်လာကြသည်။
"မင်းမောင် ... ငါ့ကို ရေမြန်မြန်ခပ်ပေးစမ်း။ ဟိုတီရွာ
လင်မယား ငါစားမဲ့အစာထဲမှာ အဆိပ်ခပ်သွားတယ်။ ရပ်ရွာလူကြီးများ
ခင်များ ... ဒီခြံ၊ ဒီအိမ်နဲ့ အတွင်းပစ္စည်းအားလုံးကို ကျွန်တော့်သ
ရှိတပည့် မင်းမောင်ကို အမွေပေးခဲ့ပါတယ်။ ကျွန်တော့်ကိုယ်စား ခံသွ
ရတဲ့ အဘမြို့မှာ မိသားစုရှိရင် ခွဲဝေပေးပါ"
ကျွန်တော် မင်းမောင်ခပ်ပေးသော ရေအေးအေးကို နောက်ဆုံ
သောက်ပြီး ကွယ်လွန်ခဲ့ပါသည်။ ကျွန်တော့်ရင်ထဲ ပူလွန်းသဖြင့် 'ရေ
ရေ' ဟု တောင်းဆိုပြီး အိပ်ရာကနိုးလာတော့ အဖေနှင့်အမေက ကျွ
ယော့်အား အတင်းဖက်ထားပြီး ...
"သား ... သား ... ဘာဖြစ်တာလဲ။ ဒီမှာ ရေသောက်လို
ဦး။ သားက အိပ်ပျော်နေရင် နိုးတာမကြိုက်လို့ အဖေနဲ့ အမေ စေ
ကြည့်နေတာ။ အခု ည (၉) နာရီတောင် ထိုးတော့မယ်။ အိပ်မက်ဆိုး
မက်ပြီး အစာဆာတော့ ရင်ပူမှာပေါ့။ ရေမြန်မြန်သောက်လိုက်"
ကျွန်တော် ရေကို အငမ်းမရ တစ်ဝသောက်ပြီး ကျွန်တော်
ဝိပြင်စွာမြင်မက်သော အိမ်မက်ရှည်ကြီးအား အသေးစိတ် ရှင်းပြလို
တော့သည်။
"အဖေ ... ကျွန်တော် ရတနာမြှုပ်နှံတဲ့ နေရာတွေကိုလည်
အသေအချာသိပါပြီ။ အဖေတို့ တစ်သက်လုံး ချမ်းသာမှာပါ။ နောက်



ရတနာတူကြီးကိုလည်း ကျွန်တော် မြေပုံဆွဲထားတာ ရှိပါတယ်။ နိုင်ငံ
အေးချမ်းချမ်းဖြစ်တဲ့အခါ ကျွန်တော် အသေအချာ လိုက်ပြပါ့မယ်။
အဖေတို့ အမေတို့ကျေးဇူးကို ဆပ်တာပါ။ ဒီဘဝရောက်မှတော့ ညီလေး
လည်း မွေးမယူတော့ပါဘူး။ ချစ်သွားမှာပါ"
"ဒါနဲ့ မင်းညီလေးကို ဟိုဘဝက ယောက်ဖတော်မှန်း ဘယ်လို
သိသလဲ ... သား"
"တော်ကလည်း အမေးအမြန်းထူလိုက်တာ။ သားလေး ဆာ
နေရှာမယ်၊ ညစာကျွေးရင်း မေးကြတာပေါ့"
ကျွန်တော်ညစာစားတော့ အငယ်ကောင်အိပ်နေပြီ ဖြစ်သည်။
"အဖေတို့၊ အမေတို့ သတိမထားမိဘူးလား။ အငယ်ကောင်
ရဲ့ ရင်အုံမှာ ကျွန်တော် ခြောက်လုံးပြူးနဲ့ပစ်ထားတဲ့ အနီစက်ကြီးပါ
တယ်လေ"
"အမေတို့က အမှတ်ကြီးထင်နေတာကွယ့်"
"အင်း ... ဒီကောင်နဲ့က ယောက်ဖဆိုလည်း ဟုတ်တယ်၊
ညီအစ်ကိုဆိုလည်း ဟုတ်မယ်ထင်ပါရဲ့။ ကျွန်တော့်ကို ဒီဘက်ဘဝ
မှာ ကလန်ကဆန် လုပ်နေတုန်းပဲ။ ဒါပေမဲ့ ကျွန်တော့်ကို သူ ကြောက်
တယ်"
"ဟိုဘဝက ... ဟိုဘဝပေါ့ ... သားရယ်။ ဒီဘဝမှာတော့
ညီအစ်ကိုအရင်းပဲ။ ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင်နေပါ ... သားရယ်"
"ဟုတ်ကဲ့ပါ ... အမေ။ သား ဆင်ခြင်ပါ့မယ်"
နောက်တစ်ရက်ကျော် တနင်္ဂနွေနေ့ မနက် (၉)နာရီတွင် ကျွန်
တော်တို့ Break Fast စားပြီးသည်နှင့် ဧည့်ခန်းမကြီးအား ဖျက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မီးဖိုကြီးပေါင်နေရာ၌ (G.P.H) ဟူသော အမှတ်အသားပါနေ
တို့ ဖျက်ကြတော့ သံဘူးဖြင့် ထည့်ထားသော ရွှေရောင်ပုလဲလုံး အ
(၅၀)ခန့်ကို ရသည်။

ကျွန်တော်ဝှက်ထားသော နေရာများကို လိုက်ရှာရာ အော
ထပ်အိပ်ခန်းများ အဝင်တိုင်ဖုံးပေါ်၌ (G.P.H) အမှတ်အသားတ
မျက်နှာချင်းဆိုင်ဧည့်ခန်းများ အလယ်တိုင် (၂)ခု၌ (G.P.H)အမှတ်အသ
(၂)ခုတို့အား တွေ့ရသည်။ တစ်ခု ကျန်နေသေးသော်လည်း ကျွန်တေ
မမှတ်မိတော့။ အမှတ်အသားများမှာ သိသာရုံရေးရေးသာ ရေးသ
ထားသဖြင့် အကြောင်းမသိဘဲ ရှာဖွေ၍ တွေ့နိုင်မည်မဟုတ်ပေ။

"ကဲ ... သားရေ အဖေတို့ နေရာကို သိပါပြီ။ ဒါပေမဲ့
လောလောဆယ် မလိုသေးဘူး ... သားရဲ့။ နောက်ပြီး အိမ်ခန်းနံရံ
ပျက်စီးသွားလိမ့်မယ်။ ဒီအတိုင်းထားလိုက်တော့ လုံခြုံတာပေါ့ ..
နော်"

"ဟုတ်ကဲ့ ... အဖေ။ ဒါပေမဲ့ နောက်တစ်နေရာက မြေအော
ခန်းထဲမှာ ဖြစ်လိမ့်မယ်။ ကျွန်တော်တို့ ဆင်းကြည့်ရအောင်။ လ
ဓာတ်မီးတော့ ယူခဲ့ပါ ... အဖေ"

ကျွန်တော်၊ အစ်ကိုကြီးနှင့် အဖေတို့ အောက်ထပ်ခန်း
ခန်း၏ ကြမ်းပြင်၌ တပ်ဆင်ထားသည့် လျှို့ဝှက်အံဖုံးအား သံတူးရွင်
ကလော်ဖွင့်ပြီး လှေတံခါးထစ်များအတိုင်း ဆင်းခဲ့ကြသည်။ လှေ
ရင်းရှိ မီးခလုတ်အား အစ်ကိုကြီးကို ဖွင့်ခိုင်းတော့ မီးလုံးများပွင့်သွ
လင်းထိန်သွားသည်။

ထိုအချိန်ကျမှ ကျွန်တော်ဦးနှောက်ထဲ အလင်းရောင် ဖျ
ဝင်လာသည်။ ကျွန်းသားဗီရိုကြီးများ တန်းစီနေရာမှ တတိယမြော





ကြီးကို ကျွန်တော် တွန်း၍ ရွှေ့ခိုင်းသည်။ ဘီးတပ်ထား၍ ရွှေ့ရ
ည်မှာ လွယ်ကူပါသည်။

ဗီရိုကြီးအနောက်ဘက်နံရံ၌ (G.P.H) အမှတ်အသားတစ်ခု၊
အောက်ခန်းဖြစ်၍ အစိုးဓာတ်ပျံ့ပြီး အင်္ဂတေပွနေသဖြင့် တူးကြည့်ရာ
သေတ္တာပိုင်းလေးတစ်ခုအတွင်း၌ ကတ္တီပါစဖြင့် ထုပ်ထားသော ရွှေရောင်
ထဲ အလုံး (၅၀) နှင့် ဆီစိမ်စက္ကူပေါ်၌ ဆွဲထားသော ရတနာဂူမြေပုံ
ထွက်လာသည်။ အေးချမ်းသောအချိန်၊ ကျွန်တော် အရွယ်
ရောက်သောအချိန်၌ သွားရောက်ရှာဖွေရန် မိသားစု တိုင်ပင်ကြပါသည်။
သည်မှာ ထူးဆန်းဆန်းကြယ်သော ကျွန်တော့်တို့ ပုလဲမြိုင်အိမ်ကြီး
အတွင်းရေးပင်ဖြစ်ပါတော့သတည်း။

တောင်ဒွန်းကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

ကျိန်စာဟူသည် တကယ်ရှိ မရှိ၊ အဟုတ်စွမ်း မစွမ်း မည်သူ
သိ။ ဘာကြောင့် ဘယ်လိုကျိန်စာဆိုသည်ကြီး ပေါ်လာခဲ့သလဲ၊ ဘယ်
ကြောင့် ကျိန်စာသင့်ရ၊ စူးရသလဲ တိတိပပသိသူလည်း နတ္ထိ။

သို့နှင့်တိုင် ထွန်းပိုင်တစ်ယောက် လက်ငင်းဖြစ်ပျက်နေပုံကြီး
နှင့် 'ထွန်းပိုင် ... ကျိန်စာစူးပြီ' ဟုပဲ တစ်ရွာလုံးက အပ်ချမတ်ချ
သံမဲ့ကြီး တုံးတုံးချထားလိုက်ကြ၏။ သဘောမညီသူမရှိ၊ ကန့်ကွက်
ကန့်မည့်သူမပေါ်၊ နားဝင်ဆိုးစရာ သတင်းခါးခါးတွေရှိတိုင်း ခံသာ
သင့် အသင့်အတင့် နှလုံးသွင်းတတ်လေ့ရှိပြီ တုံးစံရှိသည့် သက်တော်
ကျောင်းအစ်မကြီး ဖွားသီလလို အမယ်ကြီးအိုကပင်လျှင် ...

"ဟယ် ... အများမေတ္တာရေခိုတာ ရှောင်နိုင်ခဲ့သားကပဲ။
ထိုက်နဲ့သင်းကဲ ဟုတ်ချင်လည်းဟုတ်၊ မှန်ချင်လည်း မှန်ပေမပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဟင်းခါးပင်က သခရက်သီးသီးပါ့မလား။ မစပ်တဲ့ ရေတ်မျိုးဆိုသ ကော ကြားဖူးလို့လား။ လူလူချင်းသာ လိမ်ချင်လိမ်လို့ရမယ်၊ ကံနဲ့က ဖွလကိုများတော့ ယောင်တောင်ပေါင်တောင် လှည့်စားလို့ ရနိုင်ပ လားဟဲ့။ ဒီအကုသိုလ်တုံး။ အကုသိုလ်ခဲမျိုးမှာ ကျိန်စာရှုးသတဲ့ဆိုသ ဖြင့် ပြေးကြည့်စရာမလို၊ တွေးကြည့်လိုက်ရုံနဲ့တင် စင်းနေသာပဲဥ ဟုတ်စ"

. . . တဲ့။ ချိုသည်၊ ခါးသည် တောင်တောင်အီအီဥပါဒ်မှ စွက်မနေသော်မှ ထွန်းပိုင် ကျိန်စာသင့်ခြင်းကို ခေါင်းမခါခဲ့။

"အိုး . . . သတ္တဝါတစ်ခု ကံတစ်ခုဆို မဟုတ်လား။ ကုသိုလ် အရိပ်ဟာ နေရိပ်များလိုတဲ့။ တိမ်စိုင်တိမ်အုပ်များ ဖုံးလိုက်ရင် ပျော သွားသေးသာတဲ့။ အဲ . . . အကုသိုလ်ရဲ့ အရိပ်များကျတော့ကာ . ဟော . . . ဝန်တင်နွားရဲ့နောက်က လည်ပြီးလိုက်နေတဲ့ လှည်းဘီးလ တဲ့။ မြေပေါ်သွားသွား၊ ရေထဲဆင်းဆင်း၊ ကုန်းပေါ်ပဲတက်တက်၊ ဖွ အိုင် နွံအိုင်ဖြတ်ဖြတ် နွားရွေ့ရင်ရွေ့၊ နွားရပ်ရင်ရပ် ထက်ကြပ်မ လိုက်နေသာတဲ့ . . . ဗျား။

အေး . . . ရွာလယ်ပိုင်းက တစ်သက်လုံး တစ်သောင်လုံး ဝ သတ်၊ နွားပေါ် အလုပ်နဲ့ပဲ လူလုပ်ခဲ့တဲ့ 'စံပေါ်' ကြီး သေခါနီးကျတေ ဘယ်လိုတုံး မြင်ခဲ့ကြရဲ့ မဟုတ်လား။ တစ်လကိုးသီတင်း သူ့လက်ချ နဲ့သေခဲ့ရတဲ့ အမဲကောင်တွေ သေခါနီး မချိမဆန့် သေချင်ပက် ညည်းညူမြည်နေခဲ့ရသလိုမျိုး ဝက်သံ၊ နွားသံကြီးနဲ့ လေးဘက်ထောက်က အော်နေခဲ့ရပြီး သေပြန်တော့လည်း တိရစ္ဆာန်များလို ကုန်းကုန်းကွ ကြီး လေးဘက်ပစ် အသက်ပျောက်ခဲ့သာပဲ မဟုတ်လား။ အေး . ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်

[illegible]



ကောင်းတာဖြစ်မယ်။ ပူမနေနဲ့ ကျိန်းသေဒက်ထိပဲ။ ထွန်းပိုင်လို့ကောင် တေသိတာများ ဆန်းမှတ်လို့"

တစ်ရွာလုံးက မော်ကြည့်နေခဲ့ရသည့် သူကြီးမင်း ဘကြီးသော် ညည်း သည့်နှယ် ပီပီပြင်ပြင်ကြီး မှတ်ချက်ချသည်။

ညောင်သောကျောင်းဆရာတော်ကြီးရော၊ 'ရဟန္တာကိုယ်တော်' ချစ်ဝေးရပ်နီး ကျော်ဇောက်ွတ္တိကြီးနေသည့် ရေလယ်ကျောင်းဘုန်း ကြီး ဦးမောင်ကြီးတို့ကပင်လျှင် တစ်စုံတစ်ရာမမိန့်၊ ခပ်မဆိတ်။

သို့ဖြင့် ထွန်းပိုင် ကျိန်စာသင့်သည့်သတင်းက ရွာကလေး ပေါ် အရိပ်မည်းကြီး စိုက်ဆင်းလာသလို အုပ်ဆိုင်းကျလာခဲ့ခြင်း တော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၂ |

❑

သည်ရွာကလေးကို အများက 'ဗဒါကုန်း'ဟု နှုတ်ကျိုးနေ
၏။ တကယ် စာနှင့်ပေနှင့် ရေးလျှင် 'ဘဏ္ဍာရွာ' ဟု ရေးတတ်သော
လူတွေ ပါးစပ်ဖျား၌မူ 'ဗဒါကုန်း' ပဲ တွင်သည်။ 'ရွှေဘဏ္ဍာသာ
နန်းဆီ မှန်းလို့ညီချီ' စသဖြင့် ဘုန်းကြီးပျံ နိဗ္ဗာန်ကျောင်းချပွဲမှာ ဦးလေ
တို့၊ ကိုရင်တေလေတို့ ဒိုးပတ်ဝိုင်းက ဟုတ်ဟုတ်ငြားငြား ကိုယ့်ရွာကို
အမွှမ်းတင်ရင်း ရွှေဘဏ္ဍာ ... ဘာညာ ... ဘာညာ ... လုပ်
သည်ကိုပင် 'ခေါက်ထားစမ်းပါကွာ၊ ဗလီစီချောက်ချက်တွေ။

အလောင်းစည်သူမင်းကြီးဖောင်တော်နဲ့ တိုင်းခန်းလှည့်
ရွှေဘုံသာ၊ ငွေဘုံသာဘုရား သူတည်ဖို့ မင်းဘဏ္ဍာတွေ လှူခဲ့တဲ့
မို့ ဘဏ္ဍာရွာဆိုသလေး ဘာလေး လုပ်ဇာတ်တွေ ပုံကြီးချဲ့ထားတာ
တစ်ရွာလုံးပေါင်းလို့မှ ရွှေတစ်ဆယ်သား ဖြစ်ဖြစ်မြည်အောင် မပြည့်
ဟာ၊ ဘယ့်နှယ့် ... ဘဏ္ဍာဖြစ်ရမတုံး။ မသကာ ဖွတ်ကျားကုန်း





တာမှ ဟုတ်တုတ်တုတ်ရှိသေး' ဟု တောင်ဦး၊ တောင်ရင်းနှင့် ဘယ်
ထင်ရွာမ စသည့် သောင်သောင်သာသာ ရွာချင်းကပ်လျက်တွေက
နှုတ်ခမ်းတလန် ပန်းတလန် ငေါ့ခဲ့တော့ခဲ့ကြသေးသည်ကော။ ဘာပဲ
ပြောပြော ဗဒါကုန်းဟုဆိုလျှင် သည်ရွာကိုညွှန်းမှန်း လူတိုင်းသိသည်။

ဗဒါကုန်း၌ ရှိလှ အိမ်ခြေ တစ်ရာ့လေးငါးဆယ်ထက် မပိုချင်။
နှမ်းခွံမီးပါးပါး အညာရွာကလေးများထုံးစံ ထန်းရွက်မိုး၊ ဝါးထရံကာ၊
သက်ငယ်မိုး၊ ဝါးကြမ်းစုတ်တီစုတ်ချာ အိမ်မွဲကလေးတွေချည်း။ သူကြီး
သော်၊ ကျေးရွာ လလသသလူကြီး ကိုဟန်တင်၊ ရွာလူကြီးမောင်ချစ်
ဆွေ၊ ဘိုးထွန်းအောင်၊ ဘိုးထွန်းအေးတို့ ညီအစ်ကိုတစ်သိုက် စသည့်
သစ်ငါးချောင်း မပြည့်တပြည့်ကသာလျှင် တိုက်ခံပျဉ်ထောင်နှစ်ထပ်
အိမ်အိုတွေနှင့် ဖြစ်၏။

ယင်းတို့သည်ပင် ဘိုး၊ ဘေး၊ ဘီ၊ ဘင် လက်ထက်က ဆောက်
ထားခဲ့ကြခြင်းဖြစ်ပြီး နှစ်ရာချီနေလာခဲ့ကြပြီဖြစ်၍ ဟောင်းလှ မြင်းလှ
ပြီ နွမ်းလည်းနွမ်းမို့၊ မိုးလည်းမိုးမို့ အိမ်အိုစော် တပေါင်ပေါင်။ ရုတ်
တရက်ကြည့်လျှင် မွဲခြောက်ခြောက်၊ ညစ်ထေးထေးနှင့် ကုပ်ကုပ်ရုပ်ရုပ်
ရွာသိမ်ကလေးဖြစ်၏။

လယ်ပိုင်ယာပိုင် ကျိုကျိုတက်ကြေးရတတ်လည်း မရှိ။ ရေတော်၊
ရိုးတော်လယ်ပွဲကလေး လေးငါးခြောက်ကော၊ ကုန်းခြောက်ယာပြင်မှာ
ပဲကြီး၊ နှမ်းကြီး၊ နွားစားပြောင်း၊ ပဲစဉ်းငုံလောက်ပဲ ဖြစ်ထွန်းသည့် ခြံကွက်
ကလေး ချောက်တီးချောက်ချက်ပိုင်သည့် ဘုရားရှူးမိုးကြိုးပစ် လယ်
သမား၊ ယာသမား ဆယ့်လေးငါးဦး။

ဘကြီးဘော်က လှည်းဒေါက်ဖို ပိုင်ရှင်။ ကိုဟန်တင်ကြီးက
သရေစာ သမိုးစာ အခြောက်အခြမ်းအစ ဆန်၊ ဆီ၊ ဆား၊ ရေတ်၊

www.burmeseclassic.com



ကြက်သွန်အခုံး ဗူလီနတ်စပါမကျန် တင်ရောင်းသည့် ကုန်စုံဆိုင် ကလေးတစ်ဖက်၊ လလသသအသင်းကတစ်ဖက် ဖွင့်ထားသည့် ရွာဝင်း ဗိုက်၊ ရွာ့ရိက္ခာအိုး။

ကျန်သည့် ရွာသား၊ ရွာသမီးများကား လက်လုပ်လက်စား ကျော့ပွဝမ်းအေးတွေချည်း။ မြောက်ချောင်၊ အနောက်ချောင်နှင့် ရွှေ ဘုံသာကုန်းတစ်ခြမ်းလုံး ကျောက်မိုင်းလုပ်သား၊ ကွာရီကျင်းသားများ ချည်းသာ။ လက်လှုပ်မှ ပါးစပ်လှုပ်ကြရပြီး မတ်တတ်စာကလွှဲ၍ တုံးလုံး စာ နတ္ထိတွေသာလျှင် ဖြစ်သည်။

ရွာထိပ်မှာ နှစ်ပေါင်းရာချီနေသည့် ရောမ ညောင်ပင်ကြီး တစ်ပင် ထီးထီးမားမားကြီး ရှိနေခြင်းနှင့် ပြည်သူ့အကျိုးပြု ရဲဘက် စခန်းက အကျဉ်းသားများသုံးဖို့ သောက်ရေအတွက် တကူးတက လာတူး ထားသည့် ရေကန်ကြီးတစ်ကန် ရှိနေခြင်းကသာပဲ ရွာကလေးကို ဂုဏ် တက်စေသည်။

ရှမ်းရိုးမနှင့် တစ်ကြောတည်းဆက်နေသည့် ရွှေမြင်တင် တောင် စဉ်တောင်ကြောကြီးကို ကျောပေးလျက် တောင်နှာမောင်းခြေရင်း ကုန်း စောင်းထက်မှာ ရွာကလေးကို တည်ထားခြင်းဖြစ်၏။

ရွာကလေးကပေမင့် ဘုရားစေတီ၊ ကျောင်းကန်တွေ အပေါ သား။ ရွာဦးထိပ် မန္တလေး–ရန်ကုန် ကတ္တရာလမ်းမှ အဝင်ဖက်တွင် ရေလယ်ကျောင်း၊ ညောင်ဘောကျောင်း၊ ရွာအနောက်တောင်ဘက် မင်း ရဲမြောင်းမေးတင်လျက်က ဂိုဏ်းထောက်ကျောင်း၊ အရှေ့ဖျားရွာနှင့် ဆူး တပ်စည်းခရိုးသာခြား၍ ရွှေမြင်တင်ကျောင်းက တောင်နှာမောင်းကုန်း စောင်း၌ ရှိနေသည်။

ခရေပင်ရိပ် မြိုင်မြိုင်အုပ်အုပ်ကြီးတွေနှင့် မင်္ဂလာစေတီဝင်း





သာဂေါင်ဘုရားဟု ရွာကခေါ်သည့် ရွှေမုဋ္ဌော၊ ရွှေဘုံသာဘုရား၊ ရွှေ ဘုရား၊ ရွာလယ်မှာ ဆုတောင်းပြည့်ဘုရားကြီး၊ ရွာကလေးနှင့် အောင် သာသနိကအဆောက်အအုံတွေက တင်းကျမ်းပြည့်နေ ဘိုးမွေ ဘမွေရွာကလေး၏ အသက်လောက်နီးနီး သမထိရှည်နေပြီ သည့် တကယ့်ရတနာအစစ်များ။

ရွာကလေး၏ အနောက်မြောက်ဘက်စူးစူး တစ်ခေါ်သာသာ ဘက်မှာ လက်ပံပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်းနှင့် သချိုင်းရာကလေး ။ ဦးသာဂေါင်ဘုရားနှင့် ညောင်ဘောကျောင်းအကြား လှည်းလမ်း လေးအတိုင်းဖြတ်၊* နတ်စင်နတ်ကွန်းမရှိ၊ မီးလောင်ငုတ်တိုမည်းမည်း သာ မိုးတိုးမတ်တတ်နှင့် ရွာတော်ရှင်နတ်ကွန်းကလေးကို ကျော်မိ ဦးဘရှင်တို့၊ ကိုကြည်ဆောင်တို့ မွေးချင်းတစ်သိုက်၏ အမွေဆိုင် ပိုက်တောနှင့် လယ်တောကို တွေ့ရမည်။ လယ်တောအစပ် မိုးနံ့ချုံ ပ်အုပ်များသည် သချိုင်းမြေအစ နယ်နိမိတ်ဖြစ်၏။

သည်သချိုင်းကလေးက ဗဒါကုန်းနှင့် နီးနီးရှိ၍သာ သူ့ရွာ ပိုင်လိုလို ဖြစ်နေသော်ငြားလည်း သည်ရွာကလေးသက်သက်ချည်း သည်မဟုတ်။ မင်းရဲ၊ တောင်ဦး၊ အလယ်တောင်ကျောက်မိုင်း၊ ဈေး အောက်ချိုင်းစသည့် ဝန်းကျင်ပတ်ချာလည် ရွာကလေးများက ည်း လူမှိုသေလျှင် သည်သချိုင်းကလေးဆီ ပို့ကြချကြရမြဲ။ မိုးနံ့ချုံ ချုံများ၊ ဘောင်မှည်ချုံများဖြင့် ထွေးရှုပ်နေသည့် သည်နေရာကလေး ခုတ်ဂူအဟောင်းအသစ်၊ မြေပုံမို့မို့ အဟောင်းအသစ်ကလေးများ ဆရိ ပြွတ်သိထိုး ကျပ်ပိတ်သိပ်နေသည်။

သချိုင်းအစပ် မိုးတွင်းခါ သဲချောင်း၊ နွေမှာ လှည်းလမ်းကူးက များကို ဓားလွှယ်ခုတ်ဖြတ်တက်လိုက်လျှင် ခပ်လှမ်းလှမ်း မျက်စိ

တစ်မျှော်၌ ခပ်အိုအို ယမ်းတိုက်ဟောင်းကလေးရှိ၏။ ပြည်သူ့ဆော လုပ်ရေးလက်အောက်ခံ ကျောက်မိုင်းလုပ်ငန်းပိုင် ဖောက်ခွဲရေးသုံး ယ ဘီလူးများ၊ ကျော့တက်ကြိုးများ။ မိုင်းခွဲသည့် စက်ပစ္စည်းများကို သိုလှော ခဲ့ဖူးသည့် လုံလုံခြုံခြုံ ထူထူထဲထဲ တစ်ထပ်အုတ်တိုက်ကလေး။

ယခုဖြင့် လူလည်းမနေ ဘာမျှလည်းမထား ဗလာကျင်းလျ တချို့က ယမ်းတိုက်ဟောင်းဖြစ်၍ မဥပါဒ်ချင်သဖြင့် ကင်းအောင်နေ ခြင်း။ တချို့ကမူ သချိုင်းကုန်းကလေးနှင့် ရေကြောမြေကြောချင်း ဆ နေသည်မို့ သရဲကြောက်၍ ဝေးဝေးရှောင်ကြသည်။

နေ့ခင်းနေ့လယ် ဆိတ်ကျောင်း၊ နွားကျောင်းသားတချို့ တ တမော ဝင်လှဲဖြစ်သည်။ ဂျင်ဝိုင်း၊ ဖဲဝိုင်းကလေးများ ရံဖန်ရံခါ ပြောက် ပြောက်ကျား ရွက်ပုန်းသီး လုပ်တတ်ကြသည်မျိုးမှအပ တောင်လ တောင်လက်မောင်းရှိသည့် ယမ်းတိုက်ဟောင်းကလေး၌ လူသူလေး ရှိခဲ့သည်။

ကြာပြီ။ ဘီအီးတပ်က ကျောက်မိုင်းလုပ်ငန်းများကို ပြည်သူ ဆောက်လုပ်ရေးသို့ လွှဲ၊ နောက် ပြည်သူ့အကျိုးပြုတပ်ဖွဲ့ ရဲဘက်စခ မှအပ ကျောက်ထုတ်လုပ်မှုကို ပုဂ္ဂလိကတွေ မိုင်းခွဲခွင့်မရကြတော့သည် ရွာနေပြည်ထိုင်များ လုပ်ခင်းကိုင်ခင်း မသာကြတော့သည်၏နော ယမ်းတိုက်ဟောင်းလေးလည်း ဗလာဟင်းလင်း လူသူကင်းခဲ့ခြင်းဖြစ်

သို့တိုင် ...

သည်ယမ်းတိုက်ဟောင်းအခွံကလေး၌ ပိုင်ရှင်သစ်ပေါ်လာ ပြီ။ မည်သူလဲ မေးမနေပါနှင့်တော့။ ရွာကလေး၏ကျိန်စာသင့်သူ ထွ ပိုင်မှလွဲ၍ မည်သူရှိဦးမည်နည်း။

❁ ❁ ❁

| ၃ |

❑

ပြောရမှာတော့လည်း ခပ်ခက်ခက်ထဲကဆိုသလို ဖြစ်နေပြီ သာ ... ကိုရင်ရဲ့။ ထွန်းပိုင်လိုအကောင်ရဲ့အကြောင်း အူမချေးခါး ဆိုပါသကောဆိုတဲ့ သူ့ပုလင်းတူဘူးဆို့ လူချောတို့၊ အောင်ခင်တို့၊ ထွန်းတို့လို အကောင်တွေကတောင် ထွန်းပိုင်ဆိုတဲ့အကောင်ဟာ ဒီလို မျိုးဟေ့ဆိုသာ သူ့ဇာတ်ရုပ်ကြီးတွေ ဘွားခနဲပေါ်လာကာမှပဲ ပါးစပ် တွေဟောင်းလောင်း ဖြစ်ကြရတော့သာကလား။ ဟုတ်စ။ ထင်လည်း မထားမိကြဘူး။ သူတို့လည်း နကန်းတစ်လုံးတောင် သိခဲ့ကြသာ တ်ဘူးတဲ့လေ။ ကဲ ... ခက်ဘူးလား။

တကယ့် သူ့နာမည်အရင်းကသာ ... ထွန်းပိုင်ရယ်။ သူ့ သာမှု ရွာနီးချုပ်စပ်ကတော့ဖြင့် 'ရွှေမန်း'ခေါ်လိုက်၊ 'မင်းသား'ခေါ် လိုက်၊ သျှောင်ကြီးခေါ်လိုက်နဲ့ သုံးပန်လှဆိုတဲ့ ငတိပဲလေ။ အင်း ...

www.burmeseclassic.com



လူက ထောင်ထောင်မောင်းမောင်း။ နှုတ်ခမ်းမွေးခပ်စစနဲ့ ကျောကျော့
လတ်လတ်၊ ခပ်နွဲ့နွဲ့လေး နေတတ်တဲ့ကောင်။ တောင်ဦးထဲက ပန်းထ
ဖို အောင်သန်းကြီး စတိုင်ပေးတာကတစ်မျိုး၊ ထွန်းပိုင် ရွာရိုးကိုးပေါ
လျှောက်လမ်းသလားပြီး လှုလှုံးပြနေတတ်တာက တစ်မျိုးရယ်။

သူက လူကလေးမှ ထူထူရှိပလားဆိုရင် သူ့လောက် ဘဝစုံ
သူ အရှားသားလို့ အခြောက်တိုက် လက်မထောင်နေတတ်တဲ့ကော
နားထောင်သူများရှိလို့ကတော့ ပိုလိုလိပ်ကလေးလက်ကြားညှပ်ပြီး က
ရေလွှတ် ကရွှတ်ကင်းလျှောက်တွေ ပြောပါလိမ့်မဗျာ။

ဂီတစာဆို မောင်ကြေးမုံရဲ့ စီခြောက်ဆယ် နှစ်ခွေသုံးခွေ
ကက်ဆက်ဇာတ်လမ်းတွေလိုများလောက်တော့ အပျော့ပ။ ပါးစပ်
အမြှုပ်တွေ တစီစီထွက်ပြီး ဟိုလူ့တံတွေးစင်၊ ဒီလူ့တံတွေးစင်နဲ့ ပြီ
မပြီးနိုင်တော့ဘူး။ ပြောလည်း ပြောတတ်၊ ပြောလည်း ပြောနိုင်တဲ့
အကောင်။ အဟုတ်။

အေးဟ ... ပြောလို့သာ ပြောရသာ။ တွေးကြည့်လိုက်တော့
လည်း သင်းလောက် စုံတကာစေ့တဲ့ အကောင်မျိုးက အကျဲသားလော
မျိုးမပြတ်အောင် အိုးကင်းပုံနဲ့ ပျိုးထားရမယ့် ကောင်စားမျိုးရယ်။ အဓ
မိဘက လယ်ထွန်၊ ကောက်ရိတ် ဓားမဦးချအလုပ်တွေဘက်ကို ယော
လို့မှ မျက်စောင်းမထိုးဖူးခဲ့ဘူး။

ရာသီပေါ် စပါးပေး၊ နှမ်းပေး၊ တောပွဲစား အလုပ်တွေ
လည်း ရွာရိုးကိုးပေါက် ကိုးကုန်းကိုးကျင်း ဒူးစပ်ခေါက်လိုက်အော
မိုးလုံးပတ်လည် လျှောက်ရတဲ့အလုပ်မို့တဲ့၊ စာရင်းထဲ မထည့်ထားပြ
ဘူး။ ကဲ ... နို့မို့ဖြင့် စာကလေး၊ ပေကလေး ပေါက်ပေါက်ရောက်ရောက်
ဆည်းပူးမလား၊ ကြိုးကြိုးကုတ်ကုတ် ရှိမလားမှတ်ပ။





ရွာပတ်ချာလည်က ရှိသမျှ ဘုန်းကြီးကျောင်းတွေသာ တစ်
ကျောင်းတစ်ကျောင်း ပြောင်းသာ ပြောင်းခဲ့ရော၊ မင်္ဂလာသုတ်တောင်
တ်ခဲ့ရဘူးတဲ့။ နောက်ဆုံး ဂိတ်ထိုးခဲ့တဲ့ ဘုန်းကြီးဘိုးသြဘာရဲ့ ရွှေ
ပင်ကျောင်းကနေ ထိုးမောင်းနဲ့ ကြေးစည်ကြီး ခိုးရောင်းပစ်လို့
ခင်းနဲ့ ဆင်းပြေးခဲ့ရပါရောလား။ အဲဒီကတည်းက ဘယ်ကျောင်းရိပ်မှ
လို့မဖြစ်တော့ပါဘူးဆို။ ထွန်းပိုင်ဆိုသာ အဲသလိုကောင်။

အဲ ... အဲသလို လူရှိသေ ရှင်ရှိသေ ဟုတ်ဟုတ်ငြားငြား
စ်မျိုးတွေမှာသာ မဖြစ်ထွန်းတာ။ ရွာစဉ်ကိုးပေါက် ဖဲလည်ရိုက်
ယ်။ ကိုချစ်တီးတို့၊ ကိုသန်းကြွယ်တို့၊ ဘကြီးဖိုးထွန်းအေးတို့ ဂျင်
အုပ်စုတွေရဲ့ ဂျစ်ကားနဲ့ မန္တလေး၊ မုံရွာ၊ ရွှေဘို၊ တောင်ကြီး၊
ကြီးနား၊ ရေဆုံးမြေဆုံးအထိ နယ်ကျော်ရပ်ခြား ဂျင်ကျွန်ခံဖူးတယ်။
စက 'မော်ထဲ ... မော်ထဲ' လို့ ပြောပြောနေတတ်တဲ့ သဘိတ်
ဘက်က မော်ရုံ-ဖယောင်းတောင် ရွှေမော်ရွှေတောတွေမှာလည်း
နာရှက်ရာချည်းပဲ။'

ရွာဘုရားပွဲ၊ အလှူပွဲ၊ ဘာပွဲညာပွဲဆိုတဲ့ ပွဲတကာမှာ ဒိုးပတ်
သား အိုးစည်မင်းသား လိုသဟော့ဆိုရင်လည်း သူပဲ။ ရွှေမန်းတင်
ရဲ့ ရွှေကြေးစည်တို့၊ အောင်ပါစေတို့၊ မြို့တော်သိန်းအောင်ရဲ့ 'မြို့
တော်သိန်းအောင် ... အနုပညာဂုဏ်ကို ဆောင်' တို့၊ စတဲ့ ဘာညာ
ညာတွေလည်း အဟဲကောင်း။ ဟဲလိုက်သမှ တကယ့် စာပေါင်ပုံပုံ
တိုက်နာနာ မေးရိုက်၊ မေးဝဲတွေနဲ့ စည်းကျဝါးကျကြီးခင်များရဲ့

အဲ ... ခင်မောင်ရင်ကြီးရဲ့ 'နဂါးနီ'၊ 'စကြာသိုက်' တို့များ
ရင် လွှတ်ပိုင် ... လွှတ်ပိုင်။ ဗိုလ်ချုပ်ရဲ့ ခါးပြတ်ဆိုင်းဝိုင်းလေးထဲက



www.burmeseclassic.com

www.burmeseclassic.com



တယောဆရာ ကိုညွန့်မောင်ကြီးအပြောဖြင့် ပါရမီအခံ ဇာတ်ခံလေး တော့ဖြင့် အရှိသား။ လူက သောက်ကျင့်တန်လို့ မဖြစ်ထွန်းတာဆိုသ ဘာကမှ ဟုတ်တိပတ်တိ အားကြိုးခန္ဓဲ လိုချင်ပက်ကျိ လုပ်မှမရ တာ။ ဒုံရင်းက ဒုံရင်းပဲပေါ့။

ဟုတ်တယ်၊ ဟုတ်တယ်။ အဲသည့် ဝမ်းတွင်းပါဇာတ်ပိုးကလေ နဲ့ ကျုပ်တို့ရွာတွေဖက် ပဲပေါ်၊ နှမ်းပေါ်ချိန် လှည့်လှည့်ကတတ်တဲ့ တျာစိန်အောင်ကြည်ရဲ့ တောဇာတ်ကလေးတစ်ဇာတ်မှာ ဝင်လုပ်ဖူးတယ် ဇီးသီးကောက်တဲ့။ တောမရောက်တောင်မရောက်ပါ။ သူ့အပြောကတော့ ပြဇာတ်မင်းသား သဘာဝင်းကြိုင်ရဲ့ လက်ထောက်မင်းသားတဲ့။

အဲ ... ကြည့်ဖူးသမျှ လူတွေကဖြင့် ထွန်းပိုင်က ဝေလေ မင်းသားပါကွာ။ ဝန်လိုရင် ဝန်ဖြစ်လိုက်၊ မင်းသမီးအဖေလုပ်တဲ့ လူ ကြီးဖျားနေတော့ မင်းသမီးအဖေ ဝင်လုပ်လိုက်၊ ဟော ... မင်းသား အောင်မြစိန် အရေးပေါ်ဆေးရုံ တင်လိုက်ရပြန်တော့လည်း ဘုရင်ခန်း ကြဲရပြန်သတဲ့။

ဘာပြောပြောလေ ... ဘယ်လင်းရွာမက မြင်းမိုရ်တော ဘုရားပွဲတုန်းမှာကတဲ့ ဖွားတော်မူခန်းမှာ ထွန်းပိုင် သုဒ္ဓေါဒနမင်း လုပ်တာကတော့ အဟုတ်ကောင်းသဟဲ့လို့ဖြင့် ကျော်ခဲ့ဖူးပါရဲ့။ ဒါပဲ အဲဒါ လက်ကုန်ပဲ။ ဘယ့်နှယ်ဗျာ ... အဲဒီဇာတ်ထဲက လူရွှင်တော် ကြီးရဲ့မိန်းမ ယိမ်းသမခင်မူကို သုတ်ချပြီး ပြေးလာခဲ့သတဲ့လေ။ ကော ကြသေးရဲ့လား။ သင်းရဲ့ အကျင့်စုတ်ပဲ့တဲ့ 'ဒု၊ သ၊ န၊ သော' သွေး က အဲဒီကစခဲ့တာ။

ခင်မူနဲ့ကလည်း တစ်လ၊ ကိုးသီတင်းပဲ ပေါင်းလိုက်ရ ထင်ပါရဲ့။ သူ့လင်ကြီး ရွှံကြီးတို့၊ မင်းသားကြီးအောင်မြစိန်တို့၊ သူ့ဆ





ဘာဝင်းကြိုင်တို့ ရွာအထိ ပေါက်ချလာခဲ့ပြီး တုတ်တစ်ပြက် ဓား ကြွက် တရားတဘောင်တွေဖြစ်ကြ၊ နောက်ဆုံး သူ့အမေကြီးက ညှိခံထိုးပြီး လျှော်ကြေးကလေး ဘာလေးနှင့်လောက်အောင် ပေး လို့ သင်း ထောင်နှုတ်ခမ်း မသီလိုက်ရတာ။

နို့မို့ဖြင့် ထောင်ထဲ ဒုတ်ဒုတ်ထိ တန်းခန် ရောက်ရောမှတ် ဒါပေသိ ... ကျော်မကောင်း၊ ကြားမကောင်းပါဗျာ။ ကျုပ်တို့ ဒေသ လက်မှာ သည်လိုအကျင့်စာဂမျိုးကိုဖြင့် ရှုံ့ကြ အော့ကြလွန်း တကတည်း။

အင်း ... ဟုတ်ပ။ အစရှိ အနောင်နောင်တဲ့ ... ဟုတ်စ။ အဝတ်အစားကလေး ကြော့ကြော့လတ်လတ်ကလေးဝတ်၊ လက် ပိုလိုလီပ်ကလေးညှပ်၊ ရွာထိပ်က ဦးထွန်းရွှေကြီးရဲ့ နဂါးနီ ရည်ဆိုင်မှာ နေကုန်နေခန်း လေထိုင်ပန်း၊ ဂျင်သမားဖဲသမား လတ်လျားလတ်လျားလျှောက်လိုက်၊ အဲသလို ဘော်ကြော့သမား ... ဟော ... ဇာတ်သမခင်မူနဲ့ ကြာကူလီဇာတ်ရှုပ်လည်း ခင်းပြီး အရက်နံ့ကလေး တသင်းသင်း၊ နှုတ်စလျှာစကလေး တရွှင်ရွှင်နဲ့ ကြော့လွှင်လွှင် ဝတ်စားဆင်မြန်းပြီး သူများမယား ကြောင်တောင် အလုပ်မျိုးကို လက်ရဲဇက်ရဲ လုပ်လာတော့တာပဲ။ ရွာကလေးက ကြီးလို့ယိုးတဲ့ ဖွားစောခင်ကြီး တစ္ဆေသရဲမွေးသလိုမျိုး၊ ကျုပ်တို့မှာ ရွာခရိုးဖျက်ပြီး ထင်းခွေတတ်တဲ့ ထွန်းပိုင်လို မသူတော်ကောင် ခွေးခါးပိုက် ပိုက်ထားမိကြရသဗျ။

ဘာကြာတုန်း ... သူတို့အိမ်ဘေးက နွားပွဲစားတင်မောင်ရဲ့ တင်မနဲ့ ငြိကြပြီး ဟိုခများတွေမှာ လင်မယားကွဲကြပါရောလား။ အပိ ဖွားလှမေတို့၊ မိရင်ရွှေတို့အိမ် ဝင်လား၊ ထွက်လား

www.burmeseclassic.com



လုပ်ရာက ရင်ရွှေတစ်ယောက် လင်ကောင်မပေါ်တဲ့ကိုယ်ဝန်ကြောင့် ရှု
လွှန်လွှန်းလို့တဲ့၊ သူ့အိမ်ထဲမှာတင် ကြိုးဆွဲချပြီး သေကရော။

အင်း ... တစ်ရွာလုံးက ထွန်းပိုင်လက်ချက်ဆိုတာ ရိပ်မိ
သား။ နို့ပေသိ ... လက်ဆုပ်လက်ကိုင်ပြစရာ ဘာကမှ မရှိတာကို
အရိုးခံမလေး ရင်ရွှေကိုပဲ ဖိသနားပြီး ဒီအမျိုးယုတ်ကောင်ကို တစ်
လုံးက အော့ကြောလန် မျက်မုန်းကျိုးကုန်ကြလေရဲ့။

ထွန်းပိုင်ကပေတဲ့ လူပါ။ ရင်ရွှေတစ်ယောက် ဒီလို ဒီအကြော
သေပတဲ့ဆိုတဲ့အသံလည်း သန့်ခနဲကြားရော ထွန်းပိုင်တစ်ကောင် ရွာ
ရွာခြေက စုပ်ခနဲ ပျောက်ကရောဗျို့။ သူ့အမျိုး၊ သူ့အဆွေတွေရှိ
မြစ်ငယ်၊ မြစ်လောင်းဘက် ပို့ထားသလိုလို၊ ဘကြီးဖိုးထွန်းအေးရဲ့ သ
ကြီး ဂျင်ဆရာ၊ ဖဲဆရာ ရွှေအောင်သန်းတို့နဲ့ပဲ ကျောက်ဆည်ဘက်
ရှောင်နေသလိုလို၊ နှစ်လသုံးလလောက်တော့ မျက်စိအောက်က ပျော
ခြင်းမလှ ပျောက်သွားတာ အမှန်ပဲ။ အာရုံနောက်စရာ နည်းသွား
ပလေ ... နော။

အဲ ... အဲသာတောင် ကိုယ်တော်ချောက အထည်သည်အ
ကြီး မသန်းနဲ့လည်း ငြိငြိစွန်းစွန်းတွေ ဖြစ်ခဲ့သေးသတဲ့။ တင်အော
ရဲ့သမီး ဆတ်ကော့လတ်ကော့မ စိန်ကြူ၊ စိန်မူတို့ ခပ်ကဲကဲဟာမ
တွေကိုလည်း မြည်းစမ်း ခြေတော်တင်သွားသေးသတဲ့ဆိုတဲ့ အမှ
ကလေးတွေက သိုးသိုးသန့်သန့် ပွထလာသေးသဗျ။ လူက မရှိ
တာတောင် သင်းရဲ့ အော့နှလုံးနာစရာ ဗရုတ်သုတ်ခဖောက်လမ်းတွေ
ဂယက်ထ ကျန်ရစ်ခဲ့သေးတာကော။ သေချင်းဆိုး။

မထင်လိုက်ပါနဲ့ဗျာ။ ကြောင်ကြာကြာ ရေမငုပ်ပါဘူးဗျာ





ရွာကလေးက ထွန်းပိုင်နဲ့ ရင်ရွှေတို့ရဲ့ ပုံဆိုးပန်းပျက်အဖြစ်
ကြီးကို မေ့ပစ်နိုင်ဖို့ သွေးမှမအေးရသေးခင် ထွန်းပိုင်တစ်ကောင် မြစ်
ဆောင်းက စက်သူဌေးတူမနဲ့ မင်္ဂလာဆောင်တော့မတဲ့။ ညည်ခံပွဲကို မြစ်
ဆောင်းမှာ လုပ်မယ်။ ရွာက ပွဲတက်မဲ့ပရိသတ်ကို ရွှေဆည်မန်းကား
တွေနဲ့ ပို့ပေးမတဲ့။ ဝက်သားဟင်းလေး၊ ပဲကြီးနှပ်၊ ငရုတ်သီးကြော်၊
အရက်ချဉ်သုပ်နဲ့ ကျွေးမတဲ့။ စတဲ့သတင်းကြီးက ဟုန်းခနဲ ဟီးဟီးထလာ
ပါလေရော။

အဲသာ့ ထွန်းပိုင်အမေကြီး ဒေါ်တင်လှကြီးရဲ့ ဥာဏ်ပဲ၊ စနက်
ခံဆိုသာ အသိသာကြီးပဲ။ ရွာဝင်မလှတဲ့ သူ့သားတော်မောင်ကို ပွဲကြီး
သင်းကြီးခင်း၊ ဆွေကြီးမျိုးကြီးနဲ့ဆက်၊ စားကောင်းသောက်ဖွယ်တွေနဲ့
မျက်နှာချိသွေးပြီး တင့်တောင်းတင့်တယ် ဟန်ရပန်ရ ရွာပြန်နိုင်အောင်
ကြံသာပလေ။ မအေကိုး ...။ သားဆိုးမအေ တပေမပ ဆိုသာကိုး။
ဗျတ်စ။

ကြံစည်တိုင်းလည်း မဖြစ်တဲ့။ စေတနာမှန်မှလည်း ကံက
အကျိုးပေးဦးမှာကိုး။ မျိုးစေ့မမှန်မှဖြင့် အပင်သန်နိုင်ပါတော့မလား။
အာ .. ထွန်းပိုင်တို့သတင်း ရွာလုံးမပြန့်ခင် ရင်ရွှေ့အမေကြီး ဖွားလှမေ
ဘ ဝါခေးတွေ သောက်သတဲ့၊ သေကြောင်းကြံသတဲ့။ စကားမေးတောင်
ရလိုက်ဘူး။ ပွဲချင်းပြီးပဲတဲ့။ အိုး ... ဘာပြောကောင်းမတုံး ရွာလုံး
ကို ဆူကရော။ ကျွက်ကျွက်ကို လန့်လို့။

ရွာ့မေတ္တာရေ စူးလိုက်ကြပုံများ ထွန်းပိုင်တို့ သားချင်းတစ်
စိုက် ပုရွက်ဆိတ်တွင်းထဲ ဝင်ပုန်းကြရမဲ့ဘဝမျိုးနဲ့ ဒက်ထိတိုးခဲ့ရသလေ။
အင်း ... မှတ်ကရော့။ ရင်ရွှေ့အမေကြီး အသုဘကဖြင့် စည်ကားလို့ပျာ။
နောက်ချုပ်က ရင်ရွှေတို့သားအမိ အကြောင်းဆိုးရွာကြပုံကို စုပ်တသပ်



www.burmeseclassic.com

www.burmeseclassic.com



သပ်နဲ့။ ရွာသချိုင်းကုန်းဟာ ပွဲခင်းကြီးလိုကို ဖြစ်လို့။ နေ့ခင်းကြော် ဟောင်ကြီး တိုးမပေါက်ဘူးရယ်။

ဟုတ်ပ ... ထင်တဲ့ အတိုင်းပါပဲ။

ထွန်းပိုင်တို့ မင်္ဂလာပွဲကဖြင့် ကျိုးနဲ့ ဖုတ်ဖုတ်ပဲတဲ့။ ထွန်းပိုင် ဖက်က သူ့အမေ၊ သူ့အမေနဲ့ မကောင်းကြောင်း ဆွေရင်းမျိုးချာ ငါးဆယ်ယောက်ကလွဲလို့ သွားတဲ့လူမရှိ။ သတို့သမီးတစ်ဖက်တည်း ရတဲ့ပွဲ ဖြစ်သွားပါရောလား။ အရေးထဲ သတို့သမီးမောင်၊ ထွန်း ယောက်ဖလောင်း အငယ်ဆုံးကောင်က ထွန်းပိုင်ရဲ့ အဆီတစ်ထ အသားတစ်ထပ် ဂုဏ်ကျက်သရေတော် အနန္တတွေကို ဘယ်ကဘယ် ကြားတယ်မသိ။ သူ့အစ်မနဲ့ မတန်ဘူး။ ဒီမင်္ဂလာပွဲကို ဖျက်သ ဘာလေးနဲ့ တုတ်ဆွဲ၊ ဓားဆွဲ ပုဏ္ဏကတိုက်ပြန်လို့ မင်္ဂလာဆောင် ပြီးလို့သာ ပြီးလိုက်ရတယ်၊ ရုပ်ပျက်ဆင်းပျက်ကြီးတဲ့။

“ဟုတ်ပကွာ ... ရွှေမောင်သောင်းကျန်းတော့မှ သတို့သ မျက်နှာကို မြင်ဖူးတယ်ရှိအောင် ကြည့်မိပါရဲ့။ မသတီစရာ၊ အော် ဆန်စရာ ရုပ်ကြီးပါကွာ။ တကယ့် တဏှာရူး ရုပ်ကြီးပါ။ သတို့သ ဘေးထားပြီး သူ့အစ်မဝမ်းကွဲ အိမ်ထောင်ပျက်မ လုံးကြီးပေါက် နွဲ့နွဲ့ကို မျက်စိကျွတ်မတတ် ငမ်းကြောထနေလိုက်ပုံများ လူလစ် ထလုံးတော့မယ့်ပုံမျိုး။ သောက်ကျိုးနည်း”

ဆိုတဲ့ အသံတွေလည်း ထွက်ခဲ့သေး။ တိုတိုပြောကြပါစို့ မင်္ဂလာပွဲ မပျက်ခဲ့ပေမဲ့ ထွန်းပိုင်အဖို့တော့ မဟာအရှက်တော် ကွဲခဲ့ ပွဲပဲ။ ခွေးတောက်နှယ်ကဖြင့် ဘယ်လာသရက်သီး သီးနိုင်ပါ့မလဲ ... ကျုပ်လူ့ရယ်၊ မှတ်ဘူးလား။





တစ်ခါမက ခြံခုန်ဖူးတဲ့ ထွန်းပိုင်လိုကောင်ဟာ နောက်ထပ် နောက်ထပ် ခြံခုန်ဖို့များဖြင့် ဘာခက်တော့တာ မှတ်လို့။ မြစ်လောင်းက သူ့မိန်းမနဲ့ တစ်နှစ်သာသာပဲ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းလိုက် ထင်ပါရဲ့။ သမီးမိန်းကလေးတစ်ယောက် ရတယ်လို့ ပြောကြတာပဲ။

သူ့မိန်းမရဲ့ အစ်မဝမ်းကွဲ နွဲ့နွဲ့ဆိုတဲ့ဟာမနဲ့ ရှုပ်ကြပြန်ရော။ ရိုက်တာမှ ထွန်းပိုင်ကိုကြည့်မရတဲ့ သူ့မယားရဲ့မောင်တွေက ထွန်းပိုင်ကို ဆိုရိုက်တာ ခေါင်းမှာ ခြောက်ချက်ချုပ်လိုက်ရတယ်။ ထွန်းပိုင်က မြက် ခုတ်တဲ့ဓားနဲ့ ပြန်ပိုင်းလို့ တစ်ယောက်သေ၊ နှစ်ယောက် ဆေးရုံတင် လိုက်ရသတဲ့။ သေတဲ့ကောင်က ထွန်းပိုင်မိန်းမရဲ့ မောင်အငယ်ဆုံး မောင်။ ကဲ ... ပြီးရော။

ဆိုင်းမဆင့် ဗုံမဆင့်ဘဲ သင်းတို့လင်မယားလည်း ကွဲ၊ ထွန်း ပိုင်တစ်ကောင်လည်း ဓားခုတ်မှု၊ လူသေမှုတွေနဲ့ ထောင်ခုနစ်နှစ် ကျ ရော။ အဲဒါတောင် သူ့အမေကြီး ငွေထုပ်ပိုက်ပြီး အလိုက်ကောင်းလို့ ... ။ နို့မို့ဖြင့် သင်းလိုကောင် ကြိုးကျချင်ကျ၊ ဒါမှမဟုတ် ထောင် တစ်သက် ကျချင်ကျနေဦးမှာ။ ကံသီပေလို့။

ထွန်းပိုင် ထောင်ကျနေတုန်း သူ့မယားသေတယ်။ နလုံးရောဂါ တဲ့။ ဒီကောင် ထောင်က လွတ်ရက်စေ့လို့ လွတ်လာတဲ့အခါ သူ့သမီး လေးလက်ဆွဲပြီ မျက်နှာဖီးရွက်လောက်နဲ့ ရွာရိပ်ရွာခြေကို ပြန်ကပ် ပြန်တယ်။

ဟိုး ... ယောနယ်၊ ဆောနယ် ပုံတောင်ပုံညာဖက်က ရဲဘက် စခန်းမှာ လမ်းဖောက်၊ ကျောက်ထု လုပ်ခဲ့ရသတဲ့။ နဂိုက ပျော့စိပျော့ဖတ် သင်းရုပ်ရည်ဟာ မီးသင့်ထားတဲ့ ကျွန်းငုတ်တိုလိုပဲ မည်း ဆိုလို့၊ ကြမ်းထော်ရွတ်တွလို့။ ကျက်သရေ တစ်စက်မရှိဘူး။ ထွန်းပိုင်

www.burmeseclassic.com



ဟော့လို့ ပြောလို့သာ ယုံလိုက်ရတယ်။ အရင်ထွန်းပိုင်ဟာ နင်နေ ငါသွား ပဲ။ ခေါင်းတည့်မောင်းတည်၊ ကြမ်းကြမ်းထော်ထော်၊ ဘုဂလန့်ဖွ ထွန်းပိုင်ရယ်လို့ ဖြစ်လာခဲ့ပြီကိုး။

သူ့ရဲ့သမီးကလေး ရွှေအေးကိုလည်း ချစ်လိုက်တာများ တ နေရော။ သူ့ဘဝ၊ သူ့အသက်ကို သူ့သမီးကလေးအပေါ် ပုံထားလိုက် တော့သလိုပဲ။

အဲ … ဘယ်လိုမှ မပြောင်းလဲတာက သူ့ရဲ့ စုတ်ပွဲယုတ်က တဲ့ အကျင့်။

မိန်းမမြင်ရင် ဖျပ်ဖျပ်လူး တဏှာရူးထတတ်တဲ့ အကျင့် ဖို့သော၊ အိုသော၊ လင်ရှိသောမရွေး၊ ပြစ်မှားလိုက်ချင်တတ်တဲ့ ဟိရွေ ညာဉ်ဆိုးကြီးလေ။ သူ့ရုပ်ကြီးကသာ တစ်စက်ကလေးမျှ ကျက်သ ကျက်သရာမရှိ စုတ်ပွဲနေတာ။

မိန်းမများ ချင်ခြင်းတပ်လို့ ငမ်းပတဲ့ဟော့ဆိုမှဖြင့် သင်းမျက်လုံ တွေက ဝင်းဝင်းကို တောက်နေပါရော။ ပြောခဲ့ပါပကော။ အခွင့်သာ ကြုံတဲ့နေရာမှာတင် အဓမ္မနသားပါးရ လိုက်တော့မဲ့ပုံမျိုး။ မိန်းကလေ တွေမပြောနဲ့ ဒေါ်ကမြင်ရတဲ့ ကျုပ်တို့ယောကျာ်းအချင်းချင်းတော စအိုတွန့်ချင်တယ်။ အဟုတ် …။

ကိုင်းပါလေ … အဲသလိုကနေ ထွန်းပိုင်ရဲ့ … အဲ … ကျုပ်တို့ရွာကလေးရဲ့ … အဲ … ဘယ်လိုပြောရမလဲ၊ ဘယ်သူ့အ ကို တည့်တည့်တန်းတန်း ရည်ရွယ်မှန်းမသိတဲ့ ကျိန်စာဆိုးကြီးနဲ့ ဖြ ခနဲ မျက်နှာချင်းဆိုင် လိုက်မိကြရတာပဲ။

ဒီလိုဗျို့ … ဒီလို … ဒီလို …။

❁ ❁ ❁

| ၄ |

❑

ဒီလိုဗျို့ … ဒီလို … ဒီလို …။

ထွန်းပိုင်ရဲ့ အခြေမလှတဲ့ ပြည်တော်ပြန်ခန်းကို ပြောခဲ့ပြီနော်။ ထွက်ဆိုတဲ့ နာမည်တစ်လုံးနဲ့အတူ ဘယ်လိုဂုဏ်ပုဒ်များ ထုပ် ပိုက် လာခဲ့သေးတယ်ထင်တုံး။ "ယစ်ထုပ်"တဲ့ဗျ … ယစ်ထုပ်

သူ့သူငယ်ချင်း ပုလင်းတူဘူးဆို့ ညီရောင်တို့ ထွန်းအောင်လေး တက်ဆိုတို့ ကင်ပွန်းတပ်ပေးတဲ့ နာမည်လေ။ အသောက်သမား င်းက တခုတ်တရ ဘွဲ့ချည်ပေးကြရတာဆိုတော့ တွက်ကြည့် သင်းအခြေအနေကို။

ဟုတ်သယ် … သောက်ချက်က ရက်စက်သယ်။ သူ့ကျွဲ ်ရှိတဲ့ ခန္ဓာကိုယ်ကြီးထဲကို ကြွက်တွင်းရေလောင်းသလို တဖြော



www.burmeseclassic.com

www.burmeseclassic.com



ဖြော သွန်ထည့်ပစ်လိုက်တဲ့ သေရည်တွေဟာ ကျုပ်တို့ရွာတစ်ရှိ
ပြင်းလှချည့် တောအရက်၊ မီးတောက်တွေမှ ဟုတ်ပါလေစ ထင်ရလော
ရဲ့။ အရက်နဲ့ မျက်နှာသစ်၊ အရက်နဲ့ပဲ ဗိုက်ဖြည့်၊ အရက်ကိုပဲ ရေချိုး
သလို ပတ်ကြမ်းတိုက်ပြီး သောက်နေတော့သာ။

နဂိုကမှ အတန်အသင့် ချောင်ချောင်လည်လည် ဆင်ပိန်
တွေပဲဟာ၊ ငွေကိစ္စက သူ့အဖို့ ဘာပူစရာရှိမလဲ။ အဲဒီအထဲ တော
ထွက်ဆိုတဲ့အရှိန်က ဟပ်နေပြန်သေးတော့ ရွာနီးချုပ်စပ်က အကုသိုလ်
နဲ့မကောင်းတဲ့ လူစုတွေထဲမှာ ထွန်းပိုင်က အနှစ်မရှိတဲ့တောမှာ မင်းမူ
တဲ့ ကြက်ဆူရိုင်းပင်ကြီးလို ဖြစ်လို့။ မိုက်ရိုင်းထွားကျိုင်းနေတော့တာ
ပဲ။

အင်း ... ပြောလက်စနဲ့မို့ ပြောလိုက်ပါရစေတော့။ ကျုပ်တို့
အရှိုးခံသက်သက် ရွာကလေးဆီကို ဟိုကျောက်ဆည်၊ မန္တလေးက
မကောင်းတဲ့အပျက်မတွေကို ရွှေလမ်းငွေလမ်း ဖောက်ခဲ့တာလည်း ထွန်း
ပိုင်ပဲ ... သိလား။ ဗွေဆော်ဦးတုန်းကတော့ သင်းစိတ်ဆာဆာရှိလာရင်
ကျောက်ဆည်ပြေးလိုက်၊ မန္တလေးတက်လိုက်နဲ့ သင်းဘာသာ ရှက်ပုန်း
သီး လက်လီဝယ်စား နေပုံပါပဲ။ လှစ်ခနဲ လှစ်ခနဲ ပျောက်သွားတတ်
တာ။ ဘယ်သူမှ သိပ်မရိပ်စားမိခဲ့ကြဘူး။

တစ်ခါသားတော့ ထွန်းပိုင်နဲ့အတူ ပြုတီတီမျက်နှာပေးနဲ့ လော်
လော်လည်လည် အဆင်အပြင်တွေနဲ့ တစ်ကိုယ်လုံး ကျပ်ထုပ်စည်းထား
သလို မှန်အကျီဝတ်ထားသလို ကောင်မသုံးယောက် ပါလာခဲ့သယ်။
ဟုတ်သဗျို့ ... ရွာကရပ်က မပြောနဲ့၊ ထွန်းပိုင်ကို သည်းသည်းလှုပ်
ချစ်လှပါချည်ရဲ့ဆိုတဲ့ သင်းအမေကြီးကတောင် သင်းနဲ့ သင်းကောင်မ
တွေကို သူ့အိမ် ကပျဉ်မှာ ဖင်ပူအောင် အထိုင်မခံခဲ့ဘူး။ ကျက်သရေ





ာ်လို့တဲ့။ အိမ်သနသတဲ့။ ခုနစ်သံချိုကြီးနဲ့ ခွေးမောင်းသလို မောင်းချ
တာပဲ။ ထွန်းပိုင်သမီး ပေါက်စနီးပေါက်စန ရွှေအေးမကတောင်–

"အဖေ့ကောင်မတွေနဲ့ အဖေ ဘယ်သွားသွား၊ ဘယ်သေ
ခင်းတို့နဲ့အတူ အိမ်ပြန်မလာနဲ့"

လို့ နှုတ်ခမ်းတလန် ပန်းတလန် ဝုန်းဒိုင်းကြဲခဲ့သေးသဗျ။

ကိုင်း ... အဲဒီမှာတင် ထွန်းပိုင်တို့ ခွေးဘုရားပွဲ တွေ့တော့
တဲ့။ ဟုတ်သယ် ... ဟုတ်သယ်။ လူအသေအပျောက် နာရေးကိစ္စမှ
ရင် ဘယ်သူကမျှ အရေးအရာလုပ်ပြီး မျက်စောင်းလှည့်မထိုးတတ်
တဲ့ သချိုင်းကုန်းက ဖွားစောရီကုသိုလ် သုသာန်ဇရပ်ကြီးမှာ ယာယီ
ည်းချပြီး ဖြစ်ချင်တိုင်း ဖြစ်ကြတော့သာပဲ။ ရွာထဲက ကုပ်ကမြင်း
တွင်းရှူး ကြာသမားတစ်တွေလည်း လူသားကို လက်လီလက်ကား
... အင့်' လို့ ငွေပေးပြီး ဝယ်စားတတ်တဲ့ ပေါ်ဒီသာရလက်သစ်
ချက်ချင်းလက်ငင်း ဖြစ်ကုန်ကြရောဗျို့။

သိတဲ့အတိုင်းပဲ။

ခွေးချေးပုံ ခဲနဲ့ပစ်သလို သင်းတို့အပုပ်နံ့တွေ ဖုံးမရ ဖိမရ
ာင်းခနဲ ထလာချိန်ကျတော့ ကျုပ်တို့ကို ရွှေထွန်းပိုင်က သူ့အပိုင်ဖိမ်
 လေ။ ငါးခြောက်ယောက်ကို ကိုယ်တိုင်ဦးစီးပြီး ရောင်းဝယ်ဖောက်
နေတဲ့ ခေါင်းကြီးလုံးလုံးကို ဖြစ်နေပြီပ ခင်ဗျာ။ ကောင်းကြရော့
်လား။

ဘယ် ... ဘယ့်နှယ် ... လက်သင့်ခံကြပမတုံး။

ကျုပ်တို့တောမလေ့မှာ ဒါမျိုးမရှိဘူး။ 'ပေတစ်သီး ကျီးတစ်
'တဲ့၊ တည်မိတဲ့ဘုရား လင်းတပဲနားနား၊ မယားမှတ်မှတ် သားမှတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ် ပေါင်းကြရတဲ့ဟာ။ ဘယ် ... ရှုပ်ရှုပ်ယှက်ယှက်တွေ မရှိခဲ့ဖူး ဘူး။ မိဘမောင်ဖွား၊ ဆွေအသိုင်း မျိုးအသိုင်းကလည်း လက်သင့်မ ဘူး။ နားရှိလို့သာ ကြားဖူးရသယ်။

ကြေးစားမ ... အဝှာသည်မဆိုသဟာ ထွန်းပိုင်နဲ့ကျတော့ မှပဲ မကြည့်ချင်၊ မြင်ချင်ရက်သား တည့်တည့်ကြီးတိုးဖူးရသာ။ မိရိုးဖလာ အစဉ်အလာ မရှိခဲ့ဖူးတဲ့ ကိစ္စမျိုးလား။ ဘယ့်နှယ် ... သည်အတိုင်း တိုင်း ဖြစ်ချင်ရာဖြစ်ဟဲ့လို့ လက်သင့်ခံခဲ့ကြပမတုံး။ လောင်မီးကြီးကျ သလို ထဖြစ်ကုန်တော့တာပေါ့။

အင်း ... နောက်တော့ အမြင်မတော် အကြားမတော်လို့ တူပါရဲ့။ ညောင်ဘောကျောင်းဆရာတော်ကြီးက သူ့လက်ကသုံးတော် ဝေး ဦးဖင်းကလေးဦးပဏ္ဍိကို လွှတ်ပြောခိုင်းဆိုလား။ အများတကာ ရပ်နဲ့ရွာနဲ့ဆိုင်တဲ့ သုသာန်ဇရပ်ကြီးထဲကနေ ပြောင်းပြေးကြရောတဲ့။

ဖို ... ထွန်းပိုင်တဲ့လား။ ကောင်းကောင်းကန်းကန်းဖြစ်မှာ ခွေးမြီးကောက် ကျည်တောက်စွပ်လိုက်တာကမှ ရေးတေးတေးရှိသေး ထွန်းပိုင်လိုကောင် ဖြောင့်ဖြောင့်ဖြူးဖြူး ဖြစ်ဖို့များဖြင့် မလွယ်ရေး မလွယ်။ ငွသံလျှဉ်းချိတ်ကို လှအောင် ဘယ့်နှယ်ရေးပါ့မယ် ဆိုသာလို အကွေးနဲ့ အကောက်ချည်းဥစ္စာ။ ထွန်းပိုင်ဟာ ငွသံလျှဉ်းချိတ်လိုကောင် သိပ်အပေါက်အစများတဲ့ ကောင်ရယ်။

ဟုတ်သယ် ... ထင်တဲ့အတိုင်းပဲ။

သိုက်ပြောင်းကြသာ။

ဘွားစောရီသုသာန်ဇရပ်ကြီးပေါ်ကနေ လူသူလေးပါး အသွား အလာ အပေါက်အရောက်နည်းတဲ့ ... အဲ ... ဟိုယမ်းတိုက်ဟောင်း ကြီးထဲကို ထွန်းပိုင်တို့ ဖိမ်နန်းကြီး ရွှေ့ပြောင်းကြသာလေ။





အဲသည်တော့မှ အခက်ကြီး ခက်ကုန်ကြရော .. ကျုပ်လူရေ။ ကောင်းတဲ့ဟာမတွေ တရှုန်းရှုန်းနဲ့၊ တဏှာဘီလူးစီးနေကြတဲ့ မသူတော် ကောင်တွေ တအုန်းအုန်းနဲ့ ယမ်းတိုက်ဟောင်းတစ်ဝိုက်မှာ ဖြစ်ချင်တိုင်း ထင်တိုင်းကြဲ နေကြတော့သာပေါ့။ အရက်ပုန်းလည်း ရောင်းလိုက် သေး။ ဖဲဝိုင်း၊ ဂျင်ဝိုင်းကလည်း မပြတ်။ ထွန်းပိုင်တို့များ ချီးတွေ့တဲ့ ခွေးကြီးလို တဟဲဟဲနဲ့ ဘွားကြီးကိုဖြလို့။ ပါးစပ်က နားရွက်တက်ချိတ် လုနေတတ်ပဲ။

နောက်တော့ ဘယ်သူက လက်တို့လိုက်သယ်ရယ် မသိဘူး။ ပိုင်ပါတ်တဲက တိုက်ပိုင်ကြီး ဗိုလ်မာကိုယ်တိုင် သူ့တပည့်လက်သား တွေ အုံနဲ့ကျင်းနဲ့ လာဖမ်းသွားကရော။ အံမယ်မင်း ... ထွန်းပိုင်တို့ ယမ်းတိုက်ရိပ်သာ ဖိမ်နန်းမှာ ပုလိပ်လက်က ရှောင်ပြေးနေတဲ့ နာမည် ကြီးလူဆိုးပြေး အာဇ္ဇာဝကတင်ဝင်းတို့ ဆရာတပည့်တွေကိုပါ မိလိုက် သေးသတဲ့။ စဉ့်ကိုင်နယ်တရိုး ဟိုးဟိုးကျော်နေတဲ့ ဓားပြသန်းမြိုင် ဆိုတဲ့ မိသတဲ့။ မန္တလေး-ကျောက်ဆည်ဘက်က လွှင့်လာခဲ့ကြတဲ့ ခိုးကျ ခေါင်ကြာမြိုင်မယ်တွေကချည်း ဆယ့်လေး၊ ငါးယောက် ရှိရောလား။

အဲသလိုနဲ့ ထွန်းပိုင် ထောင်တစ်ခါ ထပ်ကျပြန်ရော၊ ဒီတစ်ခါ တော့မများဘူး။ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် နှစ်နှစ်တဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

❑

ဒီတစ်ချို ထုံးဘိုကျောက်မိုင်းရဲဘက်စခန်းက ထွန်းပိုင်
လွတ်လာလိုက်တာကို ဘယ်သူမှ သိပ်မသိလိုက်ကြဘူး။ ငြိမ်လို
လို့။ 'ထွန်းပိုင် ထောင်ကလွတ်လာပြီ' လို့ သိုးခနဲ သန့်ခနဲ ကြားလိုက်
ရတာကလွဲလို့ ဘာမျှကို လှုပ်လှုပ်ခတ်ခတ် မရှိလှဘူး။

သိပ်လည်း မမာရှာဘူးတဲ့။

ရဲဘက်စခန်းမှာ တော်တော်ကလေး အမောင်းခံခဲ့ရတယ်
တူရဲ့။ လူကလည်း ယှူပစ်လိုက်သလို ချုံးကျလာခဲ့တယ်။ အရင်တုန်း
ကိုယ်ကောင်ကြီးရဲ့ တစ်ဝက်တောင် မရှိချင်တော့ဘူး။ ရိုးကြီးဂေါ်ထ
ပိန်ရှည်ဂေါ်ရောကြီးကို ဖြစ်လို့။ တကယ့် ပဏ္ဍုရောဂါကြီးပါ . . . လူရော

ကျောက်ကြီးမှန်လို့ဆိုလား၊ ခါးတစ်ဖက်စောင်းလို့။ သံခြေချ
ဒဏ်ကြောင့် မျက်စိက မွဲပြီတဲ့။ သီသီမှုန်နေသတဲ့။ ညနေတိုင်ရောက်





ပြတ်မျက်က သင့်ဗိုက်ချင်သေး။ ကျုန်တဲ့ ကိုးဆယ့်ခြောက်ပါး ဓာတ်လီ
သလာရောဂါ ပေါင်းစုံကလည်း အုံနဲ့ကျင်းနဲ့ နှိပ်စက်သေးသတဲ့။ ထုံး
ချုတ်မိထားလိုက်တာ ခေါင်းတုံးကြီးကို ပြောင်လို့။ ဆံပင်မွေးတောင်
နေတော့သလောက်ပဲတဲ့။

သူ့အမေ ကြီးတော်ဒေါ်လှတင်လည်း အာမကျယ်နိုင်တော့
ဘူး။ ထွန်းပိုင်သမီး ရွှေအေးမကတောင် ဒီတစ်ခါတော့ သူ့အဖေ စုတ်
ပြတ်ပုံ ဖြစ်လာခဲ့ပုံကို စိတ်ထိခိုက်ရှာ ထင်ပါရဲ့။ ခါတိုင်း သူ့အဖေ
ထွန်းပိုင်ကို စေ့စေ့မကြည့်ဘဲ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေခဲ့ပေမဲ့ ဒီ
တစ်ခါတော့ ထွန်းပိုင်ကို ဂရုစိုက်ရှာတယ်။ ဒီအဖေ၊ ဒီသမီးပဲ ရှိရှာကြ
တာဆိုတော့လည်း သွေးကစကားပြောတယ် ဆိုကြပါစို့။ သူ့အဖေ
ကို ရှာဖွေသလဲ ပြုစုရှာတယ်။

ဒီတစ်ချီတော့ ထွန်းပိုင် ခြေငြိမ်ပြီ။ မိုက်ဇာတ်တစ်ဇာတ် သိမ်း
သွားပြီ ထင်လိုက်မိကြတာပေါ့ နော့။ သူ့အမေကြီးနဲ့ သူ့သမီးရွှေအေး
ကတော့ ထွန်းပိုင်ကို သူ့ပေါင်းဟောင်းသင်းဟောင်းတွေ၊ ဝေလေလေတွေ
နဲ့ ချိတ်မိ၊ မဆက်မိအောင် မျက်စိဒေါက်ထောက် ကြည့်နေကြပြီကိုး။
ပန်းရောင်တို့၊ လှချောတို့၊ ကံပွန်တို့၊ ငပိန်တို့လို ထွန်းပိုင်ရဲ့ ပုလင်းတူ
ဖော်တို့တွေ ရစ်သီရစ်ဝဲ လုပ်လာကြပြီဆိုတာနဲ့ ခုနစ်သံချီ ကလော်တုတ်
ပြေးတာပဲ။ ပတ်ကြမ်းတိုက်ပစ်တာပဲ။

ကိုင်း . . . မှတ်ရော့။

နို့ပေတဲ့ . . . ဖွတ်ကို ရွှေချလို့ မိကျောင်းဖြစ်ရိုးထုံးစံမှ မရှိတာ။
ဘာပဲကြောင့်ထိုင်ခိုင်းထားရုံနဲ့လည်း ခွေးက ခြသေ့်ဖြစ်မလာနိုင်ဘူး
ပေါ့ တုတ်စ . . .။ ထွန်းပိုင်လေ . . . ထွန်းပိုင်ဆိုမှပဲ။ အရှင်လတ်လတ်
ကျားကို ခေါင်းကြီးရှစ်ထပ်ဆီ ဖောက်ထိုးဆင်းမဲ့ အကောင်ပေါ့။ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့ ရှုးချင်ယောင်ဆောင်နေခဲ့သာ။ သင်းရဲ့ မွေးရာပါ အ… တမာ ညာဉ်သွေးဆိုးက လုံးလုံးကြီး ပျောက်သွားခဲ့သာမှ မဟုတ်…

ပိုလို့တောင် ဆိုးလာသေး။

မီးကျီးခဲတစ်စကို အမှိုက်နဲ့အုံပြီး ဖုံးထားလိုက်ပေတဲ့၊ လူ… သူမမြင် လုံချင်လို့သာ လုံသွားရမယ်၊ အတွင်းလှိုက်ပြီး ဒီမီးက … လောင်နေဦးမှာပဲ။ မီးခိုးငွေ့တအူအူနဲ့ အောင်းပူက ကြီးနေဦးမှ… လူသူမသိပေတဲ့ ကြိတ်ပုန်းစွဲလောင်နေတဲ့မီးက တစ်စစပိုလို့သာ … ပွားလာကြီးလာမှာပဲ။ အဲသလို ထွန်းပိုင်ရင်ထဲက တဏှာရမ္မက်မီး… အစာဆာနေတဲ့ သံမခြုပ်ထဲက မြွေပွေး၊ မြွေဟောက်လိုမျိုး ကိုက်လို… မဟုတ်၊ ပေါက်လိုက်မဟုတ်လိုချည်း ပါးပျဉ်းထောင်၊ အကွက်စောင့်နေ… ကလာ။

အင်း … ဒီတစ်ခါ လုပ်ပေါက်ကြီးကတော့ မကြားဝံ့မနာ… ချည်းပဲ။ ဘယ်သူမှ စိတ်ကူးထဲတောင် ဝင်မလာဖူးတဲ့ ကိစ္စမျိုး… ယုတ်လည်း ယုတ်ကန်း။ ပက်လည်း ပက်စက်သယ်။ ကြားရချက်… အော်ကလီဆန်ပြီး အန်ချပစ်ချင်စရာ။ အဟုတ် …။

ဟုတ်သယ် …။ ထွန်းပိုင် ထောင်ကထွက်လာပြီးမှ ခြော… လောက်ရှိသေး။ သည်ကိစ္စဆိုးကြီး ဖြစ်လာသာပဲ။

ဘာတဲ့ … ကျူပ်လူရယ် … ဘာတဲ့။

အင်း … ဟုတ်ပြီ … ဟုတ်ပြီ၊ ခွကောင်တဲ့ … ခွ… တဲ့ဗျို့။

✿ ✿ ✿

| ၆ |

❑

ထိုညက လသာသည်။

သာလိုက်သည့်မှ အညာရွာကလေးများထုံးစံ လရောင်အလင်း …အောက်မှာ ထင်းထင်းကြီး။ လင်းလင်းကျင်းကျင်း မြင်နေရလောက် …အောင် သာ၏။ နေရောင်အစား လအလင်းက ဖြူပြာပြာ၊ စူးတောက် …ခြင်းမှလွဲ၍ နေနှင့်မခြား။

လရောင်အောက်၌ ရွာကလေးက ပို၍ ချစ်ချင်စရာကောင်းနေ …သို့ ဖြစ်၏။ လရည်ပက်ထားသည့် စိမ်းနက်နက် ငှက်ပျောပင်အုပ်တွေ၊ …ရောင် ပြောက်တိပြောက်ကျား စွန်းကွက်နေသည့် သရက်ပင်၊ သဘော… …ဒ်၊ မန်ဒါပင်ရိပ်တွေ၊ လအလင်းတွေ ဝင်းနေအောင် ဆမ်းထားသည့် …ကျည်းရွက်စိပ်စိပ်များနှင့် မန်ကျည်းပင်အိုကြီးတွေ၊ လင်းတစ်ဝ… …ောင်တစ်ဝက် တမာပင်ကြီးတွေသည် လရည်အတူတူသော…ရင်း …ရောင်ထဲ၌ နစ်ဝင်လို့၊ ငြိမ်ကုပ်လို့။



www.burmeseclassic.com

www.burmeseclassic.com



လက်လှုပ်မှ ပါးစပ်လှုပ်ရသည့် ရွာဆင်းရဲကလေးမို့ ညတိုင်း မိုးစုပ်စုပ်ချုပ်သည်နှင့် မလှုပ်မယှက် ငြိမ်သက်တိတ်ဆိတ် အိပ်စက်ကြ မြဲ။ ကိုးနာရီဆယ်နာရီ မစောင့်နိုင်။ ညဦးပိုင်းကတည်းက တုတ်တုတ် မလှုပ်နိုင်ကြဘဲ အိပ်မောကျတတ်ကြသည့်မှာ ထုံးစံ။

ကိုကြီးသန်းတို့၊ ဉာဏ်သိန်း၊ ကြည်ဆောင်၊ မှတ်တင်တို့ ဦးထိပ်က ဆူးတပ်ရွာစည်းခရိုးကို ပိတ်ကာထားသည့် အရှေ့တံခါး အနောက်တံခါး၀ ကင်းတဲကလေးဆီ၌လည်း ငှက်ပျောရွက်ဖြင့်ဝါး လေး ခပ်ထွေထွေဖြင့် ဟောက်သံပေးနေသည့် ကင်းအဖွဲ့သား လူရိပ် တစ်သိုက်လုံး တုံ့လုံးပက်လက်။

"တုံ . . . တုံ"

"တုံ . . . တုံ"

"တုံ . . . တုံ"

"တုံ . . . တုံ"

"တုံ . . . တုံ"

"တုံ . . ."

ညောင်ဘောကျောင်းမှ တုန်းမောင်းခေါက်သံ ၁၁ ချက် ကြား ရ၏။ မှန်မှန်ကြားနေရသည့် သည်တုန်းကြီး ခေါက်သံမှတစ်ပါး ရွာ ဝန်းကျင် တစ်ခွင်တစ်ပြင်လုံး ငြိမ်သက်တိတ်ဆိတ်။ တစ်ချီတစ်ချီ ပြည်ကလေး အသုတ်လိုက်၌ ဖြောခနဲ လွင့်ဝဲကြွေဆင်းသွားကြရသည့် မန်ကျည်းရွက်ကြွေကလေးများသည်သာ ရွာကလေးကို စောင့်ရှောက် တော့သယောင် တဖြောဖြော လုပ်နေကြ၏။

"လူ . . . လူ . . . လူပါတော့ . . . လူပါ . . . အရပ်ကတို့ ကယ်ကြပါဦး . . . လူ . . . လူပါတော့ . . . လူပါ . . . လူပါ"





သန်းရင်မဲ၏အသံ။ ထိတ်လန့်တကြီး၊ ကြောက်သည်းပိုလျက် အာခေါင်ခြစ်အော်လိုက်သံ စူးစူးကြီးက ငြိမ်ထိတ်နေသည့် ညယံကို ဖောက်ထွက်လာ၏။ အော်သံစူးစူးဝါးဝါးတွေနှင့်အတူ အလေးချိန်စီးစီး ကြီးတစ်ခု၏ ခြေသံတဗုန်းဗုန်းတွေကိုလည်း အတိုင်းသား ကြားလိုက် ကြရသည်။

ရွာလယ်ဘုရားကြီးတံတိုင်း အနောက်မုခ်၊ ခြသေ့်ကြီးနှစ်ကောင် အား ဘကြီးဦးတိုးအောင်၏ စပါးတလင်း။ နှမ်းတလင်းကွင်းပြင်အစပ်၌ ရှိနိုင်တဲကလေးထိုးလျက် နေကြသည့် စိမ်းမောင်တို့၊ သန်းရင်တို့ ကိုယ်မယား အိမ်လမ်းကြားကလေးမှသည် ဘုရားတံတိုင်းကြီးဘေး မြောင်းကလေးအတိုင်း ဖုန်းဒိုင်းဖုန်းဒိုင်း ပြေးချသွားသည်။ ရွာလယ် မကြီးဆီမရောက်၊ ရွာပြန်မထွက်၊ လရောင်အောက်မှာပဲ ပျောက် သလို ပျောက်သွား၏။

"သန်းရင် . . . သန်းရင် . . . ဟဲ့ ဲ . . ကောင်မလေး . . ."

"ရှင် . . . ဘကြီးတိုး"

"ဟဲ့ . . . နင့်လင် စိမ်းမောင်က ဘယ်သွားလို့တုံး။ ဘာဖြစ် တာတုံး"

"ကိုကျော်ဒင်ကြီးတို့နဲ့ အိုင်ကြီးတောဆီ ထင်းခုတ်လက်စား ထွက်သွားတာ လေးငါးရက်ရှိပြီ . . . ဘကြီးရဲ့"

"ဟဲ့ . . . မိန်းမသားတစ်ဦးတည်း အဖော်အလော်ကလေးမှ အိပ်ဘူးလားဟယ် . . . နင့်နှယ်"

"ခါတိုင်းခါ ကိုစိမ်းမောင်မရှိလည်း ကျုပ်ဘာသာ နေနေကျပဲ ကြီးရယ်။ ဘာမှုမှမဖြစ်ခဲ့ဖူးတာ။ အခုကျမှ . . ."

www.burmeseclassic.com



"ဟဲ့ . . . မီးကလေး၊ ဘာလေး လက်စမ်း။ ငါတို့ ဝင်လာ
ကြမလို့"

လရောင်ဝင်းသော်မှ နွေဦးညမို့ တောင်ခြေအစပ်က သူ့
ရွာကလေးအဖို့ ပူစပ်ပူလောင်ကြီး ရှိနေတတ်၏။ သို့ဖြစ်၍လည်း အိ
ထောင်သည် ယောကျ်ား၊ မိန်းမ ညအိပ်ရာဝင် အင်္ကျီကပ်ခဲ့သည်
ယောကျ်ားသနာတွေက ကျောပြောင်ကြီးတွေနှင့်၊ မိန်းမတွေက ထဘီ
လျား၊ တချို့ အရှက်ကြီးသူများသာ ချွေးခံအင်္ကျီလေး၊ ဘာကလေးနှ

သည်ထုံးစံအတိုင်း သန်းရင်မမှာလည်း ထဘီရင်လျားကြီး
ဖြစ်နေမည်စိုး၍ ဘကြီးတိုးက သတိပေးခြင်းဖြစ်သည်။ မိန်းမသာ
တစ်ဦးတည်းနေသည့်အိမ်၊ အဝတ်အစားမလုံမလဲ ဖြစ်နေသည့်အချိ
ယောကျ်ားဘသားကြီးတစ်သိုက်က သူ့တဲ၊ သူ့အိမ်ထဲ မြှန်းခနဲ ဒိုင်း
ခေါင်းငုံ့မဝင်အပ်သည် မဟုတ်လား။

ထင်သည့်အတိုင်း သန်းရင်မက ထဘီရင်လျားကြီးနှင့် တုံး
ပက်လက် အိပ်ပျော်နေခဲ့ခြင်း ဖြစ်သည်တဲ့။ အိုက်စပ်စပ် ရှိလွန်း
ရေထချိုးပစ်လိုက်သေးသည်တဲ့။ ပြီးမှ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိ
အိပ်ရာဝင်ခဲ့ခြင်း။ သန်းရင်မ ရေချိုးနေစဉ်တုန်းကတည်းက တ
နောက်ဖေး ဘောက်ချေးပင် ချုံတွေဘက်မှ ချိုးချိုးချွတ်ချွတ်အသံ
ကြားနေရ၍ နောက်ကျောမလုံခဲ့။ ခါတိုင်းခါ သန်းရင်မတို့ ရေတစ်ခ
ပြီဆိုရင် ဖိမ့်ပြေနပြေ ဖိမ့်ဆွဲချိုးမြဲဖြစ်သည်။ ယခုဖြင့် ကိုယ်ရေ
သွားရုံသာ တဗွမ်းဗွမ်း ခွက်ဆင့်ခပ်လောင်းလျက် သုတ်သုတ်ပဲ
သည်။ တော်တော်နှင့် အိပ်၍မပျော်နိုင်။

"ခုနက တချိုးချိုး တချွတ်ချွတ်တွေက ဘာများပါလိမ့်
စိတ်တထင့်ထင့် စနောင့်စနင်းကြီး ဖြစ်နေခဲ့သည်တဲ့။





မှေးခနဲ အိပ်ပျော်မည်ကြကာရှိသေး သူ့နံဘေးမှာ ပူးကပ်လာ
ခွေ့ခွေ့ကိုယ်အတွေ့ကို သန်းရင်မ သတိထားလိုက်၏။ အိမ်မက်လို
ဘာလိုလို။

"အဲ . . . ကိုစိမ်းမောင်များ ပြန်ရောက်လာလေသလား။ ဒီရက်
ဒီလာ်ဆို ရောက်ဖို့သင့်ပြီပဲ"

သို့တိုင် သူ့ယောကျ်ားအကြောင်း သူသိသည်။ ကိုစိမ်းမောင်က
အငမ်းမရ ဘီလူးသရဲ စီးတတ်သူမဟုတ်။ အနေတည်သလောက်
အကြောက်ကြီးသူ။ ဤကိစ္စမျိုး၌ ဆန္ဒအားနည်းသူ။ ယခုလူက
အတွေးတွေ ကယောက်ကယက်ဖြင့် ဖျတ်ခနဲလန့်နိုးလာချိန်၌
ဘောင်းကော၁်။ အားကောင်းသန်မာ ယောကျ်ားရင့်မာကြီးတစ်
ယောက်က သူမ၏ဝတ်ရည်ကို သောက်မျိုဖို့ အတင်းအဓမ္မ အာကြူးခွဲ
သတ်သန်သန်ကြီး နသားပါရနေသည်။

ရေတိမ်နစ်လုလု သန်းရင်မသည် ဒေါင်းတည်မောင်းတည်
ထပါက်လှ ခွန်နှင့်အားနှင့်မိန်းမ မဟုတ်ဘဲ ကန္တဲ့ကလျအစားထဲ
အမျိုးဆိုလျှင် ပန်းကောင်းအညွန့်ကျိုး ဖြစ်ခဲ့ရလိမ့်မည်။ သန်းရင်မ
သန်းရင်မပေမို့ သင်းအကြံအတိုင်း ဖြစ်မလာ။

သို့လိုဘ မပြည့်လေ၊ မသမာကောင်က ကမူးရှူးတိုး ဝုန်းဒိုင်း
လဲ ကြာကြာဆိုလျှင် ရေတိမ်နစ်ရချည့် အတွေးဝင်မိသည်နှင့်
သန်းမက သင်း၏မျက်ခွက်ကြီးကို ဒူးတစ်ဖက်နှင့် တွန်းကာလျက်
ထောက်နေသော ခြေတစ်ဖက်ဖြင့် သင်းရင်ဝကို စိတ်ရှိလက်ရှိ ဆောင့်
ကန်လိုက်သည်။ အင့်ခနဲ အရှိက်ကိုဖိလျက် ကုန်းကုန်းကြီးဖြစ်နေ
သူသမာကို ကြည့်မနေအား။ ပါးစပ်ထဲ ကြုံရာ ကြူးအော်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"လူ ... လူ ... လူ ... လူပါတော့ ..."

သည်တော့မှ သည်လူ့တိရစ္ဆာန် သုတ်ခနဲ ဖြုတ်ချည်း
သွားခဲ့ခြင်းဖြစ်သည်။

"ဘယ်လိုဖြစ်ရတာလဲဟယ် ... ကြုံမကြုံဖူးပါဘူး"

"အေး ... ဘယ်လိုဖြစ်သာတုံး။ ကိုယ့်တစ်ရွာတည်းသား
သူကို လင်သားသနာမရှိခိုက် ကြည့်ရှုစောင့်ရှောက်၊ ဒီလိုဖြစ်ရ
လား။ ကြည့်ပါဦး ...ဖြစ်ရပုံကို။ ဘေးကဘီက ကြားလို့မှ
အများသူတကာ ရွာတွေဆီမျှား သတင်းပေါက်ခဲ့ရင် ရှက်စရာကျ
ရွာနာရချည့် ... ချီးတဲ့မှ"

"ပြောစမ်းဟေ့ ... ပြောစမ်း ... ငါ့နှမ။ ဘယ်အ
ထင်တုံး။ ခွေးများ၊ နွားများလို တိရစ္ဆာန်ချိုး ချိုးတဲ့အကောင်ကို အ
ဆုပ်ပြီး နုပ်နုပ်စင်းပစ်လိုက်ရအောင်။ ပြောစမ်းလဟ"

တစ်ယောက်တစ်ပေါက်၊ တစ်ယောက်ပါးစပ်ဖျား တစ်
ရုံးစုရုံးစု ကျွက်စီကျွက်စီတွေ ဖြစ်လာသည်။ ယောကျာ်း၊ မိန်းမ
လူကျက်တွေ သန်းရင်မတဲကလေးကို ဝိုင်းပတ်လျက် တင်းကြမ်းပြ
သည်။ ဘယ်ကောင်လဲ။ သည်လောက် အယုတ္တအနုတ္တဖောက်ကို
ဖက်ရဲ ကျူးရဲ၊ ကျော်ရဲတာ ဘယ်သူလဲ။ ဥစ္စာနေမွဲသော်မှ သီလကိုယ်
မမွဲသည့် တို့ရွာကလေးမျက်နှာကို အိုးမည်းသုတ်ဝံ့တာ ဘယ်
တက်တခေါက်ခေါက်၊ မားဆွဲ၊ တုတ်ဆွဲ။

သန်းရင်မခမျာ မည်သူ့မျက်နှာကိုမျှ ရဲရဲမကြည့်ရဲ။ ဘာ
မျှ ဟဟပြောမထွက်။ ရှိုက်၍သာ ငိုသည်။ ခေလှသည့် သူ့ကြ
တွေးမိတိုင်း မျက်ရည်ပေါက်ကြီးငယ်တွေ တလိမ့်လိမ့်ဖြာဆင်းလာ

"ပြောစမ်း ... ဘယ်ကောင်လဲ၊ ဘယ်သူလဲ"





မေးခွန်းတွေက သူ့နားဝသို့ မားလုံးတွေ၊ ခက်ရင်းခွတွေဖြင့်
ဝတ် ထိုးမွှေဆွနေကြသည်သို့။

"ဟင်း ..."

အတွေးတစ်ချက် ပြက်ခနဲ လင်းသွားသည်။

"ဟယ် ... ဒီ ... ဒီအယုတ်တမာကောင် ... ဒင်းပဲ ..."

တကယ့်လက်သည်တရားခံကို သန်းရင်မရင်ထဲက ဒိုင်းခနဲ
ပြီ။

"ထွန်းပိုင် ... ဒီကောင်ပဲ"

သည်တဈာရှူ၏ မရိုးသားသော ကြာကြည့်တွေကို သန်းရင်မ
ထင်ထင် သတိထားမိခဲ့သည်မှာ ကြာပြီ။ သုံးလေးလမျှ ရှိရော့

"အို ... ဟုတ်လောက် မထင်ပါဘူးလေ။ ကိုယ်က လင်ရှိ
သဲ။ ဏှာကြောထောင်ပြီး မျက်စိအရသာခံတာသက်သက်ပဲနဲ့ တူ

သည်လိုနဲ့ပဲ ပြီးခဲ့ရသည်ချည်း။ သို့တိုင် သူမအတွေးတွေ၊
တွေကို တမ်းတမ်းပေါက်ထွက်ခမန်း ပြူးပြူးကြီးရူးရူးရဲရဲ စူးစိုက်
နေတတ်သည့် ရမ္မက်ခိုးဝေသော သင်းမျက်လုံးတွေသည် မရိုးမှန်း၊
ခဲတွေလို အလျှံတငြီးငြီး ရဲရဲတောက်နေမှန်း သန်းရင်မ သိနေသလို
ဘာမှန်းမသိဘဲ ရင်တုန်ပမ်းတုန် အသည်းထဲ၊ အူထဲကပင် စိမ့်လာ

သည့်နောက် သူ့လင်စိမ်းမောင်နှင့် တပူးတွဲတွဲ လုပ်လာ။
ကြောင်းပြု သည်အကြောင်းပြုဖြင့် ခနော်ခနဲ့ သူတို့တဲအိမ်ကလေး

www.burmeseclassic.com



ထဲ ဝင်ခလုတ် ထွက်ခလုတ် ခြေရှုပ်ချင်လာသည်။ စားပိုင်းသောက်
ခွက်ပုန်းပိုင်းကလေးတွေ အချီစိပ်လာ၏။ အထူးသဖြင့် စိမ်းမော်
ထွန်းပိုင် နှစ်ယောက်တည်း ကြိတ်ပိုင်းများချည်း ဒိုင်ခံဖြစ်လာသ

စိမ်းမောင်ကလည်း စိမ်းမောင်။ ယမကာကလေးမှ အာမ
လိုက်နှင့် တရူးရူး တခေါ်ခေါ် ဟောက်သံပေး၍ ကုလားသေ၊ ကု
မော အိပ်ဖို့ပဲ အားသန်သည်။ လင်ကြီးငုတ်တုတ်ရှေ့ထားပြီး သူ့မ
ကို မျက်စိစားပွဲထိုင် ပြစ်မှားနေသည့် ထွန်းပိုင်၏ ကူလီကူမာ က
ညာဏ်တွေကို တစ်စေ့ကလေးမျှ သရိပ်သရိမ်မရှိခဲ့။ တဟီးဟီး တဟား
ပွဲများတောင် ကျနေလိုက်သေး။

"ဟုတ်ပါပြီ ...ဒီသေနာကောင်မှ ဒင်း အသေအ်ချာ
လက်ရဲဇက်ရဲ မခိုးမခန့်ရှိလိုက်ပလေသာနော်။ အံမယ်လေး ...
တိမ်မနစ်ခဲ့လို့ တော်ပါသေးရဲ့။ အင်း ... တဲတဲကလေးမှ တဲတဲက
ပါလား"

စေ့စေ့တွေး ရေးရေးပေါ်ချင်သည်။ သေချာမှုတွေ ဒီရေ
လာလေ။ ထွန်းပိုင် အယုတ်တမာကောင်အပေါ် အော့နှလုံးနာလေ

သို့သော်ငြား ထွန်းပိုင်ပါပဲဟု သန်းရင် ပါးစပ်မဟခဲ့။ စိမ်းမေ
၏ဒေါသကို သိသိကြီး။ မယားထိ မာကြည့် အစားထဲကမို့ တုတ်တ
မားတစ်ပြက် သတ်ပွဲ၊ ပုတ်ပွဲတွေ ဖြစ်လာနိုင်သည်။ တစ်ရှက်က နှ
ဖြစ်ရောမည်။ သည်လိုနှင့် သန်းရင်မကပဲ ဘီလူးအစီးခံရသလိုလို၊ 
အစီးခံရသလိုလိုနှင့် ပွဲပြီးသွား၏။ စိမ်းမောင်ကပင်လျှင် ...

"နင့်နှယ်ဟာ ...မကြီးမငယ် အရွယ်ကြီးကျမှ အူ
ကြောင်နဲ့"

ဟုရယ်ချင်ပက်ကျိ ကျီစယ်ခဲ့သေးသည်။

ဘာပြောပြော ထွန်းပိုင်တစ်ကောင် သူတို့အိမ်ကို အဝင်အထွက်
ကျဲခြချိုသွားသဖြင့် ဝမ်းသာရသေး။ နှစ်ကြိမ် သုံးကြိမ် မင်းရဲမြောင်း
ချေးဆိပ်၌ ရင်ဆိုင်တိုးမိကြသေးသော်လည်း မချိုတင်ကဲ တဏှာမျက်လုံး
တွေဖြင့် ရီဝေဝေစူးစူးကြီး ကြည့်နေသည်မှတစ်ပါး စကားဟဟမပြော
တော့။ 'ကောင်းပါလေ့တော်' ဟုပဲ တစ်ခန်းရပ်ခဲ့ရသည်။ သို့နှင့် ...

သန်းရင်မကိစ္စအတွက်ရယ်မှ ပါးစပ်မငြိမ်ကြရသေး။ ဘကြီး
ဦးပန်းမြိုင်တို့ ဝိုင်းတိုက်အစပ်တွင် သက်ငယ်မိုး၊ ဒဟတ်သားပေါက်ကာ
တဲသာသာအိမ်ကလေးဖြင့်နေသည့် လင်သေမုဆိုးမ တင်နွဲ့ကို လင်းအား
ကြီး မှောင်ကြီးမဲတောထဲ အမှေ့ဝင်လုံးသည့် အရေးအခင်းက ပေါ်လာ
ခြင်းသည်။

တင်နွဲ့လင်သား မှန်ကျော်တစ်ယောက် ပိုးထိ၍ ဆုံးသွားခဲ့သည်
မှာ အခါမလည်ချင်သေး။ တစ်ကောင်ကြွက် တစ်မျက်နှာ သည်တူမလေး
ကို မျက်နှာလွှဲခဲပစ် မပြုနိုင်သဖြင့် တူလိုသားလို စာရင်းငှားမှန်ကျော်
ကောင်လေးနှင့် နေရာချပေးခဲ့ရာမှ တစ်နယ်သားက အရင်ဦးအောင်
ဖျက်စီးခဲ့ရသဖြင့် တင်နွဲ့ခမျှာ ဘကြီးဦးပန်းမြိုင်ဝိုင်းတိုက်ထဲမှာပဲ သောင်
တင်ခဲ့ရ၏။

နံနက်လင်းစာ ပဲပြုတ်နှင့် ငချိပ်ပေါင်းရောင်းလျက် သူ့ဝမ်းသူ
ကျောင်းရသည်။ ပဲရွေးဆန်ရွေးနှင့် အိပ်ရာဝင် နောက်ကျတတ်စမြဲ။
ထို့အတူပင် ပဲပြုတ်အိုးတည်၊ ငချိတ်ပေါင်းပေါင်းဖို့ လင်းအားကြီး သုံးနာရီ
ထိုးဆိုလျှင် ထရတတ်သည်။

သည်အကွက်ကို ချောင်း၍ ဒု၊ သ၊ န၊ သော မသူတော်ကောင်
က ဖွတ်အတင်း ဝင်လုံးခဲ့ခြင်းဖြစ်သည်။ ရုတ်တရက်သားမို့ တင်နွဲ့
အငိုက် မိသွား၏။ သူ့အိပ်ခုတင်ငယ် မည်ကာမတ္တကလေးပေါ်၌ ပိုးလိုးပက်





www.burmeseclassic.com

www.burmeseclassic.com



လက်။ အမွှေသမားက အတင်းကြဲသည်။ ပိတ်ပိတ်သည်းသည်း မှောင် နေသည့် လင်းအရုဏ်ဦးကလည်း သည်အတိုင်းတိုင်း ကြည့်နေပုံသည် တင်နွဲ့ကို မကာယ်နိုင်။

တော်ပေသေးသည်။ လင်းအားကြီး အအေးပိုလာချိန်တိုင် ပန်းနာတာတ်မြဲဖြစ်သည့် ဘကြီးဦးပန်းမြိုင်က သူတို့ ဗလုံးဗထွေးအသံ တွေကို ကြားမိအောင် ကြားဟန်တူ၏။

"ဟဲ့ . . . မိန်းကလေး . . . ဘာဖြစ်တုံး။ အသံတွေ ဆူလှချည် ကလား"

ဟု အိမ်ကပြင်ပေါ်က လှမ်းမေးသံကြားလိုက်တော့မှ သရဲမင်း ကောင် ဖြုန်းခနဲ လက်သပ်ကိုယ်ကျွတ် ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

သည်တစ်ခါ၌လည်း အရှက်သည်းတတ်သည့် တောခလေးအ ခံသဘာဝက မိတင်နွဲ့ကို နှုတ်ဆွံ့စေခဲ့သည်ထင့်။ မခံချိမခံသာ ရှက်ရှု နှင့်ပဲ သည်အတိုင်းတိုင်း ငုတ်တုတ်ပစ် ငြိမ်ခံနေလိုက်ရတော့သည် သည်အမွှေကောင်သည် ဘယ်သူလဲ။

ရေနံဆီမီးခွက်ကို ဖျတ်ခနဲမှုတ်ပစ်၍ ဖွတ်အတင်း ဝင်လုံး သဖြင့် ဘယ်သူဘယ်ဝါ တိတိပပ မသိလိုက်။ သို့တိုင် ဝင်းဝင်းတော တောက် ပြူးပြောင်ခက်ထန်နေသည့် မျက်ဝန်းတွေ၊ မချင့်မရဲ အားမ အားမရ ညည်းသံတွေကြောင့် သည်အကောင်ကို သိသလိုရှိသာ တင်နွဲ့ထင်သည်။ ဖြစ်ချင်တော့ဖြင့် နောက်တစ်ရက် ပဲပြုတ်ရောင်းထွ ရင်း ရွာလမ်းချိုးအကွေ့မှာ မျက်ဝန်းများကိုမြင်မှ မှတ်မိလိုက်၏။

"အို . . . အလို . . . သင်းပဲ . . . သင်းပဲ။ ဖြစ်မှဖြစ်ရလေ ဟယ်။ တကယ့်တိရစ္ဆာန်ကောင်ရဲ့ လက်ချက်ပါကော"

နှုတ်မဖွင့်သာသည့် ကိုယ့်အဖြစ်ကို ကိုယ်ခံရခက်လှချည်။



ကိုယ့်သိက္ခာကိုယ်ငဲ့၍ ရေငုံနှုတ်ပိတ် နေခဲ့လင့်ကစား တချို့ ...ကက ရိပ်မိကြဟန်ရှိသည်။ တင်နွဲ့ကို ဖေးဖေးမမ ရှိရှာကြသည်။ ...ပိုင်ကိုဖြင့် ချေးထက်ပို၍ ရွံ့လာကြပြီတည့်။

သည်လိုနှင့် . . .

ရက်ပိုင်းကလေးပဲ ခြားသည်။

ရွာမြောက်ပိုင်းက နာတာရှည်လူမမာသည် နှုတ်ခမ်းမွေးအုန်း ...မိန်းမ မဲတူမကို ခြင်ထောင်ထဲအထိ 'ခွကောင်' ဝင်လုံးသွား ...သတဲ့။ အုန်းမောင်က ရောဂါဒဏ်နှင့် ယဲ့ယဲ့ကလေး မိန်းမောနေချိန် ...တလေး အငယ်နှစ်ကောင်နှင့် ခြင်ထောင်ခွဲ၍အိပ်သည့် မဲတူမကို ...ဝင်ကြံခြင်း ဖြစ်သတဲ့။ သင်းအကြံ အောင်ခဲ့သလား၊ မအောင်ခဲ့ ...သား အတပ်မသိကြရ။ အုန်းမောင်နှင့်မဲတူ ဖက်၍ ငိုနေကြသည်ကို ... လှကြည်တို့၊ စိန်ဥမယ်တို့၊ မိပုတို့က တစေ့တစောင်း တွေ့ခဲ့မြင်ခဲ့ကြ ...တွဲ့တူသော သတင်းကို မသက်မသာ ကြားကြရသည်။

နောက်တစ်ညာ . . .

ရွာတောင်ပိုင်းက ဖန်ဖန်ကျဲ၊ ကက်ကက်လန် အပျိုကြီးမ ...မြိုင်ကို သူမ၏ အိပ်ခန်းပြတင်းနှင့် ကပ်နေသည့် သရက်ကိုင်းမှ ...ဆင့် ဆင်းချလာသည့် ခွကောင်က အတင်းဝင် မဟားဒရား ကြံပြန် ...တဲ့။

နသားပါရကောင်က တစ်ကိုယ်လုံး ဆီတွေရွှဲနေအောင် သုတ် ...ထားပြီး မျက်နှာကို မျက်နှာချေကျွတ်(မိတ်ကပ်) တွေဖြင့် ရဲတွတ် ...အောင် လိမ်းထားသတဲ့။ သတိကြီးသူမို့ သင်းအကြံ မအောင်ခဲ့သည့် ...ဖြင့် သင်း၏မျက်နှာကို ကျားသစ်ကုတ်သလို ကုတ်ဖြဲလွှတ်လိုက်နိုင်ခဲ့ ...တဲ့။ သွေးစက်လက်ဖြင့် ဖွတ်အတင်း ခုန်ချထွက်ပြေးသွားသတဲ့။ ...ကြားဝံ့ မနာသာ သတင်းဆိုးကြီးကို ကြားလိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com



သည့်ရက်အတွင်း ထွန်းပိုင်မျက်နှာမှာ သနပ်ခါးအဖွေးသား နှင့် သနပ်ခါးထူထူအောက်မှ ကနဲ့လန့်ဖြတ် လက်သည်းကုတ်ရာ အစင်း ကြောင်းကြီးကို သတိထားလိုက်မိကြရသည်။ ထွန်းပိုင်အပြောကတော့ သူတို့အိမ်မှ ကြောက်မနက်ပြာ ကုတ်တာတဲ့။ သို့လော ... သို့လော သရိုးသရီတွေ ဖြစ်ကြရသည့်တိုင် ခွကောင်သည် ထွန်းပိုင်ပါပဲဟု ကာ ကံသေကံမ လက်သည်မဖော်နိုင်။

တဖြည်းဖြည်း ရက်ရင့်လာလေ ခွကောင်က သတင်းကြီးလာ လေ။ ပို၍ပို၍ လက်ရဲဇက်ရဲ နိုင်လာလေ။ ခွကောင် ဖွတ်အထင်းအ ကြစည့်ခြင်းခံခဲ့ကြရသည့် ရွာသမီးသားကောင်ငယ်တွေ ဟောတစ်ယောက် ဟောတစ်ယောက် များလာလေ ...

တစ်သက်လုံး၊ တစ်သောင်လုံး ဥစ္စာမွဲသော်မှ သိက္ခာနှင့် ကိုး ကျင့်မြဲမြဲ၊ ပြောင်ပြောင်ရောင်ရောင်ရှိခဲ့သည့် ရွာကလေးလည်း သူတ တံထွေးခွက်၌ စုံးစုံးနစ်ခဲ့ရပြီ။ နီးနားဝန်းကျင်ရွာများကပင် ဆေး ကြောဖက် မလုပ်ချင်ကြတော့။

"ကျက်သရေယုတ်လှပေကွာ ... တို့များ တောသူတောင်သား တွေ တစ်ခါမျှ မတစ်ခါဖူးကြတဲ့ ယုတ်မာပက်စက်တဲ့ ကိစ္စကြီးကပဲ။ ပုတ်ထဲက ဒီပဲတဲ့။ အကျင့်တန်တဲ့ရွာနဲ့ ခပ်ကင်းကင်းနေကြပေ့"

ဆိုသည့် ခပ်စိမ်းစိမ်း ခပ်ရွံ့ရွံ့ လေသံတွေကို ဟိုကဒီ ကြားလာရသည်။ ယိုသူ မရှက်၊ မြင်သူ ရှက်၊ ရွာကလေးခမျာ ခေါင်း မဖော်ရဲရှာတော့ပေ။

သည့်အထဲ နှင်းမေကလေး ကောက်ကာငင်ကာ အစော်ကား ခံလိုက်ရသည့် အခါတွင်ကား အောင့်လုံးကြီးတွေ အုန်းခနဲထပေါက်





ချက် ကမ္ဘာပြို၊ ကမ္ဘာပျက်လေပြီ။ ရွာလုံးဆူ ကျက်ကျက်ညံ့ ပြောင်းဆန် နေတော့၏။

"ဘကြီးဘော်ရေ ... ဒါကတော့ တရားလွန်ပြီဗျာ။ ရွာလည်း ကျက်သရေပဲ့လှပြီ။ ခုတစ်ချီ လုပ်ပုံကြီးကိုကြည့်။ သိပ်ပက်စက်လွန်း သယ်။ လူဖြစ်ရိုးမှန်ရင် ဒီလို ယုတ်ယုတ်ကန်းကန်း လုပ်ရက်စရာတောင် မရှိဘူး။ ဒီခွကောင်ဆိုတာ ဘယ်သူလဲ။ လက်သည်တရားခံကို ပေါ် အောင်ဖော်ပြီး အပြစ်ပေးကြမှပဲ"

ကာလသားခေါင်း ကိုကြီးသန်းက သူ့လက်ထဲမှ လင်းကင်း ဓားကြီး တဝင့်ဝင့်ဖြင့် ထန်ထန်သည်းသည်း တွန်းပြောနေသည်။ သူကြီး နှင့် ရွာလူကြီးတွေလည်း လူငယ်ပိုင်းကို ဆီးဆီးဆို့ဆို့ မတတ်နိုင်ပြီ။ အနေရိုး၍ ပျော်ပျော်နေသောခဲ ဟီးဟီးဟဲဟဲ နေတတ်ကြလင့်ကစား အောက်မတရားသည့် အဓမ္မမှုကိုဖြင့် အူထဲက ချေးခါးအောင် မုန်းတတ် ကြသည် ကေန်။ အမြဲတစေ စပ်ဟဲ့နောက်ဟဲ့ ရွှတ်ရွှတ်တွတ်တွတ် နေခဲ့ ကြသည့် လှငွေတို့၊ သာပိုက်တို့ ညီအစ်ကိုတစ်သိုက်က အကဲဆုံး၊ အသည်းဆုံး၊ သူတို့က နှင်းမေကလေးနှင့် သွေးလည်းနီးကြပေသည်ကိုး။

ဖြစ်ပုံကြီးက လွှတ်ဆိုးသည်။

နှင်းမေကလေးနှင့် ကျောက်ဆည်က ဆီစက်သူဌေး၏မန်နေဂျာ ဆိုထွန်းမောင်ကြီးတို့ စေ့စပ်ကြောင်းလမ်း မြန်းထားခဲ့ကြပြီးဖြစ်သည်ကို ရပ်တကာသိ၊ ရွာတကာသိ၊ လူနတ်သိကြား၊ လူကြီးစုံရာနှင့် မြန်းသည့် ကိစ္စကလေးကိုပင် ဟိုဘက်သည်ဘက် ရောက်လာကြသည့် ဧရိယာ အား ကြယ်သုံးလုံးအစိမ်းဒံပေါက်နှင့် ဧည့်ခံသည်ဆိုလား။ ပွဲပြင်းတွေကို အချိုစုံပန်းကန်တွေ လက်ဆောင်ပြန်လိုက်သေးသည်ဆိုလား၊ အင်မတန် ခမ်းခမ်းနားနား။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမောင်ကြီးက နှင်းမေကလေးကို တစ်ပါတည်း သူနှင့် ထည့်လိုက်ဖို့ အခွင့်တောင်းခဲ့သေး၏။ တောထုံးစံမဟုတ်၍သာ အထ မမြောက်။

ထွန်းမောင်ကြီးက နှင်းမေကို ရွှေတစ်ဆင်စာ၊ ငွေငါးသောင်းနှင့် နွားသားအမိနှစ်တွဲ တင်၍ မြန်းခဲ့ခြင်းဖြစ်သည်။ လက်ထပ်ပွဲမှာ သတို့သားဘက်မှ သီးခြားလက်ဖွဲ့ဦးမည်တဲ့။

သည်လိုနှင့် သူ့မင်္ဂလာ နွားသားအမိနှစ်တွဲကို ဦးဘရှင်ကြီး သရက်ခြံကွင်းစပ်၊ ကိုရေးတို့လယ်ပွဲ၊ ဘိုးကြာညွန့်စိမ့်မြောင်းဘေး မြေစာ မြက်စိမ်းနုနုတွေ တောထနေသည့် နေရာလေးများ၌ လွှတ်ကျောင်း၊ လှန်တန်ကလှန်၊ ရေချ ကယိကထအလုပ်များကို နှင်းမေကလေး ပျော်တပြုံးပြုံးလုပ်နေသည်ကို မြင်ကြရ၏။

"ဟဲ့ ... ကောင်မရဲ့ လင်ယူသားမွေးရမှာများ ဒီလောက်တောင် ပျော်နေရလား။ အေး ... အေး ... ကြည့်ကျက်လုပ်နော်။ ရယ်လွန်းရင် ငိုရတတ်သတဲ့"

ဟုပင် သူငယ်ချင်းမတစ်သိုက်က ပေါင်တွင်းကြောဆွဲလိမ်ရင်း သတိပေးခဲ့ကြရသေးသည်တဲ့။

တစ်နေ့ ...

ကိုရွှေးတို့လယ်ပွဲရှိ သပြေဖြူပင်ကြီးခြေရင်း သစ်ပျဉ်းကျွေး ကွေးကြီးများကိုမှီလျက် သူမ၏နွားများကို စောင့်ကြည့်နေရာမှ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။ သည့်နောက် ဘာဖြစ်၍ ဘာဖြစ်ခဲ့မှန်း သူမကိုယ် သူမပင် မမှတ်မိခဲ့တော့။

နို့ရည်သွဲင်းစ ဖုံးတုံးလုံးတုံးကောင်ညှင်းချိတ် လယ်ကွက်ထဲ ဝင်စားနေသည့် နွားသားအမိကို မောင်းထုတ်ရင်း နှင်းမေကိုတွေ့ရချိန်၌





အဝတ်အစားတွေ ဖရိုဖရဲ၊ အစုတ်စုတ် အပြဲပြဲ မလုံမခြုံနှင့် မေ့မြောနေသည်ဟု စတင်မြင်ခဲ့သူ ဘိုးထွန်းအုံက ပြောသည်။ ပိုးစိုးပက်စက် ရေ ထိမ်နစ်ခဲ့ရပြီတဲ့။

ထုံးစံအတိုင်း လက်သည်မပေါ်ခဲ့ပြန်။

စဉ့်ကိုင်ဂါတ်တဲက ဆားပုလင်းကြီးနှင့် ပုလိပ်တွေ လာစစ်ခဲ့ ကြသေးသော်မှ ရေရေရာရာ အဖြေမရနိုင်သေးဘဲ ရှိသည်။

ပြဿနာ၏အစကို ဆွဲမိသူက အရီးမတင်လှ။ မှိုရှာ၊ မျှစ်ချိုး၊ ချေးတောက်ရှက်ရူး၊ ဟိုဟိုသည်သည် စားကောင်းရာရာ အညွန့်အခက် များကို တောကြိုချုံကြား ရှာဖွေခူးလျက် ရွာထမင်းဝိုင်းကလေးများကို စည်ခေစေလေ့ရှိသူ။

အရီးမတင်လှက ကိုရွှေးတို့လယ်ပွဲနှင့် မင်းရဲမြောင်းမြောင်း သောင်အကြား နဘူးချုံများ၊ ပေါက်ပင်တောများကြားမှ ထွန်းပိုင်တစ် ယောက် ကိုးကန်းတောင်းမှောက် ပြူးပြူးပျာပျာ မလုံမလဲဖြင့် ပုဆိုးမ၍ ထွက်လာခဲ့သည်ကို တပ်အပ်ဒိဋ္ဌ မြင်ခဲ့ရသည်တဲ့။ အဘိုးကြီးဘိုးထွန်းအုံ ၏ ထိတ်လန့်တကြားအော်သံကို မကြားလိုက်ရသေးခင် ရှေ့ဆင့်နောက် ဆင့်တဲ့။ ဤသို့ဖြင့် ပွဲအရင်ကတည်းက မစွန်းရင်းရှိခဲ့သော ကိစ္စသည် ပေါ်ပေါ်တင်တင် ကန့်စွန်းခင်းညိခဲ့ရခြင်း ဖြစ်သည်။

"ဒီကိစ္စနဲ့ ထွန်းပိုင်နဲ့ တစ်နည်းနည်းပတ်သက်နေရမယ် ... အကြီးရာ။ ဟိုးအရင် ကိစ္စတွေတုန်းကတည်းက သင်းကို သက်ာယန ဆောင်းရှိနေခဲ့တာ ကြာပြီ။ ဒီလို ယုတ်ယုတ်ကန်းကန်း ကိစ္စမျိုးကို သင်း အထွဲရင် ဘယ်ကောင်က လုပ်ရဲလုပ်ဝံ့မှာလဲ။ စိတ်ထဲမှာတောင် ဆိုဒ်ရဲ ကြမှာ မဟုတ်ဘူး။

ဒီလို ကိုယ်တွေ့မျက်မြင် လက်ဆုပ်လက်ကိုင်ရှိတဲ့ အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မှ ကွက်ထိလက်ရောက်ပေါ်အောင် မဖော်နိုင်ခဲ့ရင် ကိုယ့်ရွာကိုယ်မီးတိုက်ပြီး ရွာဖျက်ပစ်ကြရုံ ရှိတော့တယ်။ ဘယ်လိုသောက်ရှက်မရှိတဲ့ မျက်နှာနဲ့ ဆက်နေကြမှာတုံးတဲ့"

"အရီးလေးမတင်ကတော့ မဟုတ်ဘဲ မပြောလောက်ဘူး ... ရွာလူကြီး။ အုန်းမြိုင်လက်ချက်နဲ့ သင်းမျက်နှာ အရေခွံတွေလန်ကုန်တုန်းကလည်း ကြောင်ကုတ်လို့လို့ ပြောင်မုံလာဥ လုပ်သွားခဲ့တယ်။ မျက်မြင်ကိုယ်တွေ့မရှိကြလို့သာ ဒီအတိုင်းတိုင်း ငြိမ်ခံနေခဲ့ရတာ။ ဒီတစ်ခါတော့ သင်း ကလီကမာလုပ်တာကို မခံနိုင်တော့ဘူး။ ကိုင်း ... လူကြီးတွေ ဘာလုပ်ကြမှာတုံး"

မိန်းမပိုင်းကလည်း သခွပ်ပင်က မီးတကျိုကျို မီးထတောက်ကြပြန်သည်။ ဒေါင်းတည်မောင်းတည်၊ ကက်ကက်လန်၊ ဖုံဖုံကျဲ၊ အပျိုကြီးမ မအုန်းမြိုင်နှင့် ထွန်းပိုင်၏ညီမဝမ်းကွဲ ရွှေဖိုးကွက်တို့ ငါးရက်တစ်ဈေး ဈေးကုန်းထဲက မကျင်မုန့်ဟင်းခါးဆိုင်မှာ တစ်ယောက်တစ်ခွန်း ငြိကြစွန်းကြရာမှ နပန်းလုံးကြ၊ ထမီမကပ် ဘာမကပ် လုံးထွေးကြီးဖြစ်သည်အထိ ပွဲကြမ်းကြသည်တဲ့။

သည်သို့ဖြင့် ...

ရွှေသိမ်တော်ဘုရားနီ ဘုရားကြီးထဲမှာ ကျမ်းထုပ်ကိုင်ပြီး ကျမ်းတိုက်ဖြစ်ကြသည်အထိ အရေးအခင်းက ကြီးကျယ်လာခဲ့ခြင်းဖြစ်သည်။

ထွန်းပိုင်တို့ဘက်က ဆွေအုပ်မျိုးအုပ်တောင့်၍ ဆတ်ဆတ်ထိမခံ။ ဓနဂုဏ်ရှိန်ဖြင့် ဖိဖို့လုပ်ချင်သည်။ ရွာကလေးက မခံ။ ထွန်းပိုင်ပဲဟု စိတ်ထဲက သေချာနေကြ၍ တေမိလုပ်နေခဲ့ကြရာမှ အရီးလေးမတင်က ဖော်ကောင်လုပ်လာသည့်အခါ ဗေထိဗေထိ မလုပ်လိုက်ရဘဲ ဝက်ဝက်ကွဲ ကက်ကက်လန် ပိုင်းအာကြတော့၏။





"ကောင်မ ... နင်တို့အမျိုးက ဒီလောက်တောင် သန့်နေရှင်း[illegible]သပဆိုရင် ဘုရားနီထဲမှာ ကျမ်းထုပ်ကိုင်ပြီး ကျိန်စာဆိုရဲသလား၊ [illegible]ဆိုရဲသလား။ သစ္စာစွဲလို့ တစ်မျိုးလုံး တစ်ဆွေလုံး လိပ်လို ခေါင်း[illegible]ဖော်နိုင်ဘဲ ဖြစ်နေကြဦးမနော်"

"ဟဲ ... ဗိုင်းဒါမရဲ့၊ ကိုယ်ကောင်းရင် ခေါင်းမရွှေဘူးတဲ့ဟဲ့။ ကျမ်းထုပ်မကလို့ ကမ္ဘာလုံးကြီး ခေါင်းပေါ်ရွက်ပြီး ကျိန်စာတိုက်ရတော့ [illegible] ဘာသောက်ရေးတုံး။ ရှေ့သွားရှိရင် နောက်က လိုက်ပြီးသားပဲ။ ကိုင်း ... လုပ်လိုက်ကြစမ်း"

"တကယ်နော် ... ပြီးမှ အမေကယ်ပါ၊ အဘကယ်ပါ မဖြစ်စေနဲ့။ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်၊ ဖလီဖားတုံး သွားကြားထိုးမယ်နဲ့ [illegible]တစ်လုံး မိုးတစ်လုံးပြော။ ဟော ... ပြီးမှ ခရုခါးတောင်းကျိုက်ဖမ်း [illegible]တော့ မဖြစ်စေနဲ့"

"တို့အမျိုးမှာ အဲသလို ထုံးစံမရှိဘူးဟေ့။ သောက်ပြောဘယ်နဲ့ [illegible]မယ် လုပ်မနေနဲ့ အချိန်ကြာတယ်။ ကိုင်း ... ဘုရားနီသွားသွား။ [illegible]စိမ်းသွားသွား၊ ကြိုက်တဲ့ဆီကိုသာ ကြွတော်မူကြ။ ကျုပ်တို့အမျိုး [illegible] လုပ်လိုက်လေ ကြာသလားလို့ အထဲကပဲ"

သည်လိုပုံဖြင့် ကျမ်းမြဲသည်။ ကျမ်းစူးသည်။ သစ္စာမမှန်လျှင် [illegible]တသင့်သည်ဟု တစ်နယ်တစ်ရိုးမှာ ဟိုးဟိုးကျော်နေခဲ့သည့် ရွှေသိမ်တော်ဘုရားကြီး မျက်နှာတော်ရှေ့တွင် ကျမ်းကိုင်ကြဖို့ အလေးအနက် [illegible]ကြတော့ခြင်းဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၇ |

❑

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
စိန္တိတံသတ္တသချေယျံ နဝသချေယျဝါစကံ၊
ကာယဝါစာထုချာတံ။

ဗုဒ္ဓတ္တံသမုပါဂမိဟူသော ပါဠိဂါထာနှင့်လျော်စွာ ဂါဃာ
နှင့်အမျှ ပွင့်တော်မူကြကုန်သော ပညာဓိကဘုရား၊ ဝီရိယာဓိ
ဘုရား၊ သဒ္ဓါဓိကဘုရားအပေါင်းတို့ စောင့်ရှောက်ကုန်သော
ပရမီသွား၊ မဟာဗိန္ဒြ၊ ကုတဲ၊ ဝေါရမန္တနတ်ကြီး၊ သာသနာတော်
စောင့်သောနတ်ကြီး၊ ပိဋကတ်သုံးပုံ၊ မေဗင်လေးပုံကို စောင့်
နတ်ကြီး၊ စတုလောကပါလနတ်ကြီး၊ မဟာမေခလာနတ်
ရုက္ခစိုး၊ အာကာသစိုး၊ ပြည်စောင့်နတ်၊ မြို့စောင့်သော နတ်အပေါ
တို့သည် အမြဲစောင့်ရှောက်တော်မူစေသတည်း။

ဟုတ်မှန်သည်ကိုသာ ဆိုပါမည်။





မဟုတ်မမှန်ဆိုပါချေလျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း။
ရွတ်ကိန်းပြည့်ထ၊ လုံ့လသည်းစွာ၊ ဒါနပါရမီ၊ သစ္စာပါရမီ၊ နိက္ခမ
ရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ ပညာပါရမီ၊ ပါရမီဆယ်ပါး အပြား
သုံးဆယ်ကို ပြည့်၍ ပြည့်ထကျင့်သော ဘုရားရှင်ကိုယ်တော်မြတ်ကို
စောင့်သောနတ်လည်း သတ်၍မနေ သေစေသော ဟူလေ။

သွားတော်လေးဆယ်၊ စွယ်တော်လေးချောင်း၊ ညှပ်ရိုးတော်
နှစ်ချောင်း၊ ဓာတ်တော်ပေါင်းရှစ်စရွတ်ကို စောင့်သောနတ်လည်း
သတ်၍မနေ သေစေသော ဟူလေ။

လက်ျာရံရှင်သာရိပုတ္တ၊ လက်ဝဲရံရှင်မောဂ္ဂလန် စသော
အသီတိရှစ်ကျိပ်သော ရဟန္တာမြတ်တို့၏ ဓာတ်တော်မွေတော်ကို
စောင့်သောနတ်လည်း သတ်၍မနေ သေစေသော၊ ဟူလေ။

ထိုမှတစ်ပါး ...."

ရွှေသိမ်တော်ဘုရားလူကြီး အဘဦးပေါ်အိုင် ရေ့က တိုင်ပေး
သမျှတွေကို လိုက်ရွတ်ကြရင်း နှင်းမေကလေး၏အစ်မ ညွန့်ညွန့်၊ ထွန်း
ဦးအမေ ဒေါ်လှကြီးနှင့် ထွန်းပိုင် ခိုးကြောင်ခိုးဝှက် ထွက်လာသည်ကို
ခင်လိုက်ရပါသည်ဆိုသော အဘွားကြီးဒေါ်တင်လှတို့သုံးဦးသား၏ အသံ
သည် နတ်ဝင်သည်များလို တုန်တုန်ရီရီ အက်အက်ကွဲကွဲနှင့် စကားလုံး
သံသ တိုးတိုးတိမ်တိမ် ကြောက်ကြောက်ရွံ့ရွံ့ ရှိလှပေတော့။

အဘဦးပေါ်အိုင်က သူ့လက်ထဲမှ သားရေဖုံး ရွှေဇဝါရေးဘုတ်
စုပ်ကို ကိုင်၍ ရွတ်ဖတ်နေပြား ကျမ်းကျိန်သူ မိန်းမသုံးဦးတို့မှာ ကတ္တီပါ
ဖျက်တစ်ထပ်၊ အနီတစ်ထပ် ချပ်ချပ်ရပ်ရပ် ထုပ်စည်းထားပြီး ရွှေကြိုး
နှင့် ချည်ထားသည့် ကျမ်းထုပ်ကို လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်လျက်
ဦးထိ ဦးတိုက်ထားရင်း ကျိန်စာကို ရွတ်နေကြရလေရာ သူတို့အဖို့
ဆိုလျှင် ကြည့်သူမြင်သူမရှိလျှင် စိတ်မသက်မသာ ရှိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွကောင်ဟာ . . . ထွန်းပိုင် ဟုတ်မဟုတ် ထွန်းပိုင်အမေ
ဘုရားနီမှာ ကျမ်းထုပ်ကိုင်ပြီး အစစ်ခံမလို့တဲ့။ နှင်းမေကလေးကို မယား
ခရား ကြသွားတဲ့နေ့က အဲဒီငရေးတို့ လယ်ပွဲဘက်ကနေ ထွန်းပိုင်
ယောင်တိယောင်လည် ထွက်လာတာကို မြင်လိုက်ရတဲ့ ဒေါ်မယ်တင်ကြီး
ကလည်း သစ္စာရေသောက်၊ ကျမ်းကျိန်ပြီး သူမြင်သမျှ တွေ့သမျှတွေ
ကို ရွာလူကြီးတွေရှေ့မှာ အစစ်ခံမတဲ့။

နှင်းမေနဲ့ သူ့အမေ မယ်အိတို့ကတော့ ရှက်လွန်လွန်းလို့
အိမ်ထဲက အိမ်ပြင် မထွက်ရှာကြဘူး။ 'နှင်းမေအစ်မ ဟိုယောက်ျားလျား
ညွန့်ညွန့်ကပဲ နှင်းမေကိုယ်စား ကျမ်းရွက်မတဲ့' ဟူသော သတင်းသည်
ရွာကလေးအတွင်း ငှက်စုန်းထိုးသံကြီးလို လူးလားခေါက်တုံ့ ချက်ချင်း
ပြန့်သည်။ ခွကောင်ကြောင့် တရိရိ ကိုက်ခဲနာကျင်နေကြပြီ ဖြစ်သည့်
သားတို့၏ နှလုံးကို တစစ်စစ် ဖျစ်ညှစ်ဆုပ်နယ်လာနေပြန်ပြီဖြစ်သည်။

"အဘွားကြီးအိုတော့ ကျွန်ယုံတစ်ဖက်ကန်း၊ သားသမီး
စုံလုံးကန်း ဖြစ်ဦးတော့မှာပဲ။ သူ့သားသောက်ကျင့်နဲ့ စာခလ်တန်တဲ့
ဆိုသာကိုလည်း သိသိကြီးနဲ့ ဘာအရဲကိုးပြီး ဆင်ကန်းတောတိုး လုပ်ပို့
မလဲမသိ။ အိုကြီးအိုမကျမ်းစူးပြီး သွေးပွက်ပွက်အန်ကရော့မယ်"

ထွန်းပိုင်အမေ ဒေါ်လှကြီးအား ကရုဏာဒေါသော ပွပန်သူ
ပွပန်ကြ။ သူ့မောင်အရင်းခေါက်ခေါက် ထွန်းကြည်လေးကဆိုလျှင် . . .

"အစ်မ . . . နှင့်သား ယစ်ထုပ်ပေါက်ပန်းဈေးကောင်က ဘာ
သောက်ဖိုးတန်လို့ ဘုရားနီမှာ ကျမ်းရွက်ရမှာတုံး။ လူထူထူမှာ ကိုယ့်
သောက်ရှက် ကိုယ်ချွဲပြရမယ့် ရှူးရှူးနှမ်းနှမ်းအလုပ်တွေကို မလုပ်ချင်
စမ်းနဲ့ဟယ်။ လက်မ မကောင်းရင် လက်မ၊ လက်ညှိုးမကောင်း လက်ညှိုး
ပဲ ဖြတ်တန်တာ ဖြတ်ပစ်ရမပေါ့။ နှင့်သားဟာ ဈေးတွင်းထဲက လောက်





ဆိုကောင် ဖြစ်နေပြီ။ မြင်ရုံ ကြားရုံနဲ့တင် အော့ချင်စရာ၊ အန်ချင်စရာ
ကြီး"

ဟု ခေါက်ခေါက်ရက်ရက် ပြောထွက်ခဲ့သည်။ ကန့်ကွက်ခဲ့
သည်။ ရွှေသိမ်တော်ကို မသွားပါနှင့်တဲ့။

"ဟဲ့ . . . လောကမှာ အသက်နဲ့လူလုပ်သာ မဟုတ်ဘူးဟဲ့၊
အရှက်နဲ့ လူလုပ်သာ။ ဒီအတိုင်းတိုင်းချည်း ငုတ်တုတ်ပစ်ထိုင်ပြီး ဟိုလူ
လက်ညှိုးထိုး၊ ဒီလူလက်ညှိုးထိုး ခံနေမဲ့အစား ကျမ်းကိုင်းရင်း ကျမ်း
စူးလို့ သွေးအန်သေလိုက်တာကမှ ကောင်းဦးမယ်။ လူ့အကဲ့ရဲ့လွတ်က
ရော၊ အေးရော"

ဟူသည့် ဒေါ်လှကြီး၏ နှုတ်လှန်ထိုးသည့်စကားကလည်း မှတ်
သောက်သားလောက်။

"ဘာပြောပြောဟော့ . . . ငါတို့ကတော့ ဒေါ်မယ်တင်ကြီးသစ္စာ
ကို ချိုးကျူးသယ်။ တကယ် . . . တကယ် . . .။ ဘယ်သူ့ဘယ်သူ့ဆီကမှ
အပ်ပြားတစ်ချပ်မရ၊ ဆယ်ပြားစေ့သွေးပစ်ရတဲ့ အရည်သောက်တောင်
အနံ့မရှူရဘဲ ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောမတဲ့ဆိုသာ နည်းတဲ့သစ္စာလား။

ပြီးတော့ ဒေါ်တင်လှကြီးနဲ့က မကင်းရာ မကင်းကြောင်းတွေ၊
သူ့သားငေသောင်းနဲ့ ပေါက်စတို့ကို ဒေါ်လှကြီးကပဲ သက်နှီးဆည်း၊ ရှင်ပြု
ပေးထားသာ။ ဒေါ်လှကြီးရဲ့ ဝမ်းမနာသားတွေ . . . ဟုတ်စ။ ဒါနဲ့များ
တောင် မှန်ရာဖက်ကို မျက်နှာမူမယ်ဆိုသဲ့ဟာ ကုန်းကုန်းကန်တော့ချင်
စရာတောင် ကောင်းရော့"

ချီးမွမ်းခြေကျောက်ပြောသူလည်း မရှား။

မည်သို့ရယ်ဖြစ်ဖြစ်။

ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ရှိသည့်တိုင် တစ်ခါကြုံဖူးဖို့ အလွယ်
သည့် သည်လို ရွှေသိမ်တော်ဘုရားကျမ်းတိုက်ပွဲမျိုးကို ဝက်သားထက်



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ကြိုက်တတ်ကြသူ ရှားဇော်ကလိဖွက်များကြောင့် ဘုရားနိဝန်းကျ
ပတ်ချာလည်၍ နေ့ခင်းကြောင်တောင် ပွဲစည်ပွဲဆူလျက် ကြိတ်ကြိ
တို့။ ဝက်ဝက်ကွဲ တိုးမပေါက်အောင် လူပင်လယ်ကြီး ဝေနေတော့သည်

လူတိုင်း၏ မျက်နှာပေါ်တွင် ရောမအရေးအခင်းကြီးတစ်ခု
ပက်ပင်းဒိုင်ရင်ဆိုင်တွေ့ကြရအံ့ဟု သဲသဲမဲမဲ အားခဲထားကြဟန် အထ
သားပေါ်နေသည်။

"ထိုမှတစ်ပါး မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ
ဂင်္ဂါယမုံနာ၊ အစီရဝတီမဟီ၊ အရဘူဟူသည် မကြွင်း။ အို
အင်းချောင်းမြောင်း၊ အပေါင်းစောင့်မှတ်၊ ခပ်သိမ်းနတ်လည်
သတ်၍မနေ သေစေသော ဟူလေ။

ဟိမဝန္တာတောသုံးထောင်ကို၊ ကုန်အောင်စော
သော၊ အာကာသစိုး၊ ဗိဿနိုးမလွတ်၊ ဘုတ်ပြိတ်နတ်လည်
သတ်၍မနေ သေစေသော ဟူလေ။

ထိုမှတစ်ပါး၊ အဿနမုခ၊ စန္ဒပါရမီသွာ၊ မဟာ
စသော အရှိန်ပြင်းထန်၊ ဝေသဝဏ်နှင့်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ
စသည်ဒေဝိန်၊ အသူရိန်အလား၊ ကျော်ထင်ရှားသည်၊ နှ
အများလည်း သတ်၍မနေ သေစေသော ဟူလေ။

ထိုမှတစ်ပါး သွေးခဲသွေးနက်၊ ပွက်ပွက်ထွက်
ကိုယ်လက် ပြောင်းပြန်၊ သွေးခဲအန်၍၊ သေစေသော ဟူလေ

ထိုမှတပါး၊ သေးရှုစ်ပါး၊ ဒဏ်ဆယ်ပါးလည်း၊ ထ
ရှာသတ်၍ လတ်လတ်ချက်ချင်းသေစေသော ဟူလေ"

ဘကြီးဦးပေါ်အိုင်၏ အသံကြီးက တဖြည်းဖြည်း တစ်စတစ
ပို၍ပို၍ ဟိန်းထွက်လာလေသလား။ သူ့အရပ်ရှည် ကိုင်းကိုင်းကြီးက
ပို၍ စီးစီးမိုးမိုး ရှည်ထွက်ဆန့်ထွက်လာလေသလား။ ကျမ်းကျိန်သူ





ကျမ်းရှုက်သူများနှင့် ဟိုဟာဖြစ်နိုး၊ သည်ဟာမြင်ရနိုး အသည်းတထိတ်
ထိတ် စောင့်ကြည့်နေကြသူ၊ ဘေးတီးပရိသတ်များကပဲ တဖြည်းဖြည်း
သေး၍သေး၍ ကြုံ့ဝင်သွားကြလေသလား။ လူအုပ်ကြီးတစ်ခုလုံးကို ဘကြီး
ဦးပေါ်အိုင်၏ အသံဝါကြီးကသာ ဖမ်းဆုပ်ချုပ်ကိုင်ထားလိုက်လေသည်
ထား ကေန်။

ချွေးတွေဖြင့် ရွှဲလျက်၊ တဆတ်ဆတ်တုန်လျက်၊ မျက်စိမျက်နှာ
အရောင်အဆင်းကင်းလျက် မွဲ၍ အို၍ မည်းသဲ၍ နေပြီဖြစ်သည့် ကျမ်း
ကိုင်သူသုံးဦးခမျာမှာ လူကိုယ်နှင့် စိတ်မကပ်။ ပါးစပ်များက ထွက်ကျ
လာနေသည့် စကားအနက်အဓိပ္ပာယ်များကိုလည်း ရေရေရာရာ တိတိပပ
သူတို့မသိ။ ဆို၍သာ ဆိုနေရသည်၊ ရွတ်၍သာ ရွတ်နေရသည်။ ဒုက္ခ
ဆိုးကြီးတစ်ခုကို မျက်စပစ် လက်ယပ်ခေါ်နေသည့် ဂါထာမန္တန်တွေပဲဟု
သာ စိတ်စွဲနေကြလေရာ သေဘေးနှင့်နီးသည့် အန္တရာယ်တစ်ခုခုသည်
သူတို့ထံ တရွေ့ရွေ့တွားလျက် ချဉ်းကပ်လာနေလေပြီဟု အကြောက်
လည်းလျက် ရှိနေကြ၏။

ရွေ့ရွေ့မျှလည်း မလှုပ်ရဲ။ ခြေကလေး၊ လက်ကလေးမျှလည်း
ဆန့်ရဲ၊ နေရာကလေးသော်မှ အထိုင်မပြင်ရဲ၊ မီးကျွမ်းသစ်ငုတ်တိုကြီး
များလို ငုတ်တုတ်။

"ထွန်းပိုင် . . . ထွန်းပိုင်၊ ဒီသေနာကျကလေးဟာ ဟုတ်များ
ဟုတ်နေရော့မလား။ ဟုတ်ရိုးမှန်ခဲ့ရင်တော့ ဒုက္ခပါပဲ။ ကျမ်းစူးတယ်၊
ကျိန်စာသင့်တယ်ဆိုသာ ဘယ်လိုမျိုးပါလိမ့်။ တချို့များနေရာမှာတင်
အထိုင်တည်း ချက်ချင်းလက်ငင်း လက်တွေ့ပြတတ်သတဲ့။ ကိုအောင်
မှင်နဲ့ မစံပယ်တို့၊ ဦးဖုန်းမိုကြီးလယ်ပွဲနဲ့ ကပ်လျက်က ဖုန်းဆိုးကလေး
ကို ရှင်းကြလင်းကြ လယ်တည်ကြတော့ ဦးဖုန်းမိုကြီးနဲ့ သူပိုင်ငြင် ငါ
ပိုင်သင့် အချင်းများကြတုန်းက ဒီဘုရားနီမှာပဲ ကျမ်းတိုက်ခဲ့ကြသာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မတော်လောဘနဲ့ ဖွတ်မျက်စိမှိတ်ခြင်းပြီး သစ္စာရေသော တဲ့ ဦးဖုန်းမိုကြီးဟာ ထိုင်ရာမထ သွေးတွေ အတုံးအခဲလိုက် အန် သေခဲ့ပါရောတဲ့လား။ ဘာထူးတုံး ... ဦးပဥ္စင်းကလေး ဦးကုမာ မတော်မတည့် စွပ်စွဲမိလို့ ကျမ်းကိုင် ကျမ်းရှုက်ခဲ့ရတဲ့ ဟိုတောင် ဘက်က တောပွဲစား တစ်ခုလပ်မ မိခင်လေးတုန်းကလည်း ဒီလို

နောက်တစ်နေ့ မိုးတွေလေတွေထဲမှာ ပြည်သူ့အကျိုးပြု ဖက်အကူး နဘဲပင်နတ်စင်ကုန်းနားမှာ မိုးကြိုးပစ်ခံရပြီး ပွဲချင် သေရှာပါရောလား။ တစ်ကိုယ်လုံး မီးသွေးတုံးကြီးကို ဖြစ်ကရော။ အ လေး ... ဘုရား ... ဘုရား ... ထွန်းပိုင်ရယ် ... နင်သာ မလိ ရင် နင့်အမေ ဟောဒီအမိုက်မကြီးတော့ အိုကြီးအိုမ အသက်ဗ မြိုက်ပြီး တွင်းဆုံးကျကာမှပဲ သူများတံတွေးခွက် ပက်လက်မျော ရဲ့ ... ဟဲ့ ... ဟင်း''

အဘွားကြီးဒေါ်လှကြီးခမျာ တွေးရင်းတွေးရင်း မျက်ရည် သီးအိုင်၍ လာ၏။ ရင်ထဲ၌လည်း ဆို့ကျပ်ကျပ် အောင့်တောင့်တော ကြီး မွန်းကျပ်နောက်ကျိလျက်။

အကြီးဦးပေါ်အိုင်၏ ကျိန်စာကလည်း ဆုံးမှ ဆုံးပါဦးမ မလား။

''ထိုမှတစ်ပါး ... သားမြေးဥစ္စာ မကြာပျက် ဆီမီးတန်ဆောင်၊ တုံးသောရောင်သို့၊ ကုန်အောင်မကြွင်း ပျက်စီးခြင်းသို့ ရောက်စေသော ဟူလေ။

ထိုမှတစ်ပါး ရေဝယ်သွားလည်း ရေသာများ ဆယ်ကုဋေတွင်း၊ ရေနေအပေါင်း။ မိကျောင်းလပိုင်၊ ညှ ကိုင်၍၊ မကာန်းလီပ်ငါး စားရှဲမနေ သေစေသော ဟူ





ထိုမှတစ်ပါး ကြည်းဝယ်သွားလည်း၊ ကြည်းသား အပြား၊ များသည်အနေ၊ ကိုးကုဋေတွင်၊ သစ်ကျားဆင်ရဲ၊ စိုင်ထီးငမွဲ၊ ဝက်ရဲစား၍၊ ထွားထွားညက်ညက်၊ ကိုယ်လုံး ပျက်၍ သေစေသော ဟူလေ။

ထိုမှတစ်ပါး မြွေပွေးမြွေဟောက်၊ ငန်းမြောက်ငန်း ကျား၊ ငန်းငါးပါးလည်း၊ ပေါက်ထမနေ သေစေသော ဟူလေ။

ထိုမှတစ်ပါး သေတုံငြားလည်း၊ ငရဲကြီးရှစ်ထပ်၊ ငရဲငယ်တစ်ရာနှစ်ဆယ့်ရှစ်ထပ်၊ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပယ်လေးပါး လားစေသော ဟူလေ။

ထိုမှတစ်ပါး လူဖြစ်ငြားလည်း၊ လူချင်းမတူ၊ နူဖြူ နူခွတ်၊ မုံညင်းမွတ်အဆင်း၊ ခရုသင်းမလွတ်၊ ဘက်သကဘက် သချာ၊ ထိုအနာလည်း စွဲစေသော၊ ဟူလေ။

ထိုမှတစ်ပါး မိခင်ဖခင်၊ ခေါ်ငင်ပြင်းထန်၊ ဆန့်တုံ ခြေလက်၊ မကွေးမိခင်သေစေသော၊ ဟူလေ .....''

''အောင်မယ်လေး ... အောင်မလေး ... ကာလနာ ... မြွေပွေးကိုက် မျိုးမစစ်အယုတ်တမာကောင် ... ထွန်းပိုင်။ ဒင်းကြောင့် င်းကြောင့်၊ ငါ့မှာ လူတကာက မျောက်ပွဲကြည့်သလို ဝိုင်းကြည့်နေကြ ာလည်း ခံနေရရဲ့။ ကုလားမောင်တင်အိမ်က ရွှေဂဲလိုလည်း ဘာမှန်း သိ၊ ညာမှန်းမသိ ဆီမန်းမန်းနေရလားနေရရဲ့။

အံမယ်မင်း ... ကျဉ်လိုက်သာ၊ ကိုက်လိုက်ခဲလိုက်သာ။ သွေး တူကောင် စေးပျစ်ကုန်ထင်ပါရဲ့။ ဒင်းမှန်းသိသိကြီးနဲ့ ဖွတ်ဘူးခံငြင်း င်တဲ့အကောင်။ ဒင်းလုပ်ပုံနဲ့ကတော့ သင်းအမေကြီး ကျမ်းစူးပြီ လနာတိုက်တော့မှာပဲ။ တကယ် ... တကယ်။ အဲ ... ထွန်းပိုင် တ်ချက်မဟုတ်ခဲ့ရင် ဘယ်လိုလုပ်ကြပ။ အလိုတော် ... ကျမ်းက



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကို ရူးလာခဲ့ရင် ဘယ့်နှယ်လုပ်ပ။ အလိုလေး ... လေး ... ငါးပါးကြီး မှောက်ကြပါရော့လား။ အမေရေ ... ကယ်ပါ''

သွေးပူစဉ်အခိုက်က မတော်မတရားခံထားခဲ့ရသည့် နှင်း... ကလေးအတွက် ခံပြင်းချက်ကြီးလွန်းလှသဖြင့် တုံးတိုက်တိုက်၊ တို... တိုက်တိုက် ဖြစ်ချင်ရာဖြစ်စေတော့ဟု တုံးတုံးကြီး ချထားခဲ့သည်တို... တဖြည်းဖြည်းချင်းနှင့် ထိုစိတ်ထိုမာန်များသည် စိမ့်ပေါက်ပါသည့် ... ဘောင်းကြီးလို ဖြည်းဖြည်းချင်း လျော့၍လျော့၍ ရှုံ့၍တွ၍လာ၏။ ... တိုက်၍ ငိုမချမိရုံတမည်သာသာ စိတ်အနေ ပါးလျားလာနေတော့သည်... သို့ဖြစ်၍ ညွန့်ညွန့်ခမျာလည်း မှုးချင်ချင် မေ့ချင်ချင် အော့ချင်ချ... အန်ချင်ချင်။

ထိုမှတစ်ပါး၊ မင်းက မလွှတ်၊ အမတ်ဖိုလ်ပါ၊ ဖွဲ့ရော... သာ၊ အိမ်ထားလက်နက်၊ သုံးမည်စက်နှင့်၊ ခြေလက်တော... လောင်၊ လက်ဦးခေါင်းလည်း ထောင်းထောင်းပြတ်၍ ... စေသော ဟူလေ။

ထိုမှတစ်ပါး၊ မဟာသမုဒ္ဒရာ၊ ပင်လယ်ကြောဝယ်... သင်္ဘော လှေကြီး ပျက်စီးမှောပါ၊ ကွဲသေလာသို့၊ ထွားထွား... ညက်ညက်၊ ပျက်စေသော ဟူလေ။

ထိုမှတစ်ပါး၊ ဓွမ်းတစ်လှည်းကို၊ အကျွမ်းဖုတ်သော်... တစ်ဆုပ်လောက်မျှ၊ စမ်းမရသို့ ဖြစ်စေသော ဟူလေ။

ထိုမှတစ်ပါး၊ သားမြေးကျေးကျွန်၊ ထွန်သည့်ကျွဲနွား... ခမ်းနားမကြွင်း၊ ဖြုန်းတီးခြင်းနှင့် ဆင်းရဲကြီးသည်၊ မြေကြီး... ဝက်ခွဲ၊ ခွက်လက်စွဲ၍၊ ငရဲအရှင်၊ စားကျင်လှည့်ကာ၊ ဖုန်းစာ... ရာဘဝ၊ တွင်းဆုံးကျ၍၊ အလှမဲ့ပါ၊ လူ့ပြိတ္တာလည်း ဖြစ်စေ... သော ဟူလေ။





ထိုမှတစ်ပါး မင်းနန်သူကျိန်ခြင်း၊ ထုံးနှယ်ဆင်းသည်၊ ထင်းမီးစကဲ့သို့၊ တစတစတိုစေသော ဟူလေ''

''ဖုန်း ...''

''ဖရော ... ဖရော ... ဝုန်း ...''

''အိုး ... အံမယ်လေး ... လုပ်ကြပါဦး၊ ကယ်ကြပါဦး၊ အမယ်ကြီးမလှကြီး မေ့လဲသွားပြီ''

''မလှကြီး ... မလှကြီး ... ဟဲ့ ... သတိထားစမ်း၊ သတိထားစမ်း။ အဲဗျို့ ... ရွာလူကြီးရေ ဘယ်လိုမှ မရတော့ဘူး၊ လုံးလုံးသတိမေ့သွားပြီ၊ ဒီပုံအတိုင်းဆို အပျက်ပျက်နဲ့ နွားခေါင်းသွေးထွက်ကိန်းဆိုက်ကရော့မယ်။ ကိုင်း ... ဟော့ ... ငမုန်း။ အဘွားကြီးကို ထမ်းထုတ်သွားပြီး မှင်းရဲထဲက ဆရာကြီးသန့်ဆီသာ ပြေးရော့လကွာ။ ဆရာကြီးကဖြင့် ကယ်နိုင်ကောင်းပါရဲ့။ ကဲ ... ကဲ ... သွက်သွက်လုပ် ... သွက်သွက်လုပ်''

''ဟုတ် ... မှုတ် ...''

ဒေါ်လှကြီးကိုင်ခဲ့သော ကျမ်းထုပ်သည် ဘုရားရုပ်တုတော်ရှေ့ ရင်ပြင်ဝယ် ပြားပြားကလေး ကျလျက်၊ ဒေါ်လှကြီးလဲကျရင်း ခေါင်းနှင့် တိုက်မိခဲ့သည့် ပရိတ်ပန်းမြေအိုးကလေးသည် ထက်ခြမ်းကွဲလျက်၊ သမြေပန်း၊ ဒေါနပန်းခက်တွေ၊ ဟိုတစ်စ၊ သည်တစ်စ ဖြန့်ကျဲလျက်၊ ပရိတ်ရေများ အိုင်ထွန်းလျက်။

''သေချာပါပြီကွာ။ ထွန်းပိုင်မှ ထွန်းပိုင်ပါပဲ။ မြေကြီးလက်ခတ် မလွဲတော့ပါဘူး။ သင်းရဲ့အစား သင်းရဲ့အမေကြီးက မားစာခံ ဝင်ခံသွားရရှာသာပဲ၊ ဘုရား ... ဘုရား ... မကောင်းမှုအကုသိုလ်များ တခါအရှိန်အစော်ကြီးပေတာကိုး။ ထိမိသမျှ ပူလောင်မိသမျှ ကျွမ်း၊ အဘွဲ့ဆိုးချည်းသက်သက် အကျိုးပေးတတ်တော့တာကိုး''



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းပိုင် ယုတ်ယုတ်မာမာ လုပ်ခဲ့လေသမျှ သင်းအမေကြီးက လူပုံအလယ်မှာ ဘွင်းဘွင်းရှင်းရှင်းကြီး အထုပ်ဖြေပြသလို ဖြစ်ခဲ့ရတာပဲပလေ။ ခုလိုပုံဖြင့် သင်းတို့အမျိုးတွေ ဘယ့်နှယ်လုပ် အာကျယ်နိုင်ကြတော့မတုံး။ လိပ်တွေလို အခွံထဲ ခေါင်းဝှက်ပြီး နေနိုင်ရင်နေ၊ နိုင်မဟုတ်ရင် ရှေ့မျက်နှာရှေ့ထားပြီး သောက်ရူက်မရှိ နေသွားကြပေတော့ပဲ"

စကားတင်းဆိုသံတို့ သဲ့သဲ့အုပ်အုပ်။

ထိုနေ့ညမှာပင် ထွန်းပိုင်အမေ ဒေါ်လှကြီး ဆုံး၏။ ကျမ်းကိုင်ကျမ်းတိုက်နေရင်းက မူးမေ့သွားခဲ့ရာ အသက်ကုန်သည်အထိ သတိပြန်လည်မလာတော့။

၄ ဆေးဆရာမောင်ကိုကြီးကမူ ရုတ်တရက် လေသင်မုန်းဟတ်သွားခဲ့ခြင်းဟု ရောဂါအမည် ဖွဲ့ပေးခဲ့သား။

သို့တိုင် ရပ်ကရွာကဖြင့် ကျမ်းစူးပြီး သေသည်ချည်း ဟုနံမားထစ် နှလုံးပိုက်လိုက်ကြတော့သည်သာ။ သိကြားမင်းနကင်းကြီးနှင့်ဆင်း၍တားသော်မှ ရအုံ့မမြင်။ စွဲမိစွဲရာ ဖုံးပေကာပ်သပ် တုံးတုံးချထားတတ်ကြမြဲ တောထုံးစံအတိုင်း သစ္စာသင့်၍သေရခြင်းဟု အများညီလိုက်ကြပြီးဖြစ်တော့သည်။

ဤသို့ဖြင့် . . .

ကျိန်စာဆိုးသည် တစ်စစအမှတ်ထင်ထင် ကိုယ်ယောင်ပြလာခြင်းဖြစ်တော့၏။

❀ ❀ ❀

[ ၈ ]

❑

ကျုပ်ပြောခဲ့ပြီးပါပကော။ ဆင်သေကို ဆိတ်ရေနဲ့ မဖုံးချင်နဲ့။ ဆောင်းကင်ကို လက်ဝါးနဲ့ကာလို့ လုံနိုင်ပါ့မလား ဆိုသာလေ။ ဟုတ်စ။

ဟုတ်ပခင်ဗျာ . . . ဟုတ်လိုက်ပလေသာ။ မြို့နေမြို့ထိုင်တွေမှာဖြင့် ဘယ်လိုရယ်လို့ ပြောတတ်ပါဘူး။ ကျုပ်တို့ တောပိုင်းမယ်တော့ဖြင့် သည်လိုမျိုး ရွှေသိမ်တော်ဘုရားကြီးထဲဝင်ပြီး ကျမ်းထုပ်ကိုင်ကျမ်းတိုက်ရင်း ကျမ်းစူးလို့ ကျိန်စာသင့်ပတဲ့ဟေ့ဆိုရင် သွားရောပဲ။ တစ်မျိုးလုံး တစ်ဆွေလုံး စုံးစုံးနစ်ကရော့ပဲ။

ဘယ် . . . ကျုပ်တို့ တောသူတောင်သားဆိုသဟာ စိတ်မှည်ထွတ်ကြီးသာကလား။ ဘူးဆိုမှဖြင့် ဖရုံ ဘယ်တော့မှ မသီးဘူး။ ကော်ပြီးရင် ပြန်ဖြုရိုးထုံးစံ မရှိ။ သည်လိုမှတ်လား။



www.burmeseclassic.com

အဲသည်တော့ ဘုရားနီးမှာ ကျမ်းတိုက်ရင်းထွန်းပိုင်အမေ ခေါ်ထု ကြီးရောဂါအမည် မည်မည်ရရ တပ်မရဘဲ ခေါက်ခနဲ ပစ်လိုက်ရရှာ ဆိုကတည်းက တထစ်ချ မှတ်လိုက်ကြပြီ။ ပိတ်ပိတ်သား ဆုံးဖြတ်လိုက် ကြပြီ။

"ခွေကောင်ဟာ . . . ထွန်းပိုင်မှ ထွန်းပိုင်အစစ်ပဲလို့။ နော့. . သင်းအမေကြီးတစ်ယောက်လုံး အသက်စွန့်ပြီး ဟုတ်ဟုတ်ငြားငြား ထင် ရှားပြသွားမှတ်လား။ ကျုပ်လူရဲ့ . . . . နော"

အဲ . . . နို့ပေတဲ့ ထွန်းပိုင်တစ်ယောက်ကတော့ဖြင့် အဖမ်းမခံ ခဲ့ရဘူး . . . . . . . . ခင်ဗျားရဲ့။ သက်သေသက္ခာယ ခိုင်ခိုင်လုံလုံမရှိလို့ဆို ထင်ပါရဲ့၊ ပြောတတ်ပါဘူး။ သူတို့ မင်းရေးစိုးရေးဆိုသာက ခက်သား မှတ်လား။ ပုလိပ်တွေဖြင့် အထဲဝင် အပြင်ထွက် ကိုးကုန်းကိုးကျင်း ခြေချင်းကို လိမ်နေသာပဲ။ ထွန်းပိုင်ကလည်း ထွန်းပိုင်ပဲလေ။ သိတယ် ဟုတ်။ ကြမ်းပိုးကို လိပ်ဖြစ်အောင်လည်း ကလိမ်ကျတတ်တဲ့ကောင်။

ဆင်ကောင်ကြီးပေတဲ့လည်း ကြွက်ဝမ်းဖြူလို့ ပြောင်လိမ်ပြောင် စား လုပ်ချင်လုပ်တတ်သေး။ လွှတ်ဥာဏ်များ ဉာဏ်သွားတာကလား အဲသည်တော့ ခွေကောင်ဟာ ထွန်းပိုင်ပဲရယ်လို့ သေသေချာချာ သိသိ ကြီးနဲ့တောင်မှ ဂါတ်တဲမှာ တစ်ညှ မခိုခဲ့ရပေါင်ဗျာ။ တကယ်ပါဆို . . ကျုပ်လူရာ၊ ကျုပ်ပြောရင် ယုံသာယုံလိုက်စမ်းပါ။

အင်းဗျို့ . . . အဲသာတော့ ဟုတ်သယ်။ လူမမိပေတဲ့ နတ်သိ တယ်။ လူလူချင်း ဂျီဂျိပတ်တ နားလှည့်ပါးလှည့်လုပ်လို့ ရချင်ရပေတဲ့ လောကပါလတရားကိုတော့ဖြင့် မာယာများပြီး လှည့်စားလို့ ဘယ်ရနိုင် ပမတုံး။ 'တူဖြစ်တုန်းနှံ့ ပေဖြစ်တော့ခံ' လို့ ဆိုသမှတ်လား။ ကိုင်





ောင်မင်းကြီးသား မောင်ထွန်းပိုင် လင်းတမှိုင်မှိုင်ရမယ့်အလှည့်က စည် သီး မောင်းမခေါက်ဘဲ ဒိုင်းခနဲဆို ရောက်လာခဲ့သလေ . . . ကဲ။

ဟုတ်ပခင်ဗျာ၊ ဟုတ်ပ။ အတိုးနဲ့အရင်းနဲ့ပေါင်းပြီး အဝစား း သုံးကားပေါင်း မိုးအလင်းဆိုသလိုပါပဲ။ ဖြစ်ချက်တွေက လွှတ်ဆိုး ျ ဆိုးဆို . . . ကလိုလေဗျာ။ 'ထွန်းပိုင်တစ်ကောင် တဖြည်းဖြည်းချင်း ိုယ်ပျက်လာနေသတဲ့။ နူနာစွဲဆိုလားပဲ'။

ဖွဲ့ခေါ်ဦးတုန်းကတော့ ကာလသားရောဂါလိုလို၊ ရှုံကာလိုလို၊ စ်ပလစ်လိုလို၊ ဟိုနှယ်သည့်နှယ်၊ တော်ရမ်းပယ်ဖွဲ့၊ ရမ်းကုမှန်းကုပ သ။ အင်း . . . ဟုတ်သယ်။ ဟို အပ်ပုန်းယောင်ယောင်၊ ဒေါက်တာ ိုးယောင် ဟာဒွန်ဆိုတဲ့ငနဲနဲ့ ကြိတ်ကုနေခဲ့ကြသတဲ့ဗျို့။

သင်းအမေကြီး ဆုံးပြီးကတည်းက သင်းတို့ဆွေအုပ်မျိုးအုပ် စ်သိုက်လုံး ကုပ်ကုပ်ရုပ်ရုပ်ဖြစ်သွားသာ၊ ထိကရုန်းတော ခွေးသေး ်သလို ဖြုန်းဆိုညှိုးကျသွားတာ အသိသာကြီး။ အင်း . . . ရွာကလေး ၁ သင်းတို့ကို တမင်သက်သက် အရေးမလုပ်ကြတော့သာလည်း တစ် ကြောင်းပါသယ်။

ကျုပ်တို့ ရပ်သားရပ်သူဆိုသာ စားစရာသာ ဆန်ကျိုးတစေ့ ရှိချင်နေရမယ်။ ငွေဆိုရင် မူးလို့ရှုစရာ ကြေးနီပြားတစ်ချပ် လက်ထဲ ရှိချင်နေရမယ်။ အဲ . . . အကျင့်စာဂဆိုးလို့ နာမည်တစ်လုံးများ ပျက် သားဟေ့ဆိုမှဖြင့် လူမသေဘဲ ဘဝသေပေရော့ပဲ။ ဖုတ်လေတဲ့ငါးပိ ်လေရဲ့မှတ်တော့သာ မှတ်ဘူး။ ပါးစပ်ဖျားမှာ ယောင်လို့များ စကားပ ည့်ပြောခဲ့မိရင်တောင် 'ဖွီခနဲ . . . ဖန်ခနဲ' ထွေးထုတ်ပစ်လိုက်တတ် ာချိုးရယ်။

www.burmeseclassic.com



ဆိုတော့ … ထွန်းပိုင်တို့အိမ်နဲ့ ရပ်နဲ့ရွာနဲ့က အဝေးကြီးဝေး စိမ်းသွားတယ်။ သင်းတို့ကလည်း ဆင်ဖြူမျက်နှာ ဆင်မဲ မကြည့်ဝံ့တော့ ရွံ့တွန့်တွန့် ဆုတ်ဆုတ်ဆိုင်းဆိုင်း။ ရွာကလည်း သင်းတို့နဲ့ ဆက်ဆံဖို့ ချေးနဲ့ အတို့ခံရသလောက်နီးနီး နုလုံးနာနေကြသာဆိုတော့ 'ထွန်းပိုင် ကိုယ်ပျက်နေပတဲ့။ အဝတ်အစားတောင် မကပ်နိုင်ဘူး။ အိမ်နောက်ဖေး စပါးကျီပေါင်းထဲမှာ ထည့်လှောင်ထားရပြီး အပ်ပုန်းဟာဒွန်ကြီးနဲ့ ကြိုက် ကုနေရသတဲ့' ဆိုတဲ့ သတင်းလည်း သန့်ခနဲ လှုပ်ခနဲ ထွက်လာကရော ပေါ့ … အကုန်နားရွက်ကားကုန်ကြရော။

"ဖြစ်ရမယ်လေ …။ နတ်နဲ့နဂါး မလှည့်စားနဲ့ဆိုတဲ့ ရှေးလူကြီးသူမစကား ဘယ်ချောင်သွားထားလို့ ရပမတုံး။ ကိုယ့်ထက် ထမင်း စောစားပြီး အတွေ့အကြုံရှိလို့ပဲ လက်ဆုပ်ပြည့်လက်ကြားယိုလာတဲ့ စကား မှတ်လား။ အခုတော့ … အယုတ်တမာကောင်၊ လောကငရဲနဲ့ ပက်ပင်း တိုးပြီပေါ့။ သင်းအမေကြီးလည်း အသက်ဆုံး။ သင်းလည်း ဘဝတုံး မှာ်ကရော့"

မဲ့ကာရွဲ့ကာ အမနာပပြောကြသူတွေ အနန္တ။

"လည်လွန်းတဲ့ဘီး ချေးသင့်ဆိုတာ ဒါမျိုးပဲပေါ့။ လည်လှ လည်လှနဲ့ ကိုယ့်ရဲ့ ကုသိုလ်၊ အကုသိုလ်ကို ကိုယ်မေ့လျော့ပြီး ထင်ရာစိုင်း ချင်တိုင်းစိုင်း။ သောင်တိုက်လို့ ကမ်းလည်းဆိုက်ကရော အဲဒီအကုသိုလ် ထုပ်ကြီးကလွဲပြီး ဘာကမှ ကိုယ်နဲ့ ကပ်ပါမလာတော့ဘူး။ ကျန်နေတဲ့ တစ်ဘဝလုံးလုံး ကြုံးရုန်းပြီး ဆပ်ပေတော့။ မသေမချင်း ဒုက္ခတွင်းထဲ မှာပဲ နစ်လိုက်မြုပ်လိုက် နေပေတော့။ အဲသာ ထွန်းပိုင်သွားရမဲ့ လမ်းပဲ စောင့်သာကြည့်နေလိုက်ကြ။ နောက်ထပ် ဘယ်လောက်ဆိုးတဲ့ အကုသိုလ် ဝဋ်ကြီးတွေ ဒင်းအပေါ် ထပ်စီလာဦးမလဲဆိုသာ"





ဝမ်းသာအားရ စကားဖောင်ဖွဲ့သူတွေက ဖွဲ့။

"ကွယ် … ပြီးပြီးသားတွေ ပြီးပါစေတော့လား။ ဖြစ်ကြောင်းလို့ ရှည်နေကြဦးမှာလဲ။ ထွန်းပိုင်ဘဝပျက်သွားလို့ မင်းတို့မှာ ဘာ အရည်အရောင် ပိုပြောင်လာလို့လဲ၊ အဆီအသားပိုတိုးလာလို့လဲ၊ ဒုံရင်း ဒုံရင်းပဲမဟုတ်လား။ သူ့အကုသိုလ်က ကိုယ့်အကုသိုလ် ဖြစ်လာတာပဲ အဖတ်တင်တယ်။ အရည်လည်း မရ၊ အဖတ်လည်း မရ။

ကိုယ့်တစ်ရွာတည်းသားချင်း ဒုက္ခတွင်းထဲနစ်နေတဲ့လူကို လက် ကမ်းပေး၊ ဝါးထိုးပေးပြီး နိုင်သမျှ စွမ်းသမျှ ကူကြကယ်ကြရမှာပဲ … မဟုတ်လား။ သူ့မီးကို ကူမငြိမ်းတဲ့အပြင် ကိုယ့်ပါ အလောင်အမြိုက်ခံနေ ကြရသေးတယ်လို့။ တယ်ခက်ကြသာကိုး"

စကားနည်းရန်စဲ လူကြီးစကား ပြေရာပြေကြောင်း ပြောကြသူ လည်းရှိ၊

ဘယ်လိုရယ်ပဲဖြစ်ဖြစ် ထွန်းပိုင် နူနာစွဲတာကိုတော့ဖြင့် ဘယ် သူမှ မကယ်နိုင်ကြဘူး။ အဲသလို ကုဋ္ဌနူနာမျိုးကို လူရာမသွင်းချင်ကြ တာလည်း ပါရဲ့။ နဂိုကတည်းက မေတ္တာခပ်ပျက်ပျက်မို့ ကျိုးတိုးထိုး၊ ကျောက်ကိုက်ကိုက် သင်းထိုက်နဲ့ သင်းကံပဲလို့ ပစ်ထားလိုက်ကြတာဆို လည်း ဟုတ်တယ်။ ပွေးသမား၊ ညှင်းသမား၊ ခရသင်းသမားမျိုးကိုတောင် အနားသိပ်အကပ်မခံချင်တတ်ကြတာမို့ ထွန်းပိုင်လို လက်ပရိစ်ကုဋ္ဌနူနာ သမားကို ဝေးစွခြောက်ပါး ဝေရာမထိလိုက်ကြတယ်ဆိုလည်း မမှား ပါဘူး။

ဒီလိုနဲ့ ထွန်းပိုင်ရဲ့အမေကြီး ကျိန်စာစူးပြီး ထိုင်ရာမထ ငုတ် တုတ်သားက ပစ်လဲပြီး ပျက်စီးခဲ့ရတာ။ အကုသိုလ်အကျိုးပေးတွေ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်သန်ပြီး ထွန်းပိုင် နှုနာစွဲသာတွေဟာ ကောက်ရိုးမီးများလို ဟုန်း
ထတောက်ပြီး လှုပ်လှုပ်ခတ်ခတ် ဖြစ်လိုက်တယ်။ သိပ်မကြာလိုက်ဘူး
မေ့မေ့ပျောက်ပျောက် ဖြစ်ကုန်ကြရော။ နေ့ ... ချိုးမွမ်းခုနစ်ရက်
ကဲ့ရဲ့ခုနစ်ရက်ကို။ ဟုတ်စ။

ဒါပေသိ ... ကျိန်စာ ကျုပ်လူရဲ့ ကျိန်စာ၊ သိလား။ ဒီလို
လွယ်လွယ်နဲ့ ပြီးသွားရိုးထုံးစံ ရှိဖူးလို့လား။ ဘယ် ... ရာရာစစ။

ထွန်းပိုင်အပေါ် ဖိစီးလာတဲ့ ကျိန်စာဆိုးဟာ ဒီတစ်ချိ ရက်ရ
စက်စက် တကာယ့်ကို ရိုက်ပြင်းတယ်။ အလဲထိုးပွဲသိမ်းဆော်သာပဲ။
အကုသိုလ် သူ့ပိပြီး ကိုယ်ပျက်နေတဲ့ ထွန်းပိုင်ငဆိုးကို ရွာအပြင် မော
ထုတ်ပြီး ရွာကြည်ပစ်လိုက်ကြတဲ့အထိ ဇာတ်ရှိန်က မြင့်တက်လာပြန်တော
တယ်။

'သရဲမမွေးနဲ့၊ ကျွေးစရာအစားအစာ မပေးနိုင်ရင် မွေး
သခင်ကိုတောင် ပြန်စားပစ်တတ်တယ်။ အကုသိုလ်များ၊ ကျိန်စာ
ကြမ္မာဆိုးများလည်း ဒီလိုမျိုးပဲ။ လောင်စရာမရှိရင် ကိုယ့်အသွေးကို
အသားကိုပဲ ပြန်လောင်လို့ ဘဝတုံးကရော' တဲ့။

အဲသည် ပုံနိုင်းလိုမျိုးကျနေရော။

'နရာဝဲစွဲ လဲရာသူနီးထောင်း'ပဲ ပြောပြော၊ 'မြေနိမ့်ရာ
စိုက်' ဆိုဆို၊ ထွန်းပိုင်ရဲ့ ဖုံးထားတဲ့ အကုသိုလ်အပုပ်ထုပ်က မသ
စရာ အနံ့ဆိုးကြီးတွေ ထောင်းခနဲ ကြွထလာပြန်တယ်။

ဟုတ်သယ်။ မိပဲ ကိစ္စပဲ။

✿ ✿ ✿

| ၉ |

❑

မိပဲဆိုသာ ကျုပ်တို့ရွာဦးထိပ်က ဇရပ်ကြီးမှာ လာသောင်တင်
တဲ့ စိတ်မနှံ့တဲ့၊ ကိုယ်နဲ့စိတ်နဲ့ မကပ်တဲ့ မိန်းကလေးတစ်ဦးပဲ။
မိပဲဆိုရင် လူတိုင်းသိတယ်။

ဘယ်ဆီဘယ်ဝယ်က ဘယ့်သူ့သားသမီးရယ်လို့ ဘယ်သူမှ
ပ မသိကြဘူး။ အဲ ... မိပဲရောက်လာပုံကဖြင့် ထူးဆန်းတယ်။
တို့ရွာသုသာန်ကျောင်းမှာ သီတင်းသုံးတဲ့ တောရကျောင်းကိုယ်တော်
ဦးကောဝိဒ ပျံတော်မူတော့ သင်္ချိုင်းကုန်းနဲ့ တစ်ခေါ်သာသာဝေးတဲ့
လပ်ကြီးမှာ ဘုန်းကြီးပျံပွဲ ခင်းတယ်။

ရွှေနန်းတင်က သုံးည၊ မဗေဒါအငြိမ့်က သုံးည၊ ရွှေဘိုတင်
ချစ်သေးက သုံးည၊ ကြည့်ချင်ပွဲကြီး ရက်ရှည်ခင်းခဲ့သာ။ အဲသည်ပွဲ
ည်းပြီးရော မိပဲတစ်ယောက်လည်း ကျုပ်တို့ရွာဦးက ဇရပ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မခေါ်ပင့်ချေ ရောက်လာခဲ့ပြီး သူ့အမေလင်အမွေဆိုင်အိမ်လို အမှ မောင်ပိုင်စီးထားလိုက်ကရော။ အင်း . . . ဟုတ်သယ်။ ဇာတ်တွေ တွေရှိရာ လျှောက်လိုက်နေတတ်တဲ့ ဆယ့်နှစ်ပွဲဈေးသည်တွေနဲ့ ရောယောင်ပေါင်ကား ပါလာတဲ့ပြီး သင်းကွဲ ကျန်ရစ်ခဲ့ရှာတာ

ဘယ်လိုပြောရမလဲ။ သင်းနဲ့အတူ သင်းရဲ့ကလေးနှစ် လည်း ပါခဲ့သေးသဗျ။ အရှုံးမက ဘယ့်နှယ် . . . သားတွဲလောင်း တွဲလောင်းလို့လည်း မထင်လိုက်နဲ့ဦး။ သူ့ကလေးတွေဆိုတာ သူ့ အကျီကလေးဝတ်ပေး၊ ပုဆိုးထဘီကလေးဝတ်ပေး၊ သနပ်ခါးလိမ်း ပန်းပန်ပေးနဲ့ တယုယယလုပ်နေတတ်တဲ့ ပလပ်စတစ်ကော်ရုပ် တွေပါ . . . လူရာ။ အဟက် . . . ဟက် . . . ဟက်။ ကြည့်ရှု ခမျာမှာလည်း သားဖောသမီးဖောနဲ့ သွက်ချာပါတော လည်ခဲ့ရ သံယောဇဉ်မီးကြောင့် နှလုံးပျက်ခဲ့ရှာထင်ပ။

မိပဲကလည်း မိပဲမို့ ကလေးမြေးငယ်များကိုဆိုရင် တမ်း ချစ်ခင်ရှာပါပေရဲ့။ သူ့ဇရပ်ရှေ့ဖြတ်သွားမိတဲ့ ကလေးမှန်သမျှ မောင်မမ မြင်သမျှကို ပြုံးပြုံးပြရရှာတာအမော။

အဲ . . . အားတိုင်းမွေး၊ ကျွေးတိုင်းကြီးတဲ့ မျောက် ကလေးတွေကလည်း မိပဲမို့ မတွေ့လိုက်နဲ့ 'အရှုံးမကြီးမိပဲ . . . ကြီးမိပဲ' နဲ့ ဝိုင်းအော်ကြ၊ စကြ၊ ပြောင်းဖူးရိုးနဲ့ ပေါက်လိုပေါက် နဲ့ ပစ်လိုပစ်၊ အဲသည်အခါမျိုးဆို မိပဲခမျာ ခုနစ်သံချီ အာသံ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်အော်ငိုရပါပြီဗျာ။ ပွက်လော လန်လို့။

ဟုတ်သယ်။ မိပဲက စိတ်နဲ့ကိုယ်နဲ့မှ မကပ်ရှာတဲ့ ဝေ ပဲဟာ။ ဘယ် သူ့ဝမ်းသူကျောင်းတတ်ရှာပမလဲ။ ညောင်ဘော





ဆရာတော်ကြီးက စွန့်တဲ့ ဆွမ်းကျန်၊ ကွမ်းကျန်တွေကိုပဲ နေ့တိုင်း ကပ်ရပ် အသက်မွေးနေရရှာသာပ။

အံမာလေး . . . လူရာ၊ မိပဲကလည်း မိပဲမို့ အရှုံးပါးရယ်။ နက်မိုးလင်းလို့မှ မျက်စိကလေးနှစ်လုံး မပွင့်လိုက်နဲ့၊ သူ့ပါးစပ်က ထွက်လာပါပြီဗျာ။ 'သမ္ဗုဒ္ဓေ'တို့၊ 'ရွှေကြေးစည်'တို့၊ အောင်ပါစေတို့၊ ဘက်သရေမင်္ဂလာလွှတ်ရှိတဲ့ ဘုရားဂုဏ်၊ တရားဂုဏ်နဲ့ဆိုင်တဲ့ သီချင်း ပိုင်းထုံ့ပိုင်းတွေကို သူ့အောက်ကလိအာသံ ပြာရှရှ စူးစူးကြီးနဲ့ မရပ် နားဆိုပြီ။ ကျောင်းဝင်းရှေ့က အုတ်ရေအိုးစင်ကြီးဘေးမှာ ဘထွေးလေး မြှမောင် အမြဲထောင်ထောင်ထားတတ်တဲ့ မတ်တတ်အုန်းတံမြက်စည်း ကြီး လွဲတဲ့လွဲတဲ့ပြီး လှည်းပါကျင်းပါလိမ့်မဗျာ။ သစ်တစ်ရွက်၊ မြက် တစ်ဖျား မကျန်စေရဘူး။ ပြောင်တလင်းခါသွားရစေ့မယ်။

အဲ . . . ကိုရင်လေးတစ်ပါးပါးနဲ့ဖြစ်ဖြစ်၊ ကပ္ပိယကြီးဘိုးခွေးညို ဖြစ်ဖြစ် နံနက်စောအဆာခံ ငှက်ပျောသီးကလေးအစ၊ မာလကာသီး လေးအစ၊ ပဲပြုတ်ထမင်းကြော်လေးအစ လာပို့ပလားဆိုမှဖြင့် မိပဲတို့ မနက်အဖို့ အလုပ်လက်စသိမ်းလိုက်ပြီ။

ဗိုက်ကလေးဖြည့်ပြီးတော့ရင် ကျောင်းရှေ့က မင်းရဲမြောင်းကို ကန့်လန့်ဖြတ်ဆောက်ထားတဲ့ အုတ်တံတားကြီးအောက်ခြေမှာ သူ့သား၊ သူ့သမီးတွေနဲ့ စိမ်ပြေနပြေ ရေချိုးကြပါလိမ့်မဗျာ။ ပြီးပဲ မပြီးနိုင်တော့ ဘူး။ သက်ကြီးဝါကြီးတစ်ယောက်ယောက်က . . .

"ဟဲ့ . . . မိပဲရဲ့။ နင် ဒီလိုလုပ်နေပုံနဲ့ နင့်ဟာကလေးတွေ အအေးပတ်မကုန်ပေဘူးလားဟဲ့။ တန်တော့ . . . တန်တော့။ ဘေးပြ ကရော့မယ်"

www.burmeseclassic.com



လို့ ဟန့်လိုက်ခြောက်လိုက်မှပဲ မိကျောင်းမသားအမိတွေ ရေ
ကြီးပေါ် ပြန်ရောက်ကြလေရဲ့။ ပြီးတော့ရင် သားအမိတွေ သနပ်
ဘဲကြား ဖိးကြလိမ်းကြ။ မိပဲရဲ့ မလေးလက်ခတ်သံသီချင်းသံကလည်
အမြိုးပြန် ခေါင်းပြန် အထပ်ထပ်ကြော့လို့ နန်းစုစောဘဲ ကျုပ်လူ
အဲသာ . . . နိစ္စဓူဝ မိပဲရဲ့ တစ်နေ့တာ အတိုချုပ်အလုပ်ဇယား ဆိုကြ
စို့ရဲ့။

အဲ . . . မိပဲက အရှုမသာဆိုတယ် ရုပ်ရည်ကလေးက မ
ဘူး။ ရွက်ကြမ်းရေချိုဆိုတာထက် သာတယ်။ ကျုပ်တို့ရွာက ပြီး
ဖင်စောင်း အာပြဲခြောက်မတွေထက် အပုံကြီးသာတယ်။ အရွယ်ကလည်
အရွယ်ကောင်း။ သုံးဆယ့်ငါး လေးဆယ်၊ ရေမိုးချိုးသနပ်ခါးလိမ်း၊
ပန်ပြီး ညှု့မလေးလက်ခတ်သံနဲ့ သူနှလုံးခွေ့နေပလားဆိုမှဖြင့် သူ့မျက်
ကလေးဟာ ဝင်းလို့၊ ကြည်စင်လို့၊ အရှုမလို့ ထင်ရက်စရာတော
တစ်စက်မရှိတော့ဘူး။

အင်း . . . အဲသည်မိန်းကလေးမိပဲမှာ (တဆိတ်၊ မရှိ
စကားဗျာ။ နားနဲ့မနာ ဖဝါးနဲ့နာတော်မူပါ) ကိုယ်လေးလက်ဝန် ရှိက
ဗျို့။ ဘယ်သူဘယ်ဝါ လက်ချက်၊ ဘယ်အကောင် ကမြင်းကြောထလို
လေသလည်း မသိ။ မိပဲရဲ့ကိုယ်ဝန်ကဖြင့် အထုပ်နဲ့အထည်နဲ့။ ကိုင်း . .
ဘာပြောကောင်းမတုံးခင်ဗျာ။

ညောင်ဘောကျောင်းကိုယ်တော်ကြီး ဒေါသူပုန်ထလိုက်ရ
တော့ ကြူ၊ မကြုံဖူးဘူး။

"နင်တို့လို အိပ်၊ စား၊ ကာမပဲ နားလည်တဲ့ လူ့တိရစ္ဆာန်
ရဲ့ရွာမျိုးမှာ ငါမနေတော့ဘူး"





လို့လည်း မိန့်ရဲ့။

"လူနဲ့တိရစ္ဆာန် ဘာကွာသလဲ၊ သိကြရဲ့လား။ ဘယ်ဟာက
ကောင်းမှုကုသိုလ်၊ ဘယ်ဟာက မကောင်းမှုအကုသိုလ်လို့ ခွဲခွဲခြားခြား
သိတတ်ပြီး ကုသိုလ်ကိုဆောင်၊ အကုသိုလ်ကိုရှောင်တတ်တဲ့ 'ပညာ'
ရှိဆိုတာမှာ ကွာတာဟဲ့။ ဆိုးဆိုးကောင်းကောင်း ကိုယ်လုပ်ချင်တာ
ကိုပဲ စွတ်လုပ်နေရင် ပုခုံးနှစ်ဖက်ကြား ခေါင်းပေါက်ရုံလောက်နဲ့
ကလေး ပလီစီချောက်ချက် ပြောတတ်ရုံမျှနဲ့ လူလို့ ခေါ်နိုင်ကြပါ့
လား။ တိရစ္ဆာန်နဲ့ ဘာထူးတုံး"

လို့လည်း ကရုဏာဒေါသော ကြိမ်းတာလည်း ပါရဲ့။ ထောင်း
ကောင်းကို ထကရော။

ဒါပေသိ လက်သည်က မပေါ်ပြန်ဘူး။

ကာလသားခေါင်း ကိုသန်းကြီးဆိုတာများ ရှက်လွန်းလို့တဲ့။
တတ်တခေါက်ခေါက်နဲ့။ 'သူ့စိတ်နဲ့ သူ့ကိုယ်တောင် မကာင်နိုင်ရှာတဲ့ မိပဲ
မိန်းကလေးကိုတောင်မှ ရှောင်ရရှားရကောင်းမှန်းမသိတဲ့ တဏှာရူး
ကောင်ကို မိများမိလို့ကတော့ ဒီလောက်အကြောထတဲ့ သင်းဟိုဒင်း
ကို တောက်တောက်စင်းပစ်မယ်' တဲ့။ ဓားကြိမ်းကြိမ်းနေလေရဲ့။

အင်း . . . ကျုပ်တို့ ရွာက ရပ်က ဘယ်လိုမှ မဖုံးနိုင်မဖိနိုင်
ခြေရောက်မှ သိခဲ့ကြရတာပေသိ အဲသည်စားနေကျ ကြောင်ဖားက
ယ်နှကြိမ် ဘယ်နှခါများ ခိုးကြောင်ခိုးဝှက် ပွဲတော်တည်နေခဲ့သလဲ
သိပါဘူး။ မိပဲကလည်း သင်းကိုတော့ဖြင့် ကောင်းကောင်းကြီး ရင်းနှီးနေ
ပုံရပါရဲ့။

မိပဲကလည်း လူပျိုလူလွတ်တွေကို ကိုသန်းကြီးအိမ်ထဲ စုညှိ
ပြီး မိပဲကို ပြခဲ့သေးသားပဲ။ မိပဲက ခေါင်းချည်း စွတ်ခါနေတာ။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှ မဟုတ်ဘူးတဲ့။ ခက်ပဲခက်ရရှည့်ဗျာ ...။ မိပဲကိုယ်ဝန်နဲ့ ဖောက်သည်ကြီးကို ခြေရာခံလို့ မရခဲ့ဘူး။

ဒီလိုနဲ့ ထွန်းပိုင်ခေါင်းကို မိုးကြိုးပစ်မယ့်နေ့က ဒက်ထိပြီး ရောက်လာပါလေရော။ ဖြစ်ရပုံများနယ် ... ယုံချင်စရာတောင် မကောင်း ပါဘူးဆိုမှပဲ။ တကယ် ... တကယ် ...။

✿ ✿ ✿

| ၁၀ |

"ဟယ် ... ယောက်ျားကလေး ... တော်ရေ့။ ယောက်ျား လေး ..."

"ဟုတ်ပ ... ရှင်မိဆွဲရယ် ... ဖြူဖြူဖွေးဖွေး တုတ်တုတ်ခဲခဲ ..."

"အူငဲ ... အူငဲ ... အူငဲ ..."

အောင်မြင်လွန်းလှသည့် ကလေးငိုသံသည် ညယံကိုဖောက်ခွင်း ဖျံလွင့်သွား၏။ မိခင်ဖြစ်သူ မိပဲမျော သူ့သားကလေးကိုမျှ မကြည့်နိုင်အား။ အားနည်းဖျော့တော့ မိန်းမောလျက်ရှိ၏။

ရပ်သုံးရွာသုံး လက်သည်မကြီး အရီးလေးမဆွဲမိကား သူ၏ ကြီးထမ်းမှု အသီးအပွင့်ဖြစ်သည့် တုတ်တုတ်ခဲခဲ မွေးကင်းစ သားငယ် လေးကို ရေနွေးဖြင့် သန့်စင်ဆေးကြောပေးရင်း သူ့ပါးစောင်အတွင်း ဆေးရွက်ကြီးဖတ်ကို တမြုံ့မြုံ့ဝါးကာ ပီတိကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မွေးသက်တစ်လျှောက် ခက်ခက်ခဲခဲ မွေးထုတ်ပေးခဲ့ရသော အသက်လုပွဲတစ်ခုဖြင့် အောင်ခဲ့ပြန်ပေါ့ဟု အားရကျေနပ်နေဟန် အထ... သား ပေါ်နေ၏။ ရေနံဆီမီးခွက်ရောင်မှိန်မှိန်တွင် တလက်လက်ဖြ... လင်းနေသည့် သူ့ချွေးစေးတွေကိုပင် သူမသုတ်နိုင်အားသေး။ တ... လှုပ်တချောက်ချောက် ဇယ်ဆက်သလို လှုပ်ရှားနေဆဲ။

"အဲ ... တော်ရေ ... ဖွံ့ဖွံ့ထွားထွားကြီးပါကလား"

"ယောက်ျားကလေးဟဲ့ ... ကောင်မရဲ့။ ကြည့်စမ်း ... ယောက်ျားကလေး"

"အောင်မယ်လေးတော် ... ပါးစုန့်ကြီးတွေများ၊ ဖောင်... ဆံပင်တွေကလည်း သန်ချက်တော့။ မည်းနက်နေသာပဲ"

"ကဲ ... ကဲ ... ကောင်မတွေ။ နင်တို့ အာသံပြကြီးတွေ... နည်းနည်းလျှော့ကြစမ်း။ တဆိတ်။ မိပဲခများ အားကုန်အင်ခန်း ဖြစ်... ရှာသာကို။ အားကလေး အင်ကလေးပြည့်အောင် စားစရာသောက်... ကလေးတစ်ခုခု လုပ်ကြစမ်းပါဦးဟဲ့။ ဟဲ့ ... ဟဲ့ ... ကလေးကို ဟို... ဒီလှော လျှောက်ဆွမနေကြနဲ့လေ။ သူ့ဘာသာ အိပ်နေပါစေဟဲ့"

"အလိုလေးတော် ... ကြက်တူရွေးကတော်တော် မယ်တော်... ကဲဆိုသာလို ကျနေရော့။ အရိုးလေးဆွဲမိကလည်း အဖြစ်သည်းရန်ကော...

တဖြုတ်ဖြုတ် တဖွဲဖွဲ ရောက်လာကြသည့် မိန်းမအုပ်တွေ... သန်သန်စွမ်းစွမ်းကြီး ရှုန်းကန်လူးလွန့်နေရှာသည့် ဖခင်မဲ့သားငယ်... လည်းကောင်း၊ ဖျော့တော့မိန်းမောနေသည့် မိခင်မိပဲကိုလည်းကော... တလှည့်စီကြည့်ရင်း ကရုဏာစိတ်များ တဖွားဖွား မိစီးလျက်ရှိကြ...

"ဘယ်လိုသေနာကျမျိုးပါလိမ့်တော်။ ကိုယ့်ဘာသာ အာ... ပြေအောင် အကြောဖြေတဲ့ ကိစ္စကိုများ သင့်ရာတော်ရာမှာ သွားပါ...





လား။ သူ့ဘဝနဲ့သူမှ စိတ်နဲ့ကိုယ်နဲ့ မကပ်၊ ဥမ္မာတကော ဥမ္မတကဖြစ်နေရှာတဲ့ မိပဲကိုများ နသားပါရ ကြံရသေးသတဲ့။ သင်းကတော့ အခဲတစ်ထပ် အသားတစ်ထပ် စည်းစိမ်ခံစားပြီး နှုတ်ခမ်းပါးနားသပ်လို့ ကျေနပ်နေပေမပေါ့။

မိပဲခများမတော့ ကိုယ်ဝန်သည် အာရေဏိကဒုက္ခကိုလည်း ခံခဲ့ရပြီ။ မသေရုံတမည် ကြိုးကုတ်ပြီး သူ့သားကလေးကိုလည်း မွေးခဲ့ရပြီးပြီ။ ဒုက္ခက ဒါတွင်ပဲလားတဲ့။ အခုမှ အစပဲရှိသေး။ ရှေ့လျှောက် ဒီသားအမိ ဒုက္ခပင်လယ်ဝေကြီးမှာ ... အင်း ... မိပဲ .. မိပဲ။ ဒင်းတို့ကလည်း ခွေးဟိုသင်းလောက်တောင် မချွန်ပါကလားနော် ... ဟင်း"

"ဟုတ်ပ ... အစ်မ မထွေးကြည်ရယ်။ ကျုပ်တို့မှာ လင်စုံမယားဖက် ကုန်းကြုံးပြီး လုပ်ကိုင်ကြသာတောင် ကလေးနှစ်ကောင်နဲ့ လူမွေးလူတောင် ပြောင်ချသာမဟုတ်ဘူးရယ်၊ မိပဲတို့သားအမိ ဘယ့်နှယ် လုပ်ကြပ"

"ကဲ ... မယ်မင်းကြီးမတို့ ပါးစပ်ကလေးများလည်း ပိတ်တော်မူကြဦး။ လူထွင်းတဲ့ အပေါက်မဟုတ်ဘူးဟဲ့။ နတ်ထွင်းတဲ့အပေါက်။ ကျုပ်တို့ရွာမှာ ငတ်သေတဲ့ မသာမပေါ်ဖူးသေးဘူး။ လူမစွမ်းရင် နတ်မလိမ့်မယ်။ တော်တို့အပူ တစ်ပြားသားမှမပါဘူး။ ကြောင့်ကြဗျာပါဒတွေ တောထမနေကြစမ်းပါနဲ့"

အမယ်ကြီးရှုန်က ပိတ်ပိတ်သား ထငေါက်ပစ်လိုက်တော့မှ ရှုံ့နဲ့ ငြိမ်ကျသွားကြ။

"ဟဲ့ ... ဟဲ့ ... ဟဲ့ ... ဘာသံကြီးလဲ ... ဘာသံကြီးလဲ၊ ရှုန်းစမ်း"

"ဟုတ်ပ ... ဟုတ်ပ ..."



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံအစုံများသည် ဘကြီးဝင်း၊ အမေကြီးရှန်တို့၏ နွားတင်းကုပ်ကြီးအတွင်း ကပ်ကြမ်းကာ၍ မီးနေခန်းလုပ်ထားသည့် နေရာမှ နောက်ဖက်ကပ်လျက် ဇောင်ခြမ်းပင်ကြီးအရိပ်မှောင်ကြီးမဲ တောထဲသို့ ဖြရဲကြည့်နေမိကြ၏။

"အီး . . . ဟီး . . . ဟီး . . ."

မပီမသငိုသံ။ ဝမ်းပမ်းတနည်း ရှိုက်ကြီးတငင် ကြေကြေကွဲကွဲ ကြိတ်၍ ငိုရှိုက်သံ၊ ဇောင်ခြမ်းပင်ရိပ်အောက်က ကြားနေရခြင်းဖြစ်သည်။ တစ္ဆေသရဲ နာနာဘာဝကောင်ဖြင့် မဟုတ်နိုင်။ လူ့အီသံကြီးစစ်စစ် ကြားနေကြရခြင်းဖြစ်သည်။

"လူသံဟဲ့ . . . လူသံ။ လှသောင်တို့၊ သံချောင်းတို့ လာကြစမ်းဟဲ့။ မီးတိုင်ခွက်ပါ ယူခဲ့ကြစမ်း။ နောက်ဖက်က ဇောင်ခြမ်းပင်ကြီးအောက်မှာ ကြည့်စမ်း။ ဘယ်က ဘယ်သူ လာငိုနေသာတုန်း။ ကြည့်စမ်း . . . ကြည့်စမ်း"

"ဟိတ် . . . ဆောင်ခြုံကြီးနဲ့ ငိုနေသဲ့ကောင် . . . ဘယ်သူများတုံး။ ဘယ့်နှယ် . . . သူများပိုင်းတိုက်ထဲလာပြီး နောက်ပိုင်းမင်းသားကြီးလို ဟီးတိုက်ပြီး ငိုချင်းလာချနေရသာတုန်း။ မှန်းစမ်း . . ."

"ဟိုက် . . . ထွန်း . . . ထွန်းပိုင်ပါကော"

"ဟင် . . ."

"ဟယ် . . ."

မျက်နှာတစ်ပြင်လုံး မြင်မကောင်းအောင် ရုပ်အရည်အဆင်းပျက်နေပြီဖြစ်သည့် ထွန်းပိုင်၏ နီရဲနေသော မျက်ဝန်းတစ်စုံအား မျက်ညှိတို့ အိုင်ထွန်းလျက် တွေ့လိုက်ကြရ၏။

"ထွန်းပိုင် . . . ထွန်းပိုင် . . . ဘယ့်နှယ် . . . မင်းဘာလာလုပ်နေသာလဲ၊ ငိုကြီးချက်မနဲ့။ ဘာဖြစ်လို့တုံး"



"အီး . . . ဟီး . . . ဟီး . . ."

"ပြောလေကွာ . . . ကျက်သရေမရှိ ကျက်သရောမရှိ။ မင်းနေတာကြီးကို ရုပ်ပြီး ဒီကို ဘာလာလုပ်နေသာတုံးဆိုတာသာ ပြောစမ်း။ ယောင်တိယောင်ဝါးဆိုရင်တော့ ဟောသီမယ် ခက်ရင်းကောက်ခွပြင်လား . . . တစ်ချက်ပဲ။ အသက်ဘယ်က ထွက်ရမှန်းမသိဖြစ်သွားမယ်။ ဟွန်း . . ."

"နေပါဦး . . . သံချောင်းရယ်။ သူပြောပါစေဦး။ သူပြောသာကို အရင်နားထောင်ကြည့်ကြရအောင်"

"ကဲ . . . ထွန်းပိုင်၊ ပြော . . ."

"အဟ့ာ . . . ဟိုဒင်းဗျာ . . . အဲ . . ."

"အေး . . ."

"အဟ့ာ . . . မိပဲ . . . မိပဲက ကလေးမျက်နှာမြင်ပြီ ဟုတ်လား"

"အေး . . . အဲသာ ဘာဖြစ်တုံး။ မင်းနဲ့ ဘာဆိုင်တုံး"

"ဟိုဒင်းလေ . . . အဟ့ာ . . ."

"အေး . . . အင်း . . ."

"အဲ . . . အဲသာ . . . ကျုပ်ကလေးလို့"

"ဟေ . . . ဘယ်လို . . . ဟော့ကောင် . . ."

"အဲသို့ကလေးလေးဟာ မိပဲနဲ့ ကျုပ်ရဲ့ကလေးလို့"

"ဟင် . . ."

"ဟယ် . . ."

"အိုး . . . ကျားသားမိုးကြိုး"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၁ ]

❑

ဇာတ်လမ်းက အဲသည်တော့မှ တကယ်စတာ။

မိပဲရဲ့ကလေးဟာ သူ့သွေးပါပဲလို့ ထွန်းပိုင်က ရိုက်မစစ်လိုက်ရဘဲ တဟီးဟီး ရှိုက်ကြီးတငင် မျက်ရည်တစ်ဖက်၊ နှပ်တစ်ဖက်နဲ့ ယိုပြီး ဖွင့်ဟဝန်ခံလိုက်တဲ့အခါ ညကြီးမင်းကြီး ရွာကလေးမှာ လောင်မီး ကျကုန်ကြတော့သာပဲ။

ခွကောင်ကိုစွတုန်းကတည်းက တေးထားမှတ်ထားတဲ့ အမြိ တွေဟာ တစ်ခါတည်း ဟုန်းခနဲ အုန်းဒိုင်းကြ ပေါက်ကွဲပွင့်အန်ထွက် ကုန်ကြပါလေရော။

ကိုကြီးသန်းတို့ ကာလသားပိုင်းက ဒီလောက်ရွာ့အသရေ စုတ်ပဲ့သိမ်ဖျင်းစေခဲ့တဲ့ အယုတ်တမာကောင်မျိုးကို ဒီအတိုင်းတိုင်းမထ နိုင်တော့ဘူးတဲ့။ ဓားဆွဲ၊ တုတ်ဆွဲ၊ ဓားတစ်ပြက် တုတ်တစ်ပြက် ထ ကြတော့တယ်။ ဒါပေသိ တဟီးဟီး ဟီးလုံးတိုက်ငိုရင်း ...





"သူ့ကို သတ်လိုက်ပါတော့"

ချည်း တဖွဖွပြောနေတဲ့ ထွန်းပိုင်ကို ဘယ်လိုသတ်မလဲ။ ဘယ် သတ်မလဲ။ အပြောပဲရှိတယ်။ ဘယ်မှာသတ်ဖြစ်ကြလို့တုံး။ အဲ ... ာဝန်းကျင်က ငှက်ပျောပင်၊ သဘော်ပင်၊ သရက်နဲ့ ပိန္နဲပင်တွေကို တော့ ထွန်းပိုင်အမှတ်ထားလို့ လျှောက်ခုတ်လျှောက်ပိုင်း ဓားသရမ်း လိုက်ကြတာ ရစရာကို မရှိတော့ဘူး။ ဘကြီးဝင်းနဲ့ ဘွားလေးရှုန်တို့ မနည်းအော်ငေါက် ဟန့်တားယူကြရတယ်။

မိန်းမပိုင်းကလည်း လက်သည်ရှာမတွေ့ခင်တုန်းကတော့ လက် ငေါက်ငေါက်ထိုးပြီး တံတွေးနဲ့ ဝိုင်းထွေးရုံနဲ့ အသက်ထွက်သွားရစေ လေးဘာလေးနဲ့ မိုးလားကဲလား လုပ်ခဲ့ကြပေမဲ့ ပက်ပင်းကြီး တကယ် တော့ တုတ်တုတ်မလှုပ်ကြဘူး။ မျှော်လင့်မထားတဲ့ အဖြစ်မျိုးမို့ အံ့ သင့်နေကြသလား၊ မိပဲရဲ့ နုံချာလွန်းတဲ့ ဘဝကြမ္မာကိုပဲ တွေးတွေး အူသနားပိုနေကြသလား၊ ဟီးတိုက်ငိုနေတဲ့ ထွန်းပိုင်ရဲ့ အီသံကြီး နလုံးနှောက်နေကြရော့သလား။ ပါးစပ်ကြီးတွေ ဟောင်းလောင်း အချောင်းသားကြီး ရပ်နေကြလို့။

"ဒီကောင်ကို ရွာကြဉ်ရမယ်။ ဒီလိုအယုတ်တမာ လူ့တိရစ္ဆာန် ကို ရွာထဲမှာ ထားလို့မဖြစ်ဘူး။ ဒင်းနဲ့လည်း တစ်ရွာတည်း အတူမနေ ဘူး"

မီးဝင်းဝင်းတောက်မတတ် မျက်လုံးတွေနဲ့ ဇုန်းခနဲ ထရပ်တဲ့ပြီး ခက်ထန်ထန် ပြောချလိုက်တဲ့သူက ဘကြီးဦးပန်းမြိုင်။ ဟုတ်သယ်။ ပိုင် နသားပါရ အဓမ္မဝင်လုံးခဲ့ဖူးတဲ့ တင်နွဲ့ရဲ့ဘကြီး။ ဒီလူကြီးက ကြီးသယ်။ ရှေးရိုးဆန်သလို တုတ်ထိုးအိုးပေါက် လူ့ဝာဇော်ကန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးရယ်။ သူပြောပြီဆိုမှဖြင့် ပြောတဲ့အတိုင်း မဖြစ်မနေ တကယ် တော့မှာ။

“ဟုတ်တယ် . . . ။ ဒီလိုကောင်မျိုးကို ရွာကြဉ်မှ ဖြစ် ဘယ့်နှယ်ဗျာ . . . ကိုယ့်တစ်ရွာတည်း သွေးချင်းရင်းချာ ညီမ၊ နှ လို မိန်းမသားတွေကိုလည်း ဖွတ်အစမ္မ မတော်မတရားပြုခဲ့၊ ဒါလော နဲ့ပဲ ရပ်တန်းက မရပ်။ သူ့စိတ်နဲ့သူ့ကိုယ်မှ မကာပ်နိုင်ရှာတဲ့ နှလုံး ပျက်နေသူ မိပဲကိုတောင် နသာပါးရ ကျူးလွန်ခဲ့တဲ့ ဒီလူ့တိရစ္ဆာ ကျုပ်တို့ရွာကိုပါ ချေးသုတ်ထားတဲ့ ဖက်ရွက်လိုဖြစ်အောင် ဇရုတ်သု လုပ်ပစ်ခဲ့တာ။

ဒင်းကြောင့် နီးနားဝန်းကျင်ရွာတွေက ကျုပ်တို့တွေကိုပါ ကြတော့မှာပဲ။ ဆက်ဆံပေါင်းသင်းဖို့ ခက်နေကြမှာပဲ။ ဒင်းကို သွေး သွေးညစ်ဖောက်ထုတ်ပစ်သလို ရက်ရက်စက်စက် ရွာကြဉ်ပစ်လို ရွာသန့်သွားမယ်”

“အင်းလေ . . . ဘာမလုပ်နိုင်စရာ ရှိသလဲ။ လူက အကုသိုလ်အကျိုးပေးပြီး ကိုယ်ရေပြားရောဂါ နူနာစွဲနေပြီ။ သူ သူ့ဝိုင်းထဲမှာတောင် သူ့မိသားစုတွေနဲ့ အတူနေခွင့်မရှိတော့ဘူး။ ပေါင်းထဲမှာ ဂူအောင်းသလိုအောင်းပြီး မသေထမင်း၊ မသေ စောင့်စားနေရတာ။ မကြာခင် ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး အသေ သေမှာပဲ။

ဘုရားနီးမှာ သူ့အမေဒေါ်လှကြီး ရူးခဲ့တဲ့ကျိန်စာက ဘ လောကနဲ့ ရပ်တန်းက ရပ်ရမှာလဲ။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ဒဏ်ခံနေရဦးမှာဆို။ ကျန်တဲ့သူတွေကို ထည့်မစဉ်းစားရင်နေ။ ထွ ကတော့ ကျိန်စာစက်ကွင်းလွတ်လို့ မဖြစ်ဘူး။ ရွာအပြင်ကို ချေး သလို မောင်းထုတ်ပစ်ရမှ ၎ ညှာမနေနိုင်တော့ဘူး”





“ဟုတ်သယ် . . . ဟုတ်သယ် . . . ထုံးစံရှိတဲ့အတိုင်း လုပ်ပါ။ သည်ကောင်တစ်ကောင်ကြောင့် ရွာနာလှသယ်”

“ကျောက်ဖြူးတို့၊ ငွေကြည်တို့တုန်းကတောင် ကလေးတွေ တပြုံတောင်နဲ့ကို ဘယ်မျက်နှာမှမထောက်ဘဲ ရွာကြဉ်ပစ်ခဲ့သေးတာ။ ထွန်းပိုင်က ဘာသားနဲ့ ထုထားတဲ့ ကောင်မို့လို့လဲ”

“တို့က အသက်ကြီးနေပါပြီ။ သူများတကာအလုပ်ထဲ ဝင်မရှုပ်သင့်တော့တဲ့ အရွယ်ပါပဲ၊ ဒါပေသိ . . . ငါတို့ လူမှန်းသိကတည်းက ဒီအရွယ်ရောက်တဲ့အထိ ဒီလောကလူမဆန်ဝဲ့ အဖြစ်မျိုးကို တစ်ခါမျှ မကြုံဖူး။ မကြားဖူးဘူး။ မြင်ရ၊ တွေ့လိမ့်မယ်လို့လည်း မထင်ခဲ့ဘူး။ ခု တော့ကွယ် . . . အိုကံမကောင်းလိုက်လေ။ ကိုယ့်နားကို ကိုယ်ဖောက် ထုတ်ပစ်လိုက်ဖို့ ကောင်းသေးရဲ့။ ဒီအဖြစ်မျိုး ဒီတစ်ကြိမ်ပဲ ရှိပေစေ တော့။ သူ့သွေး ကိုယ့်သွေး ခွဲမနေဘဲ လုပ်သင့်တယ်ထင်တာသာ လုပ်ကြ”

နောက်ဆုံးတော့ ရွာထဲမှာ အသက်အကြီးဆုံး ရှေ့မီနောက်မီ ဘိုးစံရကြီးရဲ့ ယတိပြတ်တုံးတုံးချ ရေပိတ်စပါးပြောချလိုက်တဲ့ စကား ဟာ အဆုံးအဖြတ် ဖြစ်သွားတော့တယ်။

လူဆိုတာကလည်း ခက်သားကလား။ ကိုယ်ကသာ ဦးဆောင် ဦးရွက် ရှေ့တန်းကတက်ပြီး ပြောဟဲ့ ဆိုဟဲ့ လုပ်ဖို့ နှုတ်နှေးတတ်ကြသာ။ တစ်ယောက်ယောက်ကများ သတ္တိကောင်းကြီးလုပ်ပြီး ဒီလိုဒီအကြောင်း ဟဲ့လို့ လမ်းကြောင်းလိုက်ပါလား . . . အိုး . . . ချက်ချင်းကြီး ကောက်ကာ ငင်ကာ ဖြုန်းစားဒိုင်းစား အရေးကြီးအရာပေါ် လုပ်ပြတတ်ကြပါပြီ ခင်ဗျား။ တကာတည်း . . . မှ။

ဟုတ်သယ် . . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ညတွင်းချင်းပဲ သူကြီးဘော်အိမ်မှာ အောက်လင်းဓာတ်မီးကြီးထွန်းပြီး ထွန်းပိုင်ကို စစ်ကြဲခေးကြတယ်။ ထွန်းပိုင်က ဘာပြောမှာတုံး။ 'မိပဲရဲ့ကလေးဟာ သူ့ကလေးပါ' ဆိုတဲ့ တစ်ခွန်းတည်းပဲပြောပြီး ရေငုံနှုတ်ပိတ် လုပ်နေပါရော့လား။ ကြိုက်သလိုသာ လုပ်ကြဆိုတဲ့ သဘောပလေ။ ဟုတ်စ ...။

ဆိုတော့ ... ထွန်းပိုင်ကို ရွာကြဉ်ဖို့က သန်းခေါင်မကျော်လိုက်ရဘူး။ ဒုတ်ဒုတ်ထိ သေချာသွားတော့တယ်။ ပြတ်ပြတ်သားသားဆုံးဖြတ်လိုက်ကြတယ်။

ရှက်စရာ့ကိစ္စကြီးမို့လို့ တစ်နွယ်ငင် တစ်စင်ပါ ရွာပါ နာမည်ပျက်ရချေရဲ့ တွက်ကြပြီး ရွာထုတ်ပွဲလည်း မလုပ်ဖြစ်လိုက်ပါဘူး။ ဘကြီးဘော်ပါးစပ်က ...

"ထွန်းပိုင် ... မင် ဘာရား မင်းပဲစီရင်ကွာ။ အရုဏ်မလာခင် ရွာထဲက မင်းဘာသာ ထွက်သွားပေတော့"

လို့ တစ်ခွန်းပဲပြောတယ်။ ကိစ္စက ပြတ်ကရော။

ဒီလိုနဲ့ ဟိုးအစတုန်းက ကျုပ်ပြောခဲ့တဲ့ ယမ်းတိုက်ဖောင်းကြီးထဲကို ထွန်းပိုင် ရောက်သွားခဲ့တာပဲ။ လူသူလေးပါးလည်း အုတ်အော်သောင်းတင်း မသိလိုက်ကြရဘူး။ ဒီလိုပဲ မသိလိုက်၊ မသိဘာသာ နေလိုက်ကြရသာပဲ။

အင်း ... ထွန်းပိုင်ရဲ့ ကြမ္မာဆိုးကျိန်စာဟာ အဲသည်လောက်နဲ့တင် ရပ်သွားခဲ့ရင်တော့ ကောင်းသားပေါ့။

ဒါပေသိ ...။

✿ ✿

| ၁၂ |

❑

ထွန်းပိုင်နဲ့ပတ်သက်လို့ မှတ်မှတ်ရရ ပြောစရာ အဖြစ်အပျက်သုံးခုရှိသယ်။ ဟုတ်သယ်။ သူ့ကို ရွာကြဉ်ပြီးတဲ့နောက်မှ ဖြစ်ခဲ့တဲ့ ကိစ္စတွေချည်းပဲ။

ပထမဆုံးတစ်ခုက အနာကြီးရောဂါ ပျောက်သတဲ့ဆိုလို့ တွင်းထဲကမြွေပွေးကို လက်နဲ့နှိုက်ဖမ်းရာက မြွေကိုက်ခံရပြီး ကျောက်ဆည်သားရုံကို တင်ခဲ့ကြရသာပဲ။

'အနူ မြွေမကိုက်ဘူး'လို့ ဘယ်သူမြှောက်ပေးလိုက်တယ်မသိ။ ဘယ်ကကြားလာမှန်းလည်း မသိဘဲ ဖြတ်လမ်းနည်းနဲ့ ရောဂါပျောက်ကြတဲ့ ထွန်းပိုင်ရဲ့ ဒေဝဒတ်အကြံကို ဘယ်သူမှ တားချိန်မရလိုက်ဘူး။ ရှိသယ် ... ရှိသယ်။ သူ့ထက်ဗွေအရင် ရွာကြဉ်ခံခဲ့ရတဲ့ ကျောက်ဖြူးတို့သားအမိ၊ သားအဖတစ်တွေ ရှိသေးသာကိုး။ အတူတူနေကြတာတော့လည်း မဟုတ်ဘူးပေါ့။ ကျောက်ဖြူးတို့မိသားစုက ဦးသာလေးဘုရားကြီးနားမှာ ထန်းလက်တဲကြီးထိုးပြီး နေကြသာရယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . နှိပေသီ၊ ကံတူအကျိုးပေးတွေ မှတ်လား။ ဆက်
ဆက်ဆံစရာကလည်း ဒီလူဒီလူပဲရှိတဲ့ ဟာဆိုတော့ ကျောက်ဖြူးတို
အလုပ်ကြီးတစ်ခုလုပ်ပြီး စားရသမျှလေးထဲက ထွန်းပိုင်ကို ခွဲခွဲ
နေရတော့သာ။ သည်လိုပဲ သံယောဇဉ်ဖွဲ့နေဖြစ်ကြတော့သာ။

အဲ . . . အဲဒီတော့ ဒီကိစ္စ ကျောက်ဖြူးကို ဖွင့်ပြောခဲ့ရင် တ
မှာပေါ့။ ဘယ့်နှယ်ဗျာ . . . မြွေပွေးပဲ။ သူ့လာထိတဲ့ ဘယ်အကောင်
ကိုမဆို အလွတ်ပေးရိုး ထုံးစံမှမရှိသဲ့ဟာ။ ထိရင်ပေါက်မှာပဲ။ ပေါ
ပြီဆိုမှတော့ သူ့အဆိပ်တွေလည်း ပြန့်ဦးမှာပဲလေ။ ဘယ်သူဘယ်ဝါ
လို့ တပ်တပ်အပ်အပ် ခေါင်းတပ်ပြီး ရှောင်သတဲ့ ရှားသတဲ့လို့ ကြာ
ဘူးပေါင်။

ကိုင်း . . . ထွန်းပိုင်ကို မြွေပွေးကိုက်တာရော။ မြွေဆိပ်
တက်ပြီး ပြန့်ပြီး မိန်းမောလို့ဗျို့။ သေရောမှတ်တာ။ လူမိုက်ကံကော
မိုးသက်ပြင်းက သေတော်မမူဘူး ခင်ဗျားရဲ့။ ကျောက်ဆည်ဆေး
သင်းအသက်ကို ကယ်လိုက်နိုင်တယ်။ သေကံမရောက် သက်မပျော
လောက်တင်မကဘူး . . . ကျုပ်လူရဲ့၊ ထွန်းပိုင်ရဲ့ တရိရိ တရွဲရွဲ နှာ
တွေပါ တဖြည်းဖြည်း ခြောက်ကပ်လိုက်လာပြီး အနာကြီးရောဂါပါ ပျော
လုနီးနီး ဖြစ်သွားသတဲ့ဗျို့။ မြွေပွေးဆိပ်ကြောင့်လား၊ ဆေးရုံကဆေ
ဆေးအစွမ်းတွေကြောင့်လား သိနိုင်ဘူး။ ထွန်းပိုင်ရဲ့နှာ သိသိသာ
သက်သာသွားတာတော့ဖြင့် အမှန်ပဲ။

အဲ . . . အဲသည်မှာ ထွန်းပိုင်က မိပဲတို့သားအမိကို ရွာဦးဇ
ကြီးပေါ်ကနေ လာခေါ်သွားခဲ့သာ။ အဲသာက ကျုပ်တို့တစ်ရွာလုံး အံ
ဘနန်းဖြစ်ကြရတဲ့ ထွန်းပိုင်ရဲ့စရိုက်နဲ့ လားလားမျှမပတ်သက်တဲ့ ဒုတိ
အဖြစ်အပျက်ပဲ ဆိုကြပါစို့ရဲ့။





ဘယ် . . . သူနေတဲ့ ယမ်းတိုက်ကြီးဆီ ခေါ်သွားတာမဟုတ်
သူနဲ့ပေါင်းဖို့ဖော်ဖို့လည်း မဟုတ်ဘူး။ မိပဲတို့သားအမိနေဖို့ ကျောက်
ဆိုတဲနဲ့ ဘေးချင်းကပ်လျက်မှာ ထန်းရွက်တဲ ခပ်သေးသေးတစ်လုံး
ပြီး ကျောက်ဖြူးတို့သားအမိရဲ့ စောင့်ရှောက်မှုအောက်မှာပဲနေဖို့ စီစဉ်
ခဲ့တာတဲ့လေ။ မဆိုးရှာပါဘူး။ သည်လိုတော့လည်း ထွန်းပိုင်မှာ လူ
စိတ်ကလေးဖြင့် တစ်စက်တစ်ပေါက် ကျန်သေးသားလို့ ထင်ရသေး

မိပဲတို့သားအမိ နေစရိတ်စားစရိတ်ရဖို့ ထွန်းပိုင် ဘာလုပ်တယ်
ထင်သလဲ။ သူ့ယမ်းတိုက်ကြီးကို အဖီထိုးပြီး ဝက်တွေမွေးတယ်။ ယမ်း
တိုက်ရှေ့က တမာပင်ကြီး အရိပ်ကုန်းပြောင်ပြောင်မှာ ခြံကလေးကာ၊
ဆိတ်တွေ မွေးတယ်။

အဲမှာ . . . အကျိုးပေးရာ အကြောင်းထင်လို့ ပြောရမလိုပါပဲ။
ထွန်းပိုင်မွေးတဲ့ ဝက်နဲ့ ဆိတ်တွေက လွှတ်ဖြစ်သဗျ။ ဈေးကုန်းထဲက
သီယောကျ်ား ဝက်ဖိုင်အစိန်တို့၊ နွားပွဲစားဆိတ်ပွဲစား တင်မောင်တို့ဖြင့်
ဒီထွန်းပိုင်ရဲ့ ယမ်းတိုက်ကြီးဆီ ဝင်လိုက်ထွက်လိုက် ရွှေလမ်းငွေလမ်း
ပေါက်လို့။ ဟုတ်သယ် . . . သူတို့ကတစ်ဆင့် မြို့တက်ရောင်းသာ။

ဘာပြောပြောလေ မိပဲတို့ သားအမိတွေဖြင့် လူလူသူသူ
တောင့်မတ နေနိုင်ကြပေသေးတာပေါ့။ နို့ . . . ရပ်က ရွာကလည်း
ဖယ်စဲရှိကြတာ။ လက်က ပါနိုင်ကြသာ မှုတ်ဘူးရယ်။

ဆိုပါတော့။ ထွန်းပိုင်လို အကုသိုလ်အစိုင်အခဲကြီးမှာ ဒီလိုမျိုး
ခေါင်ခေါင်ခါးခါး လူဆန်ဆန် လုပ်တတ်ပေသေးရဲ့လို့ ပြောစရာအကြ
ဆက်တွက်တော့ အမှတ်ထင်ထင် ရှိရစ်ခဲ့သေးရဲ့လို့ပဲ မှတ်ရတော့မှာပေါ့။
ထင်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



အဲ ...အဲ ...မေ့ဦးတော့မလို့။

အဲဒါတွင် ကပါရိုးလား။ မပြောရင် မပြီးတဲ့ တကယ့်အဓိက ကိစ္စကြီးတစ်ခုကို ထွန်းပိုင် လုပ်ခဲ့သေးတာရော။ ကျောက်ဖြူးတို့ အသ ခံ အကျည်းတန်မိသားတစ်စုနဲ့ အတူတူတွဲပြီး အားကြိုးခန္ဓဲ မရကျ အသက်လုပေးခဲ့ရှုးတဲ့ ဒုလ္လဘကိစ္စကြီးလေ။

ဟုတ်သယ် ...ဟုတ်သယ် ...လုဌွေတို့၊ မဲတူတို့၊ နီကျ တို့အုပ်စုတွေကို ဟိုကျောက်ကျင်းကြီးပြိုကျတဲ့ညက ကုလီခေါင်းဘိုးထွ တို့ ခြေကုန်လက်ပန်းတွေကျ၊ စိတ်တွေလျော့ပြီး ပြန်လာကြတဲ့အခိုင် နေသာသပ လေညာက လုပ်မနေနိုင်ကြဘဲ ပျာလောင်ခတ် ပြေးချ ကြပြီး သူတို့ရှိတဲ့ အားကလေး အင်ကလေးတွေနဲ့ တူးကြ၊ ယက်ကြ ကော်ကြ၊ ဖော်ကြလုပ်ကြလို့ ကျောက်ကျင်းကြီးပြို၊ ခေါင်းဖုံးမြေသ တွေ ပိနေခဲ့ကြတဲ့ လုဌွေတို့ လူခုနစ်ယောက်လောက် အသက်ရှင် ရခဲ့ပါရောလား။

ဟုတ်ပ ...တွက်ကြည့်လေ။ ကျောက်ဖြူးမိန်းမ ဌွေကြည်ရှ သူ့သမီး ခင်နုနဲ့ ရီနုရယ်က ဘာမှ သန်သန်စွမ်းစွမ်း ယောက်ယော လားလား မဟုတ်ဘူးရယ်။ ကျောက်ဖြူးသားကလေးကလည်း လူပျိုပေါ မရှိတရှိ။ လုပ်ချင်ကိုင်ချင်တဲ့စိတ်နောက်ကို သူ့ကိုယ်က ပါနိုင်ရှာသေ တာမဟုတ်။ အဲသည်တော့ တကယ်တမ်းလုပ်လူကိုင်လူက ကျောက်ဖြူး ရယ်၊ ထွန်းပိုင်ရယ်ပဲ ရှိတော့သာ။ ထွန်းပိုင်ကလည်း သိတဲ့အတိုင် ခြေတိုလက်တို ငုံးတိတိ နူနာသည်ရယ်။

အဲ ...ဒါပေသိ၊ သူ့လက်တိုငုံးတိကို ပေါက်ချွန်းနဲ့ တွဲချည် ပြီး တကုန်းကုန်း တကြုံးကြုံး ပေါက်ရှာသတဲ့။ ကျုပ်တို့ ဘဲလင်းဘူ တို့ ကျောက်မိုင်းဆိုက်တင်တို့ဆီ ပြေးဝင်လာတတ်တဲ့ ရေနွေးငွေ့မီးရထ





ခေါင်းကြီး မီးပေါင်တင်ထားသလိုပဲတဲ့။ ရှုးရှဲ ရှုးရှဲ ...ဟောဟဲ ဟဲနဲ့ တအောင့်တဖြုတ်ကလေးတောင်မှ မနားနိုင်ဘဲ အသေအလဲ တာတဲ့ခင်ဗျ။ သူ့အသက်သူ လုနေသလိုမျိုး အသည်းကြီးကြီး ဖွဲကြီး နဲ့ကို သေကောင်ပေါင်းလဲ ဖွဲ့ခတ်ပြီး တူးနေဆွနေတော့တာတဲ့။

"ထွန်းပိုင်ရယ် ...အသက်ကလေးများလည်း ရှုစမ်းပါဦး။ တည်း ...မင်းသည်လောက် ဖွဲ့ခတ်နေမင့်လည်း ဟိုးမြေအောက် က လုဌွေတို့အုပ်စုဟာ သေမလား၊ ရှင်မလား သိမှမသိနိုင်သာ။ ပဲ အမောဆို့ပြီး မာလကိသွားဦးမယ် ...ဟေ့ကောင်ရ"

"အိုကွာ ...ကျောက်ဖြူးရာ၊ သေတာရှင်တာက သူတို့ကံ ။ တို့ရှိနေရက်နဲ့၊ တို့လုပ်နိုင်ရက်နဲ့ တို့လုပ်နိုင်သလောက် မလုပ်ခဲ့မိ သို့ သေကုန်ကြရင်သာ တို့အဖို့ တစ်သက်လုံး ယူကျုံးမရ နောင်တရနေ တော့မှာ။

အဲသလို နောင်တကြီးနဲ့ နပန်းလုံးပြီး တစ်သက်လုံး ပူပူပန်ပန် ဆင်းဆင်းရဲရဲ နေသွားရမယ့်ဘဝကို ကြောက်လှချည့် ...ဟေ့ကောင် ရေ။ ဇွန်းခနဲ မတ်တတ်ကပစ်လဲပြီး သေသွားလိုက်ရသာကမှ ဟုတ်လေ ဦးမယ်။ မသေမချင်း တမြည့်မြည့် တရိရိ ဖွဲ့မီးလိုကြွတ်ပုန်းစွဲလောင်တဲ့ သံသယကုက္ကုစ္စမီး။ နောင်တမီးဆိုတော်ပေါ့။ ကန့်တော့ဆွမ်းပဲ။ ဇေရာ မထိပဲ။ ဒီဘဝ ဒီမျှနဲ့တင် ကြေရော့လဟ"

"ထွန်းပိုင်ရယ် ...မင်းနှယ်၊ မင်းအသက်တစ်ချောင်းများ ခေါက်ခေါက်ရက်ရက် ပေးရစွန့်ရလောက်အောင် ဒီမြေအောက်ကဟာ တွေက မင်းတို့ငါတို့ကို ...ဟောဟို ...တို့ရွာ၊ တို့မြေက အတင်းရော အဓမ္မမောင်းထုတ်ခဲ့ကြတဲ့ သူတွေမဟုတ်လား။ တို့တွေကို ခွေးမောင်း သလိုမောင်းပြီး တောထုတ်ခဲ့သာ သင်းတို့ရဲ့ အမေ၊ အဖေ၊ သင်းတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သွေးသားတွေ မဟုတ်ဘူးလား။ သင်းတို့သေသေရှင်ရှင် တို့နဲ့ ဘာဆိုင်တုန်း။ မင်းနယ် ... ပူပူပန်ပန်"

"ကျောက်ဖြူး ... မင်း သိသိကြီးနဲ့ စိမနေစမ်းနဲ့ကွာ။ သင်းတို့က တို့အပေါ် ဘာတွေလုပ်လုပ်၊ အဲဒါ သူတို့ကိစ္စ။ တို့နဲ့ မဆိုင်ဘူး တို့ကတော့ တို့ရပ်သူရွာသား တို့သွေးတို့သားတွေ သေရေးရှင်ရေး မှဖြင့် အဲသာ တို့ကိစ္စလို့ပဲမှတ်ရမှာပဲ။ သေတာရှင်တာက သူတို့ကံ။ တို့လုပ်သင့်တာတော့ လုပ်ရမှာပဲ မှတ်လား။ နို့ ... နေပါဦး။ ငါမေးလို စမ်းပါရစေဦး။ မင်းတို့မိသားတစ်စုကကော မင်းတို့တဲမှာ မင်းတို့ ထမင်းကြမ်းခဲ ယပ်ခတ်စားပြီး ငြိမ်းငြိမ်းအေးအေး မနေနိုင်ကြဘဲ ဒီကို ဘာလာလုပ်နေကြသာတုံး ... ကဲ"

"အင်း ... အဲသာကတော့ ... ကွာ"

အဲသလို ... ကျုပ်လူရဲ့။ ထွန်းပိုင်တို့၊ ကျောက်ဖြူးတို့အ အချိန်မီ အခါမီ မတူးမဖော်နိုင်ခဲ့ကြရင် လှငွေတို့ရွာသား၊ ရွာသမီးခုနှ ယောက်စလုံး မြေကျင်းအောက်မှာ ကာလနာတိုက်ကြတာကြာပြီ။ သူတို့တွေ သိသိတတ်တတ် အားကြိုးခန္ဓဲ လုပ်ခဲ့ကြပေလို့သာ။

နို့ပေသိ ... ကျုပ်တို့ရွာကဖြင့် အဲသည်ကိစ္စကြီးကို မဖြစ်ခဲ့သလို၊ မရှိခဲ့သလို မသိကျိုးကျွံပဲပျို့။ ဖုတ်လေတဲ့ငါးပိ ရှိရှလတယ်ရယ်လို့ မအောက်မေ့ကြဘူး။ သူတို့နဲ့ ဘာမျှမဆိုင်သလိုချည်းကို သဘောထားပြီး နေလိုက်ကြလေရဲ့။

ဟုတ်သယ် ... ဟုတ်သယ်၊ ကြုံတော့ကြုံလိုက်ရသေးသယ်

ဘယ်သူဘယ်ဝါ လာလာပို့ထားမှန်းမသိတဲ့ မုန့်ထုပ်ကလေးတွေ၊ ဆန်၊ ဆီ၊ ငါးခြောက်၊ ငါးခြမ်းအထုပ်ကလေးတွေ၊ ပုဆိုး၊ အကျီ စွပ်ကျယ် စတဲ့ အဝတ်ကလေး အစားကလေးတွေဖြင့် ကျောက်ဖြူးတို့





သစ်ပင်က နဘဲပင်ကြီးအောက်မှာ တွေ့လိုက်၊ ထွန်းပိုင်နေတဲ့ ယမ်းတိုက်ကောင်းကြီးကိုတက်တဲ့ သဲဖြူချောင်းမော့တက်ကလေးနားက ဘောင်မှဲ့ကြီးသေး။ ခုတင်တစ်လုံးစာ ကျောက်ဖျာကြီးပေါ်မှာ တွေ့လိုက်၊ မိပဲတို့နေတဲ့ ထန်းရွက်တဲခရိုးခရိုင်ရဲ့ ဝါးတိုင်မှာ လာချိတ်သွားလိုက်နဲ့ တွေ့တွေ့နေခဲ့ကြရပါရဲ့။

ဘယ်သူတွေဖြစ်မှာလဲ လူရာ။

ကျောက်မိုင်းမြို့ရာမှာ ထွန်းပိုင်တို့၊ ကျောက်ဖြူးတို့ လို့လသဟာကြောင့် အသက်ရှင်ခွင့်ရခဲ့ကြတဲ့ လှငွေတို့လူတစ်သိုက်ပဲ ရှိမှာပါ။ ရပ်သိရွာသိ အကျော်တဟိုးကိစ္စကြီးပေမင့် တစ်ရပ်တစ်ရွာလုံးက သိကျိုးကျွံ နှုတ်ပိတ်ရေငုံ နမူးနထိုင်း လုပ်နေကြလေတော့ ခမျာများမလည်း ရွာလွန်ရွက်တိုက် မလုပ်ရဲကြရှာဘူးနဲ့ တူပါရဲ့။

နို့ပေသိ အသက်သခင်တွေ မဟုတ်လား။ ရင်ထဲမှာ အဲဒီအသိကြီးက စလုံးစခုကြီးဝင်နေလေတော့ ဒီအတိုင်းတိုင်း ပိတ်ပိတ်သားတုံ့ကို အသကြီးလည်း မနေနိုင်ကြဘူးလေ။ အဲသည်မှာ အဲသည်ကျေးဇူး ဆပ်ကညာဝတ္တပစ္စည်း တောက်တိုမည်ရကလေးတွေ ရောက်ရောက်လာခဲ့တာပေါ့။

အင်း ....အဲသာလည်း သွေးပူနေသခိုက် နှစ်လ၊ သုံးလ ကောက်ကလေးပါပဲ။ နောက်တော့ တဖြည်းဖြည်း လုံးပါးပါးပြီး ပျောက်သွားပြန်ကရော။

သူတစ်ထူးကျေးဇူးကို သက်ဆုံးတိုင်အထိ ရင်ထဲသိုပြီး သိတတ်ရှိဆိုသာများ လွယ်မှတ်လို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

❑

ထွန်းပိုင် ရွာကလေးထဲမှာ မရှိသည့်နောက် ခွကောင်အရေး သေ့အေးပျောက်ကွယ်သွားခဲ့သည်။ တစ်နှစ်ခွဲ၊ နှစ်နှစ်ခန့် ငြိမ်ငြိမ် ဝပ် အေးရာအေးကြောင်း နေခဲ့ကြရသည်ဟုပင် ပြောစမှတ်ပြုကြရ

သို့နှင့်တိုင် ...

တစ်ညသား၊ လသာသာ လရောင်အလင်းအောက်မှာ ည ခေါင်လောက်ကြီး၌ လူမဲမဲကြီးတစ်ကောင်က သူ့နယ် ကိုယ်လုံးတီး အသားမဲပြောင်ပြောင် လူမဲမဲကလေးတစ်ကောင်ကို ပုခုံးထမ်းလျက် ရွာ လယ်လမ်းမကြီးအတိုင်း အရှေ့မှအနောက်၊ အနောက်မှအရှေ့၊ တော မြောက်လေးပါး လမ်းကြိုလမ်းကြားမကျန် ဟိုဟိုသည်သည် လျှောက်သွား နေသည်ကို မြင်လိုက်ရသည်ဟူသော သတင်းက ရွာကလေးကို လှုပ် လာပြန်သည်။



"ရွာအလယ် လမ်းလေးခွဆုံက ဂေါနားစာရေးကြီး မြင်လိုက် ရသာတဲ့ ... ဟဲ့"

"ဟုတ်မယ် ... ဟုတ်မယ်၊ အဲဒီလူကြီးက အအိပ်အနေ နည်း ပါဘိသနဲ့။ ပြီးတော့ နေ့အခါမယ် ချေးကလေးနဲ့ အေးနေအောင်ဆိုပြီး ချင်ပင်နီအထူကြီးတွေကို အင်္ကျီချုပ်ဝတ်လိုဝတ်၊ ဆောင်းတွင်းခါ မနက် အစောကြီး ချမ်းချမ်းစီးစီးထဲ အင်္ကျီတိုးလုံးကျွတ်နဲ့ ညောင်သောကျောင်း ရေတွင်းမှာ ရေတွေ တဗွမ်းဗွမ်း လောင်းချိုးလိုချိုး၊ အများထက်ထူးပြီး နားချိုပေါက်ချင်တတ်တဲ့ လူကြီးဗျ။ သူမှ တွေ့တာဆိုရင်တော့ ဟုတ်နိုင် လောက်သယ်"

"ရော် ... မင်းကလည်း ကျားကိုက်ပါတယ်ဆိုမှ အပေါက် ကလေးနဲ့လား လုပ်နေပြန်ပါပြီ။ အဲသီ ဂေါနားစာရေးကြီးရဲ့ မျက်လုံး တစ်ဖက်က ဆိတ်မျက်လုံး တပ်ထားရသာတဲ့ဟ။ သီတော့ နာနာဘာဝ ဝိညာဉ်ဘာဝကောင်တွေကို တပ်တပ်အပ်အပ် မြင်ရသာနေမှာပ ...မှတ် လား"

ကျောက်မိုင်းကုမ္ပဏီစာရေးကြီးအဖြစ် အိန္ဒိယမှ ပါလာခဲ့သော ဗိုလ်သည့် ကုလားကြီးသည် ဤရွာကလေး၏ ရွာသူမချစ်နှင့် အကြောင်းပါ ခဲ့၏။ ယနေ့တိုင် ရွာကလေးတွင် ယှဉ်နိုင်သူမပေါ်သေးသည့် ကုလားဆင် ဖြူဖြူးမ အချောအလှကလေး လှခင်နှင့် သားနှေင်းတို့ ပွားစီးခဲ့သည်။

ကျောက်ဆိုဒ်အတွင်း လှည့်လည်စစ်ဆေးရင်း မိုင်းကွဲစင်ရာ ကျောက်စမှန်သဖြင့် ဝဲဖက်မျက်လုံးကို ကျောက်မျက်လုံးဖြင့် အစားထိုး တပ်ထားရသူဖြစ်၏။ ယင်းကိုပင် ဆိတ်မျက်လုံးတပ်ထားပါသည်ဟု စိတ် ကူးယဉ်ခဲ့နေကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေဘုံသာဘုရားကုန်းပေါ်က ဆင်းခဲ့လာသာတဲ့ကွ။ ရွာနီးကိုးပေါက် အားရအောင် လျှောက်သွားပြီးရင်လည်း အဲသီဘုရားကုန်းဆီကိုပဲ ပြန်ပြန်တက်သွားသာပဲတဲ့"

"ရွာခွေးတွေက ဘယ်သွားသေနေကြသာတုံး။ တစ်ကောင်တလေမှတောင် ဟောင်ဖော်မရ၊ ပြူဖော်မရ။ ဘာမဟုတ်တဲ့ တန်ဆောင်မုန်းလပြည့် သူခိုးကြီးညမျိုးကျရင်တော့ ဟိန်းပြ အူပြပါလိမ့်မျာ။ ရွာလုံးကို ဆူလို့၊ ကျွက်ကျွက်ကို လန်လို့။ အခု ... ဘာမှန်းမသိရသေးတဲ့ မဲမဲကောင်ကြီးဆိုသာကျတော့ သင်းတို့အမေ့လင်မို့ အူသံကလေးတောင် တစ်ချက်ကလေးမျှ မကြားရသာလည်း မသိ"

"အေးဟ ... အဲသာတော့ ထူးသယ်။ ရွှေဘုံသာဘုရားကုန်းကသာ ဆင်းလာခဲ့ရိုးမှန်ရင် ဘုရားအခြေမှာနေတဲ့ တောမုဆိုးကိုလေးရဲ့ အမဲလိုက်ခွေးတွေက ဘာလို့မဟောင်၊ မဟိန်းရသာလဲ ... ကဲ ... ရွှေဘာတို့၊ ချိုးပူးတို့၊ ဒိုင်ဗင်တင်လုတို့၊ တာတေကြီးတို့၊ ကျောက်ဘီလူးတို့ဆိုတဲ့ သူ့ရဲ့ခွေးအုပ်က တာကယ်သရဲမင်းရဲစီးတဲ့ ကောင်တွေနော်။

နေ့ခင်းကြောင်တောင်တောင် သူတို့ဝိုင်းတိုက်ရှေ့က ဖြတ်သွားရင် ကြိုးနဲ့ချည်၊ ခြံလှောင်ထားတဲ့ အထဲကကိုပဲ တဝုန်းဝုန်းနဲ့ လုပ်ပြီး မာန်ဖီ ရန်လိုနေတတ်ကြသာ။ ကိုလေးကမှ 'ဟဲ့' လို့တစ်ခွန်း ဝင်မတားခဲ့ရင် ပြီးပဲမပြီးနိုင်ကြတော့ဘူး။ အဲသီလို ခွေးမျိုးတွေက ဟောင်ဖော်တောင်မှ မရဘူးဆိုတော့ရင် အဲသီ မဲမဲကြီးတွေဆိုသာ ကေန္တလူမဟုတ်သာဖြင့် သေချာပေါက်ပဲ"

မည်သို့ပင်ဖြစ်စေ လသာညမျိုး ရောက်ပြီဆိုလျှင် သန်းခေါင်ကျော်လွန်းအားကြီးအထိ မည်သူမျှ မအိပ်နိုင်ကြသေးဘဲ မဲမဲကြီးတွေစောင့်ကြရပြန်သည်။ 'ဘာကောင်ကြီးတွေလဲ။ သရဲကြီးတွေလား။ တစ္ဆေကြီးတွေလား။ ရွာထဲအထိ သူတို့ ဘာဝင်လုပ်ကြတာတဲ့လဲ။ ဘယ်လိုအန္တရာယ်ဆိုးကြီးများ ကြုံကြရဦးမလဲ'။ ရင်မအေးနိုင်ကြ။

တောင်ခြေမှာ ရွာတည်ထားသည်ဖြစ်၍ နေစွယ်ကျိုးနေရောင်ညိုးလျှက် အလင်းချိုလာသည်နှင့် စိမ့်ခနဲ အေးချင်လာသည်။ အေးစက်စက် ထုံမှိုင်းမှိုင်း ဝန်းကျင်သည် ရွာကလေးကို စုပ်မျိုရင်း စိတ်ငယ်စေအောင် သွေးလှန့်ပေးနေသည်သို့ ရှိတော့၏။

"ဟော့ ... ဟော့ ... ကြားပြီးပလား။ ကြားပြီးပလား"

"ဘာတုံး ... ဘာတုံး ... ဘာထူးတုံးဟေ့ ... မောင်ထွန်းအောင်၊ ဖောက်သည်ချစမ်းဦးလဟ"

"လသာညတွေမှာ ရွာထဲဝင်မလာဖြစ်တော့တဲ့ မဲမဲကောင်ကြီးတို့သာ ရွာထိပ်က ညောင်ပင်ကြီးနဲ့ ဇရပ်ကြီးပေါ်မှာ ညလုံးပေါက်ရှိနေကြသတဲ့ဗျား။ ပြီးတော့ ဈေးကုန်းထဲက ဈေးဆိုင်ဈေးတန်းတွေထဲမှာ တစ်ညလုံး ခွေးတိုးဝက်ဝင် လျှောက်သွားနေကြသာတဲ့ဗျ"

"ဟေ ... ဟုတ်ကဲ့လား"

"ကျုပ်တို့ နွားကုန်သည်ဘကြီး ဦးသန်းမောင်ကြီးနဲ့ ပက်ပင်းတိုးခဲ့ရသာတဲ့လေ"

"ဟောဗျာ ... အကျိုးနည်းရောတဲ့လား"

"မင်းတို့လည်း အသိသား။ ဘကြီးဦးသန်းမောင်ဆိုသာ လူကြီးက ရာဇဝင်စဥ္ဆိုးလောက် ဝဖီးနေရတဲ့အထဲ ဆယ့်နှစ်လရာသီလုံး စွပ်ကျယ်အကျႌ ပခုံးပေါ်တင်ပြီး နည်းနည်းကလေး ပူသလေ့၊ အိုက်သလေ့ဆိုသာနဲ့ ရွာပြင်ဇရပ်ကြီးပေါ်မှာ လေတဖြူးဖြူးခံပြီး အိပ်နေတတ်သဲ့ ... အဲဒါ ... သူ့ဝသီလေ။







www.burmeseclassic.com

www.burmeseclassic.com



ဟော ... တစ်ညသားတော့ ဘယ်အချိန်ကတည်းက အိ မောကျသွားလို့ သွားမှန်း မသိလိုက်ဘူးတဲ့။ စိတ်ထဲ သရိုးသရီဖြစ်ပြီး ဖျတ်ခနဲလန့်နိုးလာတော့မှ အသည်းတုန် အူတုန် သေကောင်ပေါင်းထဲ ကိစ္စကြီးနဲ့ တည့်တည့် တန်းတိုးပါလေရောတဲ့”

“အင်း ... အင်း ... ဘာဖြစ်လို့တဲ့တုံး”

“ဟ ... ဘာဖြစ်ရမှာတုံး၊ သူအိပ်နေတဲ့ ဇရပ်ကြီးပေါ် ခပ်လှမ်းလှမ်းမှာ အကောင်မဲမဲကြီးသုံးကောင်က ဇရပ်ခါးပန်းကို ခြေတွဲလောင်းချလို့ အကျအနကြီးတွေ ထိုင်နေကြသတဲ့ဗျ။ ပြီးတော့ ... ရွာဘက်ကို မျှော်ကြည့်လို့တဲ့”

“အံမာလေး ... လေး .. အသည်းထိတ်စရာကြီးပါလား ... ဟောကောင်ရာ။ ဘကြီးဦးသန်းမောင်မို့လို့သာပဲ ငါသာ သူ့နေရာမှာ ရင် ချက်ချင်း ဖွတ်ခနဲ အသက်ထွက်သွားမယ်နဲ့တူရဲ့ ... ဟီး ... ဟီး ... ဟီး”

“နေပါဦး ... ဇွေအရင်ရွာထဲ ဝင်ကြသယ်ဆိုတုန်းက အကော မဲမဲကြီးနဲ့ မဲမဲအကောင်လေးတွင်ပဲဆို။ အခုမှ ... ဘယ့်နှယ် ... နောက်ထပ်တစ်ကောင်က ထပ်တိုးလာပြန်သာတုံး”

“သိနိုင်ဘူးလေကွာ။ ငါက သရဲတစ္ဆေတွေ စာရင်းကော ထားသာမှ မဟုတ်တဲ့ဟာ။ ဘကြီးဦးသန်းမောင်ပြောတာကိုပဲ ပြန်ပြော ရသာကိုး”

“ဒုက္ခပါပဲကွာ။ ဒါကြီးတွေ ဟိုမှာတွေ့လိုက်၊ ဒီမှာပေါ်လိုက် တော့ တို့ရွာ ဘာဖြစ်ဦးမလဲ မသိနိုင်ဘူး။ ဟူး ...”

စိတ်ပူစိတ်မော၍ ဘာမျှမကြာလိုက်။ ဖြူန်းစားဒိုင်း သောကကြုံစရာ အရေးအခင်းက ဝုန်းခနဲ ပေါ်လာသည်။ ကြ



ချောင်းဆိုးတဲ့။ နို့စို့အရွယ် လသားအရွယ်မှ လေးငါးခြောက်နှစ်သားသား အရွယ်ကလေးငယ်များ ကပ်ဘေးကြီးသင့်လာ၏။

ဟိုက ကူးခဲ့သလိုလို၊ သည်က ကူးခဲ့သလိုလို။ ဘာရယ်လည်း ညွှန်မည်ရရ အကြောင်းခြင်းရာ ရှာမတွေ့။ သူငယ်ကလေးတို့၏ ချောင်း ခြောက်ဆိုးသံ တဟွတ်ဟွတ်တွေကသာ တစ်ရွာလုံး၏ ရင်နှလုံးကို ဖိစီး နှိပ်နယ်လျက်ရှိ၏။

အဘိုးကြီးဘိုးလွန်း၊ အရီးလေးမမယ်တင်၏သား ကျော်ဝင်းက လေးက အဦးဆုံး ပျက်စီးခဲ့သည်။ သည်အခါတွင်းတွင် သက်နိုးဆည်းဖို့ အကျအန စီစဉ်ထားကြပြီးဖြစ်သည့် ရှင်လောင်းကလေးမို့ မိသားစုများ မှာ အသည်းကြွေဘိသို့ ခံစားလိုက်ကြရသည့်ထင်။ အုန်းခနဲ ထပွက် လောရိုက်လိုက်ကြသည့် ခုနစ်သံချီ ငိုသံကျယ်ကြီးများက ရွာကလေးကို ခေါင်းနားပန်းကြီးသွားစေတော့သည်။

ပြီးနောက် ဟောတစ်ယောက်၊ ဟောတစ်ယောက် ဆက်တိုက် ကျိုးလိုသလိုပင် ကြက်ညှာချောင်းဆိုး ရောဂါဒဏ်ဖြင့် ပန်းဖူးပန်းငုံက လေးများ တဖြုတ်ဖြုတ် ကြွေလွင့်ခဲ့ကြရှာ၏။ လှလွန်းခွေး၊ မိညွှက်ကလေး၊ အိတုတ်၊ ငပိန်၊ ဖိုးသာအောင်၊ ပြူးကျယ် ... စသည် ... စသည်။

“သေချာပါပြီကွာ ... နာနာဘာဝကောင်တွေ စားစရာမရှိလို့ လာတောင်းတာနေမှာပေါ့။ အဲဒီရက်တွေတုန်းကတည်းက ရွာလယ် လယ်ခွဲဆုံမှာရော၊ ရွှေဘုံသာဘုရားကုန်းမှာရော၊ ရွာဦးထိပ်က ညောင် ပင်ကြီးနဲ့ ဇရပ်မှာပါ၊ အန္တရာယ်ကင်းပရိတ်ရွတ်၊ ကမ္မဝါညပ်ပြီး တော ထုတ်ပစ်ခဲ့ကြရမှာ။ တို့တွေကိုက အတွေးအခေါ်များ လွဲပါတယ်၊ ပေါ့ တယ်။ ငါတို့အသုံးမကျလို့ ငါတို့ကလေးတွေ တစ္ဆေသရဲစာဖြစ်ကုန်ရကြ ရှာသာ။ ငါတို့လူကြီးတွေ အပြစ်ပဲ”

သူကြီးဘော်နှင့် ဈေးကုန်းထဲမှ အဘိုး ဘိုးသံချောင်းတို့ မျက်ရည်တုတ်တုတ်ရွှဲရွှဲကျသည်ကို မမြင်ဖူးကြသည့် ရွာကလေးခများ အံ့အားကြီးသင့်လျက် ရင်ကွဲကြရသည်။ ရွာလုံးပတ်လည် ပရိတ်ကြိုးရွှတ်ဆ အာဋာနာဋိယသုတ်တော်ကြီးကို ရဟန်းသံဃာများ ဌာန်ကရိုဏ်းကျ ရွတ်ဖတ်လျက် အာဏာတော်ကြားသည်။ ပရိတ်ရေ ပရိတ်သဲများဖြ ရွာရိပ်ဝန်းကျင်အနှံ့ သင်္ချိုင်းမြေအစပ်အထိ ဒုတ်ဒုတ်ထိ ကြဲကြ ကြ။

ယင်းလုပ်ရပ်ကိုင်ခင်းများကပင် ဟန်ကျလေသလား၊ ကျော ဆေးထိုးဆရာ မောင်ကိုကြီးနှင့် ကျေးလက်ကျန်းမာရေးဆရာမ ဒေါ်ကြ ကြည်ညွန့်တို့၏ ကိုယ်ဖိရင်ဖိ ကြပ်မကုသမှုများကပင် အရာရောက်သွ လေသလား မသိ၊ ဖျက်စီး ပါးမှုများ ရပ်တန့်သွားသည်။ တဖြည်းဖြ ရောဂါကို နိုင်သော၏။ ယခု ဟင်းချနိုင်ကြတော့သည်။

သို့တိုင် ရွာထဲဝင်ခဲ့၊ ရွာဇရပ်ကြီးပေါ် စတည်းချခဲ့၊ ရွာ ကလေးထဲ တဝဲလည်လည် လှည့်လည်ခဲ့ဖူးသော မဲမဲအကောင်ကြီး ကောင်အကြောင်းကိုမူ မည်သူမျှ မည်သို့မျှ မေ့၍မရ။

❀ ❀ ❀

[ ၁၄ ]

❑

မှတ်မှတ်ရရ ရွာကို ကန့်လန့်ဖြတ်ဒရွတ်ဆွဲ ပျံသွားသည့် ငှက် ...တစ်ကောင်က စူးစူးကြီးအော်လျက် နိမိတ်ဆိုးပေးခဲ့ပြီးသည့်ည၏ ...ာက်တစ်ရက် ညကြီးမင်းကြီး၌ တစ်ရွာလုံးက ချစ်ကြခင်ကြ သံယောဇဉ် ...ကြသည့် ပေါ်တောတော၊ ပြုံးပြောင်ပြောင်၊ ဗလွတ်ရွတ်တကြီး ဦးချစ် ...ွတစ်ယောက် သရဲစီးသလိုလို၊ တစ္ဆေပါသလိုလို၊ စုန်းပူးလိုလိုနှင့် ...ကြီး ကွယ်လွန်ခဲ့သည်။

ငှက်စုန်းတစ်ကောင်၏ အော်သံကြောင့် ဤမျှအထိ ဖြစ်ရလေ ...ဟုကား တံသေကံမဉပါဒ်၍ မရသည်အမှန်။ သို့ပေသော်မှ သည် ...ကောင် ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်ရပ်ရွာအပေါ်က ငိုးခနဲ ဂီးခနဲ ဖြတ် ...သွားလျှင်ဖြင့် မင်္ဂလာမရှိဘူး၊ သည်လောက်မျှ မကချင်။ 'ဘာတွေ ...ဖြစ်လာဦးမလဲ' ဟူသည့် စိုးတထိတ်ထိတ် ချောက်ချားမှုများ တဖွား

www.burmeseclassic.com



ဖွား ဂုန်တက်လာလျက် စိတ်ညှိုးစိတ်ငယ် ပူပုံပန်းကြုံနေကြချိန်တွင် မမျှော်လင့်ဘဲ ဤအဖြစ်ဆိုးကြီးကို ကြုံလိုက်ကြရခြင်းဖြစ်၏။

ထိုညက တော်သလင်းလပြည့်နေ့ည။

နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲ ရွာလယ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးည။ နှစ်ဦးနှစ်ဖျား အတာကူးပြီးကတည်းက သီတင်းကျွတ် အကြို သည်ဘုရားပွဲရက်ရောက်ဖို့ ခြစ်ခြစ်ကုပ်ကုပ် စုဆောင်းသို လျက် မျှော်တလင့်လင့် လုပ်ခဲ့ရ၊ ညှိုမြလုပ်ခဲ့ရသည့် ပွဲခင်းသာည။

ရွာလယ်ဘုရားကြီး တံတိုင်းဘေးကပ်လျက်က ဘိုးပြားတို ကြီးတော် မမယ်မတို့ ဝိုင်းတိုက်အကျယ်ကြီးထဲ၌ မန္တလေးတစ်ခွင် လွှ နာမည်ကြီးနေသည့် ရတနာပုံအငြိမ့် မိုးအလင်းက,သည်။ သုံးရက်သုံးည

ရွာအလယ်လမ်းလေးခွဆုံမှာ ကိုရေးစီစဉ်သည့် ဓာတ်ရှင်ကား ကချည်း သုံးကားပေါင်း ရုံ အလင်းပြလေသေး၏။ ရွှေဘကားတွေချည်း 'ဗိုလ်ရွှေဘ'၊ 'မိုက်ကြေးမိုက်ပြစ်'၊ 'မင်းအာဏာ'၊ 'ဝရမ်းပြေးဘိုးသိန်း' 'လောကခံစစ်ပွဲ'တဲ့၊ ကောင်းမှကောင်း။

ဘဲလင်းကျေးရွာအုပ်စုက 'ဗဒါကုန်း' အပါအဝင် ရွာရံဆယ် လေးငါးရွာဖြင့် အပြန့်ကျယ်လှသည်မို့ ရွာဘုရားပွဲကို လာလိုက်ကြသည့် တောလူည်းတွေ၊ ပွဲကြည့်တွေ ကြိတ်ကြိတ်တိုး။ စည်ချက် ကြီးလှ ရွာထဲတွင်ကော၊ ဈေးကုန်းဘက်မှာပါ လှည်းတွေ၊ လူတွေချည်း။ ဈေး ကြီးကလည်း ရွာလယ်လမ်းမကြီး ဘေးဝဲယာမှသည် ရွာဦးညောင် ရိပ်ဝန်း ဇရပ်ကြီးပတ်ချာလည်အထိ ကျောချင်းကပ် ဖင်ချင်းဆိုင် ကျပ်ညပ်ပိတ်သိပ်နေ၏။ ခါတော်မီ အိမ်လုပ်မုန့်ကလေးများကို ခင်း ရောင်းကြသည့် တောသည်ကလေးများကမူ ရေကန်ကြီးဘေးမှာ စီတ လို့။





ဘုန်းကြီးကျောင်းဝင်းများ၌ ရွာနီးချုပ်စပ်မှ သံဃာပရိသတ်က ပြည့်။

အဖိတ်နေ့ကတည်းက ပွဲဝင်ခဲ့ခြင်းဖြစ်ရာ ဦးချစ်ဆွေကြီးဆုံး သည့်ညက ပွဲလယ် ည။ ပွဲခင်းကြီးလွှတ်စည်သဲသည့် ည။ လူတွေလူတွေ ရ၊ ဇာမရ၊ ပြွတ်သိပ်ထိုးကြိတ်ခဲနေသည့် ည။ ဖုန်တသောသော ဓာတ်လုံးလုံးဖြင့် ပျော်ဖွယ်ကောင်းလွန်းနေသည့် ည။ ဘာမှန်းညာမှန်း ဆသိရဘဲ လူ့ပဒေသာပင်သီးလျက် သောသောညံနေသည့် ည။

ဦးချစ်ဆွေကြီးနှင့် ရွာခေါ် ကိုမုန်းတို့ ဟိုပြေးသည်ပြေး၊ ဘက်တိုမယ်စတွေဖြင့် အလုပ်များနေခဲ့ကြသည်ကို ဘုရားဂေါပက နှင့် လူရင်းများက သိသိမှတ်မှတ် မြင်ခဲ့ကြရသည်။ ရုတ်တရက်ကြီး ဘက်ကာ‌ငင်ကာ ပြဿနာတက်မလာမီကလေးက ဘုရားကြီးဂန္ဓကုဋီ ချွံတန်ဆောင်းကြီးထဲမှသည့် အငြိမ့်စင်ဆီ ပြေးသွားခဲ့ခြင်းဖြစ်၏။ ဒင်ပေါ်ကျောင်းဆရာတော်ဘုန်းကြီး တရုတ်ကိုယ်တိုင်ရေးသည့် တေး တစ်ပုဒ်ကို ခေါင်းဆောင်မင်းသမီးသီဆိုစေဖို့ သွားပို့ပေးခဲ့ခြင်းတဲ့။

"ချစ်ဆွေကြီးရေ . . . ရော့ . . . ဟောဒီ ဘုရားကြီးဘွဲ့တေးထပ် လေးကို လူပြက်ရန်အောင်ကြီးလက်ထဲ ပြေးပို့ချေစမ်း။ ဒီအကတစ်ပိုဒ် ... ခေါင်းဆောင်မင်းသမီးကို အဆိုခိုင်းပေးပါလို့။ လူပြက်တွေက ... ပွဲနဲ့ ဆိုင်ရာဆိုင်ရာပရိကံ ပြောကြပေလေ့စီလို့၊ မင်းတို့ဟာ ဖေတော့ ... င်တော့ ပြက်လုံးတွေက များလှပေါ့။ ဘုရားပွဲကျောင်းပွဲနဲ့ တူတန် ... င်လည်း အလုပ်လုပ်ကြဦးလို့ သေသေချာချာပြောခဲ့ချေ။ ကြားလား"

"တင့်ပါ ဘုရား"

စွတ်ခနဲ အသော့ကလေး သုတ်ခြေတင်ခဲ့ရ၏။ သို့မဟုတ်လျှင် ... ည်း ဘုန်းကြီးတရုတ်က မလွှယ်။ သူ့စကားနောက်မှ ကပ်လျက် သူ့



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်တုတ်ကြီးက ထက်ကြပ်မကွာ ဗွေ့ခနဲ ဖဲခနဲ ပါလာလေ့ရှိပြီ အလွန်မြန်။

မင်းသမီး၏ ထပ်ကြော့သီချင်းပိုဒ်က ဆုံးတော့မည်၊ တစ်ကြော့ဝင်၍ တစ်ချီတစ်လောကပြီးလျှင် လူပြက်တွေ ပြက်လုံး ကြတော့မည်။ ရန်အောင်ကြီးဇာတ်သေတ္တာပေါ် ငုတ်တုတ်ကလေး ဆေးပေါ့လိပ်ဖွာ၊ စည်းစိမ်ခံနေသခိုက် မှီအောင်ပေးမှဖြစ်မည်။ သို့ လျှင် ...

"ဟော့ ... ဟော့လူတွေ ... နည်းနည်းဘေးကို ဖယ်ပေး ဦးဟ။ ဒီ ... ဒီမှာ ... အရေးကြီးနေလို့"

"ဝေး ... ဝေး ... နည်းနည်းဗျာ ... နည်းနည်း။ အ ဆီကို ဘုန်းကြီးတရုတ်က စာပေးခိုင်းလိုက်လို့ ... ဝေး ... ဝေ

"ဟိုး ... ဟိုးထား ... လမ်းကလေးတိမ်းပေးကြပါဦး ဟကောင်တွေရ"

မည်သို့အသံပြုပြု တိုး၍မပေါက်။

ကြပ်ပိတ်သိပ်နေသည့် လူအုပ်ကို ရှောင်၍ ပွဲကြည့်စင် နောက်၊ လှည်းဝိုင်းကြီးဘေးနားမှ ကွေ့ပတ်၍သွားရန် စိတ်ကူး သည်။ သို့ဖြင့် နီးရာ ပွဲကြည့်စင်အကြိုအကြားမှ တိုးဝှေ့ဖြတ်လွှ ခဲ့လျက် လှည်းဝိုင်းကြီးဆီ ခြေဦးတည်လိုက်၏။ ကုန်းကုန်းကွကွ ကွေ့ကောက်ကောက်ဖြင့် လှည်းဝိုင်းကြားမှ သည်ဇာတ်စင်နံလေး အ ရိပ်အတွင်းသို့ ဖြည်းဖြည်းဖြည်းဖြည်း ရောက်သွားသည်။

"ဟူး ... တော်သေးရဲ့။ အခုမှပဲ အသက်ရှူရချောင် တယ်။ ငါ့နှယ် ... ဒီလောက် ပွဲခင်းစည်သာမျိုး ကြုံမကြုံဖူးပေါင် ချီးတဲ့မှ"



ပုဆိုးပြင်ဆည်း၊ မွေးပွသဘက်စောင်ဖြင့် မျက်နှာပေါ်က ချွေး တွေကို သုတ်ချ။

"ဟင် ... ဘာ ... ဘာတွေပါလိမ့်မလဲ။ စောင်ကြီးတွေခြုံပြီး အမောကြီး ရပ်နေလိုက်ကြသာ။ ပွဲခင်းထဲ ဝင်မကြည့်ဘဲ မှောင်ကြီးမဲ တောထဲက အငြိမ့်စင်ကို မျှော်ကြည့်လို့။ ဘာများ လုပ်ကြမလို့ပါလိမ့်။ တော့ မသူတော်တွေများလား။ တစ်ခုခုကို ခိုးကြောင်ခိုးဝှက်လုပ်ဖို့ ကြံနေကြလေသလား"

လှိုက်ခနဲ ထိတ်သွားလိုက်ရုံမျှမက သရိုးသရီလည်း ဖြစ်ချင်လာ သည်။

နှယ်စုံလူစုံက လာကြခြင်းဖြစ်၍ လူကောင်းလည်း ပါမည်။ လူဆိုးလည်း ပါမည်။ မျက်နှာမှာ ထုံးတို့မှတ်ထားခြင်း မဟုတ်၍လည်း ညည်သူက လူဆိုးသူခိုး၊ မည်သူက မသူတော်ဟု လွယ်လွယ်မသိနိုင်။ သို့တိုင် အမှောင်ကြိုက်မှုဖြင့် လူမိုက်မည်သည်ပ။

"ဟော့ ... လူတွေ ... စောင်ခြုံကြီးတွေနဲ့ ဇာတ်စင်နောက် မှောင်ကြီးမဲတောထဲမှာ ဘာလုပ်နေကြသာတုံး ... ဟိန်"

စိတ်ဆောင်နေ၍ထင့်။ သူ့လာရင်းကိစ္စကို မေ့၍ သည်မိုးတိုး ထက်တက်ကြီး၊ စောင်ခြုံကြီးတွေကိစ္စ၌ အာရုံဝင်သွားမိရသည်။ ပြော ပြောဆွဲဆွဲ သူတို့ကိုယ်ပေါ်က အညာစောင်အကွက်ကြားကြီးကို အရ ဆီ လှမ်းဆွဲလိုက်၏။

"ဟင် ... အမလေး"

နှလုံးသွေးရပ်မတတ်။

မျက်စိမျက်ဆံ ပြောင်ပြူးပြူး နှစ်လုံးစီမှလွဲ၍ မဲချိတ်နေသည့် မျက်နှာတွင် ဆံပင် စုတ်တိစုတ်ဖွားနှင့် သတ္တဝါထီးတစ်ကောင်၊ သတ္တဝါမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်၊ ပြီးလျှင် သူတို့လို သတ္တဝါငယ် မိုးတိုးမတ်တတ်က... တစ်ကောင်။

သူ့နည်းအတူ သူတို့တွေလည်း ရုတ်တရက်သားဖြင့် လန့်... ကြပုံပေါ်၏။ ခေတ္တမျှကြောင်၍ မှင်သက်မိနေကြပြီးသည့်နောက် ဝုန်း... ထွက်ပြေးသွားကြတော့သည်။

"ဟင် ... ဟင် ... မင်း ... မင်းတို့ ... လာ ... လာ... ပါဦး ... အား ... အား ... အား ..."

ဦးချစ်ဆွေကြီး၏ ထိတ်လန့်တကြားအော်သံ၊ တဝုန်းဝုန်း ... ကြလွှားကြသည့် ခြေသံများကြောင့် အငြိမ့်စင်မှ ဆိုင်းသံ၊ ပုံသံ၊ သီ... သံများ တိတ်သွား၏။ ရုတ်ခြည်း ငြိမ်ကျသွားသည်။

"ဘာလဲ ... ဘာလဲ ... ဘာဖြစ်တာလဲ"

"ရန်ပွဲလား၊ ရန်ဖြစ်ကြတာလား။ အခဲမကျေနိုင်ကြသေး... ရှမ်းကန်နဲ့ စွန်ရဲသားတွေ ဓားသရမ်းကြပြန်ပလား"

"ထကြ ... ထကြစမ်းဟဲ့ ... လူအုပ်မကွဲစေနဲ့၊ လက်... ထား။ ကလေးတွေ ခါးထစ်ခွင်ထား။ ထွက် ... ထွက် ... တို့... ကြတော့။ ဘာဖြစ်မှန်းမသိလိုက်ရဘဲ ဒုက္ခများကုန်ကြလိမ့်မယ်"

ပွဲခင်းသည် မြုန်းစားကြီး ရုတ်ပွရုတ်ပွဖြစ်လာ၏။ သဲသဲ... ရုတ် အုတ်အုတ်ကျက်ကျက်ဖြစ်လျက် ဟိုသည်ပြေးလွှား ရုန်းရင်း... ခတ် ပွဲပျက်လေပြီ။

ဦးချစ်ဆွေကြီးကား သူလဲကျနေသည့် နေရာ၌ပင် အမြှုပ်... တစီစီနှင့် ဖက်ကြိုးနေချေပြီ။ သူ နောက်ဆုံးပြောနိုင်ခဲ့သည်ကား ...

"သူ ... သူ ... သူတို့ ... ဝင် ... ဝင် ... ဝင်လာ... ကြတာ"





ဟူ၏တည်း။

ဘယ်သူတွေလဲ။

ဘယ်ကလဲ။

ဘယ်ကို ဝင်လာကြတာလဲ။

ဘာလုပ်ဖို့လဲ။

အကြောင်းရှာရင်း သွက်ချာပါတော လည်စေအောင် ဖန်ခဲ့... သာ စကားများဖြစ်၏။ ဦးချစ်ဆွေကြီး၏အော်သံကို စတင်ကြားမိခဲ့... ပြီသူတို့ကမူ ...

"သူ့အော်သံကြီး မဆုံးသေးခင် ဗုန်းဒိုင်း ... ဗုန်းဒိုင်းနဲ့ ...လယ်ဘုရားကြီး တံတိုင်းဘေးကနေ ထွက်ပြေးသွားတဲ့ ခြေသံတွေ ...ကို ကြားရတယ်။ နှစ်ယောက်သုံးယောက်ပဲ။ ဘယ်သူတွေလဲတော့ မသိ ...လိုက်ဘူး"

ဟု မရေမရာ ပြောကြသည်။

ရွာအနောက်ဖက် စည်းရိုးတံခါးပေါက်အနီး လေးတိုင်စင်ကင်း ...ပေါ်၌ မှူးမှူးနှင့် အိပ်ပျော်နေခဲ့ကြသည့် မြစ်နှင့် ဒေါင်းညိုလေးတို့က ... ...

"မဲမဲကြီးတွေပဲဗျာ။ ရွာလယ်လမ်းအတိုင်း တဖုန်းဖုန်း ပြေး ...လာကြသာ။ မြန်ချက်ကတော့ လှစ်ခနဲ ပျောက်သွားသာပဲ။ နည်းတဲ့ ...ကောင်ကြီးတွေ မှုတ်ဘူး"

ဟု ဖောက်တီဖောက်ထိုးနှင့် ပြောဖော်ရကြသေး။

သည့်လိုနှင့် ....

"ဗဒါကုန်းထဲကို သရဲဝင်လို့တဲ့။ တောကောင်တွေ ရွာထဲအထိ ...ဝင်ကြည့်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော မထော်မနန်း ဟန်းကောသတင်းကြီးနှင့်အတူ မွှဲ လည်းပျက်၊ နောက်တစ်ညပင် မဆက်နိုင်တော့ဘဲ ရွာကလေးမှာ ကျိုးနွံ ဖုတ်ဖုတ် ကျန်ရစ်ခဲ့လေ၏။

စုန်းစုန်းနစ်ပျောက်နေခဲ့ပြီထင်သော ခဲမဲကြီးသုံးကောင်သည် ရွာကလေး၌ တစ်ကြော့ အရာကျယ်လာပြန်လျက်၊ တစ်ဖန်ပြန်၍ သွေး လှန့်လာခဲ့ပြန်ပြီဖြစ်သည်။

ပြောစမှတ်တွင်စရာ ဖြစ်ခဲ့ရသည်ကား ဦးချစ်ဆွေကြီးမှ ရက် မလည်သေးခင် အငြိမ့်သွင်းခဲ့သည့် ဝိုင်းတိုက်ပိုင်ရှင်ကြီးတော် မမယ်မ၏ ယောက်ျား၏ ဘိုးပြားကြီးတစ်ယောက် 'မူးတယ် ... မူးတယ်' ဟု ညည်းလျက် လဲကျသွားရာမှ သတိပြန်မလည်လာတော့ဘဲ ပျက်စီးခဲ့ ပြန်ခြင်းဖြစ်၏။

"တစ္ဆေသရဲတွေ ရွာထဲအထိ ဒုတ်ဒုတ်ထိဝင်ပြီး အစာရှာပြီဆို မှဖြင့် ဘယ်လာကောင်းတော့မှာတုံးကွာ။ ဒီပုံအတိုင်းဆို ရွေ့ပျောက် ရွာပျက်ဖို့ပဲ ရှိတော့တယ်။ လခွီးတဲ့မှ ...။ ထွန်းပိုင်ဆိုတဲ့ ပြိုမ္ဘာ့ကောင် မဟုတ်တရုတ် ဗရုတ်သုတ်ခတွေ လျှောက်လုပ်ပြီးကတည်းက ရွာလည်း သန္တေပျက်တော့သာပဲ။ ဘာပဲဖြစ်ဖြစ်၊ အဲဒီမသာကောင်ကိုသာ သင်းယင်း တိုက်ထဲက ဆွဲထုတ်ပြီး နှပ်နှပ်စင်းပစ်ဖို့ ကောင်းတော့သဟ"

နောက်ဆုံးတော့ သည်အတိုင်း နုံရင်းပဲ ပြန်ရောက်သည်။

သာယာသော၊ အေးချမ်းသော၊ အပူအပင်ကင်းခဲ့သော ရွာက လေး၏ တည်ငြိမ်မှုကို ဂလုံဆန်အောင် မွှေခဲ့၊ နှောက်ခဲ့၊ ဒုက္ခပေးခဲ့သူ သည် ထွန်းပိုင်ပဲတဲ့။

ထွန်းပိုင်ပဲ တရားခံဖြစ်ရပြန်တော့၏။

✿ ✿ ✿

[ ၁၅ ]

ခက်တော့လည်း ခက်သား။

လွှတ်ပြောရကျပ်တဲ့ ကိစ္စမျိုးချည်းကိုး ဗျ။

အင်း ... ဟုတ်တယ်။ ထွန်းပိုင်တို့ရဲ့ ကျိန်စာဆိုတဲ့ ကိစ္စကြီး ပြောတာ။ ဘယ်ခေတ်၊ ဘယ်အခါ၊ ဘယ်သူဘယ်ဝါက ဘာကြောင့် ...လိုရေးသားခဲ့မှန်းမသိရတဲ့ အဲသည့် ကျမ်းထုပ်နီနီကလေးထဲက ...စာဆိုသဟာကြီးက ထွန်းပိုင်တို့ သူ့အမေ ဒေါ်လှကြီးတို့တင်မက ...ဘဲ တစ်နွယ်ငင် တစ်စင်ငြိ ကျွဲကူးရေပါ ကျုပ်တို့တစ်ရွာလုံးအထိ ...တွင်းမလွှတ်နိုင်ဘဲ အပူတိုက်ခန်း လာကြုံနေရသာဟာဖြင့် အောင့် ...အောင့်သက် နိုင်လွန်းလှသဗျာ။

အဲသည့်ကျိန်စာဆိုသာကြီးက အဲသလောက် စွမ်းသလား ...တ်သလား။ ဘကြီးဦးပေါ်အိုင်ကြီးရှေ့က တိုင်ပေးရွတ်ဖတ်ပေးသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကြက်တူရွေးစကားသင် တစ်ခွန်းတစ်ပါဒမကျန် လိုက်ဆိုရုံကလေး
သင်းကြီးက ရူးတော့၊ ရူတော့သာပဲလား။

ဟုတ်ပါတယ် . . . ဟုတ်ပါတယ်။ ကျုပ်လည်းသိ၊ လက်လ
လက်ခံပါရဲ့။ ကျမ်းက ရူးသာမှုတ်ဘူး။ သူတို့ဆောက်တည်တဲ့ သ
စကားက ပြန်ရူးတာ။ ဘယ်သူဘယ်သူကမျှ ဒဏ်ခံပေရော့လို့
စီရင်ဖန်တီးလိုက်သာ မှုတ်ဘူး။ သစ္စာမတည်တဲ့ သစ္စာဖြောက်
ညိုးတဲ့ခွေတဲ့အတွက် ကိုယ့်လိပ်ပြာက ကိုယ့်ပြန်ခြောက်ပြီး ကိုယ့်တ
ကိုယ်စီရင်သာဆိုတာကိုလေ။

အဲ . . . နို့ပေသိ။ အဲသလိုပဲ ထားလိုက်ပါဦး။

ထွန်းပိုင်တို့ ဒေါ်လှကြီးတို့နဲ့ပဲ ဆိုင်တဲ့ကျိန်စာက ဘာလို့
ကျုပ်တို့ရွာကလေးထဲကို လုံးချာပတ်လည်ဝင်ပြီး ငြိုးဖွဲ့ဖြေနေရသာ
ကျုပ်တို့နဲ့ ဘာဆိုင်တုံး။ ကျုပ်က အဲသာကြီးရဲ့အဖြေကို လွှတ်သိချင်
သာ။ ရင်ထဲမှာ လိပ်ခဲတည်းလည်းနဲ့ ကြေကို မကြေလည်နိုင်ဘူး။
စခုကြီး။ စဉ်းစားကြည့်လေလေ၊ မွန်းကြပ်လာလေလေပဲ။

အင်း . . . ကျုပ်ကပဲ မက်မက်စက်စက် တမ်းတလွမ်းလို့
ကံတရားကပဲ သူ့အလိုလို အကြောင်းဖန်လာလေသလား၊ မပြော
တော့ပါဘူး။

ထွန်းပိုင်နဲ့ သူ့ရဲ့ ကျိန်စာဆိုးကြီး အပြီးတိုင် နိဂုံးချုပ်ဖို့က
ကြုံလာခဲ့ရတော့တယ်။ ဟုတ်ပ . . .။ ဦးချစ်ခွေကြီးနဲ့ အဘိုး
ဦးဘိုးပြားတို့ ဘုရားပွဲမှာ ရွှေမန်းကျော်အောင်နဲ့ ရွှေနန်းတင်၊ ကြည်
အပြိုင်ဝင်လို့ ရွာလုံးကျွတ်နီးနီး ပွဲသွားငမ်းကြတဲ့ ညကြီးလေ။

ရွာထဲမှာ သက်ကြီးရွယ်အို၊ မမာသည်နဲ့ ခြေစောင့်လက်စောင့်
ကျီးစောင့်ကြက်နှင်ဆိုသလောက် လူကြီးပိုင်းရယ်၊ ငပွေးတို့၊ ကံရှင်





ဗိုလ်ဝဲတို့၊ ညိုရှောင်တို့၊ ဖိုးနဲအုပ်တွေလောက်ပဲ ကျန်ခဲ့ကြတဲ့ညပေါ့။
ခြေနိုင်လက်နိုင် လုပ်နိုင်ကိုင်နိုင်သူတွေက နှစ်ဆယ်၊ အစိတ် မပြည့်ချင်
ဘူး။ အားကိုးရာဖြင့် ရှိပါသေးသကောလို့ ရမယ်ချကောင်းရုံပဲ ကျန်ရစ်
ခဲ့တယ် ဆိုကြပါစို့ရဲ့။

အဲ . . . အဲသည်ညမှာပဲ မနက်လင်းအားကြီး သုံးနာရီထိုး
လောက်အချိန်ကြီးမှာ မီးကြီးလောင်တယ်။ ရွာတည်စဦးကတည်းက ဒီ
လောက်မီးကြီးကြီး မခံဖူးသေးတဲ့ရွာဟာ ရွာလုံးကျွတ်ကရော။ တံစက်
မြိတ်ချင်းဆက်နေတဲ့ ကုပ်ကိုင်းကိုင်း သက်ငယ်တဲကလေးတွေ၊ အိမ်အို
အိမ်စုတ်ကလေးတွေတင် ကပါရိုးလား၊ ကိုဟန်တင်ကြီးတို့၊ ဖိုးချစ်ထွန်း
တို့၊ ကျောင်းဆရာ ကိုရင်အောင်သန်းကြီးတို့၊ ဘကြီးတော်တို့ရဲ့ အိမ်ကြီး
အိမ်ကောင်းတွေလည်း ပြာဖြစ်ကုန်သာပဲ။ ရွာစည်းခရိုးနဲ့ ကပ်နေတဲ့
ရွာတော်ရှင်နတ်ကွန်းလည်း အောက်ခံကွန်ကရစ်ခုံပဲ ကျန်တယ်။ တစ်ရွာ
လုံး တက်တက်ကို ပြောင်ကရော့။

ဆယ့်လေး၊ ငါးပေသာသာ လှည်းလမ်းကူးကလေးပဲ ခြားတဲ့
တောင်ဦးရွာမြောက်ဖျားက အိမ်,လေး ငါးခြောက်လုံးတောင်မှ အဆစ်ပါ
သွားခဲ့သေး။

လောင်ချက်တော့ ရက်စက်သယ်။

ဘယ်သူမှ အနားမကပ်နိုင်ဘူး။ ကုန်ချင် ကုန်ပလေ့စေတော့
လို့ သည်အတိုင်း ငုတ်တုတ်ပစ်ကြီးနဲ့ကို လက်မှိုင်ချပြီး ထိုင်ကြည့်နေခဲ့
ရတော့သာ။ နော့ . . . မီးက ကြီးရတဲ့အထဲ လေက တဟူးဟူးနဲ့ကိုး။

လှသောင်တို့၊ လှမောင်တို့အမေ ကြီးတော်ဒေါ်မြဒန်ကြီးက
အောစောစီးစီး အခါရပြီး ဝက်စာထကျိုသတဲ့လေ။ အဲ . . . အဲသည်ကနေ



www.burmeseclassic.com

www.burmeseclassic.com



မီးပွားတွေလွင့်ပြီး သူ့အိမ်ရှေ့က နှမ်းတလင်းထဲက နှမ်းရိုးခြောက်တွေကို မီးစွဲကရော။ အညာထုံးစံအတိုင်း လင်းအားကြီး မနက်စောစောဆိုသာ လေရူးက တအားမြူးတတ်သဲ့ဟာ။

ရွာကို မီးပုံတိုက်လိုက်တဲ့အတိုင်းပဲ။ တားမနိုင်၊ ဆီးမရ ရှိတ်ခနဲ ရှိတ်ခနဲ ကူးသွားလိုက်တဲ့ မီးဟာ ဘီလူးကြီး သဘက်ကြီးထစ်ကောင် ကြည့်ရင်းကြည့်ရင်း ကြီးကြီးထွားထွားလာသလို ဟုန်းဟုန်းတောက်လို့။ တကယ့်တကယ် လောင်ချိန်ကျမ်းချိန်က တစ်နာရီတောင် မရှိလိုက်ချင်ဘူး။ တစ်ရွာလုံး ပြာကျသွားတော့သာ။

ဟုတ်သယ် ...။ လောင်စရာမရှိတော့လို့ လောင်စာကုန်သွားလို့ မီးက သေသွားသာ။ ဘယ် ... ဘယ်သူမှ အားကြိုးခနဲ့ ငြိမ်းနိုင်သတ်နိုင်ခဲ့သာမှ မဟုတ်ဘဲ။ ငြိမ်းမယ့်လူလည်း မရှိဘူး။ ငြိမ်းလို့လည်း နိုင်မဲ့ မီးမျိုးမဟုတ်ဘူးလေ။

မေးမှ မေးရက်ပလေ ... လူရာ။

ရွာမီးလောင်သဲ့ဟာ ကျန်ရစ်ခဲ့တဲ့ လူအိုလူမင်းတွေ၊ မမာသည် အိုနာကျိုးကန်းတွေ သေမကုန်ကြပေဘူးလားလို့ပဲ မေးတတ်သယ် ... ရွှေပါးစပ်က။

မသေပါဘူး။ ရွာထဲကဖြင့် တစ်ယောက်ကမှ အပျက်အစီးမရှိခဲ့ပါဘူး။ ကျန်ရစ်ခဲ့တဲ့ လူသိုက်တွေက တဲတွေ၊ အိမ်တွေ၊ ပစ္စည်းပစ္စယတွေထက် လူတွေကိုချည်း ဦးစွန်းမက်က မွေအရင်လုလို့ သယ်ကြိုးကြတဲ့ပြီး မီးဘေးလွတ်ရာ ရွှေဘုံသာဘုရားကုန်းပေါ်ကို အပြေးအလွှားတင်ခဲ့ကြသာကိုး။

ညောင်ဘောကျောင်း၊ ရေလယ်ကျောင်း၊ ဂိုဏ်းတောက်ကျောင်းနဲ့ ရွှေမြင်တင်ကျောင်းတွေက ရှိရှိသမျှ သံဃာကုန် ပြေးချလာကြပြီး





သက်စွန့်ဆံဖျား မီးထဲကနေ သယ်သယ်ထုတ်ပေးကြသာကိုး။ ဟုတ်ပ။ ရာနာသုံးပါးဂုဏ်ကျေးဖူးလို့ ပြောရင်ဖြင့် အမှန်ဆုံးပဲ။

အဲ ... တစ်ခုတော့ရှိသယ်။

အဲသည်ညက ထွန်းပိုင်တစ်ကောင်ပဲ သေတဲ့လူ ရှိခဲ့လေရဲ့။ အင်း ... အင်း ... မီးလောင်ပြီးသေတာ။ ဟုတ်သယ် ... မီးကြီး ပြီး ပြိုကျလာတဲ့အိမ်ထဲမှာ ဘယ်လိုမှ ပြန်ထွက်မလာနိုင်တော့ဘဲ သူ မီးကြီးလောင်စာ ဖြစ်သွားခဲ့ရသာ။

ဟို နာတာရှည်ပန်းနာသည် နှုတ်ခမ်းမွေးအုန်းမောင်နဲ့ သူ့ သား လူမမယ်ကလေးနှစ်ကောင်ကိုဖြင့် ဦးပဥ္စင်းကလေး ဦးပဏ္ဍိတို့ က်ထဲရောက်တဲ့အထိ သင်းက ချီပိုးပြီး ပို့ခဲ့နိုင်သေးသတဲ့။ အုန်းမောင် ကလေးတွေရဲ့ ဆေးဘူး၊ ဆေးပုလင်းကလေးတွေထည့်ထားတဲ့ ထန်း ခါက်ဖာကလေးရယ်၊ မဲတူမရဲ့ သံသေတ္တာရယ်ကိုဆိုလား ဝင်ယူရင်း လောင်နာနေတဲ့ နှစ်ထပ်အိမ်က ပြိုကျလာပြီး ဆုံးရှာတာပဲတဲ့။

အင်း ... ဆုံးကာနီးမှ သေပန်းပွင့်သွားသဟဲ့လို့ ဆိုရမလား။ ညီလောက်တောင် ခေါက်ခေါက်ရက်ရက်နဲ့ ငါ့အပေါ် ရက်စက်နိုင်တဲ့ တွေ တစ်သက်လုံး တမြည့်မြည့်နဲ့ လွမ်းနေရစ်ပေရော့လို့ပဲ ကြိတ်ကြဲ သလားလည်း မပြောတတ်တော့ပါဘူး။ မှတ်မှတ်ရရမှ မှတ်မှတ်ရရ ပါပဲ။ ထွန်းပိုင်တစ်ယောက်တည်း မီးထဲဝင်ဝင်ပြီး ကယ်ထုတ်ပေးခဲ့ သူတွေ နည်းရော့မလား။ မရှိဘူးဆိုရင် ဆယ့်လေးငါးယောက်ပဲ။

သူ့အမွေနှသားပါးရခဲ့ဖူးသကောဆိုတဲ့ မိတင်နွဲ့ရဲ့ဘကြီး ဦးပန်း ကြီးလည်း ပါသတဲ့။ မီးခိုးလုံးတွေကြားထဲမှာ ကုပ်ဟီးထနေသသကို ကြီး ဝင်ဆွဲခဲ့ရသာတဲ့။ ပြီးတော့ ဟို မတော်တရော်ကိုကြီး ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက နှလုံးသွေးပျက်ပြီး စိတ်နောက်သလိုလို ဖြစ်သွားရှာလို့ အိမ်ထဲက အိမ်ပြင်မထွက်နိုင်ဘဲ ချည့်နေရှာတဲ့ နှင်းမေကလေးကိုလည်း ကယ်ခဲ့သေးသတဲ့။ မနည်းပါဘူး။ ဒင်းကယ်ခဲ့သာ။

နို့ပေတဲ့ . . . သင်းအသက်ဖြင့် သင်း မကယ်နိုင်ရှာခဲ့ပေဘူး။ အသေဆိုးနဲ့ သေရှာပါပကော။ အဲသာလည်း တစ်နည်းကောင်းသာပါပဲ။ အသက်မသေပေတဲ့ လူတွေသူတွေနဲ့မှ ဒွေးရောယှက်တင် မနေနိုင် မနေရ ဘဝသေနေခဲ့တဲ့ ထွန်းပိုင်ကပဲ။ သင်းကခဲ့ဖူးတဲ့ စိန်အောင်ကြည် ဇာတ်ထဲမှာ ပြောကြသလို စောစော့သေ စောစောနားရသာပေါ့။ မြန်မြန် ဝဋ်ကျွတ်သာပေါ့။ အဲသလို ကရုဏာဒေါသော ပျစ်ပျစ်နှစ်နှစ်ပြောသဲ့ လူက ပြောကြသေးသာ။

ဘယ် . . . ကောင်းကင်တစ်ခွင်လုံး နီ၊ တစ်မိုးလုံး မီးခိုးမှိုင်း တွေနဲ့ ပြည့်ကျပ်နေတာကို လှမ်းမြင်ကြရပြီး တောင်ခြေရွာဘက်ဆီမှာ မီးဘေးကျပေါ့လို့ ရိပ်မိကြလို့ ရွာသစ်ကုန်းက ပွဲပြန်လူည်းတွေ ဒုန်းစိုင်း ပြန်လာကြရင်း ရွာခြေလည်းကာပ်မိကရော တစ်ရွာလုံးလည်း ပြာကျပြီး နေကရော။ ကဲ . . . ။

ထွန်းပိုင်ရဲ့ မီးသွေးတုံးဖြစ်နေတဲ့ အလောင်းကိုတောင် မနည်း ပြန်ထုတ်ယူကြရသယ်။

အင်းလေ . . . သည်ပုံသည်နည်းကြီးအတိုင်း သေရှာလေသတဲ့ ဆိုပြန်တော့လည်း ဘယ်စိတ်ကောင်းဖို့မတုံး။ ထွန်းပိုင်အတွက် ယူကျုံး မရ ဖြစ်ကြရပြန်သယ်။ သူ့ကျန်ရစ်ခဲ့ကြတဲ့ အမျိုးရင်းချာတွေ၊ ထွန်းပိုင် သမီး ရွှေအေးမတို့တစ်တွေမှာ ရင်ကွဲပက်လက်။ ကလေးမလေးဆိုသာ တက်မတတ် ချက်မတတ်ပဲတဲ့။





"ကိုင်း . . . ဝမ်းနည်းတာ၊ ဝမ်းသာတာ ခဏထား။ ထွန်းပိုင် ကို ဘယ်ပုံသဂြိုဟ်ကြမလဲ"

ချက်ချင်းလက်ငင်း အရေးတော်ပေါ်လာသာက အဲဒီကိစ္စနော့။ မီးတာကုန်ဆီခန်း။ ကံကုန်သက်တမ်းစေ့လို့ သေရသာမျိုးမှ မဟုတ်ပါ ဘဲလား။ ဥပစ္ဆေဒကကံနဲ့ သေရတဲ့ အစိမ်းသေလေ။

သူ့ဆွေ၊ သူ့မျိုး၊ သူ့အသိုင်းအဝိုင်းတွေက တာဝန်ယူပြီး ရွာ ထုံးစံ၊ ရပ်ထုံးစံအတိုင်းပဲ သူ့နောက်ဆုံးခရီးကို ဖွယ်ဖွယ်ရာရာ သဂြိုဟ် ပေးလိုက်ကြမလား။

ကျုပ်တို့ရွာနဲ့ လားလားမှမဆိုင်၊ ရွာပယ်ရွာကြဉ်ခံထားရတဲ့ ကုဋ္ဌနူနာသည် မုဒိမ်းဒဏ္ဍကောင်မို့ သူ့ဘာသာ ကျိုးထိုးထိုး၊ ခွေးစားစား ရွာအပြင်သချိုင်းကို ဖျာလိပ်နဲ့ပတ်ပြီး ပစ်လိုက်ကြမလား"

အဲသည်မှာလည်း ,,အကြီးအကျယ် သဘောကွဲကြပြန်တာပဲ။

ထွန်းပိုင်ဟာ ထွန်းပိုင်မို့ သူမိုက်ပြစ်နဲ့သူ ပုံတော်သလို သဂြိုဟ် လိုက်စေချင်တယ်။ ပုံကြီးမချဲ့စေချင်ဘူးဆိုတဲ့ သူတွေကတစ်ဖက်၊ အရင် တုန်းက ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ သူသေခဲ့ရတဲ့အရေးက ကိုယ့်ရပ်သူရွာသား တွေရဲ့ အသက်တွေကို ကယ်တင်ရင်းနဲ့ အကျိုးနည်းခဲ့ရရှာတာမို့ လူလူ သူသူ ဖြစ်စေချင်ကြတယ်။

ရွာဝင် မခံချင်ရင်လည်းနေ၊ သူ့ ဆွေသိုက်မျိုးသိုက်တွေနဲ့ သူတို့ဘာသာစီစဉ်ပြီး စီမံလုပ်ကိုင်ကြသာကိုတော့ဖြင့် တတန်တကကြီး ကဏ္ဍကောစ မလုပ်စေချင်ဘူးလို့ သဘောပါကြတဲ့သူတွေကတစ်ဖက်၊ ကြိတ်ကြိတ်ကြိတ်ကြိတ်နဲ့ အကြောက်အကန် ငြင်းကြခုံကြ။

သည်တော့လည်း သည်မီးက ဘကြီးဘော်တို့ရွာလူကြီးတွေ ခေါင်းပဲလာလောင်၊ လာစွဲပြန်တော့သာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းပိုင်ကိုစွအတွက်တဲ့ အရေးပေါ်အစည်းအဝေးကလေးကို ဘကြီးဘော်တို့ လှည်းဒေါက်ဖိုရဲ့ အလုပ်သမားတန်းလျားကြီး ရှိခဲ့ဖူးတဲ့ မြေပြောင်ပြောင်မှာ လုပ်ကြသယ်။ အင်း ... ရွာမိ၊ ရွာဖတွေ၊ ခေါင်းကြီးပိုင်းတွေ၊ မပါမပြီး ခပ်တိုင်းငန် ပဲခူးဆားတွေ အကုန်ပါသာပဲ။ တစ်ယောက်မှ မကျန်စေရဘူး။ နို့ ... အရေးအခင်းက အာဂလန်အားကျောက်တံတားကြီးပေကိုး။

ကိုင်း ... ကျုပ်လူရေ။ ပါးစပ်ကြီးလည်း ပြမသွားစေနဲ့ဦး။

လူကြီးပိုင်း အရေးတကြီး တိုင်ပင်နှီးနှောနေတဲ့ စကားဝိုင်းဆီကို ဖိုးငနဲ ညိုရောင်က မူးမူးကန်းကန်းနဲ့ လူစိမ်းတစ်ယောက်ကို လက်ဆွဲပြီး ရောက်လာခဲ့လေရဲ့။

အဲသူတို့တွေလည်း ပါးစပ်ဟလိုက်ကြကရော ကျုပ်တို့တစ်ရွာလုံး ကိုယ့်အမြီး ကိုယ်ပြန်စမ်းကြရမယ့်ကိန်း ဆိုက်တော့သာပဲဗျို့။

ပြောမယ် ... ပြောမယ် ...။ မလောချင်စမ်းပါနဲ့။

ကလိုတဲ့ ... ကျုပ်လူရ။

✿ ✿ ✿

[ ၁၆ ]

❑

''ဘကြီးတို့ အပုံကြီး လွဲနေကြပြီနဲ့ တူရဲ့။ ထွန်းပိုင်ဟာ ဒီလို လူစားမျိုး မဟုတ်ပါဘူး။ အဲ ... ဘကြီးတို့ စွပ်စွဲထားသလို တဏှာ ခပ်ရှူးရှူး၊ အကြော ခပ်ထထမို့ ကမြင်းချင်တယ်ဆိုရင်တောင်မှ ကမြင်းစရာ ဘာအားဘာအင်မှ မရှိရှာတော့တာ ကြာခဲ့ပကော။

ဘာလို့ဆို ထွန်းပိုင်ဟာ ကျုပ်နဲ့အတူ ရဲဘက်စခန်းမှာ ကျောက်မိုင်းအလုပ်ကြမ်းတွေ လုပ်ခဲ့ကြရရင်းနဲ့ မိုင်းကွဲကျောက်စမှန်လို့ ခါးရိုးဆစ်တွေ ခွဲစိတ်ခဲ့ရတယ်။ ပြီးတော့ (မရှိမသေစကားဗျာ) သူ့ဝှေးစေ့တစ်ဖက်လည်း ပြုတ်ထွက်သွားခဲ့လို့ တစ်စုံလုံးထုတ်ပစ်ခဲ့ရတယ်။

ဟုတ်တယ် ... မန္တလေးဆေးရုံကြီးမှာ။ ဘကြီးတို့ နွားသိုးများ၊ ဝက်သိုးများ၊ ဝှေးသင်းသလို သင်းကွပ်ခံခဲ့ရတာ။ အဲဒါကြောင့် ထွန်းပိုင်ဟာ ဘကြီးတို့ရွာမှာ ခွကောင် မသောင်းကျန်းခင်ကတည်းက နှတ်ကွပ် ဖြစ်နေခဲ့ပြီးသားပါဗျာ။ သူ့မှာ ယောကျ်ားစိတ်၊ ယောကျ်ားမာန်

www.burmeseclassic.com



မရှိရှာတော့ပါဘူး။ ကျုပ်ပြောတာမယုံရင် သူ့အလောင်းကောင်ကိုသာ သေသေချာချာ စစ်ကြည့်လိုက်ကြပါတော့''

သူ့ကိုယ်သူ 'အာဠာဝကတင်ဝင်း' ဟု သညာပြုသူ ထောင်ထွက်လူမိုက်က ဖြစ်ကြောင်းကုန်စင် နုတ်သံနှော၍ ဖော်ကောင်လုပ်ပြနေခြင်းဖြစ်သည်။ ထွန်းပိုင်နှင့်အတူတူ ရဲဘက်စခန်းမှာ နေခဲ့ဖူးသည်တဲ့။ ပြီးလျှင် ထွန်းပိုင်က နုတ်ကွပ်တဲ့။

''ထွန်းပိုင်ရဲ့ အဲဒီအကြောင်းတွေကို ဘယ်သူမှ မသိကြတာကို အခွင့်ကောင်းယူပြီး နာမည်ဆိုး နာမည်ပျက်ရှိဖူးတဲ့ ထွန်းပိုင်လိုလို ဘာလိုလို ပုံမှားရိုက်ပြီး ရောင်တော်ပြန်နဲ့ ရောကြိတ်ခဲ့ကြတဲ့ တကယ့်လူအယုတ်တမာတွေဟာ ဘကြီးတို့ရွာထဲမှာ အမှန်ပဲ ရှိနေခဲ့လိမ့်မယ်။

ဖြစ်လာသမျှတွေဟာ သူ့ဘဝတွေ၊ သူ့ကုသိုလ်ကံပဲလို့ စိတ်တုံးတုံးချပြီး ကံပစ်ချရာ သူ့ကမ္ဘာလေးထဲမှာပဲ နိစ္စရုဝ လူ့ငရဲကြီးကို ထွန်းပိုင်တစ်ယောက်တည်း ကုန်းကြုံးခံနေရတဲ့အချိန်မှာ အဲဒီကြောင်သူတော်၊ ကြွက်သူခိုးတွေက ထွန်းပိုင်ကို လက်ညှိုးပေါက်ပေါက်ထိုးပြီး ရွာအပြင်ထုတ်ခဲ့ကြတဲ့ လူစုတွေနဲ့အတူ အောင်ပွဲခံ၊ ပန်းပုန်နေရစ်ကြမှာပေါ့။ တကယ်တမ်းတော့ ဘကြီးတို့ရွာက မသူတော် ကြောင်တောင်နိုက်တတ်တဲ့ လူအရေခြုံတွေကို ခြွေမွေးခါးပိုက်ပိုက်ပြီး နေခဲ့ကြတာချည်းကိုး''

''ဟုတ်သယ် ... ထွန်းပိုင်တစ်ခါက မူးမူးနဲ့ ပြောထွက်ခဲ့ဖူးတာတော့ဖြင့် ရှိသား။ 'ခွကောင်' ဟာ သူမဟုတ်ဘူးတဲ့။ ဒါပေသိ ဘယ်သူဘယ်ဝါဆိုတာကိုလည်း သူသိသတဲ့။ သူ့ကြောင့် သူများတွေ ဘဝမပျက်ရလေအောင် ဒီတစ်သက် ဘယ်တော့မှ ထုတ်မပြောတော့ဘူးတဲ့ ... ကဲ''





မူးပြဲနေသည့် ညီရောင်ကလည်း သည်တော့မှ သူ့ဝမ်းထဲ၌ နေခဲ့သည့် စကားတွေ တစ်ဟုန်ထိုး လှုံ၍ အန်ထွက်လာသည်။

''အဲသလိုဆိုရင် ... ထွန်းပိုင် ကိုယ်ပျက်သွားရသာကရော သာဖြစ်လို့တုံး။ ကဲ ... အဲသာကိုရော ဘယ်လိုရှင်းမလဲ''

–ဦးကြီးလှမောင်က တကယ့်ချက်ကောင်းပွိုင့်ကိုမှ ဒက်ခနဲမေး လိုက်၏။

''ကာမ မသောင်းကျန်းဘဲ သင်း ဘာလို့ နူနာစွဲခဲ့ရမလဲ''

လူတိုင်း သည်အဖြေကို သိချင်သည်။

''အဲဒါလည်း ရဲဘက်စခန်းမှာ သူနဲ့အတူနေတဲ့ ကံလှဆိုတဲ့ ထောင်ဆိက ကူးခဲ့တာ။ ကံလှက မန္တလေးထောင်မှာတုန်းကတည်းက သူနဲ့ အတူနေ၊ အတူစား၊ 'စားအိုးတွဲ'တွေ။ ရဲဘက်ထွက်လာခဲ့ကြတော့ လည်း အတူတူပဲ။ အဲ ... ကံလှ ထောင်မကျခင်က ဖာဆွယ်၊ ဖာထိန်း၊ ပြည့်တန်ဆာခေါင်း မောင်သောင်းကြီးရဲ့ လက်သပ်မွေးလူမိုက် လုပ်ခဲ့ရ သား။ ဒီတော့ အိုးစွပ်ခွက်စွပ် နိုက်စာရင်း လက်ပရိုစီကူးခဲ့ထင်ပ။

ထောင်ထဲမှာလည်း ဒီရောဂါကြီး သူ့မှာရှိနေမှန်း သူကိုယ်တိုင် သိခဲ့ဘူး။ ထွန်းပိုင်လည်း သိပုံမရဘူး။ တရှောင်ရှောင်နဲ့ နေမကောင်း ဖြစ်လာတဲ့ကံလှကို စခန်းဆေးရုံမှာ တင်တော့မှပဲ တိတိပပ သိရတော့ သား။ သိလည်းသိရော သူ့ရောဂါအခြေအနေက အတော့်ကို ရင့်နေပြီ။ အဲသလိုပဲ ထွန်းပိုင်ကိုလည်း တော်တော် ထိထိရောက်ရောက်ကလေး ကူးသွားခဲ့ပြီ။ အဲဒီအထဲမှာ အသောက်အစား၊ အနေအထိုင် မဆင်ခြင် တော့ သူ့ရောဂါတိုးပုံက သိပ်မြန်လွန်းသွားတော့တာပေါ့''

အားလုံး တွေခနဲ ငိုင်ဆင်းသွားကြတော့၏။ 'ဩော် ... ဒီလို ပါး' ဟူသည့် အလင်းတစ်ပြက်နှင့်အတူ ငါတို့အားလုံး ထွန်းပိုင်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ တရားလွန် ရက်စက်ခဲ့မိကြပြီလား သံသယကုက္ကုစ္စတွေ အုံ့မှိုင်း... သည်။

“အဲ ... နောက်ဆုံးတစ်ခုကတော့ အားလုံးက သိချင်သည် ဖြစ်စေ၊ မသိချင်သည် ဖြစ်စေ၊ ကျုပ်က ဖွင့်ဟဝန်ခံလိုက်ရတော့မှာ... မနေ့ကပဲ ကျုပ် ထောင်ကလွတ်ခဲ့တယ်။ လွတ်လွတ်ချင်းပဲ ကျုပ် က... စိုင်းပြီး ပြေးချလာခဲ့တာ ထွန်းပိုင်နဲ့တွေ့ဖို့။

ကျုပ်ရဲ့သူငယ်ချင်း ကျုပ်ရဲ့အပေါင်းအသင်းထွန်းပိုင်က ... ခံပြီးစောင့်ရှောက်ထားခဲ့တဲ့ ကျုပ်သားနဲ့ ကလေးရဲ့မိခင်ကို တွေ့ဖို့ ... လာခဲ့တာ။ ဒီရောက်တော့ ထွန်းပိုင်ရဲ့ ရင်ထုမနာဘဝဆိုးကို ကြား... တယ်။ အဖြစ်ဆိုးကြုံပြီး သေရှာပဟဲ့။ အဲဒီတော့ ထွန်းပိုင်မယ် အ... ကင်းကြောင်း ရှင်းပြမှဖြစ်တော့မယ်လို့ ကျုပ် ဆုံးဖြတ်လိုက်တယ်။

ဒီကောင် ဘာတွေ ပြောနေသလဲဟဲ့လို့ စိတ်ရှုပ်ခံမနေ... နဲ့။ ကျုပ် ပြောမယ်။ ထွန်းပိုင်ကို ရွာကကြဉ်ပစ်ရလောက်အောင် ဖြ... တဲ့ အရှုပ်ထုပ်ရဲ့တရားခံဟာ ကျုပ်ပါပဲ။ ဟုတ်တယ် ... မိပဲနဲ့မှာ... တာ ကျုပ်ပဲ။ မူးမူးကန်းကန်းနဲ့ မထင်မှတ်ဘဲ မှားခဲ့မိတာ။

ကျုပ်အမှား ကျုပ်သိပြီး ဘာဆက်လုပ်ရပမတုံး။ ဘယ်သူ... ဘယ်လို အသိပေးရပါ့မတုံးလို့ တွေဝေနေတုန်း ကျုပ် အဖမ်းခံလိုက်... ပြန်ရော။ ပြစ်ဒဏ်ကြီးကြီး ကျခဲ့တယ်။ အဲဒါကြောင့် ထွန်းပိုင်... အကူအညီလှမ်းတောင်းပြီး မိန်းကလေးနဲ့ ကလေးကို စောင့်ရှောက်... အပ်ခဲ့ရပြန်တယ်။

ကျုပ် ထောင်ကျတုန်းက အဲဒီပြဿနာတွေ မပေါ်သေး... အခုလည်း ကျုပ်ကလေးနဲ့ အဲဒီမိန်းကလေး ဘယ်မှာရှိနေမှန်း ...



...သိရသေးပါဘူး။ ထွန်းပိုင် ... ထွန်းပိုင်အကြောင်းကြားရလို့ ထွန်းပိုင် ...ရ ... မင်းအပေါ်ကို ငါ ဒုက္ခတွေ အများကြီးပေးခဲ့မိပြီ ထင်ပါရဲ့ကွာ။ ...ဟီး ... ဟီး ... ဟီး ...”

လူမိုက်ရင့်မာကြီးတစ်ဦးပင်လျှင် မျက်ရည်ကျပြီဆိုမှဖြင့် ရွာ...လေးအဖို့ တင်း၍တောင့်၍ခံစရာ အကြောင်းမရှိတော့ပြီ။

သို့ဖြင့် ထွန်းပိုင်ကို မြေချသင်္ဂြိုဟ်ရေးကိစ္စကြီးသည် သူ့အလို...လို ရှင်းပြီးလင်းပြီး ဖြစ်သွားတော့၏။

ကိုနီတာဆိုးသည် အမှန်ပင် ပျက်ပြယ်ချိန်တန်ပြီလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၇ |

❑

ဟုတ်မှန်သည့်အတိုင်း ဆိုချေလျှင် မှန်သောသစ္စာ၊ အာ
ဘော်အကျိုးဆက်ကြောင့် ယခင်ရေရွတ်ဆိုခဲ့ပြီးသော နတ်ဘော
နတ်မြတ်အပေါင်းတို့သည် ကောင်းသောကြည့်ခြင်းဖြင့် ကြည့်မြ
လျက် စောင့်ရှောက်တော်မူကြသည်ဖြစ်၍ ကာယသုခ၊ စိတ္တ
ချမ်းသာခြင်း ဖြစ်စေသတည်း။

"ထိုမှတစ်ပါး၊ မှန်သော သစ္စာအာနုဘော် အကျိုးဆ
ကြောင့် အရှင်မင်း စသော၊ မြို့ကွပ်ပြည်စိုး၊ အမှုးအမတ်၊ အ
သူခက်အပေါင်းတို့နှင့် ဆိုခဲ့သမျှ ကြည်းနေရေနေ သတ္တဝါအပေါ
တို့သည် ရင်ဝယ်ဖြစ်သောသားကဲ့သို့ သနားချစ်ခင်ခြင်းရှိကြ
လျက် ကိုယ်မှစ၍ သား၊ မြေး၊ မြစ် အဆွေခုနစ်ဆက်တို့အ





ဘ်လေးပါးတို့ ကောင်းသောတည်ကြည်ခြင်းဖြင့် တည်ကြည်ညီ
တ်၍ ကြမ္မာအပေါင်း၊ ဘေးဥပါဒ်အပေါင်းတို့သည် မထိမရောက်၊
ာင်မစွန်းမငြိ၊ ချမ်းသာအတိပြည့်စုံ၊ ကုံလုံကြွယ်ဝလျက်၊ အသဒိသ
ကွယ်ဖြစ်သော အလှူကြီးကို ကြိမ်ဖန်များစွာ ဒါနသီလတို့ကို
ဖြတ်ဖြည့်စွမ်းနိုင်၍ သာသနာတော်မြတ်ကို ချီးပင့်နိုင်သူ ဖြစ်စေ
ာတည်း။

သေတုံသော်လည်း အပယ်လေးပါး၊ ကပ်သုံးပါး၊ အရပ်ဖြစ်
ာ်ပါး၊ ရန်သူမျိုးငါးပါးသို့၊ မလားမကာဝ်၊ မရောက်သည်ဖြစ်၍၊ လူ့
ည်နတ်ရွာ၊ နိဗ္ဗာန်ချမ်းသာကြီးသုံးပါးကို ရသည်ဖြစ်စေသတည်း။
ိုယ်မှစ၍၊ သားမြေးဥစ္စာ၊ ရတနာမျိုး၊ တက်တိုးချမ်းသာ၊ မင်္ဂလာ
ပေါင်း၊ ကောင်းမြတ်သော ဂုဏ်ကျက်သရေ၊ တစ်နေ့တစ်ဆင့်၊
န်းလမြင့်သို့ ဖြစ်စေသော်"

ထွန်းပိုင်၏ ကြွင်းရစ်သောရုပ်ကလပ်ကို သူနေခဲ့သည့် ယမ်း
ိုက်ဟောင်းကြီးနံဘေး၊ တောင်စောင်း၌ ဂူသွင်း၍ သဂြိုဟ်ခဲ့ကြသည်။

သူသေမှ သူ့အိပ်ရာခေါင်းရင်း ဘုရားစင်ထက်တွင် ရွှေသိမ်
ာ်ဘုရားနီ ဂန္ဓကုဋိတိုက်အတွင်းမှ ပျောက်သွားခဲ့သည့် ကျမ်းထုပ်
ိုတလေးကို ပြန်တွေ့ကြရသည်။ ကျိန်စာ၏ နောက်ဆုံးစာပိုဒ်များကို
ျမ်းထုပ်မှ ဆုတ်ဖြဲလျက် သူ့အိပ်ရာဘေး အုတ်နံရံမှာ ကော်နှင့်ကပ်
ားေ၏။ သို့ဖြစ်၍ ထွန်းပိုင်၏အုတ်ဂူ၌ သူ အလွန်မှတ်သိပ်ဆာလောင်
ာ အဆိုပါကျိန်စာဆုတောင်းနိဂုံးကို ကမ္ပည်းထွင်း၍ ကပ်ပေးထား
ြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




ထွန်းပိုင်အသုဘသည် စည်လှချည့်ဟု ဩချယူကြရ၏။ ထွန်းပိုင်
အလောင်း ဂူသွင်းသည့်နေ့ညပိုင်းက မိပဲနှင့် သူ့သားကလေး 'အောင်
စေ'တို့ သူတို့နေသည့် ထန်းရွက်တဲကလေးမှ ပျောက်ခြင်းမလှ ပျော
ကွယ်သွားခဲ့သည်။ အစအန သိလိုက်သူပင်မရှိ။

ရွာကလေးကမူ ခြေကုန်လက်ပမ်း ကျသွားရော့ထင့်။ ထွန်းပိုင်
နှင့် ပတ်သက်သမျှတွေကို မသိကျိုးကျွံ၊ ရေငုံနှုတ်ပိတ်လုပ်၍ နေကြ
တော့သည်ပင်။

မေတ္တာဖြင့်
**လေယျှမင်းသျှ**

ရည်ညွှန်းချက်

အညာလေ့ ဝတ္ထုကလေးတွေရေးပါဦးဟု တဖွဖွ နှိုးဆော်
တတ်သည့် စာချစ်သူတစ်ဦးသို့ လေးစားစွာ ရည်ညွှန်းရေးဖွဲ့အပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

သတ္တဝါဟူသမျှသည် သံသရာ၌ ကျင်လည်ရ၏။ သံသရာ၌ ကျင်လည်ရခြင်းသည် ဇာတ်စင်ပေါ်၌ ဇာတ်ဆောင်အဖြစ် ကပြနေရခြင်း ဖြစ်၏။ နတ်အဖြစ်လည်း ကပြရ၏၊ ဗြဟ္မာအဖြစ်လည်း ကပြရ၏။ လူအဖြစ်၊ တိရစ္ဆာန်အဖြစ်၊ ငရဲသား၊ ပြိတ္တာ၊ အသူရကာယ်ဘုံသား အဖြစ်လည်း ကပြရ၏။

သံသရာဇာတ်စင်၌ သတ္တဝါတစ်ဦးအနေဖြင့် မိမိမကပြဖူးသော ဇာတ်ဆောင်ဟူ၍ မရှိ။ အားလုံး ကပြဖူးသည်သာ ဖြစ်၏။

သို့သော် ဇာတ်ဆောင်အဖြစ် မိမိကပြချင်သလို ကပြ၍တော့ မရ။ ကံဇာတ်ဆရာ စေခိုင်းသည့်အတိုင်းသာ ကပြရ၏။ ကံဇာတ်ဆရာ၏ စီမံရာကိုသာ လိုက်နာသရုပ်ဆောင်ကြရသည်။

ကံဇာတ်ဆရာ ရိုက်ချက်ပြင်းသောအခါ တစ်မိတစ်ဖတည်း မွား၊ တစ်အူတုံ့ခွင်း ညီရင်းအစ်ကိုများပင် ဖြစ်သော်လည်း ....

✿ ✿ ✿

| ၁ |

❑

ဒီနေရာက အင်မတန် လူစည်ကားသောနေရာ။

ရန်ကုန်မြို့ကြီး၏ အသည်းနှလုံးဟုဆိုအပ်သော မြို့လယ်ခေါင်။ ဆူးလာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းဆုံရာ ဘတ်စ်ကားဂိတ်။

မဟာဗန္ဓုလလမ်းကို ဖြတ်လျက် ရှေ့မှာ ဆိပ်ကမ်းသာလမ်း။ ဒိုယ်အောင်ကျော်လမ်းက ရှိနေပြန်သဖြင့် ခရီးသည်တွေ လမ်းသွား လမ်းလာတွေ ပိုရှုပ်ထွေးသည်။

မြို့လယ်ခေါင်ဖြစ်၍ ဘတ်စ်ကားဂိတ်တွင် လူတွေရှုပ်ထွေးနေသလို လက်ကုန်လခထုတ်ရက် ရုံးဆင်းချိန်မို့ ပို၍ စည်ကားနေပြန်သည်။

ရှုပ်ထွေးနေသော လူတွေထဲမှာ လူတန်းစားပေါင်းစုံ၊ အလွှာ ပေါင်းစုံကလည်း ဘဝစီနီယာစကုတ်မြင်ကွင်းကျယ်ကြီးနှယ် မခြား။

www.burmeseclassic.com



မိုးမရွာ၊ မုန်တိုင်းမကျပါဘဲနှင့် လျှပ်စီးလက်တတ်သည့် လျှပ်စစ်ငနဲတွေကို တွေ့နိုင်သလို နေမဝင်၊ မိုးမချုပ်ပါပဲလျက် ဟိုမှသည်မှ ကြွကြွရွရွ ညဥ့်ငှက်မကလေးများကိုလည်း မြင်ရမည်ဖြစ်သည်။

စည်ကားနေသော လူတွေကြားမှာ ရိုးသားစွာ ပရိယေသန ဝမ်းစာရှာဖွေနေသူတွေကိုလည်း တွေ့နိုင်ပါသည်။

"ရေခဲရေ ... ရမယ် ... ရေခဲရမယ်"

စိန်မျက်ခုံး၏ ရေခဲရေအော်သံ။

"ကွမ်းယာရမယ် ... ကွမ်းယာရမယ်"

တရုတ်အာဖန်တီး၏ ကွမ်းယာထုပ် အော်ရောင်းသံ။

ခရီးသည်တွေကြားမှာ အတင်းတိုးဝှေ့ပြီး ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာတိုင်း သူတို့အသံတွေ ညံစီနေကြသည်။

"ဂျာနယ်တွေရမယ် ... ဘော်လုံးအားကစားဂျာနယ်၊ ဝီကလီး အလဲမဲန်း၊ အင်အား၊ အလင်းတန်း၊ ပေါ်ပြူလာ၊ ဂျာနယ်တွေရမယ်"

ရိုးရိုးသားသား ဂျာနယ်အော်၍ ရောင်းသူရှိသလို ...

"ဟောဒီမှာ ... မှုခင်းဂျာနယ်။ ၁၆နှစ်သမီးလေး မ ... ဘယ်သူကို ၆၁ နှစ် သက်ကြားအိုကြီးက ... အဲ ... အဲ ... သိချင်ရင် ဝယ်ဖတ်။ တစ်စောင် နှစ်ရာငါးဆယ်ကျပ်"

ဆန်းဆန်းပြားပြား အော်ရောင်းသူကလည်း ရှိသည်။

"အချစ်ဂျာနယ် ... လျှပ်တစ်ပြက်ဂျာနယ် ... အချစ်ကို လျှပ်တစ်ပြက်က ဘာဖြစ်တယ်ဆိုလား"

"ဟေ့ ... ဟေ့ ... ဒါဆို အချစ်ဂျာနယ်ကော လျှပ်တစ်ပြက်ဂျာနယ်ပါ တစ်စောင်စီပေးကွာ"





"ရမယ် ... ရမယ် ... ဟာ ... အချစ်ဂျာနယ် ကုန်သွားပြီခင်ဗျ"

"အချစ်ကုန်သွားရင် ဘာလို့ ထည့်အော်ရတာလဲကွ"

"ပါးစပ်က အကျင့်ပါပြီး မေ့အော်တာပါ ခင်ဗျ"

ဂျာနယ်လက်ပွေ့ရောင်းသော ပြောင်းပြန်ခေါ် ကျားလေးမှာ ထိုနေ့လခထုတ်ရက် ရောင်းကောင်းသဖြင့် အာဝဇ္ဇန်းတွေ ရွှင်နေသည်။

ကျားလေးနှင့် သူ့ဖောက်သည်တွေ အတိုင်အဖောက်ညီ အချီအချဖြစ်နေသည်။

သည်ကနေ့ ဂျာနယ်ခေတ်မို့ ကျားလေးတို့လို လက်ပွေ့သမားတွေ တွက်ခြေကိုက်လှသည်။

ဂျာနယ်တွေလည်း မျိုးစုံအောင် ထွက်သည်။ အားကစား၊ မှုခင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာ၊ ကျန်းမာရေးပါမကျန် ရှုထောင့်ပေါင်းစုံက ဂျာနယ်ပေါင်းစုံ ထွက်နေသည်။

လက်ပွေ့ရောင်းသူတွေ အာဝဇ္ဇန်းကောင်းလျှင် ကောင်းသလို အရောင်းရသွက်နေသည်။

"ဟောဒီမှာ သတင်းထူး။ ဝေမြကျော်နဲ့ ဟိုမင်းသမီးလေး ဘာလိုလိုဆိုပဲ"

အဲဒီလို မတင်မကျ မရေမရာ အော်ရောင်းသူတွေလည်း ရှိကြသည်။

ထိုသူတွေထဲမှာ ပြောင်းပြန်ခေါ် ကျားလေးတို့မပါ။ သူက ဂျာနယ်လက်ပွေ့ရောင်းနေပေမည့် စည်းကမ်းရှိသည်။ ပါးစပ်ကို ထိန်းထိန်းထားသည်။ ပေါက်ကရလေးဆယ် မအော်တတ်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အူမှာ ဖောက်သည်ရှိသည်။ ဘယ်ဂျာနယ်က ဘယ်လို အကြောင်းအရာမျိုးရေးလေ့ရှိသည်ကို ဂျာနယ်ဖတ်ပရိသတ်တွေက သိရှိထားသည်။ သူ့လိုင်းနှင့် သူဝယ်သွားကြသည်။

လခထုတ်ရက် ညနေပိုင်းမို့ ရောင်းအားဝယ်အားကောင်း နေသည်။

ပြောင်းပြန်ကျားလေး၏ မျက်နှာမှာ အပြုံးပန်းတွေ ဝေနေသည်။

သို့ရာတွင် ထိုးဆိုက်လာသော ဘတ်စ်ကားပေါ်မှ ရုတ်တရက် ခုန်ဆင်းလာသော သူတစ်ယောက်ကြောင့် ပြောင်းပြန်ကျားလေး မျက်နှာမှာ အပြုံးပန်းတွေ ပျောက်သွားသည်။

ထိုသူ၏ မျက်နှာကိုယ်လုံးကိုယ်ပေါက်ကအစ ပြောင်းပြန်ကျားလေးနှင့် ချွတ်စွပ်တူနေသည်။ အဲ ... မတူတာက ထိုသူ၏ ဝတ်စားဆင်ယင်မှုဖြစ်သည်။

ပြောင်းပြန်ကျားလေးက ဂျင်းဘောင်းဘီအနွမ်း၊ စပို့ရှပ်အရောင်မှိန်။

ထိုသူက အပျံစား၊ သောင်းချီတန်သော သားရေဂျာကင်ကို အပေါ်က ဝတ်ဆင်ထားပြီး အကောင်းစားမျက်မှန်ကို တပ်ဆင်ထားသည်။ ဘောင်းဘီကလည်း သားရေဘောင်းဘီ။ မြေကြီးနှင့် ထိနေသော သူ့ခြေထောက်မှာ စီးထားတာကပင် သားရေညိုရောင် ဟန်တားရှူးခေါ် အဆဲ လိုက်ဖိနပ်။

ဗီဒီယိုမင်းသားလေးတစ်ယောက် ရှူတင်သို့အသွား သူစီးသော ကိုယ်ပိုင်ကားပျက်၍ အရေးပေါ်ဘတ်စ်ကား တက်စီးလာရသလိုမျိုး။

ဆွဲကြိုးတွေ၊ ဟန်းချိန်းတွေ၊ နဝရတ်လက်စွပ်တွေ၊ နားမှာ





ပန်ထားသည့် နားကပ်ကအစ အရောင်ထွက်နေသည်။ လူကလည်း လျှပ်စစ်လက်သလို အရောင်ထွက်နေသလိုမျိုး။

ထိုလျှပ်စီးအရောင်လက် ကောင်လေးက အရောင်မှိန်ကောင်လေး၏ ပခုံးကို တစ်ချက်မျှ ပုတ်ပြီး ...

"ရောင်းကောင်းရဲ့လား ... ညီလေး"

ဟု နှုတ်ဆက်ပြီး လူအုပ်ကြားထဲ တိုးဝင်သွားသည်။

ထိုနှုတ်ဆက်မှုကိုပင် အရောင်မှိန်ကောင်လေး လျှပ်စစ်လိုက်သလို ခံစားလိုက်ရပြီး ရောင်းလက်စဂျာနယ်ကို ဆက်၍ အော်မရောင်းနိုင်ပဲ အ,ထစ်ငေါ်သလို ဖြစ်သွားသည်။

လျှပ်စီးအရောင်လက်ကောင် သွားရာဘက်ကို လှမ်းကြည့်ရင်း သူမျက်နှာလည်း ညှိုမှောင်သွား၏။

လျှပ်စီးအရောင်လက်ကောင်ကတော့ ဘာကိုမှ အမှုထားလေဟန်မရှိ။ လူအုပ်ကြားထဲ ရောဝင်ကာ တစ်ဖက်ပလက်ဖောင်းသို့ ကူးသွားပြီး ရုတ်တရက် ပျောက်သွားသည်။

အရောင်လက်ကောင် ကားလမ်းတစ်ဖက် ပလက်ဖောင်းရောက်သွားသည်ကို အရောင်မှိန်ကောင်လေး မတွေ့လိုက်ရ။

ဘယ်တွေ့လိုက်ရပါမည်လဲ။

လျှပ်စီးအရောင်လက်ကောင် မျဉ်းကြားမှ ဖြတ်ကူးနေစဉ် မျဉ်းကြားပေါ် ဖြတ်မောင်းလာသော အနက်ရောင်ပါဂျဲရိုးကားတစ်စီးက အရှိန်သတ် တံခါးဖွင့်ပေးခိုက် လူကူးမျဉ်းကြားမှပင် လျှပ်စစ်အရောင်လက်ကောင်သည် စည်းကမ်းမဲ့စွာ ရုတ်ခနဲ တက်သွားခဲ့သည်ပင် မဟုတ်ပါလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၂ |

❑

သို့သော် အရောင်မှိန်ကောင်လေး စိုးရိမ်စိတ်တွေမှ မျက်ဖြင်
သေးခင် ...

"သာကေတ အစိမ်းဂိတ် ... သာကေတ သုံးဆယ့်ငါးအစိမ်း
ဂိတ်အဆုံး"

ဘတ်စ်ကားစပယ်ယာအော်သံ လူခေါ်သံကြားကပင် မိန်းက
လေးတစ်ယောက်၏ စူးစူးရှရှအော်ဟစ်သံကို ကြားလိုက်ရသည်။

"အောင်မယ်လေး ... လုပ်ကြပါဦး၊ ကျွန်မ ဆလင်းဘက်
ခွဲသွားလို့"

"ဟာ ..."

"ဟင် ..."



"ဒီဂိတ်မှာ ခါးပိုက်နှိုက်တွေ တော်တော်သောင်းကျန်းတယ်လို့ နာမည်ကြီးနေတဲ့ဟာ ဘယ်လောက်ပါသွားလို့လဲ"

"ကျွန် ... ကျွန်မ လမ်းမတော်က ရွှေဆိုင်သိမ်းပြီး ပြန်လာတာ။ စလင်းဘက်ထဲက ရွှေထုပ်ထည့်ထားတဲ့ လက်ပွေ့အိတ် ပါသွားတယ်ရှင့်"

ခါးပိုက်နှိုက်စနက်ကြောင့် သုံးဆယ့်ငါးအစိမ်း ဘီအမ်ဟီးနိုး ဆက်မထွက်နိုင်တော့။

လူတွေကလည်း အကူအညီပေးရမည်ထက် တစ်ယောက်တစ်ပေါက်။

"ခင်ဗျားကလည်း ခင်ဗျားပဲ။ ရွှေဆိုင်သိမ်းပြန်တာပဲ။ တက္ကစီလေး ဘာလေး ငှားပြန်မှပေါ့"

"စိတ်ညစ်ရတဲ့အထဲ သေချင်းဆိုးကြီးကလည်း နင့်အဘ တက္ကစီသမားက လုသွားရင် ဘယ်လိုလုပ်မလဲ။ အိမ်ကကားအက်စီး ခင့်ဖြစ်လို့ ကြုံရာကားစီးလာရတဲ့ဟာ။ ဟဲ့ ... တာတီး နင်က တစ်မှောင့် လုပ်မနေစမ်းနဲ့"

ခါးပိုက်နှိုက်ခံရသူ မိန်းကလေးနှင့် ဝင်ပြောသူတို့မှာ ရင်းနှီးနေကြပုံပေါ်သည်။

တာတီးဆိုသူမှာ ထိုအခါကျမှ သတိဝင်ကာ ကားဒရိုင်ဘာအား လှမ်းသတိပေးလိုက်သည်။

"ကဲ ... ဒရိုင်ဘာကြီး၊ ထုံးစံအတိုင်း နီးရာရဲစခန်းကို မောင်းပေးပါဗျာ။ ခင်ဗျားတို့ရဲ့မှတ်တိုင်မှာ ကျောက်ချရပ်နေပုံနဲ့တော့ ခါးပိုက်နှိုက်ကတော့ တာဝတိံသာမှာ တစ်ရေးလောက် သွားပြီးနပ်လို့လောက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



တာတီး၏စကားကို စပယ်ယာက မကျေနပ်။

သူ့ဒရိုင်ဘာကို လှမ်းပြောသည်။

"ကဲ ... ဆရာရေ ... ကားပေါ်မှာ မိကျောင်းသားပါလာတယ်။ ထုံးစံအတိုင်း နီးရာရဲစခန်းကို မောင်းပေးလိုက်ပေတော့"

ဒီတော့မှ ဒရိုင်ဘာက ...

"လမ်းမှာ ဘယ်မှတ်တိုင်မှ ရပ်မပေးဘူး။ မီးပွိုင့်အနီမိရင်လည်း မဆင်းကြနဲ့။ ဆင်းရင် တရားခံပဲ"

ဟုပြောကာ ကားကို ဆောင့်ကြီးအောင့်ကြီး မောင်းထွက်တော့သည်။

❁ ❁ ❁

| ၃ |

❑

ထိုအဖြစ်အပျက်များကြောင့် ငိုင်တွေနေသော ကျားလေးခေါင်းပြန်မှာ ဂျာနယ်လှမ်းဝယ်နေသူကိုပင် ဂရုမထားမိအောင် ဖြစ်သွားရသည်။

"အလင်းတန်း တစ်စောင်ပေး"

ဘတ်စ်ကားပေါ်မှ သူ၏ ဖောက်သည်တစ်ယောက်က ကားပြတင်းပေါက်မှ ခေါင်းပြူ၍ စာစောင်လှမ်းဝယ်သည်ကို သူမမြင်။

"ဟဲ့ ... ကျားလေး ... ဟိုမှာ ဂျာနယ်လှမ်းဝယ်နေတယ်လေ"

ပန်းသီးရောင်းနေသော အစ်မညိုက သူ့ကို လှမ်းအော်လိုက်မှ ကျားလေး အသိဝင်လာသည်။ သံပတ်ပေးထားသလို ဂျာနယ်လက်ခံပွဲ အများတို့ထုံးစံအတိုင်း ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဂျာနယ်တွေ အစုံရနိုင်ပါတယ် ခင်ဗျာ ... ဘာဂျာနယ်ရ
မလဲ"

"အလင်းတန်းကွာ ..."

ဘတ်စ်ကားပေါ်မှ လူက လှမ်းပြောမှ အလင်းတန်းဂျာနယ်
လက်ပွေ့ထဲက ဆွဲထုတ်ပြီး ပေးလိုက်သည်။

ဂျာနယ်ဝယ်သူက သူ့ဖောက်သည်ဟောင်းဖြစ်နေ၍ သူ
လှမ်း၍ပင် ရီလိုက်သေးသည်။

"မင်းကလည်း ပိုလွန်းတယ်ကွာ .... မြန်မာပြည်မှာ တစ်
ထဲ ဂျာနယ်တွေ အစုံမထွက်ဘူးကွ။ သူ့ရက်နဲ့ သူထွက်တာ။ မ
ပေါ်ပြူလာထွက်လို့ ငါဝယ်သွားပြီးပြီ။ ဒီနေ့ အလင်းတန်းထွက်တဲ့
ဒါကြောင့် အလင်းတန်းဂျာနယ်ဝယ်တာ"

"စိတ်မဆိုးပါနဲ့ ... ဆရာသမားရယ်။ အဲဒီပြောင်းပြန်ဆို
ကောင်ဟာ ဒီနေ့ကျူရှင်လာတက်တဲ့ သူ့ရည်းစား ရောက်မလာနိုင်
တာနဲ့ စိတ်တွေ ဂယောက်ဂယက် ဖြစ်နေလို့ပါ"

ကွမ်းယာအာဖန်တီးက ဝင်ပြီးပြောလိုက်သဖြင့် ...

"ဖြစ်နိုင်တယ် ... ဖြစ်နိုင်တယ်။ ဒီအရွယ်တွေ ဒါမျိုးဖြစ်
တယ်"

ကားပေါ်မှလူက မှတ်ချက်ချနေစဉ် ဘတ်စ်ကားမောင်းထွ
သွားပြန်သည်။

ကျားလေး လက်ထဲမှာ ဂျာနယ်ဆယ်စောင်လောက် ကျန်
သေးသဖြင့် ကြိုးစား၍ ရောင်းရန် ဘတ်စ်ကားတွေနား ကပ်၍ အော
ပြန်သည်။





"ပေါ်ပြူလာ ... အလင်းတန်း ... ဝစ်ကလီးအလဲဗဲန်း...
လျှပ်တစ်ပြက်"

"လျှပ်တစ်ပြက်တစ်စောင်ပေးဟ"

ကျားလေး လျှပ်တစ်ပြက်ဂျာနယ်ရောင်းပြီး ပြန်အလှည့် ခုနစ်
လ်ဗေဒင်ဟောစာတမ်းရောင်းသူ မောင်မှန်ကန်က လှမ်းပြောပြန်သည်။

"ကျားလေး ... ခုန ခါးပိုက်နှိုက်မှုကို ၃၇-လမ်းထဲက မှုခင်း
ဂျာနယ်ထုတ်တဲ့ ပြုံးပန်းတစ်ရာစာပေတိုက်ကို မှုပုံနွေးနွေး သတင်း
သွားပေးပါလားကွ။ ဟိုတစ်ခါကလို မင်း ပိုက်ဆံရဦးမယ်"

"ဗေဒင်တို့ကတော့ ကျားလေးကို ချောက်ချနေပြန်ပြီ"

ဟု အစ်မာညိုက လှမ်းအပြော ရေခဲရေ စိန်မျက်ခုံးက ..

"သူရောင်းတာက ဗေဒင်ဟောစာတမ်းဆိုတော့ မရေရာတဲ့
အလုပ်ထုပ်တာပေါ့ အစ်မညိုရာ"

ဘာမရေမရာတဲ့ အလုပ်လုပ်ရမှာလဲ။ ငါ မိုးရွာပါစေလို့ ဆု
တောင်းလိုက်လို့ နင့်ရေခဲရေ မရောင်းရဘဲ မသေမချာ ဖြစ်သွားမယ်။
မိုးတွင်းကြီးဆိုတာလည်း သိထားဦး။ ကျားလေးနဲ့ပတ်သက်ပြီး နင်
သိရင် အာဖန်တီးကို မေးကြည့်။ သူက ဂျာနယ်ရောင်းတော့ ဂျာနယ်
တိုက်တွေနဲ့ အဆက်အသွယ်ရှိလို့ တို့ထက်တစ်ပန်းသာတယ်ကွ"

ဗေဒင့်စကားကို ကွမ်းယာအာဖန်တီးက ထောက်ခံရန် အဆင်
သင့်။

"ဟုတ်တယ် ... အစ်မညို။ ဟိုတစ်ခါ ဒီလမ်းဆုံမှာ ကားချင်း
တိုက်မိပြီး လူသေတဲ့သတင်းကို အဲဒီမှုခင်းဂျာနယ်ကို ကျားလေးသွားပေး
လို့က ကျွန်တော်လိုက်သွားတယ်။ အဲဒီမှုခင်းဂျာနယ်တိုက်က လားမျိုး



www.burmeseclassic.com

www.burmeseclassic.com



သိန်းအောင်ဦးထုပ်ဆောင်းထားတဲ့ ကာတွန်းနဲ့တူတဲ့ အယ်ဒီတာ
လူကြီးက ကျားလေးကို စားပွဲမှာ ထိုင်ခိုင်းပြီး အဲဒီသတင်းရေးခိုင်း
ဒီတော့လည်း ဘသားချောက ဖြောင့်လို့ပျာ။ ရေးလည်းပြီးရော အဲဒီ
က ကျားလေးကို ငွေငါးထောင် ထုတ်ပေးလိုက်သဗျာ့''

''ဟဲ ... ဒါဆို ကျားလေးက တယ်ဟုတ်ပါလား။
ဒီကောင်က တက္ကသိုလ် စာပေးစာယူတက်နေတဲ့ ကျောင်းသားဆို
ဒီလောက်တော့ ဖြစ်မှာပေါ့။ စိတ်ကူးမလွဲနဲ့ ကျားလေး။ ခုလည်း
ငါးထောင်ရအောင် အဲဒီခါးပိုက်နှိုက်သတင်း မှုခင်းဂျာနယ်ကို
ပါလား''

''အမယ်လေး ... အစ်မညို့ရယ်၊ အဲဒီသတင်းရေးရ
တစ်ခါတလေမှ ငွေရတာပါ။ ဆောက်ဖြစ်မှ ကျောင်းဒကာဆိုတာမျိုး
သူတို့သတင်းထောက်တွေကလည်း ခပ်များများ။ ခုတောင်
သတင်းရောက်သွားပြီလား မသိဘူး''

''ဟာ ... ဒါဆို မင်းသတင်းရေးတဲ့ အလုပ်ကလည်း
လို မရေမရာအလုပ်ကြီးပါလား''

''ဟုတ်တယ် ... ဟုတ်တယ် ... ကိုပေဒင်ရေ့ မိုး
ရေခံတဲ့''

ကွမ်းယာ စကားပြောမှားသွား၍ ရေခဲရေစိန်မျက်ခုံး
တော်ရှသွားပြီး ကောင်းကင်မော့ကြည့်၍ မျက်နှာညှိုးသွားသည်။
ကောင်းကင်မှာ မိုးတွေညို့တက်လာပြီ။

''ဘာ ... မိုးရွာတုန်းရေခံ ... ဟုတ်လား။ နင်တို့
စကားမပြောတတ်ကြတော့ဘူးလား''





''အေးပါ ... စိန်မျက်ခုံးရယ် ... ငါစကားပြော မှားသွားလို့
မိုးရွာတုန်းရေခံ မဟုတ်ရပါဘူး။ ဆောင်းရောက်တုန်း အအေးပတ်၊
ချမ်း၊ ဒါမှ နင့်ရေခဲရေ ပြန်ခဲ ...''

''သေနာကျတွေ လုပ်ပြန်ပြီ''

''ကဲပါဟာ ... ငါ့အတွက် နင်တို့ အချီအချ ဖြစ်မနေကြပါနဲ့။
ဝင်သွားတဲ့ကြက်မကို လိုက်ဖမ်းဖို့ထက် လက်ထဲကကြက်ဥက ပိုပြီး
ကြီးတယ်။ ကဲ ... အချိန်ရှိတုန်း တို့လက်ထဲက ရောင်းစရာပစ္စည်း
တွေကုန်အောင် ရောင်းလိုက်ကြစို့။ ဂျာနယ်တွေရမယ် ... ဒီက
ထုတ် ဂျာနယ်တွေ အစုံရမယ်''

ပြောင်းပြန်ကျားလေး အော်ရောင်းရင်း တစ်ဖက်ပလက်ဖောင်း
သွားလေသည်။

တစ်ဖက်ပလက်ဖောင်းမှာ ရပ်နေသူက သူစောင့်မျှော်နေသော
ကာကမ်းမှနေ၍ ဆရာကြီးဂုဏ်ထူးဦးသိန်းနိုင်၏ ကျူရှင်လာတက်
သူ့ချစ်သူ အေးနုရီ။

ဒါကိုလည်း သူတို့ဈေးရောင်းဖော်တွေ အလွတ်မပေးဘဲ လှမ်း
ရသည့်အခိုက် ...

''ပြောတော့ လက်ထဲကကြက်ဥက အရေးကြီးသလေး၊ ဘာ
... ဟွန်း ...''

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

အမှန်တော့ ချစ်သူအေးနုရီနှင့် ပြောင်းပြန်တို့ ဒလသ... ကမ်းသို့ ညနေတိုင်း အတူတူပြန်လေ့ရှိ၏။ အချိန်ပိုရှိ၍ ညည်နက်... လည်း အတူပြန်နေကျ။

ဒီနေတော့ ပြောင်းပြန်ကျားလေး အိမ်ကို အရောက်ပြန်... စိတ်က ဇောနေသဖြင့် ချစ်သူအေးနုရီကို ဆရာဦးသိန်းနိုင်၏ ကျ... ထားခဲ့ရသည်။

သူတစ်ယောက်တည်း ပန်းဆိုးတန်းဒလသင်္ဘောဆိပ်သို့ ... လာခဲ့သည်။

ပန်းဆိုးတန်းနှင့် ဒလသင်္ဘောဆိပ်မှာ လူတွေပြည့်နေသ...

ဒလ၊ တွံတေး၊ ကွမ်းခြံကုန်းခရီးသည်များနှင့် ဒေးဒရဲ ... ဘိုကလေးမြစ်ဝကျွန်းပေါ် ခရီးသွားများ ဆုံကျနေသည်။





ဒလ၊ ပန်းဆိုးတန်းခုတ်မောင်းပေးနေရသော မင်းရဲကျော်စွာနှင့် တပင်ရွှေထီး သင်္ဘောနှစ်စီးမှာ နားရသည်ဟူ၍ မရှိပေ။

ကျားလေး တပင်ရွှေထီးသင်္ဘောစီးပြီး ဒလဘက်သို့ ကူးလာခဲ့သည်။

သင်္ဘောပေါ်ရောက်တော့ ထိုင်စရာ ခုံမရှိတော့။

အောက်ထပ်တစ်ခုလုံး ပြည့်နေပြီ။

အောက်ထပ်မှာက စက်ဘီးတွေ၊ ဆိုက္ကားတွေ၊ ကားအတက်အဆင်းပေါက်မှာ နေရာယူထားကြသည်။

ပြီးတော့ ရန်ကုန်တက်ဈေးရောင်းသော ဈေးသည်တွေရဲ့ ဆိုင်းထုပ်တွေ၊ တောင်းတွေ၊ ဖလုံးတွေ။

လက်လုပ်လက်စား ဈေးသည်တွေ၏ အသံက သင်္ဘောစက်သံကို ထိုးဖောက်၍ ညံစီနေ၏။

ထိုပြည့်လျှံနေသော ဈေးသည်တွေကြားမှာ ပြောင်းပြန်ကျားလေး တစ်စုံတစ်ယောက်ကို တွေ့ရလေမလားဟု မျက်လုံးကစားရှာကြည့်သည်။

ထိုတစ်စုံတစ်ယောက်က ကျားကြီးခေါ် ဖောက်ထိုး။

ဖောက်ထိုးသည် သူ့အစ်ကိုအရင်း။

ညနေက သူ့ကို ဒုက္ခပေးသွားသည့် အရောင်တောက်လျှပ်စစ်ကောင်။

သို့သော် ဖောက်ထိုးကျားကြီးကို မတွေ့။ တွေ့မည့်တွေ့တော့ သူ့အမေ ဒေါ်နှင်းဆီ။

တပင်ရွှေထီးသင်္ဘောကြီး၏ နောက်ပိုင်းစက်ခန်းဘေး မှောင်ရိပ်မကျတကျ ကြိုးချည်ခုံလုံတိုင်နားမှာ တဘက်နွမ်းကလေး ပန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင် မတ်တတ်ကလေး ရပ်လို့။ မိုးမရွာပါဘဲနှင့် အမေ့တစ်ကိုယ်လုံး ရေတွေ စိုရွှဲနေပါပကောလား။

ရေစိုအဝတ်အစားတွေနဲ့ အမေ။

အို ... အမေက သေခဲ့ပြီပဲ။

သေတာမှ ရန်ကုန်ဘက်ကမ်း ဈေးရောင်းဖို့အသွား သမ္ဗန်မှောက်ပြီး ရေနစ်သေခဲ့တာပဲ။ ညကြီးအချိန်မတော်မို့ သင်္ဘောတွေမထွက်ဘဲ သမ္ဗာန်ကိုသာ အားကိုးရသည့်အချိန်၊

အဲဒီတုန်းက ပြောင်းပြန်ကျားလေးနှင့် ဖောက်ထိုးကျားကြီးတို့က ငါးနှစ်သားလေးတွေ ရှိသေးသည်။

အမေသည်သာ အဖေ၊ အမေသည်သာ အမေ။

အမေက မိန်းမသားတန်မဲ့ အဖေအပါအဝင် သူတို့မိသားစုကို ဈေးရောင်းကျွေးခဲ့သည်။ အရက်သမားကြီးအဖေက တစ်နေ့လုံး မူးမူးလို့ စားရတစ်လှည့် တော်ပြတ်တစ်လှည့်ဖြစ်နေသော သူတို့ညီအစ်ကိုနှစ်ယောက် ဒလဘက်ကမ်းက တဲစုတ်ကလေးပေါ်ကနေ အမေ့ကို တစ်နေ့လုံးလိုလို တမ်းတမျှော်နေမိတတ်ကြသည်ပဲ။

ဒါကြောင့် အမေ့ကို ငါးနှစ်သားကလေးတွေပေမည့် သူတို့မှတ်မိနေကြသည်။

"မိုးရွာရင် ရေချိုးမယ် ... မေမေလာရင် ထမင်းစားမယ်"

အဲဒီလို မျှော်မော်ဆန္ဒလေးတွေနှင့် အမေကို အချစ်ကြီးချစ်တတ်သော ပြောင်းပြန်ကျားလေး။

ခု အမေ့ကို ရေစိုအဝတ်ကြီးနှင့် သင်္ဘောပေါ်တွေ့လိုက်ရတော့ ...

"အို ... အမေ ... အမေ ..."





ပါးစပ်က တီးတိုးလေးအသံထွက်သွားပြီး အမေရှိရာ သင်္ဘောကြီးချည်တိုင်ဆီကို တိုးသွားသည်။ သတိလွတ်ပြီး အမေသေဆုံးခဲ့ပြီးပြီဆိုတာကို မေ့သွားသည်။

လူအုပ်ကြားထဲကို တိုးရတွေ့ရသည်မှာ မလွယ်။ ခက်ခက်ခဲခဲလာခဲ့ရသည်။

"ဒီကျာနယ်ကလည်း သင်္ဘောထွက်မှ ဘာအသည်းအသန် ဖြစ်လာတာလဲ မသိဘူး"

ဈေးသည်ချင်း အကြောင်းသိသူတွေက မျက်စောင်းကလေးချီကာချီကာ ပြောကြသည်။

"သူ့ကောင်မလေး ပျောက်လို့နေမှာပေါ့။ နေ့တိုင်း သူတို့စုံတွဲလာတတ်တာပဲ"

အဲဒီ ဝေဖန်သံတွေ၊ တီးတိုးတီးတိုး သဖန်းပိုးလုပ်သံတွေကိုအားချိတ်၊ ပြောင်းပြန်ကျားလေး သင်္ဘောကြီး၏ နောက်ပိုင်းရောက်အောင် လာခဲ့သည်။

သင်္ဘောကြီးနောက်ပိုင်းရောက်လာတော့ သူ့အမေဒေါ်နှင်းဆီမရှိတော့။

သူ့ရင်မှာ နင့်သွားသည်။ အမေဘယ်ကို ရောက်သွားပါသလဲ။

သူ ဒေါမာန်ခက်ထန်ကြမ်းတမ်းသော ရန်ကုန်မြစ်ရေပြင်ကြီးကို နာကြည်းကြေကွဲစွာဖြင့် လှမ်းကြည့်သည်။ ပြီးတော့ စိတ်ထဲမှ တမ်းတရင်း နှုတ်ဖျားမှ တီးတိုးအမျှအတမ်း ဝေလိုက်မိ၏။

"အမေရေ ... အမျှ ... အမျှ ... အမျှ ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

သခေါ်ကြီး ဒလဘက်ကမ်းသို့ ကပ်သည်နှင့် ကြိုးချည်တိုင်နားရောက်နေသောကြောင့် ပြောင်းပြန်ကျားလေး ဆိပ်ခံတံတားပေါ် ခုန်တက်လိုက်သည်။

"ဂျာနယ်တော့ ဘုန်းကြီးဝါးတော့မှာပဲ။ ဖြည်းဖြည်းပေါ့ကွ။ အိမ်က ထွက်ပြေးမှာမှမဟုတ်ဘဲ"

အဲသည်လိုလှမ်းပြောသူက ကျားလေးနောက်မှ ခုန်တက်သူ

သူက ဝိုင်းတေးကိုပြန်ရမည့် ဆေးကြော်ငြာအောင်သန်း။

"ဂျာနယ်ကျတော့ ပြောပြီး ကြော်ငြာက ဂျာနယ်ကို အားကျမခံ ခုန်တက်ပြီးတော့၊ ဘုန်းကြီး ဝါးခြင်းဝါးရင် နင်တို့နှစ်ယောက်စလုံးဆိုတော့ မုန့်ဟင်းခါးတင်မကဘူး အကြော်လေးဘာလေးနဲ့ဆိုရင် ပိုပြည့်စုံတာပေါ့"

"အောင်မာ ... ကော့မှူးအမွေးတိုင်က မင်းဘာသိလို့တုံး။





ဂျာနယ်တို့အိမ်က ဒီဒလမြို့ထဲတင်။ တို့ကသာ တစ်သင့်စီးရဦးမှာ။ ကားမမီလို့ကတော့ နောက်တစ်ခေါက်မရေမရာ၊ နေရာရဖို့ မသေချာ၊ ပြေးလိုက်ကြစို့ ... သူငယ်ချင်းရေ"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်။ နောက်ကျတဲ့ခနောင့်သစ္စာဖောက်ပဲပေါ့။ ဂျာနယ်ရေ ... တာ့တာ ... တာ့တာ"

ကြော်ငြာကော၊ အမွေးတိုင်ပါ ကားမီအောင် အတင်းသုတ်ခြေတင်ပြီး ပြောင်းပြန်ကျားလေးကို ကျော်တက်သွားကြသည်။

—"ဝုန်း ... ဝုန်း ... ဖြန်း ... ဖြန်း ..."

သူတို့နောက်က ကားမီအောင် အပြေးတက်သူတွေ တစ်ပုံတစ်ပင်ကြီး။ သူတို့ခြေသံတွေက ဘဝဝမ်းစာကို ခက်ခဲကြမ်းတမ်းစွာ ရှာဖွေနေကြရသော လက်လုပ်လက်စားတွေရဲ့ ငိုချင်းရှည်တီးလုံးသံလား။ မကျေမချမ်း မိန်းမောင်းသံလေလားမသိ။

ပြောင်းပြန်ကျားလေးကတော့ အလျင်စလိုတက်ပေမည့် သူတို့လို မပြေး။

သူ အလျင်စလိုတက်ရခြင်းမှာ ကြိုးချည်တိုင်နှင့်နီးရာမှာ ရပ်နေသောသူ့ကို နောက်ကလူတွေ တိုက်ချသွားမှာကို သခေါ်စီးပါးဝနေသော သူသိထားသောကြောင့်ဖြစ်သည်။

ပြီးတော့ ...

အဲဒီ ပြီးတော့ဆိုတာက သူ့အတွက် အရေးကြီးသည်။

သခေါ်ပေါ်သို့ နောက်ကျပြီးမှ ရောက်လာသောသူ၊ အပေါ်ထပ်သို့ မတက်နိုင်သဖြင့် သူတွေ့လိုသော သူ့အစ်ကို ကျောက်သို့ကျားကြီးကို မရှာနိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်ကြားထဲ အမေ့ကို ရေစိုကြီးနှင့် လှမ်းတွေ့လိုက်ရခြင်းက သူ့အတွက် နိမိတ်တွေက ကောင်းလှသည်မဟုတ်။

သင်္ဘောကြီး၏ နောက်ပိုင်းစက်ခန်းဘေး မှောင်ရိပ်မှာ သူ့မျက်လုံးတွေ အမြင်မှားသွားတာလည်း ဖြစ်ချင်ဖြစ်မည်။ သူတို့မိသားစုအတွက် အတိတ်သမိုင်းအကြောင်း မကောင်းခဲ့သော ရန်ကုန်မြစ်၏ ဒေါမာန်ထန်သော ရေပြင်ကိုမြင်ပြီး သူ့အာရုံတွေ ထင်ယောင်ဝိုးဝါး တုန်လှုပ်ချောက်ချားတာလည်း ဖြစ်ချင်ဖြစ်မည်။

ဒါပေမည့် သူ့အတွက် အရေးကြီးတာက သူ့အစ်ကို ဖောက်ထိုးကျားကြီးကို အိမ်မရောက်ခင် လမ်းမှာ တွေ့ကြဖို့။

ဒါကြောင့် အခြားခရီးသည်တွေထက် ဦးအောင်တက်ပြီး ဆိပ်ကမ်းအဝင်ဂိတ်ဝမှနေ၍ အပေါ်ထပ်က ဆင်းလာသူတွေထဲမှာ သူ့အစ်ကို ကျားကြီး ပါလာသလား။ မပါလာဘူးလား စောင့်ကြည့်ဖို့။

ယင်းကြောင့်ပင် သူ ဆိပ်ခံပေါ်တံတားအထက် ဂိတ်ဝအဆင်းရောက်မှာ ရပ်တန့်ပြီး သင်္ဘောပေါ်မှ တက်လာသူတွေထဲမှာ သူ့အစ်ကိုကျားကြီး ပါလာ၊ မလာ စောင့်ကြည့်သည်။

လူသာကုန်သွားသည် ဖောက်ထိုးကျားကြီးကို မတွေ့။

ပန်းဆိုးတန်းဘက်ကူးမည့် ခရီးသည်တွေ သင်္ဘောပေါ်က ဆင်းသွားကြပြီး ခဏတာမျှ ဖောတံတားပေါ်မှာ လူရှင်းသွားသည်။

သည်တော့မှ သင်္ဘောဆိပ်မှာ ကွမ်းယာစီးကရက်ရောင်းနေသော ဦးလှသိန်းကို သူက လှမ်းမေးဖြစ်သည်။

"ဦးသိန်း . . . ကျွန်တော့်အစ်ကိုကို တွေ့လိုက်သေးလား"





"တွေ့လိုက်တာပေါ့ကွာ။ မင်းရှေ့က ကျွန်စစ်သားသင်္ဘောခေါက်နဲ့ ပါလာတာ။ သူ့ဘော်ဒါတွေ တစ်ပြုံတစ်မကြီးနဲ့ ပြည့်ဝ စားသောက်ဆိုက်ဘက် ချီတက်သွားလေရဲ့"

ဦးသိန်းမြင့်ပြည့်ဝစားသောက်ဆိုင်ဘက် မေးငေါ့ပြလိုက်သဖြင့် ကျားလေး ပြည့်ဝစား သောက်ဆိုင်ဘက်ကို လှမ်းကြည့်မိသည်။

ပြည့်ဝစားသောက်ဆိုင်က သင်္ဘောဆိပ်နှင့် အနီးဆုံး စားသောက်ဆိုင်ဖြစ်၍ လူစည်ကားသည်။

ကိုယ့်အခန်းနှင့်ကိုယ်၊ ကိုယ့်အဖွဲ့နှင့်ကိုယ် သီးခြားသောက်လိုသူတွေအတွက် စပယ်ရှယ်ခန်းတွေရှိ၍ သောက်သုံးသူတွေအတွက် လွတ်လွတ်လပ်လပ်ရှိသည်။

အရက်နှင့် အစားအသောက်လည်း ရှယ်တွေချည်းမို့ တော်ရုံတန်ရုံ လက်လုပ်လက်စားသမားတို့၏ အသုံးတော်ခံ 'အဖြူ' မရောင်း၍ အိတ်မဖောင်းဘဲ မိတ်ပေါင်းဆွေသဟာတို့နှင့် ဝင်လို့မဖြစ်ပြီ။

ပြောင်းပြန်ကျားလေး ပြည့်ဝစားသောက်ဆိုင်အတွင်းသို့ လိုက်သွားရကောင်းနိုး၊ မလိုက်ဘဲ အိမ်ပြန်ရကောင်းနိုး၊ ချီတုံချတုံ ဖြစ်နေမိသည်။

သူငိုင်တွေပြီး စဉ်းစားနေစဉ်မှာ အိမ်မှာ လူမမာတစ်ပိုင်းဖြစ်နေပြီး သားလေးတွေပြန်အလာကို မျှော်တငေးငေး စောင့်နေရှာသော အဖေ့မျက်နှာကို ပြေး၍ မြင်ယောင်မိသည်။

အင်း . . . အဖေ . . . အဖေ။

ငယ်ငယ်တုန်းက ရန်ကုန်ဘက်ကမ်းမှ ဈေးရောင်းပြီး ပြန်လာမည့် အမေ့ကို သူတို့ စောင့်မျှော်နေကြသလို . . .



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အဖေကလည်း ရန်ကုန်ဘက်ကမ်းက ပြန်လာမည့် သားလေးတွေကို စောင့်မျှော်ပြီး မျှော်ရှာနေမှာပါပဲ။

အရက်ကို နေ့မလင်း၊ ညမလင်းသောက်ခဲ့သော ဒဏ်ကြောင့် အဖေ အရက်ရောဂါဖြင့် လူမမာကြီးတစ်ပိုင်း ဖြစ်နေသည်ကို သူ့အစ်ကို ဖောက်ထိုးခေါ် ကျားကြီး သံဝေဂမယူနိုင်သေးပါလား။

ပြောင်းပြန်ကျားလေး၊ အစားကောင်း၊ အသောက်ကောင်း မက်တတ်သော အထည်ကြီးပျက် သူ့အဖေအတွက် ပြည့်ဝစားသောက် ဆိုင်အတွင်းသို့ မဝင်ချင်ဘဲ ဝင်လာခဲ့ရသည်။

✿ ✿ ✿

| ၆ |

❏

"ဟော့ . . . ဒီမှာ ငွေရေးကြေးရေး ချေးချေးပါကွ။ မင်းတို့ ပျော်ပျော်ပါးပါး သောက်ကြစမ်း၊ လေးငါးသောင်းဖိုးလောက်ကတော့ ကျားကြီး တာဝန်ယူပါတယ်ကွ"

ဖောက်ထိုးကျားကြီး တာဝန်ယူနေသူများမှာ ကျားကြီးကဲ့သို့ ထော်ကောင်းစားလှ ဝတ်ဆင်ထားသူတွေဖြစ်၏။

မသိလျှင် တကယ့်သူဌေးသားတွေလား၊ နိုင်ငံခြားပြန် သင်္ဘောသားတွေလား ထင်ကြရပေသည်။ အမှန်တော့ သူ့အစ်ကိုကျားကြီးလို အကြံအဖန်ကောင်တွေပဲဖြစ်၏။

သူတို့စားပွဲပေါ်မှာ နိုင်ငံခြားဖြစ်ဝီစကီအကောင်းစား၊ ဆိုကင်၊ ကြက်ကြော်၊ ဝက်စတူး မြည်းစရာအမည် စုံလင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြန်ကျားလေးမှာ အပြင်ထွက် လမ်းမလျှောက်နိုင်ဘဲ ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ သားနှစ်ယောက်ကို ထိုင်စောင့်ရင်း တစ်ဖွဖွမှာလေ့ရှိတတ်သော အဖေ့ကို ပြေး၍ သတိရမိသည်။

"သားတို့ရယ် အရက်ကောင်းကောင်းတစ်လုံးနဲ့ ခေါက်ဆွဲကြော် ကောင်းကောင်းတစ်ပွဲလောက် စားရရင် အဖေ သေပျော်ပါပြီကွာ"

ဒါကို အစ်ကိုဖြစ်သူ ဖောက်ထိုးကျားကြီးက နားထဲမသွင်း သော်လည်း ညီဖြစ်သူ ပြောင်းပြန်ကျားလေးက မှတ်မှတ်ရရ နှလုံးသွင်း သည်။

ခုလို လကုန်ရက် ရုံးသမားတွေ လခထုတ်ချိန် ဂျာနယ်ရောင်း ကောင်း၍ ငွေရှင်သည့် အခိုက်မျိုးဆိုလျှင် ပြောင်းပြန်ကျားလေး အဖေ့ ဆန္ဒကို တတ်နိုင်သမျှ လိုက်လျောနေကျ။

အရက်ကောင်းကောင်းဟုဆိုသော နိုင်ငံခြားအရက်ကို ကျား လေး မတတ်နိုင်သဖြင့် ပြည်တွင်းဖြစ်ရမ် သို့မဟုတ် ရိုင်ရှယ်ကလပ် (RC) တစ်စိပ်ပြားကလေးတော့ အဖေ့အတွက် ဝယ်ပေးနေကျ။ ပြီးတော့ ပြည့်ဝဆိုင်ကပင် ကြက်ခေါက်ဆွဲ၊ ဝက်ခေါက်ဆွဲ အလျှဉ်းသင့်ရာ တစ်ပွဲ တော့ ဝယ်လာခဲ့တတ်သည်။

အရက်ကြောင့် အစာတောင်းနေသော အဖေ၊ တကယ့်တကယ် ကျတော့ ခေါက်ဆွဲတစ်ပွဲကို ကုန်အောင်မစားနိုင်။ အရက်ကိုတော့ ကုန် အောင်သောက်ပြီး အိပ်ပျော်သွားတတ်သည်။

အဲဒါကိုပင် ဖောက်ထိုးကျားကြီးက သူ့ပိုက်ဆံတစ်ပြားမှမပါ ဘဲ မကျေနပ်ချင်။

"ပြောင်းပြန်ကလည်း အလကားငွေအကုန်ခံပြီး ရမ်တွေ ခေါက်ဆွဲကြော်တွေ ဝယ်ပေးနေရသေးတယ်။ အဖြူလည်း အရက်





တွေ။ တို့ ပိုက်ဆံမရှာနိုင်တုန်းက အဖေအဖြူသောက်ပြီး လျှက်ဆားနဲ့ မြည်းနေတဲ့ဟာ"

"မဟုတ်သေးဘူး . . . ဖောက်ထိုး။ အဖေက ငါတို့မင်းတို့ရဲ့ အဖေပဲ။ သူ ဘာမှမတတ်နိုင်တော့တဲ့ အချိန်မှာ ငါတို့ကို အားကိုးပြီး ပြောနေတဲ့ဟာ"

"သူတတ်နိုင်တုန်းကလည်း တို့ကို ဘာများတာဝန်ယူခဲ့လို့လဲ။ တို့အသက် တို့ရှာကြံပြီး မွေးခဲ့ကြရတဲ့ဟာ။ အရပ်ကောင်းလို့ တို့အရွယ် ရောက်လာကြရတာ။ ဘာအဖေလဲ . . . အလကားအဖေ"

"မင်း ဒီလိုမပြောသင့်ဘူး"

"ပြောတယ်ကွာ . . . ညမနက် နုပ်မှန်အောင်စား၊ တစ်နေ့ အရက်ဖြူတစ်ပိုင်းဖိုး ရနေတာပဲ။ သူ့အတွက် တော်ပြီပေါ့။ ဒါကို တစ်ဆင့် တက်ပြီး သူက အကောင်းစားတွေတောင့်တတော့ ငါ မသဒ္ဓါတော့ဘူး ကွ"

"မင်းမသဒ္ဓါရင် မကျွေးနဲ့ကွာ။ ငါကတော့ အဖေ ဘယ်လောက် ဆိုးခဲ့ဆိုးခဲ့၊ အဖေတစ်ယောက်အနေနဲ့ ဥပေက္ခာမပြုရက်ဘူး"

"ငါကတော့ ပြုရမယ်။ သူ လက်ကြောတင်းအောင် အလုပ် လုပ်မကျွေးလို့ အမေလည်း အသေဆိုးသေခဲ့ရပြီ။ ငါတို့လည်း ဒီဘဝကို ရောက်နေခဲ့ရပြီ"

တစ်ယူသန် ဖောက်ထိုးကျားကြီးကို ပြောင်းပြန်ကျားလေး အားဖက်ပြိုင်ပြီး ပြောမနေခဲ့ပါ။ သူတို့ငယ်စဉ်က အဖေသည် အရက် သမားကြီးပေမည့် ဖြစ်သလိုတော့ ရှာကြံကျွေးမွေးတတ်ပါသေးသည်။

အမေမရှိသည့်အခိုက် ရပ်ကွက်တွင်းမှ အိမ်နားနီးချင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း သူတို့ ညီအစ်ကိုနှစ်ယောက်အား သနားပြီး တတ်နိုင်သလောက် ကျွေးမွေးစောင့်ရှောက်ထားတတ်ကြပါသေးသည်။

သို့သော် ဖောက်ထိုးကျားကြီးမှာ ခြေလှမ်းကြီးသူဖြစ်ပြီး အရွယ်ကလေးရောက်လာတော့ သူဖြစ်ချင်တာတွေ မဖြစ်ရသဖြင့် အဖေ့ကို အပြစ်ပုံချပြီး လောကကြီးကို မကျေနပ်နေသူဖြစ်၏။

ယင်းတွေကြောင့်ပင် ဆိုင်ထဲဝင်ခဲ့ပြီးခါမှ အစ်ကိုဖြစ်သူ ကျားကြီးဆီက အဖေ့အတွက် မမျှော်လင့်တော့ဘဲ သူလစဉ်ပြုနေကျအတိုင်း အဖေကြိုက်နှစ်သက်တတ်သည့် ပြည်တွင်းဖြစ် နိုင်ငံခြားအရက်နှင့် အမြည်းကို ကိုယ့်ဘာသာဝယ်သွားရန် ဆုံးဖြတ်လိုက်ရသည်။

"အာရှစီတစ်စိပ်နဲ့ ဝက်ခေါက်ဆွဲ ပါဆယ်တစ်ပွဲ"

ကျားလေး ကောင်တာကို လှမ်းမှာပြီး ခေါက်ဆွဲကြော်စောင့်ရန် လွတ်နေသော စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

ပြောင်းပြန်ကျားလေး ဝင်လာတာကို လျှပ်စစ်မျက်လုံးနှင့် အလေ့အကျင့်ရှိနေသော ဖောက်ထိုးကျားကြီးမှာ စောစောကတည်းက မြင်ထားသဖြင့် သူ့ဝိုင်းမှ ထလာသည်။

"ဟာ ... ညီလေး။ မင်းပြန်လာပြီလားကွ။ အေး ... မင်း ပြန်လာလိမ့်မယ်ထင်ပြီး မင်းကို ငါဒီဆိုင်က တမင်လာစောင့်နေတာ"

"မင်းနဲ့ငါ ဒီမှာ ချိန်းထားကြတာမှ မဟုတ်ဘဲ။ မင်းက ဘာ ဖြစ်လို့ ငါ့ကို လာစောင့်နေရတာလဲ"

"မင်းက ခုလို လခထုတ်ရက်ဆိုရင် အိမ်အတွက် ဒီဆိုင်ကို ဝင်ပြီး တစ်ခုခု ဝယ်တတ်တာပဲကွာ။ ဒါကြောင့် ဒီပြည့်ဝက လာစောင့် နေတာပေါ့။ မင်းက ဒေါသချည်းပဲ"





"မင်းကို ငါ ဒေါသမဖြစ်ရအောင် မင်း ဒီနေ့ညနေ ငါ့ခွင်မှာ လာပြီး လုပ်သွားတဲ့အလုပ်ကိုလည်း မင်းပြန်စဉ်းစားလိုက်ပါဦး"

ကျားလေးစကားကြောင့် ကျားကြီး တခြားလူတွေ မမြင်အောင် မျက်စိတစ်ဖက်မှိတ်ပြလျက် ...

"အဲဒီအကြောင်းတွေ ဒီမှာ ပြောစရာမလိုအပ်ပါဘူးကွာ။ မင်း အတွက် ဘဲကင်တစ်စိပ်ယူသွား ငါငွေရှင်းမယ်"

"ငါ့အတွက် ဘဲကင်တစ်စိပ်မလုပ်နဲ့။ အဖေပါစားရအောင် ဘဲကင်တစ်ခြမ်း လုပ်လေ"

"ဟာ ... အဖေ့အတွက်တော့ မယူပါနဲ့ကွ။ ငါ စေတနာမရှိဘူး။ သူ့ကြောင့် အမေသေရတာ။ သူ့ကြောင့် ငါတို့ညီအစ်ကို ဒုက္ခရောက်ကြရတာကွ"

"တော်ပြီ ...။ မင်း ပါးစပ်ပိတ်တော့။ အဖေနဲ့ငါ စားဖို့ဝယ်တာ ငါ့ပိုက်ဆံနဲ့ ငါ ရှင်းသွားမယ်။ အေး ... မင်းပြန်လာရင်တော့ အိမ်ကျမှ မင်းနဲ့ ငါ စာရင်းရှင်းရမယ်"

ခေါက်ဆွဲကြော်ထုပ်ရောက်လာ၍ ကျားလေး သူမှာထားတာတွေအတွက် ကျသင့်သည့်ငွေရှင်းပြီး ကျားကြီးမှာပေးမည့် ဘဲကင်ကို ဝင်မစောင့်ဘဲ ဆိုင်ထဲမှ ထွက်လာခဲ့၏။

လက်မှ နာရီကလေးကို အမှတ်မထင် ငုံ့ကြည့်မိတော့ ညခုနစ် နာရီခွဲပြီ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

| ၇ |

ဒလသဘော်ဆီပ်ဝန်းကျင်၌ လိမ္မော်ရင့်မာကျူရှိ မီးရှူးရောင်သည် ဖြာဆင်းနေ၏။ ထိုလိမ္မော်ရင့် မီးရောင်ကြောင့်ပင် လူတွေ၏မျက်နှာ မှာ အနီလုနေသော လောဘရောင်၊ ဒေါသရောင်တွေ လွှမ်းနေသည်ဟု ထင်ရသည်။

"တွံတေးကို ... တွံတေးကို ..."

"ကော့မှူး ... ကွမ်းခြံကုန်း"

"နာရီစင် ... သပြေကုန်း ... မနုတ်ကို ... မနုတ်ကို ..."

ခရီးသည် လုခေါ်သံတွေ၊ လုတင်သံတွေ၊ အပြိုင်အဆိုင် သဘော်ဆီပ်ဝန်းကျင်တစ်ဝိုက် လွင့်ပျံ့ခုန်ပေါက်လျက် ရုပ်သဲရှုပ်ထွေး လျက်။





ထိုလောဘ၊ ဒေါသရောင်အောက်မှာပင် အဖွေ့အတွက် မှုပင် သောကပွားနေသော မောဟကောင်ကလေးသည် ခြေထောက်အားကိုး လှမ်းလျှောက်လျက် ရှိ၏။

"တီ ... တီ ..."

"အောင်မင်္ဂလာ"

"မြို့မ ... ညောင်ကုန်း"

"တပင်ရွှေထီး ... နာရီစင်"

ဆိုင်ကယ်ကယ်ရီတွေကလည်း မှိုလိုပေါက်လျက် လမ်းလျှောက် ကောင်လေးနောက်က မျှော်လင့်တကြီး ကပ်၍လိုက်လာသည်။

"တီ ... တီ ..."

"ကမာကသွယ်ဘောလုံးကွင်း"

"အားကစားကွင်းလေ၊ မစီးတော့ဘူးလား"

"တီ ... တီ ..."

ဆိုင်ကယ်ဟွန်းသံကို နားငြီးလောက်အောင် ပေးကြပြန်သည်။

"ဟော့ ... မင်းတို့ လူမှားနေပြီ။ ဒီဘဲက ခမူးစေ့။ သူ့အစ်ကို အကြီးက ရွှေဒင်္ဂါး။ ခမူးစေ့နဲ့ ရွှေဒင်္ဂါး လူမမှားအောင် မှတ်ထားကြ ပေါ့"

လူပို့ပြီး ပြန်ဆင်းလာသော အစုန်ဆိုင်ကယ်တစ်စီးပေါ်မှ သဘာ ကယ်ရီကောင်က လှမ်းအော်သွားသဖြင့် ကျားလေးကို လူမှားပြီး ခေါ် နေသော ဆိုင်ကယ်တွေနောက်မှ ပါလာသည်အဖြစ် ကျားလေး နားလည်လိုက် သည်။

သို့သော် သူတို့စကားတွေက မဟုတ်မခံစိတ်ရှိသော ကျားလေး



www.burmeseclassic.com

www.burmeseclassic.com



၏စိတ်ကို ဆွပေးလိုက်သလိုဖြစ်၍ ကျားလေး ဒေါသဖြင့် နှုတ်တုံ့ပြန်မိသည်။

"ကျုပ်က ပင်ပင်ပန်းပန်းနဲ့ ငွေရှာရတာ။ ကျုပ်ရဲ့ချွေးနည်းစာကို ကျုပ် တန်ဖိုးထားတယ်။ အရင်က ခင်များတို့ ဆိုင်ကယ်ကယ်ရီတွေ မပေါ်ခင်က ဒီလမ်းနဲ့ ဒီခရီးကို ခြေထောက်နဲ့ လျှောက်နေကြ။ ခုကျွ ဖင်နဲ့ ကျုပ် လမ်းမလျှောက်ဘူး"

ပြောပြီး ကျားလေး ပလက်ဖောင်းပေါ်တက်ပြီး ခပ်သွက်သွက် လှမ်းလျှောက်သည်။

သို့ဆက်လျှောက်လာပါမှ ဆိုင်ကယ်ကယ်ရီတစ်စီးက နောက်မှ ထပ်လိုက်လာပြီး သေမင်းငင်သံလိုလို၊ သူတောင်းစား ထမင်းမဝ၍ တကျီကျီ တောင်းသံလိုလို တတီတီ လုပ်နေပြန်သည်။

"တီ ... တီ ..."

"တီ ... တီ ..."

ထိုမျှ တတီတီလုပ်နေပြန်တော့ ကျားလေး သည်းမခံနိုင်တော့ ဒေါသဖြင့် လှည့်ကြည့်လိုက်သည်။ သူ့ကို ခဲမူးစေ့ဟုခေါ်သွားသည့် အချိန်ကလည်း ရှိနေသေးသည်လေ။

သူ့နံဘေး ပလက်ဖောင်းမှာ ယှဉ်ရပ်လာသော ဆိုင်ကယ်ကယ်ရီတစ်စီး။

ထိုကယ်ရီနှင့်ပါလာသူက သူ့အစ်ကို ဖောက်ထိုးကျားကြီး။

ကျားကြီးသည် ဆိုင်ကယ်ကယ်ရီနှင့် လိုက်လာရာက ကယ်ရီနံပေါ်မှ ပြုံးပြုံးပြုံးပြုံးနှင့် ဆင်းလာသည်။

"အစ်ကိုကို ညီလေးစိတ်ဆိုးသွားတာ အစ်ကို မခံစားနိုင်လွန်းလို့ပါကွာ"





ပြောရင်း ကျားလေး၏ပခုံးကို ကျားကြီးက လှမ်းဖက်သည်။

"လာ ... ကယ်ရီပေါ်တက်၊ တို့ညီအစ်ကိုနှစ်ယောက် အိမ်ကို အတူတူပြန်ကြမယ်"

ဖောက်ထိုးကျားကြီးက မျက်နှာချိုသွေးပြီး ပြောပေမဲ့ ပြောင်းပြန်ကျားလေးက စိတ်ဆိုးမပြေနိုင်သေး။ ကျားကြီး ဂျာကင်အိတ်နှစ်ခုလုံး ဖောင်းကားနေသည်ကိုလည်း သတိထားမိသည်။

"မင်း ... အဖေ့ကို လူကြားထဲမှာ ဒီလို ပြောသင့်၊ မပြောသင့် စဉ်းစားဘူးလားကွာ"

"အေးပါကွာ ... ညီလေးရာ၊ ငါ နည်းနည်းများသွားလို့ပါကွာ။ ဟောဒီမှာ မင်းလိုချင်တဲ့ ဘဲကင်တစ်ခြမ်း၊ တို့ညီအစ်ကို၊ သားအဖတွေ ဒီနေ့အိမ်မှာ ပျော်ပျော်ပါးပါး စားကြတာပေါ့ကွာနော် ... ညီလေး။ လာကယ်ရီပေါ် ... တက်"

အစ်ကိုဖြစ်သူ ဖောက်ထိုးက ထိုမျှအထိ လိုက်လျောပြီး ချော့လာတော့ ညီဖြစ်သူ ပြောင်းပြန်ကျားလေး စိတ်ကိုလျှော့လိုက်ရသည်။ ကျားလေး ဆိုင်ကယ်ပေါ်သို့ ကျားကြီးနှင့်အတူ တက်လိုက်ရသည်။

ဆိုင်ကယ်ကယ်ရီက ကျားကြီးကို လိုက်ပို့နေကျ ဖြစ်ပုံရသည်။ ကယ်ရီပေါ်မှာပင် ကျားကြီး ပုလင်းပြားကို ထုတ်ထုတ်မော့လာသည်။

ကမာကာသွယ်လမ်းမကြီးအတိုင်း ညာဘက်ချိုးပြီး မောင်းလာသည်။ သူတို့လမ်းထိပ်အရောက် လမ်းမပေါ်မှာပင် ရပ်လိုက်သည်။

"လမ်းထဲ ဝင်ပေးကွာ"

ကျားကြီး ပုလင်းပြားကို ထပ်မော့ပြီး ခတ်ဆတ်ဆတ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထိုးကျားကြီး၏ ဝသီက ဒီအတိုင်းပါပဲ။ သူပျော်စေချင်သည့် လူတွေကျတော့ အင်မတန်ပျော်သည်။ သူမချင်သည့် လူတွေနှင့်ကျတော့ . . .

"ဟော့ . . . ကယ်ရီကောင်၊ သာဒင်ကို ဘာထင်သလဲလို့ ပြောရမယ့် တွဲတေးသိန်းတန်ခေတ် မဟုတ်ဘူး။ ကျားကြီးကို ဘယ်လိုအမှုန့်နဲ့ ခရီးဆုံးအောင် လိုက်မပို့တာလဲ"

ပြောရင်းက ကယ်ရီပေါ်မှ မဆင်းသေးဘဲ သူ့လက်ထဲမှ ပုလင်းပြားကို ဆက်မော့ရင်း ကယ်ရီသမားကို ဂရုမစိုက်သလို ပြောသည်။

ကျားလေးကတော့ တစ်ခုခုဖြစ်တော့မည်ဟု တွက်ပြီး ကယ်ရီနောက်မှ လိုက်လာရာက ဆင်းလိုက်သည်။

ကယ်ရီသမားက ကျားကြီး၏ အထာကို နောကျေနေဟန်ရှိသည်။

"ဟာ . . . ဆရာကျား . . . ဆရာကျားကို ဘယ်လိုအမှုန့်နဲ့ ခရီးဆုံးအောင် လိုက်မပို့ဘဲ ထားရမှာလဲ။ ဆရာကျားတို့လမ်းက လမ်းကြီးနဲ့ သုံးလမ်းအကျော်၊ ပြီးတော့ ရွှံ့တွေ၊ ဗွက်တွေနဲ့ ကျွန်တော်တို့သုံးယောက်စိတ်နဲ့ဆိုရင် ဘီးနစ်ပြီး မှောက်မှာဗျာ့"

"စကားမရှည်နဲ့။ ဆိုင်ကယ်မှောက်ပြီး ပျက်ရင် လျှော်မယ်။ တစ်စီးမဟုတ်ဘူး၊ နှစ်စီးလျှော်မယ်။ လမ်းထဲအရောက် ပို့မလား။ မပို့ဘူးလား . . . ပြော"

ကယ်ရီပေါ်က မဆင်းဘဲ ဖွတ်ပေ၍ ပြောရင်း လက်ထဲမှာ ပုလင်းပြားကို ဆက်မော့နေပြန်၏။

ဒီတော့ ကျားလေးမှာ မနေသာဘဲ ဝင်ပြောရသည်။





"အစ်ကိုရာ . . . ဟုတ်သားပဲ။ ကျွန်တော်တို့လမ်းက နွေတောင်ကျင်းတွေ၊ ချိုင့်တွေနဲ့ တော်ရုံကယ်ရီတောင် လိုက်တာမဟုတ်ဘူး။ ခု မိုးတွင်းဆိုတော့ သူပြောသလို ရွှံ့တွေ၊ ဗွက်တွေနဲ့။ လာပါဗျာ . . . ဆင်းပြီး လမ်းလျှောက်ကြရအောင်"

ကျားလေးစကားကြောင့် ကယ်ရီသမားလေး အားတက်သွားပြီး . . .

"ဆရာကျားညီပြောတာ ဟုတ်ပါတယ် . . . ဆရာကျားရယ်။ ဒီကယ်ရီခလည်း ကျွန်တော် ဆရာကျားဆီက မယူတော့ပါဘူး။ ဆရာကျားတို့ကို နိဗ္ဗာန်ကူးတို့ပို့တယ်လို့ပဲ သဘောထားပါတယ်"

"ဘာကွ . . . ဘာ . . . နိဗ္ဗာန်ကူးတို့ . . . ဟုတ်လား . . .။ ငါက သေလို့ နိဗ္ဗာန်ကူးတို့ လိုက်ပို့ရတာလား။ ခွေးမသား . . . မင်းငါ့ကို ဘာမှတ်သလဲ"

ကျားကြီးက ခြေမြန်လက်မြန်ရှိသူပီပီ သူ့လက်ထဲမှ ပုလင်းပြားနှင့် ကယ်ရီသမားကိုလှမ်းအရိုက် အစ်ကို၏ဇာကို သိထားသော ကျားလေးက လက်ထဲမှ ပုလင်းကို လက်တစ်ဖက်မှ လှမ်းလုရင်း အစ်ကိုကို ထိန်းသည်။

ပြီးတော့ . . . ကယ်ရီသမားကို တောင်းပန်ရပြန်သည်။

"ကျွန်တော့်အစ်ကို မူးသွားလို့ပါဗျာ။ စိတ်မရှိပါနဲ့။ ကျွန်တော် တောင်းပန်ပါတယ်"

"ရပါတယ် . . . ညီလေးရာ၊ ဆရာကျားက အစ်ကို့ဖောက်သည်ပါ။ သူမမူးရင် အင်မတန်ကောင်းတဲ့သူပါ။ သေသေချာချာထိန်းပြီး အိမ်အရောက်ခေါ်သွားပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကယ်ရီသမား နောက်ပြန်လှည့်ကွေ့ပြီး မောင်းထွက်သွားသည်။

ပြောင်းပြန်ကျားလေးက မှုနေသော ဖောက်ထိုးကျားကြီး၏ ခန္ဓာကိုယ်ကို ချိုင်းအောက်မှ လျှိုဖက်ထိန်းရင်း လမ်းထဲဝင်လာခဲ့သည်။

ဒါကို အကြောင်းမသိကြသော လမ်းထဲမှ လူတချို့က ...

"ဒီနေ့တော့ ညီအစ်ကိုနှစ်ယောက် အတူတူ၊ တစ်ယောက်ကို တစ်ယောက်ဖက်ပြီး ပြန်လာတာ ထူးထူးခြားခြားပဲဟေ့"

ဟူ၍ အချင်းချင်းပြောပြီး ပြုံးလိုက်မိကြသည်။

ကျားကြီးက သူ့ကိုယ်သူ မထိန်းနိုင်သလို လမ်းထဲဝင်လာသည် အထိ ယိုင်တိုးယိုင်တိုးလုပ်နေသဖြင့် ကျားလေးက လွှတ်ပေးပြီး ခပ်ငေါက်ငေါက်ပြောလိုက်သည်။

"အစ်ကို ... မင်းအထာ ဘာလဲဆိုတာ ငါသိတယ်ကွ။ မင်းတကယ်မူးတာမှ မဟုတ်ဘဲ။ ပုံမှန်လျှောက်ကွာ၊ ရုပ်ပျက်တယ်"

"ဟာ ... ငါ့ညီ ငါတကယ်မူးတာပါကွာ။ မင်းက ဘာအထာ သိနေရတာလဲ"

"အိမ်ကျရင် မင်းနဲ့ငါ စာရင်းရှင်းမယ်လို့ပြောခဲ့တဲ့ ငါ့ကို မင်းတမင်တကာ အထာပြတာပဲ မဟုတ်လား။ အထာပြမနေနဲ့၊ ရုပ်ပျက်တယ်ကွ။ ငါမင်းနဲ့ စာရင်းရှင်းချင်စိတ်လဲ ကုန်သွားပြီ။ မင်းအလုပ် မင်းဆက်လုပ်။ ငါ့အလုပ် ငါဆက်လုပ်တာပဲ ကောင်းပါတယ်"

"ဟာ ... ငါ့ညီ တော်လိုက်တာ၊ ဒါဆိုပြီးရော။ ငါ အရက် မဝသေးဘူး။ စောစောက ငါ့လက်ထဲက မင်းလုမ်းလုလိုက်တဲ့ အရက် ပုလင်းကော။ အိမ်ရောက်ရင် ထပ်သောက်ရမယ်။ ငါ့ကို ပြန်ပေး"





"ဒီအရေတွေမြင်လို့ ငါ လွှင့်ပစ်ခဲ့ပြီကွ။ ခုဆို လမ်းဘေးရေမြောင်းထဲက ငါးတွေ မူးနေရောပေါ့"

"အမယ်လေး ... တော်လိုက်တဲ့ငါ့ညီ။ ငါကလည်း ဒီအရေတွေမြင်လို့ ဟောဒီဂျာကင်အိတ်ထဲမှာ တိုက်ဂါးဘီယာ ငါးဘူးတောင် ထပ်ဆောင်ထားသေးတယ်ကွ ... ဟား ... ဟား ... ဟား ..."

အစ်ကိုဖြစ်သူ ဖောက်ထိုးကျားကြီးစကားကြောင့် ညီဖြစ်သူ ပြောင်းပြန်ကျားလေး အစ်ကိုဖြစ်သူကို စိတ်ကုန်သွားသည်တော့ အမှန်။

လက်လန်သည်ဆိုသည်မှာ ဒါပဲဖြစ်နိုင်၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

အိမ်ရှေ့လမ်းနှင့် အိမ်ခြံဝင်းကို သုံးပေခန့်အကျယ်ရှိသော ရေမြောင်းက ပိုင်းခြားထားသည်။ ရေမြောင်းကလေးမှာ နှစ်ပေခန့်သာ အနက်ရှိပြီး ကန်စွန်းပင်နှင့် ကနဖော့ပင်များ ခုလို မိုးတွင်းအချိန်မှာ ပေါက်ရောက်နေပြီး ငါးရှင်းတွေ ခိုလှုံစရာဖြစ်နေ၏။

ရပ်ကွက်အတွင်းရှိ လမ်းဘေးမှ ရေမြောင်းများသည် ရပ်ကွက်ထိပ်မှ ချောင်းကလေးသို့ ဦးတည်ပြီး ထိုချောင်းကလေးမှ ရန်ကုန်မြစ်အတွင်းသို့ စီးဝင်သွားတတ်ပြန်သည်။

ရေတက်ရေကျရှိသော ရန်ကုန်မြစ်သည် ချောင်းကလေးကိုလည်း ရေတက်ရေကျဖြစ်စေသည်။ ချောင်းကလေးမှတဆင့် သူတို့အိမ်ရှေ့မှ မြောင်းကလေးသည် ရေတက်ရေကျဖြစ်ကာ ရေအဝင်အထွက်ရှိနေပြန်သည်။





ခုလို မိုးတွင်းကြီး ရေများချိန်ဆိုလျှင် ထိုချောင်းမှတစ်ဆင့် အမှိုက်သရိုက်တွေ၊ ခွေးသေကောင်၊ ကြောင်သေကောင်ပုပ်တွေ ရန်ကုန်မြစ်အတွင်းသို့ မျောဝင်သွားတတ်ပြန်သည်။

အိမ်ရှေ့မြောင်းကလေးအတွင်းမှ ခုလို မိုးတွင်းချိန်ဆိုလျှင် ငါးရှင်းတွေ ခိုအောင်းတတ်သလို သွေးစုပ်မျှော့မည်းကြီးတွေလည်း ရှိတတ်သည်။

ယင်းကြောင့် ကမာသွယ်ရပ်ကွက်အနိမ့်ပိုင်းမှ အိမ်ရှေ့များတွင် တံတားကလေးများကို တတ်နိုင်လျှင် တတ်နိုင်သလို ထိုးထားတတ်ကြသည်။

ထိုတံတားလေးများမှာ ငွေကြေးတတ်နိုင်သလို အုတ်တံတား၊ သစ်သားတံတား၊ ဝါးတံတားလေး ထိုးထားခြင်းပင်။

သူတို့ အိမ်ရှေ့မှာက ဖြစ်သလိုထိုးထားသော ဝါးတံတားကလေးရှိသည်။

ထိုဝါးတံတားလေးသည်ပင် တစ်လံခန့်ရှိသော ဝါးလုံးတို့နှစ်ချောင်းကို မြောင်းထဲ လူဆင်းမလျှောက်ရရန် ထိုးထားသဖြင့် ခနော်နီခနော်နဲ့ ရှိလှသည်။ ဒါတောင် နှစ်ယောက်သွားသာရုံမဟုတ်။ တစ်ယောက်တည်းသွားတာတောင် ကျိုးကျိုးကျွဲကျွဲမည်ကာ လှုပ်လှုပ်ရွရွရှိလှသည်။

ကျားလေး သူ့အစ်ကိုအမူးကောင်ကို မြောင်းထဲလိမ့်ကျ၊ မကျစမ်းသပ်သည့်အနေဖြင့် ရှေ့မှသွားစေသည်။

အမူးကောင်ကျားကြီးသည် ဆပ်ကပ်လို လက်ကားယား၊ ခြေကားယားဖြင့် ယိမ်းယိုင်ပြီး ဝါးတံတားကို အောင်မြင်စွာ ဖြတ်လျှောက်သွားသည်။

www.burmeseclassic.com



ယိုင်နဲ့နဲ့စောင်းကာ အမိုးအကာစုတ်ပြတ်နေသော အိမ်ကလေးထဲမှ ပက်လက်ကုလားထိုင်မှာ ထိုအချိန် သားတွေလာနေကျဖြစ်၍ ထိုင်မျှော်နေသော အဖေဦးမိုးကောင်းက သားတွေလာတာကို သဲသဲကွဲကွဲ မမြင်ရပေမည့် လှမ်းပြီးသိနေသည်။

သူတို့အိမ်ကလေးထဲမှာ ဆယ်နာရီအောက်ဆိုက်မီး တစ်လုံးထောင်ပေး၍ သွယ်ထားသဖြင့် မီးချောင်းတစ်ချောင်း၏ အလင်းရောင်သည် အိမ်စုတ်ကလေးထဲ ဖြာကျနေပြီး ထရံပေါက်ခေါင်မိုးပေါက်များမှ ထိုးထွက်နေ၏။

အိမ်ရှေ့ဖိနပ်ချွတ်အဆင့်ကို ရောက်သည်နှင့် ကျားကြီးသည် သူ့ဝသီအတိုင်း ခြေသံပြင်းပြင်းနှင့် လှမ်းတက်သည်။

ဒါကို သားတွေ၏ခြေသံအား ခွဲခြားမှတ်ထားသော အဖေဦးမိုးကောင်းက သိနေ၏။

"သားကြီးလားကွယ့် ...ညီလေးကော မပါဘူးလား"

"ပါပါ့ဗျာ ... ခင်ဗျားအတွက် သောက်စရာ၊ စားစရာဝင်ဝယ်နေလို့ ကျုပ်စောင့်ပြီး ခေါ်လာရတယ်"

"သူ့ခမျာ အဖေ့ကို နေ့တိုင်း ရှာကြံဝယ်ပေးနေရတာ ပင်ပန်းလှပါပြီ။ အဖေ သူ့ကို မျှော်နေတာကွယ့်"

"အင်း ... ခင်ဗျားကြီးက ကိုယ်ရှာဝယ်ရတာမှ မဟုတ်တော့ အိမ်က အဆင်သင့်မျှော်နေရုံပေါ့။ ကျုပ်တော်တို့ရှာတာကို ခင်ဗျားကြီးမျိုကျတာ အံ့ဩတယ်ဗျာ"

"အို ... သားကြီးရယ်၊ ဘယ်လိုစကားတွေ ပြောလိုက်တာလဲ။ ငါ့သားကြီးတော့ ငရဲကြီးတော့မှာပဲ။ သားတို့ရှာကျွေးတာ မစားရင် နေပါစေကွာ။ သားတို့ ငရဲကြီးမခံကြပါနဲ့"





အဖေက ကြေကြေကွဲကွဲ ပြောနေစဉ် ပြောင်းပြန်ကျားလေး နောက်မှရောက်လာပြီး ...

"ကျားကြီး မင်းမူးမူးရူးရူးနဲ့ အဖေ့ကို ပေါက်ကရတွေ ပြောမနေပါနဲ့ကွာ။ မင်းဝယ်လာတဲ့ ဘဲကင်လည်း မကျွေးချင်ရင် မကျွေးပါနဲ့"

"တစ်အိမ်တည်း အတူတူနေမှတော့ ကျွေးရမှာပေါ့ကွ။ ဒါပေမဲ့ အမေ့လောက်တော့ အဖေ့ကို စေတနာမရှိဘူး။ အမေသေသွားလို့ပေါ့ကွာ ...ဟွန်း"

"ဟေ့ ...ကျားကြီး၊ အမေမရှိတော့မှ အမေ့ကို စေတနာရှိတယ်လေ၊ ဘာလေး ဟန်ဆောင်ပြောမနေနဲ့၊ အသက်ရှင်လျက်ရှိနေတဲ့ အဖေကိုပဲ မင်းစိတ်ချမ်းသာအောင် ထားဦး"

"ပြောင်းပြန် ...မင်း ငါ့ကို ဆရာမလုပ်နဲ့။ မင်းက အကြီးလား၊ ငါက အကြီးလား"

"ဒါကတော့ မင်းနဲ့ငါ့ကို အမေမွေးတုန်းက တစ်ယောက်မှ မြင်ကြတာမဟုတ်ဘူး။ အမေက သတိလစ်နေပြီ။ နောက်မှလူတွေက တွေ့လို့ ဘယ်သူအကြီး၊ ဘယ်သူအငယ် သူတို့ဘာသာသူတို့ သတ်မှတ်လိုက်လို့ မင်းက အကြီးဖြစ်သွားရတာပဲ။ မင်းက အကြီးလား၊ ငါက အကြီးလား ဘယ်သိမလဲကွ"

သားနှစ်ယောက် အချီအချပြောစကားကြောင့် သူတို့အဖေ ဦးမိုးကောင်း ပြုံးမိသွားသည်။

ဟုတ်သည်။ သားနှစ်ယောက်ကို မီးဖွားတုန်းက သည်အိမ်ကလေးမှာ သူတို့အမေ တစ်ယောက်တည်း။ သူက အရက်ဆိုင်မှာ မူးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နားနီးချင်းတွေက လာခေါ်မှ သူမှုးမှုးနှင့် ထလိုက်လာသည်။

သားလေးနှစ်ကောင် အမြှာမွေးပြီး သူတို့အမေ မနှင်းဆီသေွးလွန်ပြီး မေ့မြောနေလေပြီ။ ခြေရင်းကြမ်းပေါက်မှာ ကျွဲကျပြီး ဖောက်ထိုးကြီးဖြစ်နေသော အကောင်ကို အရင်တွေ့လိုက်ရသဖြင့် အကြီးကောင်အဖြစ် အရင်တွေ့ရသူကို အများနည်းတူ သတ်မှတ်ခဲ့သည်။

ယက်ကန်ယက်ကန်နှင့် သူ့အမေခေါင်းရင်းဘက် ရောက်နေသောအကောင်ကို နောက်မှ တွေ့လိုက်ရသဖြင့် ပြောင်းပြန်ကြီးဖြစ်နေရာ ထိုအကောင်ကို အငယ်ကောင်ပြောင်းပြန်ဟု အလွယ်တကူ သတ်မှတ်လိုက်ကြသည်။

တကယ့်တကယ်ဆိုလျှင် ထိုနှစ်ကောင်သည် ဘယ်ကောင်အကြီး၊ ဘယ်ကောင်အငယ် သူတို့ဘာသာသူတို့ မသိသလို သူတို့ကိုမွေးသော အမေနှင့်အဖေပင် ဘယ်ကောင်အကြီး၊ ဘယ်ကောင်အငယ်ဟု အတပ်မပြောနိုင်။ ။

"သားတို့ရာ . . . မင်းတို့နှစ်ယောက် အကြီးအငယ်ငြိုငြင်နေကြတာနဲ့ပဲ အဖေဆာလှပြီ။ ဘယ်မှာလဲ သားကြီးယယ်လာတဲ့ . . ဘဲကင်"

"ဟော့ကောင် . . . ပြောင်းပြန်ရဲ့ မင်းအဖေကို မင်းပဲ ဘဲကင်ထည့်ကျွေးလိုက်။ ငါကတော့ အိမ်ခန်းထဲဝင်ပြီး ဘီယာနဲ့နှပ်နေတော့မယ်"

"မင်းကွာ . . . ခြေထောက်မဆေး၊ ဘာမဆေးနဲ့"

ကျားလေးက ပြောတာတောင် ကျားကြီး ဂရုမစိုက်။ သူဝတ်ထားသော အဘိုးတန် သားရေမှုဆိုးဖိနပ်ကို ဒီအတိုင်း ချွတ်ထားခဲ့ပြီး သူတို့အိပ်နေကျ အခန်းထဲ ဝင်သွားသည်။





ဒါဆို သူ့အတွက်လည်း အမြည်းတစ်ခုခု ပါလာပုံရသည်မှာ သေချာသည်။

ဣန္ဒာသရ လိုတိုင်းရ သူ့သားရေကျောက်ကင်ကြီးထဲမှာ သူ့အတွက်အစားအစာမှန်သမျှ ဝှက်၍ ယူလာတတ်သောညဉ့် ကျားကြီးမှာ အမြဲနေ၏။

ကျားကြီးက ဧယ်စဉ်ကတည်းက တစ်ကိုယ်ကောင်းသမားမှ တကယ့်တစ်ကိုယ်ကောင်းသမား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းသို့အပြန် ထိုသူတွေက မှောင်ရိပ်မှ သူတို့နှစ်ယောက်ကို စောင့်ပြီး ထိုးကြိတ်ကြခြင်းဖြစ်သည်။

သူတို့ညီအစ်ကိုနှစ်ယောက်ကလည်း ခံချသည်။

"အုန်း ... ခွပ် ..."

"ဘုန်း ... အင့် ..."

ငါးယောက်နှင့် ညီအစ်ကိုနှစ်ယောက်ဖြစ်နေ၍ သူတို့နှစ်ယောက် ခံနေရသည်။

"အကြီးကောင်ကို အသေသတ်ကွာ။ အဲဒီကောင် သိပ်ပြီးစွာတယ်"

တစ်ယောက်က တုတ်ကိုင်ပြီး ကျားကြီးဆီ ပြေးသွားသည်။

သို့သော် တုတ်ကိုင်ပြီး ပြေးလာသူ ကျားကြီးဆီ မရောက်လိုက်ရ။

တစ်စုံတစ်ယောက်က ဆောင့်တွန်းလိုက်သလို ပက်လက်လန်လဲကျသွား၏။

"အင့် ..."

"အား ..."

တုတ်ကိုင်ရင်း ပက်လက်လန်လဲကျသွားသူကို အားလုံး အံ့အားတသင့် လှမ်းကြည့်နေကြစဉ် ပန်းနံ့တွေရလာသည်။ ပြီးတော့ မှောင်ရိပ်မှ ဝိုးတိုးဝါးတားပုံရိပ်တွေ ထင်လာသည်။

"ဟာ ... ပန်းသည်မသရဲကွ။ သူတို့ကို သူတို့အမေ ပန်းသည်မသရဲ လိုက်စောင့်ရှောက်နေတယ်လို့ လူကြီးတွေပြောတာ အမှန်ပဲ။ ပြေး ... ပြေးကြမှ ..."





တကယ်ပဲလား။ တိုက်ဆိုင်မှုလားမသိ။

ထိုဖြစ်ရပ်မှစ၍ ကျားကြီးကော၊ ကျားလေးပါ သေဆုံးသွားပြီဖြစ်သော သူတို့အမေနှင့် ပတ်သက်၍ မှတ်မှတ်ရရတွေ ရှိလာခဲ့သည်။ မယုံလို့ကလည်း မဖြစ်။

အမေနှင့်ပတ်သက်၍ သတိထားမိစရာတွေက အများကြီးပါပဲ။

"ဆရာကြီး ... ကျုပ်ရှင်လေ့ခါးဝကို ရောက်လာပြီး အတွေးချော်ပြီး ဘယ်ဆက်သွားဦးမလို့လဲ။ အပေါ်တက်ကြစို့"

ဒွေးအေးနုရီ သတိပေးလိုက်မှ ကျားလေး အတွေးစပြတ်သွား၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၃ ]

❑

မိုးတွင်းချိန်ခါမို့ မိုးရွာတာက မဆန်း။ ဆန်းသည်မှာ သားလေး နှစ်ယောက် ပြန်မရောက်နိုင်တာဘဲဖြစ်သည်။

ခါတိုင်းဆိုလျှင် သားလေးနှစ်ယောက်အနက် တစ်ယောက်တ တော့ ပြန်ရောက်လာစမြဲ။

အထူးသဖြင့် အငယ်ကောင်က အချိန်မှန်တတ်သည်။ အငယ် ကောင်ပြန်လာလျှင် သူ့အတွက် အရက်နှင့် မြည်းစရာ အမြည်းတစ်ခု တော့ ပါလာစမြဲ။

အိမ်မှာ အရက်လက်ကျန် မရှိတော့။

အရက်ဆာသည့် ဝေဒနာဆိုတာကလည်း ဝဠ်နာကံနာလို များ ပြောရလေမည်လား မသိ။

"ဟော့ ... အော့ .... အော့ ... ဝေါ့ ..."





လေတွေပျို့တက်ပြီး ထိုးအန်လိုက်ရသည်။

အိမ်ရှေ့မှ ကလေးတစ်ယောက် ဖြတ်သွားလျှင်လည်း ဆယ် အိမ်ကျော်လောက်မှာရှိသော အရက်ပုန်းဆိုင်မှ သူ့မှာလိုရမည်ရ သုံး ရန် သားလေးပေးထားသော ငွေတစ်ရာနှင့် အရက်တစ်ထုပ် ပါဆယ် ဆွဲခိုင်းရလျှင်ဇည်း ကောင်းပါရဲ့။

ခုတော့ မိုးတွေက သည်းသည်းမည်းမည်း ရွာချနေ၍ ကလေး တစ်ယောက်ယောက်မပြောနှင့်၊ လူကြီးတွေပင် အိမ်ပြင်မထွက်ကြတော့။

ဒလဆိုတာကလည်း ကျိုန်စာသင့်သော အရပ်များလားမသိ။ နွေအခါတွင် သောက်ရေသုံးရေ ပြတ်တတ်သည်။ မိုးအခါတွင် ရေကြီး ရေလျှံဖြစ်တတ်သည်။

ခု မိုးက သည်းသည်းမည်းမည်းကြီး ဆက်တိုက်ရွာချနေတော့ မြစ်ထဲမှ တက်ရေနှင့်ဆုံပြီး လမ်းတွေပေါ် ရေလျှံနေသည့်အပြင် အိမ် အောက်ပါ ရေရောက်နေပြန်သည်။

အိမ်ကို သည်နှစ်ခနီအသစ် မမိုးနိုင်သဖြင့် အမိုးကလည်း ရေယိုလျက်ရှိသည်။

သူထိုင်နေသော ပက်လက်ကုလားထိုင်ပေါ်သို့ မိုးစက်တွေကျ နေတာပင် သူမရွှေ့ဘဲ ပေထိုင်နေသည်။ ရွှေ့ထိုင်ရန်လည်း အရက်မဝင် ၍ သူ အားအင်ကုန်ခမ်းနေသည်။

"ဟင်း ... ရေစက်တွေက ငါ ပြင်ဦးလွင်ဘီအီးဝါးတားဖေါလ် ကို ရောက်နေတဲ့အတိုင်းပဲ"

ဦးမိုးကောင်း အရက်ကြောင်ကြောင်ပြီး သူ၏ ငယ်စဉ်မြေ့သီး ဆောင်းဘဝကို ပြေးမြင်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကောင်းငယ်စဉ်က ချမ်းသာသော သူဌေးသားလူပေါ်ကျော ဖြစ်သည်။

မိဘတွေက မန္တလေးမှာ ချမ်းသာကြွယ်ဝကြသူများ။ မွေးချင်း ဆယ်ယောက် ရှိသည့်အထဲမှာ ဦးမိုးကောင်းမှာ အငယ်ဆုံး အထွေးဆုံးမို့ အလိုလိုက်ထားကြသည်။

ခု ကျားကြီးတို့ဆိုးတာ မိုးကောင်းကို မီလိမ့်မည်မဟုတ်။ မိုးကောင်းသည် မိဘအားကိုး ပိုက်ဆံဖြုန်းပြီး ငယ်စဉ်က ခပ်ပေပေ၊ ခပ် တေတေ။ ထစ်ခနဲဆို လူရိုက်ပြီးသား။

သူ့ကို မြှောက်ပင့်ညာစား ပေါင်းသူတွေကြားမှာ မျက်နှာပွင့် လှသည်။

အရက်ကလေး ခပ်တွေတွေဖြင့် သူ့ထက်အကြီးတွေအပေါ် နဲ့ ဆိုးဆိုးတတ်သည်။ မိဘတွေဆီကလည်း ပိုက်ဆံကို အမျိုးမျိုးလှည့်ပတ် တောင်းပြီး သုံးဖြုန်းတတ်သည်။

ထိုသို့ ခပ်ပေပေနေရင်းမှ ဘုရားကြီးဈေးမှ ပန်းသည်မိန်းမ ချောလေး မနှင်းဆီနှင့် ဆုံမိပြီး မိုးကောင်းအကြောင်း ဂယက်ထ သော သူမို့ ချစ်ကြိုးသွယ်မိသည်။

မိုးကောင်းက သူဌေးသားမို့ စိတ်သွားတိုင်းကိုယ်ပါသူမို့ မနှင်း ဆီကိုယူဖို့ မိဘညီအစ်ကို မောင်နှမတွေနှင့် တိုင်ပင်သည်။ သူပြော လျှင် ဘာမဆိုဖြစ်ရမည်။

သို့သော် ထိုကိစ္စကျတော့ မဖြစ်။ အောင်မြင်မှုမရ။

မိဘညီအစ်ကို မောင်နှမတွေက အဆင့်အတန်းချင်းမတူ ဆိုကာ သဘောမတူကြ။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ကြောင်ရှည် ထိုးတွေ ဘာတွေ ကလီရွှေးစကားတွေ လုပ်လာသည်။





အဲဒီတော့ ဘာဖြစ်သေးသလဲ။

မိန်းမယူတာပဲ သူတို့နှင့် ပေါင်းရမှာမဟုတ်။

ကိုယ်နဲ့ ပေါင်းရတာပဲ။ ကိုယ်သဘောကျရင် ပြီးတာပဲ။ ကိုယ် ကြိုက်ရင် ပြီးတာပဲ။

ငယ်စဉ်ကတည်းက အလိုလိုက်ခံရ၍ ဖွတ်လုပ်တတ်သော မိုး ကောင်း၊ မနှင်းဆီကို ခိုးယူပေါင်းသည်။ သူတို့နှစ်ယောက် ပျော်ပျော် ပါးပါး မိဘတွေ ပြန်မခေါ်ခင် နေထိုင်သုံးစွဲနိုင်အောင် ရွှေငွေလက်ဝတ် လက်စားတွေ ယူဆောင်လာခဲ့သည်။ ရန်ကုန်ကို ပျားရည်ဆမ်းဆင်းထွက် လာသည်။

နဂိုကတည်းက သူတို့ထက်ပိုပြီး အလိုလိုက်ထားသဖြင့် မကျေ မနပ်ဖြစ်နေသော အကြီးမွေးချင်းတွေက ညီ၊ မောင်၊ ထွေးကို မိဘတွေ ပိုပြီး စိတ်နာအောင် ဘေးတီးပေးကြသည်။ ယင်းကြောင့်ပင် သားထွေး လေးမိုးကောင်းအား မိဘတွေက အမွေပြတ်ကြော်ငြာကာ လုံးဝ လှည့် မကြည့်ကြတော့။

ရန်ကုန်မြို့ပေါ်မှာ သုံးစားပျော်ပါးနေသော သူတို့ညားကာစ လင်မယားမှာ မိဘတွေ အမွေပြတ်ကြော်ငြာမှ ရှေ့ရေးတွေးမိကြတော့ သည်။ သူတို့ အနာဂတ်မဲ့သွားပြီဟု သိလိုက်ကြသည်။

သည်နေရာမှာ ပန်းသည်မလေးမနှင်းဆီက ဘဝနာထားသူမို့ ရှေ့ရေးအတွက် အမြော်အမြင်ရှိရှိ ဦးဆောင်လှုပ်ရှားသည်။

သူတို့မှာရှိသောငွေနှင့် ကိုယ်ပိုင်အိမ်ကလေးတစ်လုံးဝယ်ရန် ကြိုးစားသည်။ ရွှေထည်ပစ္စည်းလေးများ ထုခွဲသည်။ သာကေတတို့ တောင်ဥက္ကလာတို့ မမှန်းနိုင်သဖြင့် ရန်ကုန်တစ်ဖက်ကမ်း ဒလလိုအရပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပေါချောင်ကောင်း အိမ်ကလေးတစ်လုံးပါသော ခြံကလေးတစ်ခြံ ဝယ်ခဲ့၏။

ဒလမြို့ပေါ်မှာ အိမ်ဈေးခြံဈေးတွေကြီး၍ မတတ်နိုင်ဘဲ ထိုစဉ်က ဈေးပေါသော ကမာကသွယ်တွံတေးလမ်းမှာ ဝယ်ရခြင်းဖြစ်၏။ ထိုစဉ်က ယခုလို မြို့သစ်အကွက်မရိုက်သေး၍ သူတို့အဖို့ ကံကောင်းသွားသည်ဟု ဆိုရမည်။

ဒလသင်္ဘောဆိပ်နှင့် အတန်ငယ်လှမ်း၍ သွားရလာရခက်ခဲသည့်အချိန်။

ထိုသို့သောနေရာမျိုးမှာ မိုးကောင်းလို လူပေါ်ကြော့ သူဌေးသားမှာ ဘာအလုပ်မှ လုပ်ကိုင်မစားတတ်အောင် ဖြစ်နေသည်။

သည်တော့ မနှင်းဆီကပဲ ဈေးရောင်းဈေးဝယ် လုပ်တတ်သူမို့ သူကျွမ်းကျင်သော ပန်းရောင်းသည့်အလုပ်ကို လုပ်ကိုင်ကျွေးမွေးရတော့သည်။

ဒလဘက်ကမ်းက ကူးသွားသော ပန်းသည်တွေနှင့် ရေပါင်း၊ ရန်ကုန်ဘူတာကြီးသို့ အနယ်နယ်မှ ရောက်လာသော ပန်းတွေကို ဝယ်၊ သိမ်ကြီးဈေး၊ ပုဇွန်တောင်ဈေး၊ လမ်းမတော်ဈေးတို့မှာ စမ်းရောင်းရင်း သိမ်ကြီးဈေးမှာ မြဲမြဲစွဲစွဲရောင်းရသော ပန်းသည်မဘဝ ပြန်ရောက်သွားသည်။

မိုးကောင်းမှာ ဘာမှမလုပ်တတ်၍ အလုပ်မရှိပေမည့် အခြားအလုပ်တစ်ခုခုလုပ်ရန် မကြိုးစား၊ နဂိုကတည်းက လက်ကြောမတင်းခဲ့သော သူဌေးသားပီပီ လူ့ပေါ်ကြော့ဘဝ ပြန်ရောက်သွားသည်။ မိန်းမလုပ်စာ ထိုင်စားရင်း သူနဂိုက ကြိုက်နှစ်သက်သော အရက်ကလေးတမြမြ ဖြစ်လာတော့သည်။





အမှန်တော့ မိုးကောင်းသည် မနှင်းဆီလို ဆင်းရဲအထိတ်တို့ ခံနိုင်ပဲ သူ့ဘဝ ဆုံးရှုံးရလေပြီဟုယူဆကာ စိတ်ဓာတ်လုံးလုံးကျပြီး အရက်သမားဘဝကို ခုန်ဆင်းသွားခြင်းပင်။

မနှင်းဆီကတော့ သူ့ချစ်လင် မိုးကောင်း၏ဘဝကို စာနာစိတ်မွေးသည်။

မိုးကောင်းခံစားချက်တွေကို နားလည်ပြီး ခွင့်လွှတ်ထားခဲ့သည်။

နေပူမိုးရွာမရှောင် ပန်းရောင်း၍ ကျွေးသည်။ ဖြစ်သမျှအရာတို့ ချစ်လင်အတွက် သုခဟုပဲ မှတ်ယူထား၏။

သည်လိုနှင့် မနှင်းဆီ ကိုယ်ဝန်ရှိခဲ့သည်။ အရက်စွဲ၍ အရက်တောမှာ ပျော်နေပြီဖြစ်သောသူ၊ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ရန် ကြိုးစားပါသေးသည်။ စိတ်မနိုင်၍ ပြုပြင်လို့ မရပြန်။

သို့နှင့် သားလေးနှစ်ယောက် အမြွှာမွေးခဲ့ပြန်၏။

ရပ်ကွက်ထဲတွင် မိုက်တိုက်တိုက် ဂျစ်တစ်တစ်လုပ်တတ်သော အရက်သမားမိုးကောင်းအိမ်ကို ရပ်ကွက်က ကြဉ်ထားပြီး သူတို့အိမ်တို့ အဝင်အထွက်မလုပ်သဖြင့် မနှင်းဆီ ဗိုက်နာ၍ ဆေးရုံဆေးခန်း မသွားနိုင်။

ယောကျ်ားဖောင်စီး မိန်းမမီးနေ သေတွင်းကို ခြေလှမ်းရသလို မနှင်းဆီ သေတွင်းထဲမှာ လှိမ့်နေအောင် ခံနေရသည်။

ဒါကို ကြာကြာကြည့်မနေနိုင်သော အိမ်နီးချင်းတစ်ယောက်က အရက်ဆိုင်ရောက်နေသော သူ့ကို ပြေးခေါ်ရသည်။

မူးမူးရူးရူးနှင့် သူအိမ်ပြန်ရောက်လာတော့ မနှင်းဆီက ယောက်ထဲ မီးဖွားနှင့်ပြီ။ မွေးတာက ယောကျ်ားလေးနှစ်ယောက်၊ အမြွှာ။ ဘယ်

www.burmeseclassic.com



ဟာအကြီး၊ ဘယ်ဟာအငယ်မှန်း သူတို့မခွဲခြားတတ်။ ကလေးတွေမွေးခဲ့သော မနှင်းဆီပင်လျှင် သွေးလွန်ပြီး သတိလစ် မေ့မြောနေသဖြင့် အကြီးအငယ် ထဲ၍မပြောနိုင်။

သည်တော့ ခြေရင်းမှ ဖောက်ထိုးကြီးဖြစ်လျက် ကြမ်းပေါက်ကျွံကျတော့မည့်ကောင်ကို အိမ်အဝင်ပေါက်ဝမှ အရင်တွေ့၍ အရင်တွေ့သူကို အကြီး၊ ဖောက်ထိုးဟု အမည်ပေးပြီး၊ သူ့အမေ ခေါင်းရင်းဘက်တွင် လူးလွန့်၍ ပြောင်းပြန်ဖြစ်နေသောကောင်ကို နောက်မှတွေ့၍ အငယ်ကောင်ဟု သတ်မှတ်ပြီး ပြောင်းပြန်ဟု အမည်ပေးခဲ့သည်။

မြန်မာတို့၏ ဓလေ့စရိုက်အရ ဘယ်လိုပဲ ဝိုင်းကြဉ်ထားခဲ့ကြသည်ဆိုစေ၊ အရေးအကြောင်းပေါ်လာတော့ မကူညီမသိုင်းဝိုင်းဘဲ နေလေ့မရှိကြ။ အိမ်နီးချင်းတွေ ဝိုင်းဝန်းပြီး ဒလဆေးရုံ ပို့ပေးကြသောကြောင့် မနှင်းဆီကော ကလေးတွေပါ အသက်ရှင်ကြသည်။

သားနှစ်ကောင် အမြှာမွေးပြီးကတည်းက ကလေးနှစ်ယောက်နှင့်ဆိုပြီး တကိုယ်ကိုင်လျှင် အိမ်နီးချင်းက အမေတွေက သားသမီးချင်းကိုယ်ချင်းစာပြီး ကလေးတွေကို သူတို့အိမ်ခေါ်၍ နို့တိုက်ကြသည်။ ထမင်းစားတတ်သည့် အရွယ်ရောက်တော့ သူတို့ကလေးတွေနှင့်အတူ ထမင်းခွံ့ကျွေးတတ်ပြန်သည်။

ယင်းကြောင့်ပင် သားလေးနှစ်ယောက်ကို မနှင်းဆီကမွေးသည့်အမေတစ်ယောက်တည်း၊ သားလေးနှစ်ယောက်၏ နို့သည်အမေတွေက တစ်လမ်းလုံးဟု ဆိုကြသည်။

သားလေးတွေ နို့လွတ်အရွယ်ရောက်လာတော့ ကလေးချင်းကစား၍ အနိုင်ကျင့်ခံရလျှင် နို့သည်အမေတွေက သားလေးတွေဘက်မှ ရပ်တည်ကြသည်။ ထိုမျှအထိ အစောင့်ရှောက်ခံရသော ကလေးနှစ်





ယောက်ဆိုတော့ သားကြီးဖောက်ထိုး အကဲပါ၍ ဆိုးနေခြင်းမှာ ထိုအချက်တစ်ခုလည်း ပါမည်ထင်သည်။

ကျောင်းနေရမည့် အရွယ်ရောက်တော့ ရပ်ကွက်လူကြီး ဘအုန်းဖေက ကလေးတွေရှေ့ရေးတွေးပြီး ဘုန်းတော်ကြီးကျောင်းသို့ ပို့ပေးစဉ် ကျောင်းထိုင်ဆရာတော် ဦးဇောတိကက ဖြစ်သလိုနာမည်တွင်နေသော ဖောက်ထိုးနှင့် ပြောင်းပြန်တို့ကို တနင်္လာသားလေးတွေဖြစ်နေ၍ အကြီးကောင်ကို ကျားကြီး၊ အငယ်ကောင်ကို ကျားလေးဟု နာမည်သတ်သတ်ခတ်ခတ် ပေးခဲ့သည်။

ဘုန်းတော်ကြီးကျောင်း ရောက်သွား၍ ကလေးတွေအတွက် စိတ်အေးရမည်မှ မကြာသေး၊ မနှင်းဆီ ရန်ကုန်ဘူတာကြီးသို့ ညပိုင်းကုန်ရောင်းဖို့အသွား သမ္ဘန်မှောက်ပြီး အသက်ဆုံးရှုံးသွားခဲ့သည်။

ညဆယ်နာရီနောက်ပိုင်း သင်္ဘောခေါက်မရှိတော့၍ ညဉ့်နက်သန်းနှင့် မနက်ငါးနာရီအထိ သမ္ဘန်တွေကိုသာ ရန်ကုန်ဘက်ကမ်း ဈေးရောင်းရန် သွားသောဈေးသည်တွေ အားကိုးအားထားနေကြရသည်မို့ ထိုဖြစ်ရပ်ဆိုးနှင့် မနှင်းဆီ ကြုံလိုက်ရခြင်းဖြစ်၏။

မနှင်းဆီ အလောင်းပင် ပြန်မရတော့။

မြွေပူရာ ကင်းမှောင့် ဘူးလေးရာ ဖရုံဆင့်ဆိုသလို နဂိုကတည်းက ချမ်းသာသောမိဘတွေ၏ အခွင့်ထူးခံဘဝတွင် ဆင်းဆင်းရဲရဲ ဘဝကျပြီး စိတ်လေနေခဲ့သော မိုးကောင်းအဖို့ အခြေအနေ ပိုဆိုးသွားတော့သည်။ ဇနီးအတွက် စိတ်ထိခိုက်မှုက ဆင့်လိုက်သောအခါ လုံးဝနောက်ဆယ်လို့မရအောင် ဘဝပျက်သွားလေတော့သည်။

လေဒဏ်၊ မိုးဒဏ်ကြောင့်လား မသိ၊ ဆယ်နာရီမိုး စောစောကျသွားသည်။



www.burmeseclassic.com

သားလေးတွေကလည်း မလာသေး။ လေကြီးမိုးကြီးကလည်း သည်းထန်စွာ ရွာသွန်းတိုက်ခတ် …

လမ်းမီးကလည်း မိုးမရွာ၊ လေမတိုက်တာတောင်မှ လာချင်သည့်အခါ လာတတ်သည်မို့ ခုလို မိုးသည်းသည်းညမှာ မျှော်လင့်လို့ မရနိုင်။

"ဝုန်း … ဒုန်း … ဒုန်း …"

ထိုစဉ် လျှပ်စီးတွေလက်ပြီး မိုးကြိုးတွေ ပစ်နေပြန်သည်။

အရက်ဆာပြီး မူးကြောင်ရူးကြောင်ဖြစ်နေသော ဦးမိုးကောင်း နောက်တစ်ကြိမ် လျှပ်စီးအလက်မှာ အံ့ဩသင့်ပြီး ပါးစပ်မှပင် စကားလုံးတွေ ဗလုံးဗထွေး ထွက်သွားသည်။

"ဟင် … မနှင်းဆီ … မင်း … မင်း ဈေးက ပြန်အလာ ငါ့အတွက် အရက်ဝယ်လာတယ် … ဟုတ်လား"

သူ့အိမ်ရှေ့ ဝါးတံတားထိပ်ကိုကြည့်ပြီး မိုးကြိုးအပစ်၊ လျှပ်စီးအလင်းရောင်ဖြင့် သူ့ဇနီးမနှင်းဆီကို သူ သူတို့အိမ်ရှေ့ ဝါးတံတားထိပ်မှာ အရက်ပုလင်းပိုက်ပြီး အပြုံးထုပ်ကလေးဆွဲလျက် ရပ်နေသည်ကို သူ သေသေချာချာ တွေ့လိုက်ရပြန်သည်။

"ဝမ်းသာလိုက်တာ … မိန်းမရယ်၊ ခုလို အရက်ဆာနေတုန်း မင်းဝယ်လာတာ အတော်ပဲ"

ပြောပြီး သူထိုင်နေသော ဖက်လက်ကုလားထိုင်ကနေ အားယူထသည်။

ဒယီးဒယိုင်ဖြစ်သွားသော သူ့ကိုယ်ကို ကုလားထိုင်လက်တန်းအား ဖမ်းဆုပ်ပြီး ဟန်ချက်ညီအောင် ကြိုးစားသည်။

---

[illegible]



အိမ်ပေါက်ဝသို့ ကြိုးစား၍ လာခဲ့ပြီး မြင်ပြင်တွေတာ သူ့ဇနီးကို သူကြိုဆိုရန် ဖြင်သည်။ မှောင်ထဲမှာပေမဲ့ သူ့မိန်းမ မနှင်းဆီ ဝါးတံတားလေးထိပ်မှ သူ့ကို စောင့်နေဆဲ။

"မိန်းမ … မင်းတစ်ယောက်ထဲ ကူးမလာနဲ့။ ဝါးတံတားက စိတ်မချရဘူး။ ယောကျ်ားလာကြိုမယ်။ အဲဒီမှာပဲ ခဏရပ်နေ"

သူပြောရင်းက ဝါးတံတားလေးထိပ်မှာရပ်နေသော သူ့ချစ်ဇနီး မနှင်းဆီရှိရာသို့ အားတက်သရော ကြိုးစားသွားသည်။

"မောင် … လာခေါ်မယ် … မိန်းမရေ၊ အရက်ပုလင်း လွတ်မကျစေနဲ့ … မောင်လာပြီ … လာပြီ"

✿ ✿ ✿

# | ၁၄ |

❑

ပြောင်းပြန်ကျားလေး မှောင်ကြီးမည်းမည်း အိမ်သို့ ပြန်ရောက်သောအခါ တစ်အိမ်လုံး အသက်မရှိသလို ငြိမ်သက်နေသည်။

အသံဗလံဆို၍ မိုးသံလေသံတွေသာ ကြားနေရ၏။

"အဖေ . . . အဖေအိပ်ပြီလား။ ကျားကြီးကော ပြန်ရောက်နေပြီလား"

အိမ်ပေါ်သို့ လှမ်းတက်ရင်း မေးသည်။

မည်သည့်အဖြေမှ ပြန်လည်၍ မကြားရ။

သူ့လက်ထဲမှာ ပါလာသော လက်နှိပ်မီးဖြင့် အဖေ့အိပ်ရာကို လှမ်းထိုးကြည့်သည်။

"ဟင် . . ."

အဖေ့ကို အိပ်ရာထဲမှာ မတွေ့ရ၍ စိတ်ပူသွားသည်။





အဖေထိုင်နေကျ ပက်လက်ကုလားထိုင်ကလည်း ပကတိအနေအထားမပျက်။ ယိုင်နဲ့နဲ့လှုပ်ခနေသည်။

ကျားလေး အိမ်ခန်းထဲဝင်ပြီး လက်နှိပ်ဓာတ်မီးနှင့် သူ့အစ်ကို အောက်ထိုးကျားကြီးကို ကြည့်ပြန်သည်။

"ဒီကောင်လည်း မရှိပါလား"

ကျားလေး အရေးပေါ်ထွန်းရန် ဆောင်ထားသော ဘက်ထရီအားသွင်း၊ စားပွဲတင်မီးအိမ်ကို ဖွင့်သည်။ မီးအလင်းရောင်ကြောင့် အိမ်ကလေးတစ်အိမ်လုံး လင်းသွားသည်။

စားပွဲပေါ်မှာ အဖေ့အတွက် မနက်က ပြင်ဆင်ပေးခဲ့သော ထမင်းနှင့် ဘဲဥကြော်မှာ တစ်ဝက်တစ်ပျက်သာ အရာယွင်းသည်။ အဖေ အကုန်စားနိုင်ဟန် မတူချေ။

သူဝယ်လာသော အာရှစီတစ်စိပ်ပုလင်းပြားလေးနှင့် အမဲကြော် ဖလတ်စတစ်ထုပ်ကလေးကို အဖေ့စားပွဲဝိုင်းပေါ် ချသည်။

"အဖေ . . . ဘယ်ရောက်သွားပြီလဲ"

"ကျားကြီးကော ပြန်မလာသေးဘူးလား"

သူ အတွေးပေါင်းများစွာနှင့် စဉ်းစားသည်။

ကျားကြီးကိုတော့ သိပ်ပြီးစိတ်မပူ။ ကျားကြီးသည် တစ်ခါတလေ အိမ်ပြန်မလာဘဲ နေတတ်သည်။ အဖေ့ကိုတော့ စိုးရိမ်မိသည်ပေါ့ အမှန်။

အပြင်မှာ မိုးတွေက သည်းသည်းမည်းမည်းရွာနေတုန်း။ မြို့ရက်ဖြစ်၍ မြစ်ရေကလည်း အတက်ကြမ်းသဖြင့် သူတို့ ဒလမြို့လမ်းတွေပေါ်မှာ ရေလျှံတုန်း။ အိမ်အောက်ပင် ရေရောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျားလေး အဖေ့အတွက် စိတ်ပူသည်ထက်ပူရသည်။

လက်နှိပ်ဓာတ်မီးနှင့် အိမ်ရှေ့ကို ဟိုသည် ထိုးကြည့်သည်။ အိမ်ရှေ့မှာ ရေတွေ ဖွေးနေ၏။ အိမ်ရှေ့လမ်းသည် ချောင်းငယ်လေး အသွင် မိုးရေနှင့် မြစ်ရေတွေပေါင်းပြီး စီးဆင်းနေ၏။ လူတစ်ယောက် ကို အသာလေးတိုက်ချသွားနိုင်၏။ အဖေလို လူမမာတစ်ပိုင်း ဒုက္ခိတ ဆိုလျှင် ပြောဖွယ်ရာမရှိပြီ။

အိမ်နီးနားချင်းတွေကို မေးရအောင်ကလည်း အိမ်တွေအားလုံး တံခါးတွေ ပိတ်ထားကြသည်။ မိုးအေးအေးနှင့် အိပ်၍ ကောင်းနေကြ မည်။

သည်ရပ်ကွက်မှာက အားလုံး လက်လုပ်လက်စားတွေလို ညစောစောအိပ်ရာဝင်မည်၊ မနက်စောစောထပြီး အလုပ်ခွင်ရှိရာ သွား မည်။

ယင်းကြောင့် ကျားလေး အိမ်နီးနားချင်းတွေကို နှိုး၍ ရန် အားနာနေ၏။

သို့သော် အဖေ့အတွက် စိုးရိမ်သောစိတ်က လွှမ်းမိုး ၏။

ကျားလေး အဖေ့ကို အပြင်ထွက်ရှာရန် ဆုံးဖြတ်ချက်ချ သည်။

အိမ်ပြင်ထွက်ရန် အိမ်တံခါးပေါက်သို့ အရောက် …

"ဟော့ … ကောင်လေး၊ မသေချင်ရင် မအော်ဘဲ ငြိမ် လိုက်"

မှောင်ရိပ်ထဲမှ မမျှော်လင့်မထင်မှတ်ဘဲ ရောက်လာ လူစိမ်းနှစ်ယောက်။





တစ်ယောက်က လက်ထဲမှပစ္စတိုနှင့် ကျားလေးကို ချိန်ထား သည်။ တစ်ယောက်က ဓားမြှောင်နှင့် ကျားလေးနံစောင်းကို ထောက် ထားသည်။

နံစောင်းကို ဓားနှင့်ထောက်ထားသူက ကျားလေးအား လေသံ တိုးတိုးနှင့် ပြောသည်။

"မင်းအသက်ကို နှမြောရင် အိမ်ခန်းထဲကို အသာတကြည် ဝင်ပြီး မင်းအစ်ကိုကျားကြီးရဲ့ ဇာတ်သေတ္တာကြီးကိုပြ"

ကျားလေးက သူ့အစ်ကိုနာမည် ကြားလိုက်ရ၍ အစ်ကို အတွက် စိတ်ပူသွားကာ …

"ကျုပ်အစ်ကို ဘယ်မှာလဲ။ သူက ဘာလို့မလိုက်လာတာလဲ"

"သူ့ကို ခေါ်လာလို့ မဖြစ်ဘူးလေ။ သူပြောတာ ဟုတ်မဟုတ် တို့က သူ့ဇာတ်သေတ္တာထဲမှာ ရှာဖွေကြည့်ပြီးမှ သူ့အသက်ကို ချမ်းသာ ခွင့် ပေးသင့်၊ မပေးသင့် ဆုံးဖြတ်စီရင်ရမှာ"

"ဒါ … ဒါဆို ခင်ဗျားတို့ ကျုပ်အစ်ကိုကို ဖမ်းထားကြတယ် ပေါ့"

"အေးပေါ့ကွ …။ ငါတို့ဂိုဏ်းထဲဝင်ပြီး ငါတို့အပေါ် ကတုံး ခေါ် ထိပ်ကွက်လုပ်တဲ့ကောင်မှန်သမျှ ငါတို့ဒသသဂိုဏ်းက ချမ်းသာပေး ခြင်း ထုံးစံမရှိဘူး"

"ဟင် … ဟုတ်လား။ ဒသတွေ၊ ရာမတွေ ကျုပ်မသိဘူး။ ကျုပ်က ကျုပ်အစ်ကိုလို ရှုပ်ရှုပ်ထွေးထွေးနေတဲ့ကောင် မဟုတ်ဘူး။ ကျုပ်အစ်ကိုရဲ့ သေတ္တာကို ပြဆိုရင်လည်း ကျုပ်ပြနိုင်ပါတယ်။ ဒါပေမဲ့ ကျုပ်အဖေဒုက္ခိတကြီး ပျောက်နေတဲ့ကိစ္စ ခင်ဗျားတို့နဲ့ ပတ်သက်၊ မပတ် သက်သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေနဲ့ တို့နဲ့က ဘာအဆက်အဆံမှမရှိဘဲ ဘာလို့ ပတ်သက်ရမှာလဲ။ ခုဟာက မင်းအစ်ကို ကျားကြီးရှုပ်ထားတဲ့ ကိစ္စကွ"

"ဒါဆိုလည်း ပြီးရော။ ခင်ဗျားတို့နဲ့ပတ်သက်တဲ့ ကျုပ်အစ်ကို ကျားကြီးရဲ့ ဓာတ်သေတ္တာလိုဟာမျိုးကြီး အခန်းထဲမှာ ရှိလေရဲ့။ အကြီးဆုံး ထင်းရှူးသေတ္တာဟာ သူ့သေတ္တာကြီးပဲ"

"လာ ... မင်းပါ အိမ်ခန်းထဲလိုက်ခဲ့"

ဓားနှင့် ကျားလေး၏နံကြားကို ထောက်ထားသူက ဓားဦးချွန်ကို ခပ်ရှုးရှူးဖိထောက်၍ ကျားလေးကိုပါ အခန်းထဲ ခေါ်သွင်းခဲ့၏။

မိုးတွေ၊ လေတွေကလည်း သည်းသည်းမည်းမည်း ရွာနေတုန်း။

မြစ်ရေနှင့် မိုးရေပေါင်းပြီး ရေကကြီးနေတုန်း။ ရေစီးကလည်း ပြင်းထန်တုန်း။

✿ ✿ ✿

[ ၁၅ ]

❑

တကယ့်ဓောက်ထိုးမှ ဓောက်ထိုး။

ဓောက်ထိုးပါမက "မိုးမျှော်ဖြစ်၍ နေလေပြီ။

ကျားကြီးကို ခြေထောက်မှ ကြိုးချည်ပြီး တဲကြီးအတွင်း ဓောက်ထိုးမိုးမျှော် ထုပ်တန်းမှာ တွဲလောင်းကြီး ဆွဲထားလိုက်ကြသည်။

နေရာက ကော့မှူးနယ်၊ တံခွဲတောကြီးတန်းအတွင်းမှို လူအုပြတ်လပ်လှသည်။

"ဆရာကြီးဒဿ ... ကျွန်တော် အမှန်တွေကို ဖွင့်ပြောပြီးပြီပဲဗျာ ... ကျွန်တော့်ကို ပြန်လွှတ်ပေးပါတော့"

ဒဿဆိုသောဆရာကြီးက ဝါးကွပ်ပြစ်တွင် ထိုင်လျက် ဓောက်ထိုးဖြစ်နေသော ကျားကြီးကို ပြုံးလျက်ကြည့်သည်။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ လက်ထဲမှ အရက်ခွက်ကို မော့ချင်း ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟာ ... ဟား ... မင်း ငါ့ဂိုဏ်းထဲဝင်ပြီး ငါ့ဆီက အဖိုးတန်ပစ္စည်းတွေ ကတုံးပေါ်ထိပ်ကွက် လုပ်လုပ်နေတာ ကြာပြီ။ ဒါကြောင့် မင်းကို ငါတို့အပြစ်ပေးဖို့ ခေါ်လာတာ။ ဘယ်လွယ်လွယ်ကူကူနဲ့ ပြန်လွှတ်ပေးလိမ့်မလဲ။ မဟုတ်ဘူးလား ... ခက်စိမ်းခင်"

ကျားကြီးကို ပရိယာယ်ဖြင့် ခေါ်ထုတ်လာမိသော ခက်စိမ်းခင် ကျားကြီးအတွက် စိတ်မကောင်းဖြစ်နေရာက ...

"ဟုတ် ... ဟုတ်ကဲ့ ... ဆရာကြီး"

စိတ်မပါ့တပါ ပြောလိုက်ရသည်။

"ကျွန်တော်ယူထားမိတဲ့ ပစ္စည်းတွေ ဘယ်မှာထားသလဲဆိုတာ ဖော်ပြီးပြီပဲ။ အဲဒါတွေပြန်ပေးရင် လွှတ်ပေးမယ်ဆို"

"အေးလေ ... မင်းစကား မှန်မမှန် ယက္ခနဲ့ပုဏ္ဏကကို လွှတ်ထားတာပဲ။ ဒီကောင်တွေ အကြောင်းထူးရင် ငါ့ဆီကို ဖုန်းလှမ်းဆက်လိမ့်မပေါ့ကွာ"

ဆရာကြီးဒဿ၏ လောင်းကွတ်အင်္ကျီအိတ်ထဲမှ ဟမ်းဖုန်းအသံ 'ကျွန်းကျွန်းမာမာ ချမ်းချမ်းသာသာ သေးရန်ခပ်သိမ်းမည်' ဟူသော နဂါးနီတီးလုံးသံဖြင့် မြည်လာ၍ ဒဿ တယ်လီဖုန်းကို ထုတ်ကိုင် နားထောင်လိုက်သည်။ ခက်စိမ်းခင်က အရက်ကုန်သွားသော ဒဿ၏ဖန်ခွက်ထဲသို့ ရက်လေဘယ်လ် လေးဒေါင့်ပုလင်းကို ကိုင်ပြီး အရက်ငှဲ့ပေးသည်။

ဒဿသည် ဟမ်းဖုန်းနှစ်လုံး ဆောင်ထားသည်။ မကောင်းမှုဒုစရိုက်အဖွဲ့သားများနှင့် ဆက်သွယ်လျှင် သူ၏ ဘယ်ဘက်အိတ်မှာထားသော ဟမ်းဖုန်းနှင့် အဆက်အသွယ် ပြုလေ့ရှိ၏။





"အေး ... ပြော၊ ငါ ဒဿပဲ"

"ကျွန်တော် ပုဏ္ဏကပါ။ ကျားကြီးအိမ်ကို ရောက်နေပြီ။ သူပြောတဲ့အတိုင်း သူ့ရဲ့ ဗာဟီသေတ္တာကြီးထဲမှာ ကျွန်တော်တို့ဆီက ကတုံးပေါ်ထိပ်ကွက်ထားတဲ့ ရတနာတွေနဲ့ ငွေတွေတွေ့ပြီ .. ဆရာကြီး။ မနေ့ကပါသွားတဲ့ ရွှေဆိုင်ကမိန်းမရဲ့ စိန်လော့ကက်သီးလည်း တွေ့တယ်"

"ဒီကောင် တို့ဆီရောက်နေတာ ကြာပြီ။ ဘယ်လောက်ဗိုး တွေ့သလဲ"

"ငွေနဲ့ ရတနာတွေ အားလုံး သိန်းငါးဆယ်ဖိုးလောက် ရှိမယ်ထင်တယ် ... ဆရာကြီး"

"အိုကေ ... အားလုံးယူပြီး ကားနဲ့ အမြန်ပြန်လာခဲ့"

"ကျွန်တော်တို့ ပြန်လာခဲ့တာတော့ ဟုတ်ပြီ။ ဒီမှာရှိနေတဲ့ သူ့ညီကျားလေးကို ဘယ်လိုလုပ်ရမလဲ"

"မင်းတို့ကို ငါပြောထားသားပဲ။ အလုပ်တစ်ခုကို လက်စသတ်အောင် လုပ်လို့။ အဲဒီကောင်ကို နှုတ်ပိတ်တဲ့အနေနဲ့ အသေသတ်ခဲ့"

ဖောက်ထိုးကြီးဖြစ်နေသော ကျားကြီးက ထိုစကားကို ကြားသည်နှင့်

"ဗျာ ... ခင်ဗျားကြီး တော်တော်ရက်စက်တာပဲ။ ကျွန်တော့်ညီက သူ့ဘာသာနေတာ။ ဘာပတ်သက်လို့လဲဗျ"

ကျားကြီး မခံမရပ်နိုင်ဖြစ်ပြီး လှမ်းပြောလိုက်သည်တွင် ဆီဆီသာ ပွဲကြမ်းနေသလို ဒလက အိမ်ကလေးအတွင်းမှာလည်း အခြေအနေဆိုးနေသည်။ ဟမ်းဖုန်းထဲမှာ သူတို့ပြောစကားတွေကို ကျားလေး ကြားနေရ၍ တုန်လှုပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကက ကျားကြီး သိမ်းဆည်းထားသော ပစ္စည်းတွေ ကို အဝတ်စတစ်စဖြင့် ဆွဲယူပြီး ထုပ်နေရင်း ယက္ခအား သွေးအေးအေး နှင့် ပြောသည်။

"ပြီးရင်တော့ မင်းလက်ထဲကဓားနဲ့ ထုံးစံအတိုင်း ပါးစပ်ကို ပိတ်ပြီး ထိုးသတ်လိုက်ပေတော့"

"အား ...."

"အမယ်လေး ... မြွေကြီး"

ဓားနှင့် ထောက်ထားရာက ဖိထိုးရန် ကြံစည်လိုက်သော ယက္ခ ၏ခေါင်းပေါ်သို့ ထုပ်တန်းပေါ်မှ မြွေဟောက်ကြီးတစ်ကောင် ပြုတ်ကျ လာသဖြင့် ယက္ခလန့်ဖျပ်အော်ဟစ်ပြီး ကျားလေးကို ထွတ်လိုက်သော် လည်း မြွေဟောက်ကြီးက ယက္ခ၏ဦးခေါင်းကို ပေါက်ချလိုက်သည်။

ယက္ခအဖြစ်ကိုကြည့်ပြီး ကြောင်နေသော ပုဏ္ဏားကထံ ကျား လေးက လျှင်မြန်သောအရှိန်နှင့် ခုန်ဝင်ကာ မျက်ခွက်ကို ဒူးပျံတစ်ချက် ကျွေးလိုက်ရာ ပုဏ္ဏားက မှောက်ရက် သတိလစ်လဲကျသွားသည်။

လဲကျသွားသော ပုဏ္ဏားက လက်မှ ပစ္စတိုသေနတ်ကို ဆွဲယူ သည်။

"ခွပ် ..."

"အီး ..."

ပုဏ္ဏားက၏မျက်နှာကို နောက်ထပ်တစ်ချက် ဖြတ်ကန်ကာ မေး လိုက်သည်။

"ကျုပ်အစ်ကိုနဲ့ ကျုပ်အဖေ ဘယ်မှာလဲ ...ပြော"

ပုဏ္ဏားက ပြန်မပြောနိုင်တော့ဘဲ လောကကြီးနှင့် တကယ်တွင် ယာယီ အဆက်ပြတ်သွားသည်။





မြွေကိုက်ခံရ၍ လူးလွန့်ညည်းတွားနေသော ယက္ခဆီသို့ လှမ်း အကြည့် ယက္ခကိုပေါက်သတ်သော မြွေဟောက်ကြီးမှာ ယက္ခလည်ပင်း ကို ပတ်ထားရာက ဖြေလျှော့ချကာ လျှင်မြန်စွာ လူးလွန့်၍ အိမ်ထရံ ကြားမှ လျှောခနဲ ဆင်းထွက်သွားလေသည်။

ထိုစဉ် အိမ်နီးနားချင်းအချို့ ကျားလေးတို့အိမ်ထဲမှ ထူးဆန်း သော အသံဗလံတွေကြောင့် လူစုပြီး လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့် ရောက်လာကြသည်။

ကျားလေး သူတို့ကို ပထမဆုံးလှမ်းမေးမိသည့် စကားမှာ –

"ကျွန်တော့်အဖေကို မတွေ့မိကြဘူးလားဗျာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၆ ]

❑

ခက်စိမ်းခင် ဖောက်ထိုးကျားကြီးနှင့် ပတ်သက်၍ စိတ်အထိ နိုက်ကြီး ထိနိုက်နေ၏။

ကျားကြီးသည် ပထမတော့ တစ်ကိုယ်တော်လျှပ်စစ်ငနဲ၊ ခါး ပိုက်နှိုက်။

သူနှင့်ဆုံမိပြီး သူ့သံယောဇဉ်နှင့် သူကျင်လည်ရာ ဆရာကြီး ဒဿတို့အဖွဲ့ထဲ ရောက်လာခဲ့သည်။

ဆရာကြီးဒဿက အပြင်ပန်းအားဖြင့် နူညံ့သောအသွင်ကို ဆောင်သော်လည်း သူ၏ လျှို့ဝှက်အမည် ဒဿဆိုသလို ရက်စက်ပြီး ညာထဲများသည်။ သူများတွေက ဦးနှောက်တစ်လုံးပဲ သုံးနိုင်သည်။ သူ က ခေါင်းဆယ်လုံးသုံးနိုင်သူဟု ဝင့်ကြွားတတ်သည်။

ဟုတ်လည်း ဟုတ်နိုင်သည်။





ဆရာကြီး ဦးနှောက်ဆယ်လုံးသည် မကောင်းမှုဒုစရိုက်အရာ မှာ အတော်တာသွားသည်။ သူ့အစီအစဉ်ဖြင့် အိမ်ဖောက်သည့်အခါ ဖောက်သည်။ ကားခိုးသည့်အခါ ခိုးသည်။ ယုတ်စွအဆုံး မြိုးမြိုးမြက်မြက် ရမည်ဆိုလျှင် ကျားကြီးတို့လို လျှပ်စစ်ငနဲလေးတွေကို အသုံးချပြီး ခါး ပိုက်နှိုက်သည့်အခါ နှိုက်သည်။

ကျားကြီးသည် ဆရာကြီးဒဿ၏ လက်သုံးတော်ဖြစ်လာပြီး တွင်တွင်ကျယ်ကျယ် အသုံးချခံရသည်။

ဆရာကြီးဒဿ၏ လက်ရုံးတော်ဖြစ်လာသော ကျားကြီးက လည်း သူ့အတွက် အခွင့်အရေးတွေရအောင် ယူခဲ့သည်။ ရလာသော ပစ္စည်းတွေထဲမှ မသိမသာ အတိုအလျှို့ လုပ်ထားလေ့ရှိသည်။

ဒါကို ရှစ်စပ်က ဂျင်ခြေလည်သော ဆရာကြီးဒဿက မသိ မဟုတ်၊ သိသည်။

ဒါပေမဲ့ မသိချင်ယောင်ဆောင်ပြီး ကြိုးရှည်ရှည်နဲ့ လှန်ထား သည်။

မနေ့ကတော့ လမ်းမတော်မှ ရွှေဆိုင်ပိုင်ရှင်၏ အရေးပေါ် ဂေါ်စွ အလုပ်လုပ်ရာတွင် စိန်လော့ကက်သီးတစ်လုံးကို ကျားကြီး ထုံးစံ အတိုင်း ဒိုင်လျှိုရာမှ ဆရာကြီးဒဿ သိသွားပြီး သည်းမခံနိုင်တော့ဘဲ ပေါက်ကွဲရတော့သည်။

ယင်းကြောင့် ခက်စိမ်းခင်ကို အသုံးချပြီး ကျားကြီးကို ထောင် ချခိုင်းခဲ့သည်။

ခက်စိမ်းခင်က မျက်နှာပြင်တစ်ခုလုံး သွေးသံရဲရဲနှင့် ဖောက် ထိုးကြီးဖြစ်နေသော ကျားကြီးအခြေအနေကို အကဲခတ်သည်။ ကျားကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှုန်းကန်နေ၍ ကြိုးတန်းလန်းနှင့် နာရီချိန်သီးလို ကိုယ်လုံးကြီး လှုပ်ခါရမ်းနေ၏။

"ရှုန်းစမ်းကွာ ... ကြိုက်သလောက် ရှုန်းလိုက်စမ်း။ မင်းရှုန်းလေ မင်းကိုယ်ကြီး ပခက်လွှဲသလိုဖြစ်လေ။ အဲဒီတော့မှ ငါမသတ်ရဘဲ ပုဏ္ဏကတို့ပြန်ရောက်ချိန် မင်း မူးဝေအော့အန်ပြီး အမူးလွန်သေနှင့်ပြီ။ ဟား ... ဟား ... ဟား ... အို ... အို ... သူတို့က ဘယ်သူတွေလဲ ... ဘယ်သူတွေလဲ"

ဖောက်ထိုးကျားကြီးအား အနိုင်ကျင့် နှိပ်စက်ပြောဆိုနေသော ဆရာကြီးဒဿက ပြောရင်း တဲအတွင်းသို့ ရောက်လာသူနှစ်ယောက်ကို မမျှော်လင့်ဘဲ လှမ်းမြင်လိုက်ရသဖြင့် အံ့ဩမင်တက်ခါ ကယောက်ကတမ်းတွေ ဖြစ်ကုန်သည်။

ကြည့်စမ်း ... တဲကြီးအတွင်းသို့ တစ်ကိုယ်လုံး အဝတ်အစားတွေ ရေစိုရွှဲလျှက် ရုပ်ပျက်ဆင်းပျက်ရောက်လာသော မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်။

"ခင်များတို့ ... ဘယ်သူတွေလဲ၊ ဘယ်က ရောက်လာကြတာလဲ"

ရေစိုအဝတ်အစားနှင့်ယောကျ်ားက ရယ်မောလိုက်သလို ရေစိုအဝတ်အစားနှင့် မိန်းမကလည်း ရယ်မောလိုက်သည်။ ထိုမိန်းမကြီးအရယ်လိုက်မှာ အစွယ်တွေ ပေါက်နေသည်ဟု ဒဿထင်လိုက်သည်။ ဒဿ ထိုမြင်ကွင်းကြောင့် ထိတ်လန့်တကြားဖြစ်သွားကာ သူ့အိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ပြီး ပစ်သည်။

"ဒိုင်း ... ဒိုင်း ..."



"ဒိုင်း ... ဒိုင်း ..."

လေးချက်တိတိ ဆင့်၍ပစ်သည်။ သူတို့ကို တည့်တည့်မှန်သော်လည်း သူတို့နှစ်ယောက်စလုံး လဲကျမသွားသည့်အပြင် ရှေ့ကိုပင် တစ်လှမ်းချင်း တိုးလာသည်။

"ဟင် ... ခင်များတို့ ဘယ်သူတွေလဲ ... ရှေ့မတိုးနဲ့၊ မလာနဲ့ ... မလာနဲ့ ... မကောင်းဆိုးဝါးတွေ၊ တစ္ဆေသရဲတွေ ..."

ဆရာကြီးဒဿ သူတို့ကိုကြည့်ပြီး ထိတ်လန့်တကြား အော်ဟစ်နေစဉ် ခက်စိမ်းခင်၏နားထဲကို မိန်းမတစ်ယောက်၏ အမိန့်ပေးသံလိုလို၊ နှိုးစေသံလိုလို ကြားနေရသည်။

"သမီးခက်စိမ်းခင် ... ဘာလုပ်နေတာလဲ။ ဒါ အခွင့်ကောင်းပဲ။ ညည်းချစ်သူကိုကယ်ချင်ရင် အဲမေတို့ကို အာရုံစိုက်နေတုန်း သမီးလက်ထဲကပုလင်းနဲ့ ဒဿခေါင်းကို ရိုက်ခွဲပစ် ... ရိုက် ... တအားလွှဲပြီး ရိုက်ခွဲပစ် ... ရိုက်ခွဲပစ် ..."

"ခွမ်း ..."

"အူး ..."

စိတ်ထဲမှာ အမိန့်ပေးသံလိုလို၊ နှိုးစေသံလိုလိုတွေ ကြားလိုက်ရပြီး ခက်စိမ်းခင် မသိစိတ်က ဘာလုပ်လိုက်သည်ပင် သတိမထားလိုက်နိုင်။

သူ ရုတ်တရက် သတိပြန်ဝင်လာမိတော့ ဆရာကြီးဒဿ ဦးခေါင်း ဟက်တက်ကွဲကာ သွေးအိုင်ထဲမှာ လုံးဝ မလှုပ်ရှားနိုင်တော့ဘဲ လဲကျနေသည်။

ခက်စိမ်းခင်လက်ထဲမှာ ရက်ဒ်လေဘယ်လ်လေးဖြောင့် ပုလင်းကွဲစုတ်ကြီး ခေါင်းပိုင်းအပြတ်ကြီးသာ ကိုင်ထားမိဆဲရှိသည်။

www.burmeseclassic.com



စောစောက ရေစိုအဝတ်အစားနှင့် ပုံဆိုးပန်းဆိုး ယောကျ်ားကြီးနဲ့ မိန်းမကြီးတို့လည်း မရှိတော့။

ခက်စိမ်းခင် အသိတရားတွေဝင်လာတာက သူ့ချစ်သူ ဖောက်ထိုးဖြစ်နေသော ကျားကြီးကို ထုပ်တန်းပေါ်က ကြိုးဖြုတ်ချပေးဖို့။

ပြီးတော့ ထိုနေရာ၊ ထိုဒေသ၊ ဤတွံတေး တောကြီးတန်းထဲမှ အမြန်ဆုံး ထွက်ပြေးကြဖို့။

✿ ✿ ✿

BURMESE CLASSIC

| ၁၇ |

❑

ဆရာကြီးဒေသ၏ကားကို ဖောက်ထိုးကျားကြီးနှင့် ခက်စိမ်းခင်တို့ တဲကြီးအပြင်မှာ တွေ့သဖြင့် မောင်းထွက်လာခဲ့ကြသည်။

နှစ်ယောက်သား တွံတေးတောကြီးတန်းအတွင်းက မထွက်ချင်း ရဲရဲပင် စကားမပြောရဲကြ။ တစ်ညဦးလုံး သည်းသည်းမည်းမည်းရွာနေသောမိုးသည် ခုမှ သူမဟုတ်သလို လုံးဝတိတ်၊ လုံးဝစဲ။

တောကြီးတန်းကအထွက် ဒလ–ကော့မှူး ကားလမ်းမကြီးပေါ်ရောက်မှ စကားပြောနိုင်တော့၏။

ကားမောင်းနေသော ဖောက်ထိုးကျားကြီးကို ခက်စိမ်းခင်က သူ့အပြစ်နှင့်သူမို့ မရဲတရဲမေးလိုက်သည်။

“ကိုကျားကြီး . . . ဘယ်ကိုသွားမလို့လဲ ဟင်”

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျားကြီးတွေ ဘာတွေ တစိမ်းဆန်မနေပါနဲ့။ နှစ်ယောက်ထဲရှိရင် ခါတိုင်းခေါ်နေကျအတိုင်း မောင်လို့ခေါ်လေ"

"ခက်စိမ်းခင် ကိုယ့်အပြစ်နဲ့ကိုယ် မောင်လို့ မခေါ်ရဲတော့ပါဘူး ... ကိုကျားကြီးရယ်"

"ဘာကိုယ့်အပြစ်နဲ့ ကိုယ်လဲ ခက်စိမ်းခင်ရဲ့။ မောင့်ကို ခက်စိမ်းခင်က အသက်ကယ်ခဲ့တာပဲဟာ။ ဒဿကြီး ခက်စိမ်းခင်လက်ချက်နဲ့ အသေနဲ့အရှင် သေဖို့များပြီး ကျန်ရစ်ခဲ့တာပဲ"

"ဒါပေမဲ့ မောင်ရယ် ... ခက်စိမ်းခင် မောင့်ကိုညာပြီး ခေါ်ထုတ်လာလို့ မောင် သူတို့လက်ထဲရောက်ပြီး ဒုက္ခရောက်ရတာ"

"မောင် ... ဒုက္ခရောက်ရတာလည်း ခပ်ကောင်းကောင်းပဲ ခက်စိမ်းခင်ရဲ့။ မောင်ဟာ ဆိုးတေနေခဲ့ပေမဲ့ ဘဝရည်မှန်းချက်နဲ့ကောင်ပါ။ မောင်ရနိုင်သမျှ ပစ္စည်းတွေ၊ ငွေတွေ စုနေတာ အိမ်လေးကောင်းကောင်းဆောက်ပြီး ဒုက္ခိတအဖေကြီးနဲ့ မောင့်ညီလေးကို ကောင်းကောင်းထားချင်လို့။ ပြီးတော့ ဒီဘဝကထွက်ပြီး ကောင်းရောင်းကောင်းဝယ်လုပ်စားဖို့။ ခုတော့ စောစောစီးစီး ဒဿတို့နဲ့ စာရင်းရှင်းသလို ဖြစ်သွားတော့ ပိုကောင်းသွားတာပေါ့"

"ဒါဆို ... မောင် ... ခု ဘယ်ကိုသွားမလဲ"

"အဖေနဲ့ညီလေးကို သွားကယ်ရမယ်။ ပုဏ္ဏကနဲ့ယက္ခ မောင်တို့အိမ်ကို ရောက်နေတယ်လို့ ဒဿကြီးရဲ့ဖုန်းထဲမှာ မောင်ကြားလိုက်ရတယ်။ ပြီးမှ ရဲစခန်းကိုသွားပြီး မောင်တို့အပြစ်တွေကို ဖွင့်ထုတ်ဖြောင့်ချက်တွေပေးမယ်လို့ စဉ်းစားတယ်"



"အဲဒါ အကောင်းဆုံးပဲ ... မောင်ရယ်"

သူတို့နှစ်ယောက် ဆန္ဒတူ သဘောညီမျှသွားစဉ် ကားကလေးမှာ ဝိတ်စွယ်နှင့် ပျော်ဘွယ်ကြီးရွာကို ဖြတ်ကျော်လာလေပြီ။

အချိန်ကလည်း အရုဏ်တက်ပျို့စ၊ အရှေ့တစ်ခွင်မှာ ရောင်ခြည်သန်းစ ပြုပြီ။ မြောက်ယွန်းယွန်းတွင် တည်ရှိနေသော ရွှေတိဂုံစေတီတော်ကြီးကို ခေတ်သစ်မြို့ပြတိုက်တွေအပေါ်မှာ ရွှေရောင်တဝင်းဝင်း၊ ဝင့်ဝင့်ထည်ထည်၊ ငွားငွားစွင့်စွင့်ကြီး ဖူးတွေ့လိုက်ရသည်ကား နံနက်ခင်း၏ ကျက်သရေတစ်ပါးပင်။

သူတို့ကားကလေး အုန်းပင်ချောင်တံတားကို ဖြတ်ကျော်လာသည်။

နာရီစင်ကို ဖြတ်ကျော်ပြီးသည်နှင့် ဒလမြို့တွင်းသို့ ဝင်ပြီ။ သူတို့ကားလေး ကမာကသွယ်လမ်းဆုံအရောက် ဖောက်ထိုးကျားကြီး မမျှော်လင့်ဘဲ သူ့ညီ ပြောင်းပြန်ကျားလေးနှင့် ရဲကွက်လူကြီး ဘကြီးအုန်းဖေတို့ကို တွေ့လိုက်ရ၍ ကားရပ်လိုက်သည်။

"ညီလေး ... မင်း ဘာမှမဖြစ်ပါဘူးနော်။ အစ်ကို မင်းနဲ့အဖေ့ကို စိတ်ပူပြီး ကားအမြန်မောင်းလာတာ"

"အစ်ကို ... မင်း မဟုတ်တရုတ်တွေလုပ်ထားတာ ငါ့ သေတွင်းထဲ ရောက်တော့မလို့။ ခုတော့ အေးအေးဆေးဆေး ဖြစ်သွားပြီ။ ပုဏ္ဏကနဲ့ယက္ခဆိုတဲ့ လူနှစ်ယောက်ကို ဖမ်းမိထားပြီ။ တစ်ယောက်က အသေ၊ တစ်ယောက်ကအရှင်။ ခုတို့ ရဲစခန်းကို ဘကြီးအုန်းဖေနဲ့ သွားကြမလို့"

www.burmeseclassic.com



"အေး . . . ဒီလိုဆိုရင် အိမ်ကိုမသွားကြတော့ဘူး။ ရဲစခန်းကို ငါတို့လည်း လိုက်မယ်။ လာ . . . ကားပေါ်တက်"

ညီဖြစ်သူ ပြောင်းဖြန်ကျားလေးနှင့် ရပ်ကွက်လူကြီး ဦးအုန်းဖေတို့ ဖောက်ထိုးကျားကြီး မောင်းလာသောကားပေါ် တက်လိုက်ကြသည်။

ကားပေါ်ရောက်တော့ ဖောက်ထိုးကျားကြီး ပြောင်းဖြန်ကျားလေးကို အလျှင်စလို မေးလိုက်သည်။

"ညက ပုဏ္ဏားကတို့ရောက်လာတုန်းက အဖေ့ကို နှိပ်စက်ကြသေးလား။ ရက်ရက်စက်စက် ဘာတွေများ လုပ်သွားကြသေးသလဲ"

"ဘာမှမလုပ်ဘူး။ အဖေက ငါ အိမ်ကိုရောက်ကတည်းက အိမ်မှာမရှိတော့ဘူး။ မိုးတွေကလည်း အရမ်းသည်းတယ်။ ရေတွေကလည်း လျှံနေတယ်။ ငါ အဖေ့ကို လိုက်ရှာမလို့အထွက်မှာ အဲဒီပုဏ္ဏားကနဲ့ ယကွာဆိုတဲ့ သေမင်းကောင်တွေ ရောက်လာကြတော့တာပဲ"

"ဟင် . . ."

ဖောက်ထိုးကျားကြီးမှာ အံ့အားသင့်ပြီး အဖေ့အတွက် စိုးရိမ်သွားသည်။

"အဖေက သေတစ်ပိုင်းဖြတ်ခံထားရလို့ လမ်းကောင်းကောင်း လျှောက်နိုင်တာမှ မဟုတ်ပဲ။ တစ်ယောက်ယောက်ကလာခေါ်လို့ အဖေ ပါသွားတာဖြစ်မယ်"

"အေး . . . ငါလည်း ဒီလိုပဲထင်တယ်။ ခု ရဲစခန်းမှာ တိုင်ချက်ဖွင့်ရင် အဖေ့ကိုလာခေါ်သွားတဲ့ အဲဒီတစ်ယောက်ယောက်ကိုပါ ထည့်ပြီး အမှုဖွင့်ရလိမ့်မယ်ကွ"

"အေး . . . ဒါကောင်းတယ်။ ဘယ့်နှယ် . . . ငါတို့အဖေ ခုကိစ္စကြီးကိုကွာ"



ဖောက်ထိုးကျားကြီး မောင်းလာသောကားလေးကို ရဲစခန်းအတွင်း ချိုးဝင်လိုက်သည်။

ကားပေါ်ပါလာသော ခက်စိမ်းခင်ကတော့ တွဲဘေးတောကြီးတန်းအတွင်းမှာ သိမြင်တွေ့ခဲ့ရသော အမြင်အာရုံကြောင့် ဘာမျှဝင်မပြောသေးဘဲ တွေဝေငေးငိုင်လျက် . . .။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

(အခန်းနိဂုံး)

ကံဟူ၍ ရှိနေသမျှ ကာလပတ်လုံးသတ္တဝါတို့သည် သံသရာ ဖာတ်ဆောင်အဖြစ် တစ်မျိုးမဟုတ်တစ်မျိုး ကပြနေကြရမည် ဖြစ်၏။

ကံသည်လည်း ကုသိုလ်ကံနှင့် အကုသိုလ်ကံ အကောင်း အဆိုးနှစ်မျိုးရှိပြန်ရာ အဆိုးကံချုပ်ပြီး အကောင်းကံရရှိစေရန် ဉာဏ် ကို ဆရာတင်၍ အားထုတ်ရာ၏။

ဖါဠိလို ကံဟု ပြောနေခြင်းမှာ လုပ်ဆောင်သေချ အလုပ် ပြောဆိုသော စကား၊ ကြံစည်သော အတွေး၊ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါး၏ အလုပ်ကို ဆိုထားခြင်းဖြစ်၏။

မိမိကောင်းသော အလုပ်၊ ကောင်းသော စကား၊ ကောင်းသော အကြံအစည်တို့ကို ပြုမူပြောဆိုကျင့်ကြံနေမည်ဆိုလျှင် ကံဇာတ်ဆရာသည် မိမိအား မကောင်းသော ဇာတ်ရုပ်ခွင်၌ ချထားကပြအသုံးတော်ခံ နိုင် လိမ့်မည် မဟုတ်ချေ။

ဓကျော်မင်းနိုင်

## စိတ်ကူးသစ်စာပေ

အမှတ်(၂၅) အထပ်တိုက်ခန်း ဂုဏ်ဝင်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉၅၁၃၃၉၂၆၄
ရုံး ၊ ပ အမှတ်(၁၄၉) ပထမထပ် (ယာ) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၁၃၃၂

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | ဆောင်ညီမှိုင်း | မြွေဝင်တာမောင်မြွေ | | ၁၂၀ိ/- |
| ၂။ | (သန့်လျှင်) | လူထူးဆန်းဘာတိုက်ပုံဦးရာကျော် | | ၁၂၀ိ/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ဒွေးနက်ကြီး | | ၁၂၀ိ/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါင်းစံ | | ၁၂၀ိ/- |
| ၅။ | ။ | မြွေဟောက်ဝါမြွေပျောက်မင်းသားစိုးစည်နှင့်ကျောက်ခဲ | | ၁၂၀ိ/- |
| ၆။ | ။ | ပြိတ္တာရွာသူမကြွေ | | ၁၂၀ိ/- |
| ၇။ | ။ | ကြောင်တစ်ရာသက်ပြင်းနှင့်အင်းတစ်ထောင်မင်းဒေါင် | | ၁၂၀ိ/- |
| ၈။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ် | ဂျီရဝတ္ထုတိုများ | ၁၂၀ိ/- |
| ၉။ | ။ | ပိဿာဒိဋ္ဌမရဏာလမ်းကြမ်း | | ၁၅၀ိ/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့်ဖြစ်ရပ်ဆန်းကြယ် | ။ | ၁၅၀ိ/- |
| ၁၁။ | ။ | ကျောက်ကြီးငြေ | | ၁၅၀ိ/- |
| ၁၂။ | ။ | နတ်မြင်းသွာသံ | ။ | ၁၅၀ိ/- |
| ၁၃။ | ။ | ငြိမ်းဆင်တဲ့လက် | ဝတ္ထုတိုများ | ၁၅၀ိ/- |
| ၁၄။ | ။ | ရွှေဘုံပြန်လွှမ်းအိပ်မက် | | ၁၅၀ိ/- |
| ၁၅။ | ။ | မြို့သုံးဆိုင်ရေအောက်ကျောက်စီချောင်း | ဂျီရဝတ္ထုတိုများ | ၁၅၀ိ/- |
| ၁၆။ | ။ | ငြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀ိ/- |
| ၁၇။ | ။ | မိုးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀ိ/- |
| ၁၈။ | ။ | နာနာဘာဝဝိုင် | ဂျီရဝတ္ထုတိုများ | ၂၀၀ိ/- |
| ၁၉။ | ။ | ပြိတ္တာရသိုင်းနန်းအိပ်ကြို | | ၃၀၀ိ/- |
| ၂၀။ | ။ | မျက်ရည်မြစ်ထဲမှာလောင်မတင်တဲ့အပြာရောင်ပေဒါ | | ၁၅၀ိ/- |
| ၂၁။ | ။ | လေးမည်ရထွန်းကြိုင် | ဂျီရဝတ္ထုတိုများ | ၂၀၀ိ/- |
| ၂၂။ | ။ | ကျောတုန်းမကြာလက်ဝဲရာ | ။ | ၂၀၀ိ/- |
| ၂၃။ | ။ | တစ္ဆေသွားပေါ်မှာတာတဲ့ပန်းပွင့် | | ၂၅၀ိ/- |
| ၂၄။ | ။ | စိန်စိတကြီးဆေးချမ်းအိုး | | [illegible]၀ိ/- |
| ၂၅။ | ။ | ရင်ကွဲရွှေကိုးညို | ။ | ၂၀၀ိ/- |
| ၂၆။ | ။ | ပြိတ္တာဗေဒ | | ၂၀၀ိ/- |
| ၂၇။ | ။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့်အရိုးမာရွှေလုံလက် | | ၂၀၀ိ/- |
| ၂၈။ | ။ | သိဒ္ဓိရမြွေဆိပ် | | ၃၀၀ိ/- |

www.burmeseclassic.com